
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ထူးဆန်းစွာရောက်လာသည့် လူသူစိမ်း

လပြည့်ညဖြစ်သော်လည်း ကောင်းကင်တစ်ပြင်လုံးမှာ တိမ်တွေပိတ်ဖုံးနေသဖြင့် လရောင်ကို မမြင်ရဘဲ မှောင်နှင့်မည်းမည်းရှိနေလေ၏။

ကျွန်ုပ်နေထိုင်ရာ ဘောက်ထော်ရပ်ကွက်မှာ သစ်ပင်ကြီး များ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသဖြင့် ပို၍ပင် မှောင်မည်းလို့နေ၏။

ကျွန်ုပ်၏နေအိမ်မှာ ဘောက်ထော်ဘူတာရုံဝင်းတွင်ရှိပြီး ကျယ်ဝန်းသော ခြံဝင်းအတွင်း သစ်ပင်မြင့်မြင့်ကြီးများမှာ အုပ်ဆိုင်းနေသဖြင့် အမှောင်ထုသည် ခြံဝင်းကျယ်ကြီးတွင် ပို၍စိုးမိုးကာနေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မှောင်နှင့်မည်းမည်းရှိနေသော ခြံဝင်းအတွင်း ကြည့်ကာငေးနေရင်း အကျီအိတ်ထဲရှိ ဂိုးဖလိပ်စီးကရက်ဘူးကို ထုတ်ယူလိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိပြီးနောက် ဝရန်တာမှခွာ၍ အိမ်အတွင်းသို့ ဝင်လိုက်သည်။

အိမ်အပြင်တွင် မှောင်မည်းနေသော်လည်း ကျွန်ုပ်၏အိမ်ခန်းအတွင်းမှာမူ မျက်နှာကျက်တွင် တွဲလောင်းဆွဲထားသော လျှပ်စစ်မီးသီးအလင်းရောင်ကြောင့် လင်းထိန်၍နေ၏။

ကျွန်ုပ်သည် မီးလင်းနေသော အခန်းတွင်းရှိ စာရေးစားပွဲ တွင် ထိုင်လိုက်ပြီး စားပွဲပေါ်ရှိ ဓါတ်ဘူးထဲမှ လက်ဖက်ရည်ကို အသင့်ရှိနေသော လက်ဖက်ရည်ပန်းကန်လုံးထဲသို့ ငှဲ့ထည့်လိုက်၏။ လက်ဖက်ရည်ပန်းကန်ထဲမှ လစ်(ပ်)တန်လက်ဖက်ခြောက်နံ့သင်းသင်းလေး ထွက်ပေါ်လာသည်ကို ရှူရှိုက်ရင်းဖြင့် ကျွန်ုပ်၏စိတ်အာရုံမှာ ရွှင်လန်းတက်ကြွလာသလို ရှိလေတော့၏။

ကျွန်ုပ်သည် လက်ဖက်ရည်ပူပူကို ဂိုးဖလိပ်စီးကရက်ဖြင့် မြည်းစမ်းရင်း စားပွဲပေါ်မှာတင်ထားသည့် အတ္တလန်တိတ်နိုင်ငံ အင်ပါယာအမည်ရှိစာအုပ်ကို လှမ်းယူလိုက်၏။ အတ္တလန်တိတ်အင်ပါယာနှင့် ပတ်သက်ပြီး သုတေသီပညာရှင်ကြီး "ဝါလ်ဘူရ်ဂါပဲဂေး" ၏ရေးသားချက်များကို ကျွန်ုပ်လွှန်စွာမှ သဘောကျ၏။

www.burmeseclassic.com

www.burmeseclassic.com

အတ္တလန်တိတ်နိုင်ငံကြီးမှာ ယန္တရားတိုင်းပြည်ကြီးဖြစ်ပြီး သိပ္ပံပညာအရာတွင် တန်ခိုးရှင်ဟု ဆိုရလောက်သည့် ပညာရှင်ကြီးများ ပေါများသည့် နိုင်ငံကြီးဖြစ်သည်။

ကျွန်ုပ်သည် အတ္တလန်တိတ်နိုင်ငံကြီး မြေအောက်သို့ စုန်းစုန်းမြုပ်သွားရသည့်အကြောင်းကို ဖတ်ရှုနေစဉ်မှာပဲ တဝုန်းဝုန်းမြည်သံများကြောင့် အာရုံဖျက်ပြီး အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်မိသည်။

တဝုန်းဝုန်းမြည်သံများမှာ ပြင်းပြင်းထန်ထန် တိုက်ခတ် လာသော မိုးသက်လေကြောင့် ဖွင့်ထားသည့် ပြတင်းတံခါးလှုပ် ရှားပြီး အသံမြည်နေခြင်းဖြစ်ကြောင်း သိလိုက်ရ၏။ လေပြင်းတွေ တိုက်ပြီး မိုးသည်းသည်းမည်းမည်း ရွာတော့မည်ဖြစ်ကြောင်း မှန်းဆမိသည်ကြောင့် ပြတင်းတံခါးကို ပိတ်လိုက်၏။

ထို့နောက် စာရေးစားပွဲတွင် ပြန်မထိုင်တော့ဘဲ မောင်တိုး တစ်ယောက် အိမ်တံခါး၊ ပြတင်းပေါက် စသည်တို့ကို သေချာစွာ ပိတ်ထားခြင်းရှိမရှိ စစ်ဆေးကြည့်ရန် အိပ်ခန်းအပြင်သို့ ထွက်လိုက်လေ၏။

စာကြည့်ခန်းပြတင်းပေါက်နှင့် အိမ်ရှေ့ခန်းပြတင်းပေါက် များ ပွင့်နေသဖြင့် ကျွန်ုပ်ကိုယ်တိုင် ပိတ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်မှာပင် တိုက်ခတ်နေသောလေက ပြင်းသည်ထက်ပြင်းထန်လာပြီး လေနှင့်အတူ မိုးစက်မိုးပေါက်များ ပါရှိလာသည်ကို သတိပြုမိလိုက်၏။

အိမ်ခေါင်မိုးပေါ်သို့ မိုးစက်မိုးပေါက်များကျသံက ကျယ်လောင်စွာ ထွက်ပေါ်နေလေ၏။ လေပြင်းတိုက်ခတ်နေသဖြင့် သစ်ပင်သစ်ကိုင်းများ လှုပ်ရှားသံများကိုလည်း ချောက်ချားဖွယ်ကြားနေရ၏။

မိုးသံလေသံကို နားထောင်ရင်း ကျွန်ုပ်သည် အိပ်ခန်းထဲ သို့ ဝင်မည်ပြုပြီးမှ မောင်တိုး၏လှုပ်ရှားမှု အရိပ်အယောင်မျှ မတွေ့ရသဖြင့် စိတ်ထဲတွင် ထင့်သွားပြီး အိမ်တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ရှုရန် ဆုံးဖြတ်လိုက်၏။

ထိုသို့ လှည့်ပတ်ကြည့်ရှုရင်း တစ်ချောင်ချောင်တွင် အိပ်ငိုက်နေမည့် မောင်တိုးအား တွေ့လျှင်တော့ ဆုံးမလိုက်မည်ဟု တွေးတောလာ၏။ သို့သော် တစ်အိမ်လုံး နေရာအနှံ့ရှာဖွေသော်လည်း မောင်တိုးအား မတွေ့ရသဖြင့် သူ့အားဆုံးမမည့် စိတ်ကူးပျောက်သွားပြီး ကျွန်ုပ်မှာ စိတ်ပူလို့သွား၏။

မောင်တိုးသည် ယခုကဲ့သို့ ကျွန်ုပ်အား အသိမပေးဘဲ အိမ်မှထွက်ခွာသွားတတ်သူမဟုတ်ကြောင်း သိရှိထားသဖြင့် ကျွန်ုပ်အဖို့ ပို၍စိတ်ပူပန်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"မောင်တိုးရေ . . . မောင်တိုး၊ ဒီကောင်လေး ဘယ်များ သွားနေလဲ မသိဘူး၊ ဒီလိုမှောင်နဲ့မည်းမည်း မိုးထဲလေထဲမှာ ထွက် သွားရလောက်အောင်ဆိုတာလည်း သူက ဦးနှောက်မကောင်းတဲ့ စိတ်မကျန်းမာနေတဲ့သူမှ မဟုတ်တာ . . ."

ကျွန်ုပ်သည် မောင်တိုးအား အဆက်မပြတ် အော်ခေါ် နေရင်းမှ တစ်ကိုယ်တည်း ညည်းညူပြောဆိုမိခြင်း ဖြစ်သည်။ ထို့ နောက် မောင်တိုးအိမ်ပြင်သို့ ထွက်သွားခြင်းရှိမရှိ စုံစမ်းရန် အိမ် တံခါးရှိရာသို့ လျှောက်လာခဲ့၏။

ကျွန်ုပ်၏အိမ်မှာ သစ်သားနှစ်ထပ်အိမ်ဖြစ်ပြီး အိမ်အဝင် တံခါးပေါက်မှာ အောက်ထပ်၌ရှိ၏။ ကျွန်ုပ်သည် အိမ်နောက်ဖေး ရှိ မောင်တိုးအခန်းမှနေ၍ အိမ်ရှေ့တံခါးရှိရာသို့ လျှောက်လာခဲ့ သည်။

အိမ်ရှေ့သို့အရောက်တွင် လေပြင်းနှင့်အတူပါလာသော မိုးရေတွေက အိမ်ဖိနပ်ချွတ်ထိအောင် ပက်ဝင်နေတာတွေ့ရပြီး တံခါးမှာလည်း ပွင့်လို့နေ၏။

ကျွန်ုပ်က အိမ်ရှေ့မီးကို ဖွင့်လိုက်သည်။ တစ်ဆက်တည်း ပင် ခြံဝင်းအဝင်ဝ ခြံတံခါးအနီးတပ်ဆင်ထားသည့် မီးလုံးခလုတ် ကိုပါ ဖွင့်လိုက်၏။

မည်းမှောင်နေသော အိမ်ရှေ့ပိုင်းတစ်ခုလုံးသည် မိုးသည်း သည်းကြားတွင် လျှပ်စစ်မီးအလင်းရောင်ကြောင့် လင်းထိန်သွား လေ၏။ ထိုအလင်းရောင်ထဲတွင် မောင်တိုးနှင့် လူစိမ်းနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

သည် အိမ်ဘက်ဆီသို့ လျှောက်လှမ်းလာနေတာကို မြင်လိုက်ရသည်။

မောင်တိုးနှင့် အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်ဝန်း ကျင်ခန့် လူကြီးတစ်ယောက်တို့က အသက်နှစ်ဆယ်ကျော်၊ သုံးဆယ်သာသာရှိသည့် လူတစ်ယောက်ကို တွဲခေါ်လာကြ၏။

၎င်းတို့သုံးယောက်မှာ ပြင်းပြင်းထန်ထန် ရွာနေသော မိုးရေထဲတွင် ရေမွန်းနေသော ကြွက်စုတ်ပမာ ရွှဲစိုနေလေ၏။

"ဟော့ . . . မောင်တိုး၊ ဘာတွေဖြစ်နေတာလဲ၊ သူတို့က ကောဘယ်သူတွေများလဲ"

ကျွန်ုပ်သည် မောင်တိုးအား လှမ်းကြည့်နေရာမှ အိမ်ရှေ့မလှမ်းမကမ်းအရောက်တွင် မစောင့်နိုင်တော့ဘဲ အော်မေးလိုက်တော့သည်။

မောင်တိုးက ကျွန်ုပ်အား သည်းခံစောင့်ဆိုင်းပါဦးဆိုသည့်သဘောဖြင့် လက်တစ်ဖက်မြှောက်ပြ၏။ လေးစားရိုကျိုးသူဖြစ်တာကို သတိရလိုက်သဖြင့် ယခုကဲ့သို့ အရေးတကြီး ဖြစ်နေချိန်မျိုးတွင် ရိုသေလေးစားဖို့ သတိမရနိုင်တော့ဘဲ ထိုသို့ပြုမူ၍ လက်မြှောက်ပြခြင်းဖြစ်မည်ဟု ဆင်ခြင်၍ ဒေါသစိတ်ကို ဖြေလိုက်ရ၏။

မောင်တိုးတို့ အိမ်ရှေ့သို့အရောက်တွင် မိုးက ပိုမိုသည်းထန်လာပြီး လေကလည်း ပို၍ကြမ်းတမ်းပြင်းထန်စွာ တိုက်ခတ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်တိုးသည် အတူပါလာသူနှစ်ယောက်ကို အိမ်ထဲသို့ ခေါ်သွင်းပြီးနောက် ကျွန်ုပ်ရှေ့သို့ ရောက်ရှိလို့လာ၏။ ကျွန်ုပ်က တစ်စုံတစ်ခုကိုမေးရန် ဟန်ပြင်လိုက်သည်တွင် သူက ကျွန်ုပ်အား တောင်းပန်ရိုကျိုးသည့် အမူအရာဖြင့် လက်အုပ်ချီလိုက်၏။

"ဆရာ . . . ဒါက ကျွန်တော့်အမေရဲ့အသက်ကို ကယ်တင်ခဲ့ဖူးတဲ့ ဆရာကြီးဦးသိဒ္ဓိပါ၊ မိုးတွေလေတွေလာတော့ ကျွန်တော်ခြံတံခါးကို ဆင်းပိတ်နေတုန်းမှာ မိုးရေထဲမှာ ဒုက္ခရောက်လာတဲ့ သူတို့နှစ်ယောက်ကိုတွေ့လို့ ခေါ်လာခဲ့တာပါ၊ သူတို့က မဂ်လာဒုံသွားမလို့ကို ရထားမှားစီးပြီး ဒီကိုရောက်လာတာလို့ ပြောပါတယ် . . . ဆရာ၊ ပြီးတော့ ဟောဒီက ဆရာကြီးရဲ့တူတော်မောင်က လည်း နေမကောင်းဖြစ်နေတာနဲ့ . . ."

"ကဲ . . . ကဲ . . . အိမ်တံခါးပိတ်လိုက်ပြီး ဆရာကြီးတို့ ကို အဝတ်အစားလဲဖို့ ကူညီပေးပြီး နွေးနွေးထွေးထွေးနေပါစေ၊ ညစာမစားရသေးဘူးဆိုရင်လည်း ညစာကို ပြင်ဆင်ပေးလိုက်ပေါ့ ဟုတ်ပြီလား"

ကျွန်ုပ်သည် မောင်တိုးအား အထက်ပါအတိုင်း ပြောဆိုလိုက်ရင်း မိုးသည်းသည်းထဲတွင် လမ်းပျောက်ပြီး ရောက်လာသည် ဟုဆိုသော ဦးသိဒ္ဓိနှင့် လူတစ်ယောက်တွဲထားမှ ရပ်နေနိုင်သော ၎င်း၏တူဆိုသူအား အကဲခတ်ရင်း ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးသိဒ္ဓိသည် ဖြူဖွေးသော ဝတ်စုံကို ဝတ်ဆင်ထားပြီး ရှည်လျားသော ဆံပင်ကို သျှောင်တစ်စောင်းထုံး၍ထား၏။

အရပ်အမောင်းမြင့်မားပြီး ပိန်ပိန်ပါးပါး၊ နှုတ်ခမ်းမွေး ကားကား၊ မျက်ခုံးထူထူ၊ စူးရှသည့် မျက်လုံးအကြည့်ကို ပိုင်ဆိုင် ထားသည့် ခန့်ညားသော ဥပဓိရုပ်ရှိသူ ဖြစ်လေသည်။

"သူက ကျုပ်ရဲ့တူမောင်မိုးစွေပါ၊ ခရီးသွားရင်း နေမကောင်းဖြစ်လာလို့ တွဲခေါ်လာတုန်း မိုးကြီးလေကြီးကျလာတော့ ဘယ်သွားလို့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေချိန်မှာ ဟောဒီက မောင်တိုးက ခြံတံခါးလာပိတ်တာနဲ့ ဆုံနေတော့ ကျုပ်က ခေတ္တနားခိုခွင့်ပေးဖို့ တောင်းပန်မိတယ်၊ မောင်တိုးက သူ့ဆရာခွင့်ပြုရင်တော့ မိုးခိုလို့ရပါလိမ့်မယ်ဆိုပြီး ခေါ်ခဲ့တာ၊ ကျုပ်တို့ကို ဒီမှာ ခဏမိုးခိုခွင့်ပြုပေးဖို့ တောင်းပန်ပါတယ်"

ဦးသိဒ္ဓိက တည်ကြည်သော မျက်နှာအမူအရာဖြင့် ကျွန်ုပ် အားပြောလေ၏။

ကျွန်ုပ်သည် မောင်မိုးစွေဆိုသူအား အကဲခတ်ဟန်ဖြင့် ကြည့်လိုက်မိသည်။ မောင်မိုးစွေသည် အားအင်ကုန်ခန်းပြီး နွမ်းလျနေသော်လည်း ကြံ့ခိုင်သော ကိုယ်နေဟန်ထားရှိသူဖြစ်သည်။

မိုးရေစိုရွှဲထား၍ ခေါင်းတွင်ကပ်နေသော ဆံပင်တို့မှာ အနည်းငယ်ရှည်လျားပြီး အရပ်မြင့်မြင့်၊ မျက်နှာသွယ်သွယ်၊ မျက်

www.burmeseclassic.com

www.burmeseclassic.com

လုံးမျက်ခုံးကောင်းပြီး နှာတံပေါ်ပေါ်နှင့် လူချောစာရင်းဝင်တစ်ယောက်ဖြစ်လေ၏။

ယခုအချိန်တွင် သူသည် ဝေဒနာတစ်ခုခုကို ပြင်းထန်စွာ ခံစားနေရဟန်ရှိပြီး ဦးသိဒ္ဓိကို အားပြုမှီတွယ်၍ နေရသည်။

"ဦးက ဒီမှာ မိုးခိုဖို့ခွင့်တောင်းတာက နောက်တောင်ကျ နေပြီ၊ ဦးတို့ ဒီအိမ်ထဲကို ရောက်လာကတည်းက ညအိမ်ညနေ ဧည့်သည်အဖြစ် ဦးတို့ကိုလက်ခံဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါတယ်၊ ဒါကြောင့် ဦးတို့အတွက် ခြောက်သွေ့တဲ့ အဝတ်အစားတွေပေးဖို့၊ နေရာထိုင်ခင်းပြင်ဆင်ပေးဖို့ ညစာမစားရသေးရင်လည်း ကျွေးဖို့ တောင် မောင်တိုးကိုပြောဖို့ ကျွန်တော်ဆုံးဖြတ်ထားပြီးသားပါ"

ဦးသိဒ္ဓိက ကျွန်ုပ်အား ကျေးဇူးတင်ဟန်ဖြင့် ပြုံး၍ကြည့် လေ၏။ မောင်တိုးက ၎င်းတို့ ရေစိုအဝတ်များကို လဲလှယ်ဝတ်ဆင် နိုင်ရန် အဝတ်အစားယူဖို့ ထွက်သွားလေ၏။

"မောင်တိုးက ကျုပ်ဆေးကုပေးတဲ့ ဒေါ်ကလေးမရဲ့သား မို့လို့ သိနေပေမယ့် အမောင့်ကျတော့ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်မသိရသေးဘူး၊ ကျုပ်တို့လို လူစိမ်းသူစိမ်းတွေကို ဘယ်သူ့မှ ယုံကြည်လို့မရတဲ့ အခုလိုကာလပျက်ကြီးထဲမှာ တည်းခိုခွင့်ပြုမယ် ဆိုတဲ့အတွက် မောင်ရင့်ကို ကျေးဇူးတင်လို့ မဆုံးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်စကားက ဘယ်အချိန်ပဲပြောပြော ရပါတယ် ဦးရယ်၊ အခုလောလောဆယ် ဦးတို့ရဲ့ စိုရွှဲနေတဲ့ အဝတ်တွေလဲ လှယ်ပြီးတော့ နွေးနွေးထွေးထွေးနေဖို့က ပိုအရေးကြီးတာပါ"

"နေပါစေ၊ အဝတ်အစားကို ဒီမှာပဲ လဲလိုက်ပါ့မယ်၊ ကျုပ်တို့ကိုယ်က ရေစက်လက်ကျနေတော့ အိမ်ထဲဝင်လိုက်ရင် ကြမ်းပြင်တွေ ညစ်ပတ်ကုန်ပါ့မယ်"

ကျွန်ုပ်က အားတုံ့အားနာ ဖြစ်နေပုံရသော ဦးသိဒ္ဓိအား ပြုံးပြလိုက်ပြီး . . .

"ကိစ္စမရှိပါဘူး၊ ကြမ်းပြင်စိုသွားတော့လည်း ပြန်သုတ် လိုက်ရင် ခြောက်သွားမှာပါ၊ အခု ဖိနပ်ချွတ်မှာ ရပ်မနေပါနဲ့ခင်ဗျာ၊ ဒီလိုနေရင် ကျွန်တော့်မှာ ညွှဲ့ဝတ်မကျေရာ ရောက်ပါတယ်"

ဟုပြောလိုက်၏။

ဦးသိဒ္ဓိက မောင်မိုးစွေကို တစ်ချက်ကြည့်ပြီး ကျွန်ုပ်ဘက်သို့လှည့်ကာ . . .

"အမောင့်လို စိတ်သဘောထားကောင်းတဲ့ လူနဲ့တွေ့ရ တာ ကျုပ်တိုကံကောင်းတာပါပဲ၊ ဟောဟိုမှာ မောင်တိုးလာနေပါ ပြီ၊ ကျုပ်တို့ ဒီနေရာမှာပဲ အဝတ်လဲလိုက်ပါ့မယ်"

ဟုပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မောင်တိုးသည် ၎င်းကိုယ်ပေါ်မှ ရေစိုအဝတ်များကို လဲလှယ်ခြင်းမပြုသေးဘဲ ဦးသိဒ္ဓိနှင့် တူဖြစ်သူမောင်မိုးစွေတို့အတွက် ခြောက်သွေ့သော အဝတ်အစားများ ယူလာပေး၏။

ဦးသိဒ္ဓိက ရေစိုအဝတ်အစားများချွတ်ပြီး အဝတ်ခြောက် များနှင့် လဲလှယ်ဝတ်ဆင်လိုက်သည်။

ထို့နောက် မောင်တိုး၏အကူအညီဖြင့် မောင်မိုးစွေအား အဝတ်လဲပေးလေသည်။

မောင်မိုးစွေသည် မျက်လုံးဖွင့်နိုင်ခြင်း မရှိသည်ကြောင့် ဦးသိဒ္ဓိလုပ်ပေးသမျှကို ငြိမ်ခံနေသည်။ ဦးသိဒ္ဓိသည် မောင်မိုးစွေ ကို အလွန်အရေးထား ဂရုစိုက်ဟန်ဖြင့် ညင်ညင်သာသာဖေးမစွာ ကိုင်တွယ်၍ အဝတ်အစားလဲပေးလေသည်။

"မောင်တိုးရေ . . . ဒီက ဆရာကြီးတို့ကို ဧည့်ခန်းဘေး က အခန်းမှာ ညအိပ်ဖို့ ပြင်ဆင်ပေးလိုက်ပါ၊ ညစာအတွက်လည်း . . ."

"ညစာအတွက်ကတော့ လက်ဖက်ရည်တစ်ခွက်နဲ့ ဘီစကစ်လေးတစ်ချပ်နှစ်ချပ်လောက် စားလိုက်ရရင်ပဲ လုံလောက်ပါပြီ၊ မောင်မိုးစွေကတော့ ဘာမှစားနိုင်မှာ မဟုတ်ဘူး၊ သူ့ကိုတော့ ကျပ်ဆေးတစ်ခွက်တိုက်ပြီး သိပ်လိုက်ပါရစေ"

ဦးသိဒ္ဓိသည် ရိုးသားပွင့်လင်းသူဖြစ်ကြောင်းကို စကားပြောနေရင်းမှ ကျွန်ုပ်အကဲခတ်လိုက်မိသည်။ ယခုကဲ့သို့ ဖိနပ်ချွတ်တွင်ရပ်ကာ မေးမြန်းစုံစမ်းနေခြင်းသည် ၎င်းတို့အပေါ်တွင် မလေး

www.burmeseclassic.com

www.burmeseclassic.com

မစား အဆင့်အတန်းခွဲခြားရာရောက်သဖြင့် ထိုသူနှစ်ဦးအား အိမ်ထဲသို့ဝင်နိုင်စေရန် ကျွန်ုပ်က လမ်းဖယ်ပေးလိုက်၏။

ဦးသိဒ္ဓိသည် ဖိနပ်ချွတ်မှနေ၍ အိမ်မကြီးအတွင်းသို့ ဝင်လိုက်စဉ်တွင် သူသည် မောင်မိုးစွေကိုပါ တွဲထား၍ အိမ်မကြီးပေါ်ရောက်သည်နှင့် မောင်မိုးစွေအား မောင်တိုးလက်သို့ လွှဲအပ်လိုက်၏။

"သူ့ကို နားနေရမယ့် အခန်းရောက်အောင် ပို့ပေးပါ၊ ကျုပ်ဒီမှာ လုပ်စရာရှိတာလေးလုပ်ပြီး လာခဲ့ပါ့မယ်"

မောင်တိုးက ဦးသိဒ္ဓိစကားဆုံးသည်နှင့် မောင်မိုးစွေကို တွဲခေါ်လိုက်ပြီး ဧည့်ခန်းမကြီးနှင့် ကပ်လျက်တွင်ရှိသော အခန်းဆီသို့ ခေါ်သွားလေသည်။ ဦးသိဒ္ဓိမှာ ရေစိုအဝတ်များနှင့်အတူ ရှိနေသော ရှမ်းလွယ်အိတ်အနီရောင်ကို လှမ်းယူလိုက်သည်။

ထို့နောက် ကျွန်ုပ်ဘက်သို့လှည့်၍ . . .

"ကျုပ် ဒီအိမ်ရှေ့မှာ ပစ္စည်းလေးတစ်ခုတင်ထားပါရစေ"

ဟုဆိုလိုက်၏။

"ဘာပစ္စည်းများလဲ ဦးသိဒ္ဓိ"

ကျွန်ုပ်က ဦးသိဒ္ဓိကို စေ့စေ့စပ်စပ်ကြည့်ရင်းမှ ထိုသို့မေးလိုက်ခြင်း ဖြစ်သည်။ ဦးသိဒ္ဓိက သူ၏ရှမ်းလွယ်အိတ်ထဲသို့ လက်နှိုက်ကာ တစ်စုံတစ်ရာကို ရှာဖွေဆွဲထုတ်လိုက်ပြီး ကျွန်ုပ်အား ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီပစ္စည်းလေးပါ"

ဦးသိဒ္ဓိ၏လက်ထဲမှ ပစ္စည်းမှာ သပိတ်ကွဲစတစ်ခုဖြစ် သည်။ ထိုသပိတ်ကွဲပေါ်တွင် အင်းကွက်များ ချထားသည်ကို တွေ့ မြင်ရ၏။

"ဒါ . . . အင်း မဟုတ်လား ဦး"

"မှန်တာပေါ့ အမောင်၊ ဒါဟာ သိမ်ဝင်သပိတ်ကွဲနဲ့ စီရင် ထားတဲ့ အင်းပါ၊ ရန်ပြိုအင်းလို့ ခေါ်ပါတယ်၊ ဘေးအန္တရာယ်ကင်း စေဖို့အတွက် အိမ်မကြီးအဝင် ပုဏ္ဏားကွယ်ရှိ စင်ပေါ်တင်ထား မည်ဟု ပြောသည့်အတွက် ကျွန်ုပ်လည်း လွန်စွာစိတ်ဝင်တစား ဖြစ်သွားပြီး စူးစမ်းလိုသည့်ဆန္ဒကြောင့် . . .

"အင်းကို စင်ပေါ်မတင်ခင်မှာ ကျွန်တော်ကြည့်လို့ရမလား ဦး"

ဟုတောင်းဆိုလိုက်ရာ . . .

"သြော် . . . ရပါတယ်၊ ကြည့်ပါ . . . ရော့"

ကျွန်ုပ်သည် ဦးသိဒ္ဓိထံမှ အင်းချပ်ကို လှမ်းယူပြီး ကြည့် လိုက်၏။

ကျွန်ုပ်သည် သိမ်ဝင်သပိတ်ကွဲဖြင့် စီရင်ထားသည့် အင်း ကိုကြည့်ပြီး ဦးသိဒ္ဓိအား ပြန်လည်ပေးအပ်လိုက်၏။ ဦးသိဒ္ဓိက ထိုအင်းချပ်ကို ပုဏ္ဏားကွယ်ရှိ စင်မြင့်လေးပေါ်တွင် တင်ထားလိုက် ၏။

"ဒီအင်းက နှယ်နှယ်ရရအင်း မဟုတ်ဘူး အမောင်၊ ဗားမဲ့ ဆရာတော်ရဲ့ လက်တွေ့အစီအရင်အင်းပဲ၊ ဒီအင်းက ကျရောက် လာမယ့် ဘေးအန္တရာယ်တွေကို ပြိုပျက်စေမယ်ကွယ့်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ခင်ဗျာ . . . ကောင်းတဲ့ကိစ္စ လုပ်ကိုင်စီရင်တာ ကို ကျွန်တော်ဘာမှပြောစရာမရှိပါဘူး၊ ဦးကို ကျေးဇူးတင်ပါတယ်"

"ကျုပ်က ဒီအိမ်ရဲ့အရိပ်မှာ ခိုရပြီဆိုတော့ ဒီအိမ်ကို အန္တရာယ်ကင်းစေဖို့ လုပ်ပေးရမှာပေါ့၊ ကျုပ်ကိုခဏလောက် ခွင့်ပြု ပါဦးကွယ်၊ မောင်မိုးစွေကို ဆေးသွားတိုက်လိုက်ချင်လို့ပါ"

"ဟုတ်ကဲ့ . . . သွားပါခင်ဗျာ၊ ကျွန်တော် ဒီဧည့်ခန်းမှာ ထိုင်နေပါ့မယ်၊ ဦးလုပ်ကိုင်စီရင်စရာတွေ စီစဉ်ပြီးမှ စကားစမြည် ပြောကြတာပေါ့ ခင်ဗျာ"

ဦးသိဒ္ဓိက ကြမ်းပြင်ပေါ်၌ပုံထားသော ရေစိုအဝတ်များ ကိုယူပြီး မောင်မိုးစွေရှိရာ အခန်းဆီသို့ လျှောက်သွား၏။ ကျွန်ုပ်က ဧည့်ခန်းရှိ ထိုင်ခုံတစ်လုံးတွင် ထိုင်လိုက်လေသည်။

အပြင်ဘက်တွင် အင်နှင့်အားနှင့် ရွာနေသောမိုးက တိတ် သွားပြီဖြစ်၏။ မိုးသံလေသံ ကင်းသွားချိန်တွင် အိမ်ရှေ့ဖက်ဆီမှ အသံတစ်သံကို ကြားလိုက်ရသည်။ ယင်းအသံမှာ မြွေတွန်သံဖြစ် ကြောင်း သိလိုက်၏။

မြွေတွန်သံများ ရှည်လျားပြီး သုံးကြိမ်မျှပေါ်ထွက်လာ၏။ ထိုမြွေတွန်သံ ပေါ်ထွက်ပြီးနောက် မောင်မိုးစွေနှင့် ဦးသိဒ္ဓိတို့ရှိနေ သော အခန်းဆီမှ စကားသံတစ်သံထွက်လာတာကို ကြားရလေ၏။

ကျွန်ုပ်မှာလည်း ထိုစကားသံကို နားထောင်မိလိုက်၏။

"မြိုင် . . . မောင်တော် . . . မြိုင့်ဆီကို အရောက်လာ မှာပါ"

www.burmeseclassic.com

www.burmeseclassic.com

စကားသံမှာ ဦးသိဒ္ဓိ၏အသံမဟုတ်ဘဲ အခြားသူ၏အသံ ဖြစ်လေသည်။ အခန်းထဲတွင် ဦးသိဒ္ဓိနှင့် မောင်မိုးစွေတို့နှစ်ဦးတည်း ရှိနေရာမှ ပေါ်ထွက်လာခြင်းဖြစ်၍ မောင်မိုးစွေ၏အသံသာ ဖြစ်ရမည်ဟု တထစ်ချခန့်မှန်းလိုက်၏။

မောင်မိုးစွေ၏အသံမှာ ပီသကြည်လင်နေသည်။ ထိုစကားသံကြောင့် ကျွန်ုပ်မှာ ဦးသိဒ္ဓိနှင့် မောင်မိုးစွေတို့ တူအရီးအပေါ် ပို၍စိတ်ဝင်စားလာမိသည်။

ကျွန်ုပ်သည် ဦးသိဒ္ဓိအခန်းထဲမှ ထွက်အလာကို ဂိုးဖလိပ်စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်ရင်း ဧည့်ခန်းမှစောင့်နေ၏။ တစ်ခဏအတွင်း မောင်မိုးစွေအသံပျောက်သွားပြီး ဦးသိဒ္ဓိက အခန်းအတွင်းမှ ထွက်၍လာ၏။

"မောင်မိုးစွေတော့ အိပ်ပျော်သွားပြီကွယ်"

"ဟုတ်ကဲ့ . . . စောစောတုန်းက သူတစ်ခုခု ပြောလိုက် သလိုပဲ၊ ကျွန်တော်ကြားမိသလားလို့"

ဦးသိဒ္ဓိ၏မျက်နှာတွင် သတိထားဟန်တွေ ထင်ထင်ရှားရှား ပေါ်လာသည်။ ကျွန်ုပ်၏စကားကို အရေးမကြီးသည့်ပုံမျိုးဖြင့် ကျွန်ုပ်အား စူးစိုက်ကြည့်ရင်း ပြုံးလိုက်လေ၏။

"သူ . . . မောင်မိုးစွေအဖျားတက်ပြီး ကယောင်ကတမ်း တွေ ပြောနေတာပါ၊ အခု ကျုပ်ဆေးတိုက်ထားလိုက်လို့ နှစ်နှစ် ခြိုက်ခြိုက်

www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်နေပါပြီ၊ ကျုပ်လည်း သူ့ကိုပြုစုလုပ်ကိုင်ပေး ရင်း ဘီစကစ်နဲ့ လက်ဖက်ရည်သောက်ခဲ့ပြီးပါပြီ”

ဟု ဦးသိဒ္ဓိက ပေါ့ပေါ့ပါးပါး အမူအရာဖြင့် ပြောလိုက် ၏။

သို့သော် ဦးသိဒ္ဓိ၏ မျက်လုံးအစုံတို့မှာ လျှို့ဝှက်သည့် အကြောင်းအရာများကို ထိန်းသိမ်းဖုံးကွယ်ထားသည်ဟု ကျွန်ုပ် ထင်မြင်မိ၏။

ဦးသိဒ္ဓိက ကျွန်ုပ် သူ့အားအကဲခတ်နေသည်ကို ရိပ်မိ သော်လည်း မသိကျိုးကျွန်ပြု၍ နေလေ၏။ ကျွန်ုပ်က သူ့အား မသက်ာဟန်မပြဘဲ ရာသီဥတုအကြောင်း၊ အင်္ဂလိပ်အစိုးရ၏ အုပ် ချုပ်ရေးအကြောင်း စသည်တို့ကို လှီးလွှဲပြောဆိုနေဖြစ်၏။

ကျွန်ုပ်သည် နာရီဝက်ခန့် စကားစမြည်ပြောဆိုပြီးနောက် ဦးသိဒ္ဓိအပေါ်တွင် ခင်မင်လာမိ၏။ စကားပြောရင်း ညဉ့်နက်လာ သည်တွင် အိပ်စက်အနားယူရန် လူချင်းခွဲလိုက်ကြသည်။

ကျွန်ုပ်မှာ အိပ်ခန်းသို့ ပြန်ရောက်ပြီး အိပ်ရာဝင်လိုက် သော်လည်း တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ မိုးသည်းသည်း၊ လေပြင်းပြင်းထဲတွင် ရောက်လာသော ဦးသိဒ္ဓိအကြောင်းကို စဉ်း စားနေမိတော့၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## မနှင်ဘဲထွက်သွားသည့် ဧည့်သည်

မှောင်ကြီးမည်းမည်း မိုးသည်းသည်းထဲတွင် ရောက်လာ သော ဧည့်သည်နှစ်ယောက်နှင့်ပတ်သက်၍ ထူးခြားသည်ဟု ကျွန်ုပ် မှာ မထင်ခဲ့မိသေးပါ။

လေမိုးပြင်းထန်စွာ ကျရောက်နေစဉ် မိုးခိုရန် နေရာမရှိ သော ဧည့်သည်နှစ်ယောက်၏ ခေတ္တမိုးခိုရန် ရောက်လာခြင်းကို များစွာဂရုမထားမိသော ကျွန်ုပ်မှာ ဧည့်သည်များက အိမ်တွင်း 'ရန်ဖြိုအင်း' ကို ချထားခြင်းသည်လည်းကောင်း၊ ထိုလူစိမ်းများ ရောက်လာချိန်တွင် ကျွန်ုပ်၏ နေအိမ်ပတ်ဝန်းကျင်၌ ကြားရလေ့

www.burmeseclassic.com

www.burmeseclassic.com

မရှိသော မြွေတွန့်သံကြားရခြင်းသည်လည်းကောင်း၊ ဧည့်သည် နှစ်ယောက်အနက် ကျွန်ုပ်နှင့် စကားမပြောဖြစ်သော ဧည့်သည်က ထီးဟန်နန်းဟန်ပါပါဖြင့် ယောင်ယမ်းပြောဆိုခြင်းသည်လည်း ကောင်း အနည်းငယ်ထူးခြားသည်ဟု ကျွန်ုပ်၏စိတ်မှာ ထင်မြင် လာမိသည်။

ကျွန်ုပ်သည် အချိန်မတော်ရောက်လာသည့် ဧည့်သည် ဖြစ်သော ဦးသိဒ္ဓိနှင့် မောင်မိုးစွေတို့သည် တွေ့နေကျလူတွေနှင့် မတူကွဲပြားသည်ဟု ခံစားမိပြီး အိပ်ပျော်သွားခဲ့ရာမှ အိပ်ရာနိုးလာ ချိန်တွင် ထူးခြားသည့် အကြောင်းအရာများကို ကြုံတွေ့ရလေ သည်။

ကျွန်ုပ်သည် ညဘက်များတွင် စာရေးစာဖတ်လုပ်ပြီး ည၌ နက်သန်းခေါင်အချိန်မှာ အိပ်ရာဝင်လေ့ရှိရာ နောက်တစ်နေ့နံနက် တွင် အမြဲလိုလို အိပ်ယာထနောက်ကျတတ်စမြဲ ဖြစ်သည်။

နောက်တစ်နေ့နံနက် အိပ်ယာမှနိုးလျှင်လည်း ချက်ချင်း မထသေးဘဲ ညကဖတ်ရှုခဲ့သည့် စာအုပ်ထဲတွင်ပါရှိသည့် အကြောင်း အရာများ၊ စာရေးဖြစ်လျှင်လည်း ရေးဖြစ်ခဲ့သည့် စာအကြောင်းကို ပြန်ပြီးစဉ်းစားတတ်သည့် အကျင့်မျိုးရှိ၏။

ယနေ့တွင်မူ ဧည့်သည်များရောက်နေသဖြင့် ခါတိုင်းလို စဉ်းစားခန်းဖွင့်ကာ အချိန်ဖြုန်းမနေတော့ဘဲ အိပ်ယာမှနိုးနိုးချင်း ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဧည့်သည်များအပေါ် တာဝန်မကျေမှာ စိုးရိမ်ပြီး အပေါ် ထပ်ရှိ ကျွန်ုပ်၏အိပ်ခန်းမှ ထွက်ခွာလာခဲ့သည်။

အရင်နေ့ရက်များက ကျွန်ုပ်အိပ်ရာမှနိုးလာလျှင် မီးဖိုခန်း တွင် ချက်ပြုတ်အလုပ်ရှုပ်နေတတ်သော မောင်တိုး၏လှုပ်ရှားသံ ကို ကြားရတတ်သော်လည်း ယခုမူ ထိုသို့မကြားရချေ။

ဧည့်သည်နှစ်ဦးသည်လည်း ယခုချိန်ထိ အိပ်ပျော်နေသည့် နှယ် တစ်အိမ်လုံး တိတ်ဆိတ်လို့နေ၏။

ကျွန်ုပ်သည် နေ့စဉ်နံနက်လင်းသည်နှင့် စားသောက်ဖို့ ချက်ပြုတ်ရသည့် တာဝန်ဖြင့် အလုပ်ရှုပ်နေလေ့ရှိသော မောင်တိုး ရှိရာ မီးဖိုခန်းသို့ ထွက်လာခဲ့ရာ ဧည့်သည်များ အိပ်စက်နေသည့် အခန်းရှေ့မှဖြတ်သွားရင်း မဟတဟလေး ပွင့်နေသော တံခါးမှ တစ်ဆင့် အခန်းအတွင်းသို့ အမှတ်မထင် လှမ်းကြည့်လိုက်သည်။

အခန်းအတွင်း၌ ဧည့်သည်နှစ်ယောက်ကို မတွေ့ရသဖြင့် မောင်တိုးရှိရာ မီးဖိုခန်းသို့ ရောက်နေလောက်ပြီဟုတွေးပြီး မီးဖို ခန်းသို့ ဆက်လျှောက်လာ၏။

မီးဖိုခန်းသို့ရောက်သည့်အခါ မောင်တိုးကို မတွေ့ရသကဲ့ သို့ ဧည့်သည်နှစ်ယောက်ကိုလည်း မတွေ့ရဘဲ ရှိလေ၏။

"ဒီဧည့်သည်တွေ ရောက်လာမှပဲ မောင်တိုးလည်း စည်း ကမ်းပျက်နေပြီထင်တယ်၊ ဒီကောင်လေးတော့ ဆူထားဦးမှဖြစ် မယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် တစ်ကိုယ်တည်း မကျေမနပ်ဖြင့် ပြောဆိုနေ ပြီး မီးဖိုနှင့် ထမင်းစားခန်းကြားတွင်ရှိသော မောင်တိုး၏အိပ်ခန်း သို့ ဝင်ကြည့်လိုက်၏။

ကျွန်ုပ်မှာ အိပ်ခန်းထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ နေသည့် မောင်တိုးကို တွေ့ရသည့်အခါ ဒေါသထွက်သွားပြီး မောင်တိုးအား ခပ်ကြမ်းကြမ်း လှုပ်နှိုးလိုက်၏။

"မောင်တိုး . . . ဟေ့ကောင် ထစမ်း၊ အိမ်မှာ ဧည့်သည် ရောက်နေတာကို သိရဲ့သားနဲ့ ဒီလောက်နေမြင့်အောင် အိပ်ရလား"

မောင်တိုးက အိပ်ရေးမဝသေးဟန်ဖြင့် အိပ်ယာပေါ်တွင် ငေါက်ခနဲ ထထိုင်လိုက်ပြီး မျက်လုံးများကို ပွတ်သပ်နေ၏။

"ထစမ်း . . . ဟေ့ကောင်၊ အိပ်နေလိုက်တာကွာ၊ တစ်အိမ်လုံးမီးလောင်နေတောင် သိမှာမဟုတ်ဘူး၊ ဧည့်သည်တွေရှိနေတာများ သတိရရဲ့လား"

မောင်တိုးက အိပ်ယာခြေရင်းတွင် ထားလေ့ရှိသော အိတ်ဆောင်နာရီကိုဆွဲယူပြီး ကြည့်လိုက်၏။

"ဟင် . . . မနက်ရှစ်နာရီတောင် ထိုးနေပါလား၊ ဘယ်လို ဖြစ်ပြီး ဒါလောက်တောင် အိပ်ပျော်သွားပါလိမ့်"

မောင်တိုးက တအံ့တသြပြောဆိုကာ ကျွန်ုပ်အား ထားခဲ့ ပြီး အခန်းအပြင်သို့ အပြေးအလွှား ထွက်သွားတော့၏။ သူ့အား

www.burmeseclassic.com

www.burmeseclassic.com

ဆူမည့်ဟန်ပြင်နေသူ ကျွန်ုပ်မှာ မဆူဖြစ်တော့ဘဲ သူထွက်သွားရာ နောက်သို့ လိုက်ထွက်ခဲ့သည်။

မောင်တိုးက ဧည့်သည်များအတွက် သူပြင်ဆင်ပေးခဲ့ သော အခန်းကို အပြေးအလွှား ဝင်ကြည့်ပြီးနောက် အိမ်ရှေ့တံခါး ရှိရာသို့ ပြေးထွက်သွားလေ၏။

ဧည့်ခန်းသို့ ကျွန်ုပ်အရောက်တွင် မောင်တိုးက ထိတ်လန့် သော အမူအရာဖြင့် ကျွန်ုပ်၏ရှေ့တွင် လာ၍ရပ်လေ၏။

"ဘာဖြစ်လို့လဲ . . . မောင်တိုး"

"ဧည့်သည်တွေ မရှိတော့ဘူးဆရာ၊ သူတို့ ဘယ်အချိန်က များ ထွက်သွားကြသလဲ မသိဘူး၊ အိမ်ရှေ့တံခါးကို စေ့ရုံစေ့ထား ခဲ့တယ်၊ အိမ်ကပစ္စည်းတွေ ဘာတွေများ သူတို့နဲ့ပါသွားသလား မသိဘူး"

မောင်တိုးသည် စိတ်မနှံ့ဂဏှာမငြိမ်သူတစ်ယောက်ပမာ ဧည့်သည်များ အိပ်စက်ခဲ့သော အခန်းရှိရာသို့ ပြေးဝင်သွားပြန် ၏။ ကျွန်ုပ်မှာ မောင်တိုး၏ ရေးကြီးသုတ်ပျာဖြစ်နေသော အမူအရာကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေတော့၏။

"ဆရာရေ . . . ဟောဒီမှာ စာရေးထားခဲ့တယ်၊ သူတို့ ပစ္စည်းတစ်ခုလည်း ထားခဲ့တယ်"

မောင်တိုးက ကျွန်ုပ်ကြားအောင် ထိုသို့အော်ပြောလိုက် ၏။ ထိုအသံကို ကြားရသဖြင့် ကျွန်ုပ်က ဧည့်ခန်းနှင့်ကပ်လျက် အခန်းသို့ လျှောက်သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ညှော်သည်နှစ်ယောက် မရှိတော့သဖြင့် စိတ်လှုပ်ရှားမိခြင်း မဖြစ်ပေ။ ဒုက္ခရောက်လာသူများအပေါ် မှန်ကန်သည့် စေတနာထားခဲ့သည့်အတွက် အကျိုးမဲ့မဖြစ်နိုင်ဟု စိတ်ထဲ ကယုံကြည်နေမိသည်။

"ဆရာ . . . ဒီမှာ လာကြည့်ပါဦး"

ကျွန်ုပ်သည် မောင်တိုးရှိနေသည့် အခန်းအတွင်းသို့ ဝင်လိုက်သည်။ မောင်တိုးက စာရွက်တစ်ရွက်နှင့် ဒင်္ဂါးပြားဟုထင်ရသည့် အရာတစ်ခုကို ကိုင်ထားပြီး ကျွန်ုပ်အား လှမ်းပြောလိုက်ခြင်းဖြစ်သည်။

"ဆရာ . . . ဟောဒီမှာ ဦးသိဒ္ဓိက စာရေးခဲ့တယ် ဆရာ၊ သူတို့ ဒီကနေ ထွက်သွားကြပြီ၊ ကျွန်တော်ထင်သလိုတော့ အိမ်က ပစ္စည်းဆိုလို့ အပ်တိုတစ်ချောင်းတောင် ယူသွားပုံမပေါ်ဘူး"

ကျွန်ုပ်သည် တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ မောင်တိုးလက်ထဲရှိ စာကိုယူပြီး ဖတ်ရှုလိုက်၏။

*မောင်ကျော်စွာ*

*ညက တည်းခိုခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တစ်ချိန်ချိန်မှာ ကျုပ်တို့ပြန်ဆုံဦးမယ်လို့ ထင်နေမိတယ်။ အိမ်ရှင်မသိအောင် တိတ်တဆိတ် ထွက်သွားခဲ့တဲ့အတွက် တောင်းပန်ပါတယ်။ ကျုပ်တို့ အထိမ်းအမှတ်ပစ္စည်းတစ်ခု*

www.burmeseclassic.com

www.burmeseclassic.com

*ထားရစ်ခဲ့တယ်။ အရေးရှိရင် သုံးလို့ရအောင် ကိုယ်ပေါ်မှာ ဆောင်ထားပါ။*

*ဦးသိဒ္ဓိ*

ကျွန်ုပ်သည် ဦးသိဒ္ဓိ၏စာကို ဖတ်ရှုပြီးနောက် မောင်တိုး ပေးလာသော တြိဂံပုံပါ ရွှေဒင်္ဂါးပြားကို ကြည့်လိုက်သည်။

ရွှေဒင်္ဂါးပြားမှာ မျက်နှာတစ်ဖက်တွင် ဓါးနှစ်လက်ကြက်ခြေခတ်ထားပုံပါပြီး အခြားမျက်နှာတစ်ဖက်မှာလည်း တောင်တံတိုင်း၊ တောင်လှိုင်း အဆင့်ဆင့် တည်နေပုံကို ထင်ထင်ရှားရှား တွေ့မြင်နေရ၏။

"ဒီစာအရဆိုရင် သူတို့မှာ လျှို့ဝှက်တဲ့ အကြောင်းတစ်ခု ခုတော့ ရှိနေပြီနဲ့တူတယ် မောင်တိုး၊ ရေးထားတဲ့စာက ကတိုက် ကရိုက်ဆန်ပြီး ဟောဒီရွှေဒင်္ဂါးပြားက ရှေးဟောင်းပစ္စည်းနဲ့တူနေတယ်၊ ဒင်္ဂါးပြားအဝိုင်းပေါ်မှာ တြိဂံတစ်ခုရှိပြီး အဲဒီထဲမှာပါတဲ့ ပုံတွေက ထူးခြားနေတယ်"

မောင်တိုးက စာကိုတစ်လှည့်၊ ထူးခြားသော ရွှေဒင်္ဂါးပြားကိုတစ်လှည့်ကြည့်ပြီး ခေါင်းကိုခါရမ်းလိုက်ပြီး . . .

"ကျွန်တော်တော့ ခေါင်းရှုပ်သွားပြီ ဆရာရေ၊ အမှန်တော့ ဒါတွေအားလုံးဟာ ကျွန်တော့်ကြောင့် ဖြစ်ရတာတွေပါ၊ ကျွန်တော် မိုးထဲလေထဲမှာ သူတို့ကိုတွေ့ပြီး သနားလို့ခေါ်လာခဲ့မိတာ ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော့်အမှားပဲ၊ ကျွန်တော်သာ သူတို့ကို ခေါ်မလာခဲ့ရင် ဆရာ အခုလို စိတ်ရှုပ်ရမှာ မဟုတ်ဘူး”

ကျွန်ုပ်က ကိုယ့်ကိုယ်ကို အပြစ်တင်နေသော မောင်တိုး၏ပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး . . .

“မင်းက လူတစ်ယောက်လုပ်ရမယ့် အလုပ်ကို လုပ်လိုက် တာပဲ၊ ဒါအပြစ်မဟုတ်ပါဘူး၊ ဦးသိဒ္ဓိတို့ကလည်း ပဟေဠိတွေ ဝှက်သွားရုံကလွဲပြီး ငါတို့ကို ဒုက္ခပေးသွားတာမှ မဟုတ်တာ၊ ဪ . . . ဒါနဲ့ ခုမှပြောရင်း သတိရလာလို့၊ ငါတို့ ကြည့်စရာတစ်ခုရှိသေးတယ်ကွ”

“ဘာများလဲ ဆရာ၊ ကြည့်စရာ ဘာရှိလို့လဲ”

“ညတုန်းက ဦးသိဒ္ဓိအိမ်ရှေ့မှာ အင်းတစ်ချပ်ထားသွား တယ်၊ အန္တရာယ်ကင်းအင်းပေါ့၊ အဲဒါ ရှိသေးရဲ့လား မသိဘူး၊ သွားကြည့်ရအောင်”

ကျွန်ုပ်နှင့် မောင်တိုးသည် ဧည့်ခန်းဝင်ပေါက်ဆီသို့ ရောက်ခဲ့ကြ၏။ ပုဏ္ဏားကွယ်၏ အပေါ်ဘက်တွင်ရှိသော စင်လေးပေါ် တွင် သိမ်ဝင်သပိတ်ကွဲဖြင့် စီရင်ထားသည့် ရန်ပြိုအင်းကို ရှာကြည့် လိုက်သည်။ ရန်ပြိုအင်းက ထားခဲ့သော မူလနေရာစင်ပေါ်တွင် မရှိတော့ပေ။

“မရှိတော့ဘူး၊ ဦးသိဒ္ဓိက သူ့အင်းကို ပြန်ယူသွားပြီ၊ ဒီ အင်းကို စီစဉ်ထားတာ သူတို့ဒီကိုအရောက်မှာ ရန်တွေအန္တရာယ် တွေရှိနေလို့

www.burmeseclassic.com

www.burmeseclassic.com

အင်းအစီအရင်နဲ့ ဟန့်တားတာဖြစ်မယ်၊ အခု သူတို့ ပြန်ထွက်အသွားမှာ အင်းကိုပြန်ယူသွားတာက သူတို့နဲ့အတူ ကပ်ပါနေတဲ့ ရန်တွေ၊ အန္တရာယ်တွေကို တားချင်တာကြောင့်ပဲ ဖြစ်လိမ့်မယ်"

"ဒီကိစ္စအတွက် ကျွန်တော်တို့ ဘာလုပ်ကြမလဲ ဆရာ"

"ဘာလုပ်ရမှာလဲ၊ ဘာမှလုပ်စရာ မလိုဘူး၊ ငါတို့အိမ်ကို ညက ဧည့်သည်တွေ လာတယ်၊ အခု မရှိတော့ဘူး၊ ပြန်သွားကြ ပြီ၊ အဲဒါပဲပေါ့၊ ကဲ . . . ကဲ . . . ဒီအကြောင်းထိုင်ပြောနေလို့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ အခု ငါတို့လုပ်ရမှာက နံနက်စာ စားကြဖို့ပဲ"

"ဟုတ်သားပဲ၊ အဲဒါကို ကျွန်တော်မေ့တောင်မေ့နေတယ်၊ ခဏလေးနော် ဆရာ၊ ကျွန်တော် အခုချက်ချင်း စီစဉ်လိုက်ပါ့မယ်"

"အဲဒါဆိုလည်း သွားလုပ်ပေတော့၊ ငါမျက်နှာသစ်လိုက် ဦးမယ်"

မောင်တိုးက ထိုသို့ပြောပြီးသည်နှင့် နံနက်စာပြင်ဆင်ရန် ကျွန်ုပ်အနားမှ ထွက်ခွာသွားလေ၏။ သူထွက်သွားမှ ဦးသိဒ္ဓိက ကျွန်ုပ်နာမည်ကို သိနေခြင်းအကြောင်း စဉ်းစားမိသည်။

ညက သူတို့ကို ကူညီခဲ့သော်လည်း ကျွန်တော့်နာမည်ကို ဖွင့်ပြောခဲ့ခြင်း မရှိပေ။ သို့သော် မောင်တိုးပြောပြခြင်းကြောင့် ကျွန်ုပ်နာမည်ကို သူတို့သိနေခြင်းဖြစ်မည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်တိုးပြောပြထားခြင်းသာ မဟုတ်လျှင်တော့ အမှန် ပင် ထူးဆန်းနေပြီဟု ယူဆရပေတော့မည်။

* * * *

အခန်း (၃)

ကျွန်ုပ်နှင့် ဝေဒပညာရှိကြီး

ကျွန်ုပ်သည် ထူးခြားဆန်းကြယ်သော အကြောင်းအရာ များကို စိတ်ဝင်စားသော်လည်း လောကီပညာ၊ ဗေဒင်ပညာတို့ အပေါ် အလေးအနက်ထားတတ်သူ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် စာရေးသားခြင်းအလုပ်ကို အပတ်တကုတ် ကြိုးစားအားထုတ်လုပ်ကိုင်နေသည့် စာရေးဆရာတစ်ဦးဖြစ်သည်။

ကျွန်ုပ်ရေးသားသည့် အကြောင်းအရာတို့မှာ လျှို့ဝှက်ဆန်းကြယ်သော အကြောင်းအရာများသာ ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် နိုင်ငံရပ်ခြားမှ လျှို့ဝှက်ဆန်းကြယ်သော ဝတ္ထုများကို ဘာသာပြန်ခြင်း၊ မှီငြမ်းရေးသားခြင်းများ ပြုလုပ်ခဲ့သော်လည်း ယင်းအကြောင်းအရာများအပေါ်တွင် ယုံကြည်သက်ဝင်ခြင်းမျိုး မရှိလှပေ။

ကျွန်ုပ်၌ ထိုအကြောင်းအရာတို့ကို ကျွမ်းကျင်တတ်မြောက် သောမိတ်ဆွေအများအပြားတော့ ရှိသည်။ ထိုသို့သော မိတ်ဆွေအများအပြားထဲတွင် အလွန်ခေတ်မှီပြီး နက္ခတ္တဗေဒပညာ၊ ဗေဒင်ပညာတို့ကို ကျွမ်းကျင်ပိုင်နိုင်သော မိတ်ဆွေရင်းချာကြီးတစ်ယောက်ရှိသည်။

ထိုမိတ်ဆွေရင်းချာကြီးမှာ ဆရာကြီးကျော်မင်းခေါင်ပင်ဖြစ်သည်။

ကျွန်ုပ်သည် ထိုဆရာကြီးအား ဆရာကျော်ဟု ခင်မင် ရင်းနှီးစွာခေါ်ဝေါ်၏။ အလွန်တရာ မာနကြီးပြီး ခေါင်းမာလွန်း လှသောဆရာကျော်က ကျွန်ုပ်အား ကိုကျော်ဟုခေါ်၏။

ဦးသိဒ္ဓိတို့ ရောက်လာပြီးသည့်နောက်ပိုင်းတွင် ကျွန်ုပ်ထံ သို့မကြာခဏ ရောက်လာလေ့ရှိသည့် ဆရာကျော်ကို မျှော်မိလေ ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် တစ်လတွင်တစ်ကြိမ်၊ နှစ်ကြိမ် ကျွန်ုပ်ထံသို့ ရောက်လာတတ်သော ဆရာကျော်သည် ယခုတလောမှာတော့ ပျောက်ချက်သားကောင်းနေပြန်၏။

ကျွန်ုပ်နှင့် တပည့်ကျော်ကြီးမောင်တိုးတို့သည် ရက်အတန်ကြာသည်အထိ ဦးသိဒ္ဓိ၏အကြောင်းကို ပြောနေမိကြသည်။ လဝက်ခန့်ကြာသည်တွင် အကြောင်းအရာတို့မှာ အဆန်းတကြယ်အဖြစ်မှ တဖြည်းဖြည်း ရိုးသွားလေ၏။

ကျွန်ုပ်သည် စာရေးစားပွဲတွင် ဝတ္ထုရေးရှိသူကဲ့သို့ထိုင်ပြီး လျှို့ဝှက်နက်နဲခြင်းများ ပြည့်နှက်နေသော စုံထောက်ဝတ္ထုတစ်ပုဒ် ကို ရေးသားနေလေ၏။

ထိုစုံထောက်ဝတ္ထုကြီးကို စိတ်ပါလက်ပါ ရေးသားနေ သော နေ့တစ်နေ့တွင် ကျွန်ုပ်မျှော်စဉ်အခါက ပေါ်မလာသော ဆရာကျော်ရောက်ရှိလာလေ၏။

ဆရာကျော်ရောက်ရှိလာသည်တွင် ကျွန်ုပ်မှာ စာရေးသားခြင်းကို ခေတ္တရပ်နားပြီး ၄င်းနှင့် စကားလက်ဆုံပြောဖြစ်တော့သည်။

ကျွန်ုပ်သည် ဦးသိဒ္ဓိတို့ ရောက်လာပုံကို ဆရာကျော်အား အသေးစိတ်ပြောပြပြီး ဦးသိဒ္ဓိရေးသားခဲ့သည့်စာနှင့် ချန်ထားရစ်ခဲ့သည့် ရွှေဒင်္ဂါးပြားကို ထုတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ဆရာကျော်သည် ကျွန်ုပ်စကားပြောနေစဉ် တစ်ခွန်းမှ ဝေဖန်ပြောဆိုထောက်ပြခြင်းမရှိဘဲ စိတ်ဝင်တစား နားထောင်ပြီး နောက်တွင် ဦးသိဒ္ဓိ၏စာကိုဖတ်ပြီး ပေးထားခဲ့သည့် ရွှေဒင်္ဂါးပြား အား ကြည့်ရှုလေ၏။

"ဒီဒင်္ဂါးမျိုးကို ကျွန်တော်မမြင်ဖူးဘူး ကိုကျော်၊ ဒါပေမယ့် ဒါတွေဟာ လျှို့ဝှက်ဆန်းကြယ်မှုတွေနဲ့ ပတ်သက်နေတယ်လို့တော့ စိတ်ထဲက အလိုလိုသိနေတယ်၊ ဒီရွှေဒင်္ဂါးပြားနဲ့ပတ်သက်လို့ သေသေချာချာသိရအောင် ကျွန်တော်စုံစမ်းပေးပါ့မယ်၊ ဦးသိဒ္ဓိဆိုတဲ့ လူဟာ သာမန်လူတော့ ဟုတ်ဟန်မတူဘူး၊ ခင်ဗျားဆီကို သူလာ တာကလည်း တမင်ကို ရောက်အောင်လာခဲ့တာပဲ ဖြစ်ရမယ်"

ဆရာကျော်က ကျွန်ုပ်မစဉ်းစားမိသော ရှုထောင့်က ထောက်ပြလေ၏။ ထိုအခါမှ ကျွန်ုပ်သည် ဦးသိဒ္ဓိတို့ ရောက်လာ ပုံကို ပြန်တွေးကြည့်မိ၏။

"ခင်ဗျားက သိပ္ပံပညာရဲ့ဆန်းကြယ်မှုကို ရှေ့တန်းတင်ပြီး ဝိဇ္ဇာပညာရဲ့ဆန်းကြယ်မှုကိုတော့ အယုံအကြည်မရှိတာ အတော် ဆိုးတယ်၊ ဒါနဲ့ စကားမစပ် ပြောရဦးမယ်၊ ကျွန်တော် ဒီရက်အတွင်း ခင်ဗျားဆီ ဘာကြောင့်မရောက်ဖြစ်တယ်ထင်လဲ၊ ဗေဒင်ကျမ်းကြီး တစ်စောင် ပြုစုနေရလို့ဗျ"

ဟု ပြစ်တင်စကားပြောဆိုပြီး သူရောက်မလာနိုင်သည့် အကြောင်းကို ရှင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား ရောက်မလာတာ ကြာပြီဆိုတော့ အလုပ်တွေ သိပ်များလို့ပဲ ဖြစ်မယ်ဆိုတာ တွေးမိပါတယ်၊ အခု ရေးလို့ပြီးသွားပြီပေါ့ . . . ဟုတ်လား"

ဟု ကျွန်ုပ်ကလည်း စိတ်ဝင်တစားဖြင့် မေးလိုက်ရာ . . .

ဆရာကျော်က ခေါင်းကို ညင်သာစွာ ညိတ်ပြ၏။ အမြဲ တစေ မှုန်ကုပ်ကုပ်ဖြစ်နေတတ်သော သူ့မျက်နှာတွင် ကျေနပ်အားရဟန်တွေ ထင်ဟပ်နေသည်ကို တွေ့နေရ၏။

"ပြီးသွားပါပြီ၊ ဒီကျမ်းကို 'ဒဿနဠှဒီပနီ' လို့ နာမည်ပေးထားတယ်၊ အမှီကျမ်းကို ရေးသားပြုစုတော့ ရှေးက ဝေဒပညာရှင်တွေရဲ့ကျမ်းတွေကို ပြန်ဖတ်ရတယ်၊ ဟိန္ဒူတွေရဲ့ နက္ခတ္တဗေဒပညာဟာ သိပ်အဆင့်မြင့်တာပဲဗျ"

"သူတို့ ဒဿနပညာမှာလည်း အဆင့်အတန်းမြင့်တယ်ဆိုတာတော့ ကျွန်တော်ကြားဖူးတယ် ဆရာကျော်"

တပည်ကျော်မောင်တိုးက ကျွန်ုပ်တို့၏ စကားဝိုင်းသို့ လက်ဖက်ရည်နှင့် မုန့်များလာချပေး၏။ ဆရာကျော်က စကားပြောရင်း၊ လက်ဖက်ရည်သောက်ရင်း ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိလိုက်၏။ ကျွန်ုပ်ကလည်း အားကျမခံပင် စီးကရက်တစ်လိပ် ကို မီးညှိဖွာရှိုက်လိုက်၏။

ထို့နောက် ဆရာကျော်သည် ဆေးပေါ့လိပ်ကို မီးမပြတ် အောင် တရှိုက်ရှိုက်ဖွာရှိုက်ရင်းဖြင့် စိတ်အားတက်ကြွစွာ ပြောလေတော့ ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဝေဒကျမ်းတွေကို လေ့လာရင်း ကျွန်တော်တွေ့တာလေး တစ်ခုပြောပြချင်တယ်၊ အဲဒါက တခြားတော့ မဟုတ်ဘူး၊ ခင်ဗျား တို့ ကျွန်တော်တို့ ကြားဖူးနေကြတဲ့ ရာမာယနဇာတ်တော်ကြီး အကြောင်းပဲ"

ဆရာကျော်က ရေနွေးကြမ်းတစ်ခွက်ငှဲ့ပြီး ဖြည်းဖြည်းချင်း သောက်လေ၏။ ကျွန်ုပ်မှာ ဆရာကျော်ထံမှ ဆက်လာမည့်စကား သံကို စီးကရက်ကို ခပ်မျဉ်းမျဉ်းဖွာရှိုက်ရင်း စောင့်စားနားထောင် နေလိုက်သည်။

"ရာမာယနဇာတ်တော်မှာ မူကွဲတွေအမျိုးမျိုးရှိတယ်ဆို တာ ခင်ဗျားကြားဖူးပါတယ်နော်"

ဟု ကျွန်ုပ်ကို မေးခွန်းထုတ်လိုက်ရာ . . .

ကျွန်ုပ်ကလည်း ခေါင်းညိတ်ပြလိုက်၏။

"ရာမာယနနဲ့ပတ်သက်ရင် ဝါမီကီရဲ့ ရာမာယနကဗျာ ရှည်ကြီးဟာ အကျော်ကြားဆုံးပဲ၊ ရာမာယနကဗျာဟာ အပိုဒ်ပေါင်း သုံးသောင်းကျော်ရှိတယ်။

ဗိဿနိုးနတ်ဝင်စားတယ်လို့ အဆိုပြုခံရတဲ့ ရာမမင်းမှာ 'ဝသိတ' ဆိုတဲ့ ပညာရှင်ရသေ့မြတ်တစ်ပါးရှိတယ်။

အဲဒီရသေ့မြတ်က ရာမမင်းအတွက် 'ယောဂဝသိတ' ဆို တဲ့ ဆုံးမကျမ်းစာကို ရေးတယ်၊ ကဗျာရှင်ဝါမီကီက အဲဒါကို ကဗျာ အဖြစ် ပြန်ရေးတယ်၊ အဲဒီကဗျာထဲက ရာမမင်းသားနဲ့ သီတာဒေဝီ

www.burmeseclassic.com

www.burmeseclassic.com

တို့ရဲ့ လက်ထပ်ပွဲအကြောင်း ဇာတ်ဝင်ခန်းဟာ သိပ်ကိုစိတ်ဝင်စား ဖို့ကောင်းတယ်ဗျ"

ဆရာကျော်သည် သူပြောချင်သည့် အကြောင်းအရာကို ခိုင်လုံသော အထောက်အထားတို့ဖြင့် စီကာပတ်ကုံးပြောတော့မည်ကို ကျွန်ုပ်သိထားပြီးဖြစ်၏။

ဆရာကျော်ဆိုသည့် ဗဟုသုတအိုးကြီးသည် မန္တိုက်ရဘဲ ကျွန်ုပ်၏ရှေ့တွင် အလိုလို ပွင့်လာလေ၏။

"ရာမနဲ့သီတာအကြောင်းပြောရရင် လက်ာဒီပသခင် ရာဝဏလို့ခေါ်တဲ့ ဒဿဂီရိအကြောင်း မပါလို့မဖြစ်ဘူး၊ ရာမာယနကဗျာရဲ့ လက်ထပ်ပွဲအခန်းမှာ ဒီသုံးပွင့်ဆိုင်ဇာတ်ကို အသေးစိတ်ရေးသားထားတယ်၊ ဒါကို ဗေဒင်ကျမ်းဂန်ပညာအရ ကျွန်တော်ပြောပြမယ်"

ဆရာကျော်က ဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထသည်အထိ ဖွာရှိုက်လိုက်ပြီးမှ စကားကို ဆက်ပြောလေ၏။

"ရာဝဏက တကယ့်လူကြမ်း၊ ဆိုးသွမ်းရက်စက်လွန်းတဲ့ ရာဝဏကို နှိမ်နင်းဖို့အတွက် သိကြားမင်းက နတ်သဘင်အစည်းအဝေးကျင်းပတယ်၊ ဒီအစည်းအဝေးက ဗိဿနိုးနတ်မင်းနဲ့ လက်ချမီးနတ်သမီးတို့ကို လူ့ပြည်က မိဘတွေဝမ်းထဲဝင်စား၊ လူသားအဖြစ် မွေးဖွားပြီး အချိန်တန်အရွယ်ရောက်ရင် လက်ထပ်ထိမ်းမြားကြရမယ်၊ အဲဒီအခါ ရာဝဏက သီတာဒေဝီကို ခိုးလိမ့်မယ်၊ ရာမ

www.burmeseclassic.com

www.burmeseclassic.com

မင်းသားက ဒဿဂီရိကို အနိုင်တိုက်ခိုက်လိမ့်မယ်၊ ကျွန်တော် ပြောတာတွေကို ခင်ဗျားစိတ်ဝင်စားရဲ့လား"

ဟုစကားကို တုန့်ကနဲ ရပ်လိုက်ပြီး ပင်ကိုယ်သံသြသြကြီး ဖြင့် လှမ်းမေးလိုက်ရာ သူ့အကြောင်းသိနေသည့် ကျွန်ုပ်မှာ ပြုံး လျက် ကပျာကယာပင် ဖြေလိုက်ရ၏။

"ဟာ . . . စိတ်ဝင်စားပါတယ်ဗျာ"

ထိုအခါ သူက ကြီးမားသော ပါးစပ်ကြီးကို ပိပိပြင်ပြင် ပြုံးလိုက်ပြီး . . .

"ကျွန်တော်က ဒီအကြောင်းကို ဗေဒင်ကျမ်းဂန်အလိုအရ ပြောချင်နေတာ၊ ဟောဒီစာရွက်ကို ကြည့်ပါ၊ ဒါဟာ နတ်မင်းဝင် စားလို့ လူဖြစ်တဲ့ 'သီရိရာမ' ရဲ့ဇာတာပဲ"

ထိုသို့ပြောရင်း ဆရာကျော်က ဇာတာခွင်ချထားသော စာရွက်တစ်ရွက်ကို ကျွန်ုပ်အား ထုတ်ပြလေ၏။

ကျွန်ုပ်သည် ဆရာကျော်ပြောသော ဇာတာကိုကြည့်ပြီး ခေါင်းကို ခါရမ်းလိုက်၏။

"ဘာလဲဗျာ၊ ဘာဖြစ်လို့ ခေါင်းခါပြရတာလဲ"

"ခင်ဗျားပြတဲ့ ဇာတာခွင်ဆိုတာကြည့်ပြီး ကျွန်တော်ဘာမှ နားမလည်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါကို နားလည်ဖို့က ခင်ဗျားဒီပညာတတ်မှ ဖြစ်မှာလေ၊ နားမလည်ပေမယ့်လည်း ဒါကို ကြည့်ထားပါဗျာ၊ ဒါဟာ ယောက်ျားကောင်း၊ ယောက်ျားမြတ်ရဲ့ဇာတာပဲ"

"ဟုတ်ကဲ့ . . . ခင်ဗျားပြောမယ့် အကြောင်းအရာကို ဆက်ပြောပါဦးဗျာ"

"ပြောရရင်တော့ ရာမနဲ့သီတာတို့ လူအဖြစ်ကိုရပြီး လက်ထပ်ထိမ်းမြားမယ့်အချိန်မှာ ရာမမင်းနဲ့ သီတာဒေဝီရဲ့ဇာတာကို ပညာရှင် 'ဝသိတ' ရသေ့က စစ်ဆေးပြီးတော့ ဘေးအန္တရာယ် အသွယ်သွယ်ကင်းဝေးမယ့် မင်္ဂလာအချိန်ကို သတ်မှတ်တယ်။

ဝသိတရသေ့က သေသေချာချာ တိတိကျကျ ဝေဒကိန်း စဉ်ပြီး 'ဝိကုမ္ဘယုတ်' လို့ခေါ်တဲ့ အချိန်အခါကောင်းမှာ ထိမ်းမြားဖို့ သတ်မှတ်လိုက်တယ်၊ ဒီဂြိုလ်ခွင်အရဆိုရင် ရာမနဲ့သီတာဒေဝီတို့ ကို ရာဝဏက မနှောင့်ယှက်နိုင်တော့ဘူး။

အဲဒါဆိုရင် ရာမနဲ့ ရာဝဏလို့ခေါ်တဲ့ ဒသဂီရိတို့ စစ်မခင်းဖြစ်တော့ဘူး၊ ဒသဂီရိမသေနိုင်တော့ဘူးပေါ့၊ ဒါကို သိကြားမင်းသိတော့ လူသားတွေကို ငြိမ်းချမ်းသာယာစေလိုတဲ့ ငါ့ရဲ့အစီအစဉ်ပျက်တော့မယ်၊ ဝသိတရသေ့ သတ်မှတ်ထားတဲ့အချိန်မှာ လက်မထပ်ဖြစ်မှ ဒသဂီရိစစ်ပွဲမှာရှုံးပြီး အသတ်ခံရမှာဆိုတော့ လက်ထပ်မယ့် ဂြိုလ်ခွင်ပြောင်းအောင် စီစဉ်ရမယ်ဆိုပြီး လနတ်သမီးကိုခေါ် လူ့ပြည်ကို ကချေသည်အဖြစ် လွှတ်တယ်၊ လနတ်

www.burmeseclassic.com

www.burmeseclassic.com

သမီးလည်း ရာမနဲ့သီတာတို့ရဲ့ လက်ထပ်ပွဲမှာ ကချေသည်အဖြစ် အစွမ်းကုန်ကပြရင်း ဝသိတရသေ့ရဲ့အာရုံကို ဖမ်းစားလိုက်တယ်။

လက်ထပ်မယ့်အချိန်ကို စောင့်ဆိုင်းနေတဲ့ ဝသိတရသေ့ ဟာ လနတ်သမီးရဲ့အကမှာ အာရုံဝင်စားမိတာကြောင့် အချိန်ရွှေ့ပြောင်းသွားတာကို မသိလိုက်ဘူး၊ ရာမနဲ့သီတာကို လက်ထပ်ပေးလိုက်ချိန်ကျတော့ ဂြိုလ်ခွင်က ပြောင်းသွားပြီ”

“အဲဒီတော့ ဘာတွေဖြစ်ကုန်လဲ”

“ဘာဖြစ်ရမှာလဲ၊ ရာမနဲ့သီတာတို့ရဲ့ အချစ်ခရီးမဖြောင့်ဖြူးတော့ဘူးပေါ့၊ သူတို့အချစ်ခရီး ဖြောင့်ဖြူးအောင် စီစဉ်တဲ့ ဝသိတရသေ့ရဲ့ အစီအစဉ်လည်း ပျက်၊ စစ်ပွဲကြီးဖြစ်ပြီး ဒသဂီရိကို သေအောင်စီစဉ်တဲ့ သိကြားမင်းရဲ့ အစီအစဉ်ဟာ အထမြောက်အောင်မြင်သွားတာပေါ့”

“အင်း . . . တော်တော်စိတ်ဝင်စားစရာ ကောင်းတာပဲ”

ဆရာကျော်က အလိုက်သင့်ပြောလိုက်သော ကျွန်ုပ်အား မျက်မှောင်ကြုတ်ပြီး အစီခံနားအထိ လောင်ကျွမ်းနေသည့် ဆေးပေါ့လိပ်ကို ဆေးလိပ်ခွက်ထဲ ထိုးချေလိုက်၏။ ထို့နောက် ကျွန်ုပ် အား မျက်လွှာပင့်ကြည့်လိုက်ပြီး . . .

“ဒါက ပညာလေ၊ ဂြိုလ်သွားဂြိုလ်လာကိုကြည့်ပြီး စီစဉ် ရတဲ့ အစီအစဉ်မှာ အချိန်ပြောင်းသွားတာနဲ့ အဖြစ်အပျက်တွေ လည်း ပြောင်းသွားတယ်ဆိုတာ ခင်ဗျားကို သိစေချင်လို့ ပြောပြ တာပါ”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်"

သူ၏စကားမှာ အဆုံးမသတ်သေး . . .။ မျက်ဝန်းကို ပြူးလိုက်ပြီး . . .

"ကျေးဇူးမတင်နဲ့ဦး၊ ကျွန်တော်ပြောစရာရှိတာ မကုန် သေးဘူး၊ တစ်လောက နက္ခတ္တဗေဒအကြောင်း ကျွန်တော်ပြော တော့ ခင်ဗျားက သိပ္ပံနည်းကျပါတယ်လို့ ပြန်ပြောခဲ့တာ မှတ်မိ တယ်မဟုတ်လား"

ထိုသို့ ကျွန်ုပ်ပြောမိသလားဆိုတာ မသေချာသော်လည်း ဆရာကျော်မှာ သေချာတိကျသူဖြစ်၍ ကျွန်ုပ်ခေါင်းညိတ်ပြလိုက် ၏။

"ဝေဒပညာကို သိပ္ပံနည်းကျပါတယ်လို့ ပြောတာဟာ ကျွန်တော့်စိတ်ထဲမှာ ချီးမွမ်းတာလို့ မထင်မိဘူး၊ ဆဲဆိုသလို ခံစား ရတယ်"

ဟု တဲ့တိုးပြောချလိုက်ရာ ကျွန်ုပ်မှာ အောင့်သက်သက် ဖြစ်သွားရပြန်၏။ သူ့ဘာသာပြော၊ သူ့ဘာသာထောက်ခံခိုင်း၊ သူ့ ဘာသာအပြစ်တင် ဖြစ်နေလေရာ ကျွန်ုပ်မှာ သက်သက်မယ့် အနေ ခက်နေတော့၏။

"ဟာ . . . မဟုတ်ပါဘူးဗျာ၊ ကျွန်တော် အဲဒီသဘောမျိုး နဲ့ ပြောခဲ့တာ မဟုတ်ရပါဘူး"

"ခင်ဗျား ဘာသဘောနဲ့ပြောပြော ကျွန်တော်ကတော့ အဆဲခံရတယ်လို့ပဲ စိတ်ထဲထင်မှတ်တယ်၊ ဝေဒပညာဆိုတာ နတ်

www.burmeseclassic.com

www.burmeseclassic.com

နဲ့တဲ့ ဂမ္ဘီရပညာပါ၊ သိပ္ပံပညာက ရှင်းမပေးနိုင်တဲ့ ကံအကြောင်းတရားတွေကို ကူညီပေးနိုင်တဲ့ပညာ၊ ဂဏန်းသင်္ချာနဲ့ တွက်ချက် လို့ မရနိုင်တာတွေကို တွက်ချက်ပေးနိုင်တဲ့ ပညာပါဗျာ"

ဆရာကျော်၏မျက်နှာတွင် စိတ်အားထက်သန်ဟန်ကို တွေ့ရ၏။ ယုံကြည်ချက်အတွက် ရဲရဲဝံ့ဝံ့ ရပ်တည်တတ်သူတို့တွင် ကြံ့ခိုင်သော ခွန်အားများ ရှိသည်ဆိုခြင်းကို ကျွန်ုပ်လက်ခံလိုက်မိ ၏။

ကျွန်ုပ်နှင့် ဆရာကျော်တို့ တစ်မနက်ခင်းလုံး စကားပြောဆိုကြပြီးနောက် မောင်တိုးပြင်ဆင်ပေးသည့် ထမင်းပွဲကို နှစ်ယောက်အတူ စားသောက်ကြ၏။

"ကျွန်တော် မနက်ပိုင်းက ပြောခဲ့တာတွေကို ကျွန်တော် ပြုစုတဲ့ ဗေဒင်ကျမ်းမှာ အမှာစာအဖြစ် ထည့်ရေးခဲ့တယ်ဗျ၊ အဲဒီအကြောင်းတွေ ပြောပြခဲ့တာကတော့ ခင်ဗျားမှာရှိနေတဲ့ ရွှေဒင်္ဂါးနဲ့ပတ်သက်ပြီး ထင်မြင်ချက်တစ်ခုကို ပြောချင်လို့ပါ"

ထိုကိစ္စကိုတော့ ကျွန်ုပ်အမှန်ပင် စိတ်ဝင်စားမိသဖြင့်-

"အေးဗျာ . . . လုပ်ပါဦး၊ ဒါကိုတော့ ကျွန်တော်တကယ် သိချင်ပါတယ်"

ဟု ဟန်ပင်မဆောင်ဘဲ မေးလိုက်မိ၏။

"ကျွန်တော့်ဆီက ခင်ဗျားယူထားတဲ့ အတ္တလန်တိတ်အင်ပါယာဆိုတဲ့အကြောင်းကို ဖတ်ပြီးပြီလား"

"ဖတ်နေတုန်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

"အတ္တလန်တိတ်အင်ပါယာဟာ သိပ္ပံပညာထွန်းကားတဲ့ ယန္တရားနိုင်ငံလို့ စာအုပ်စာတမ်းတွေမှာ ရေးသားကြတယ်၊ အဲဒီခေတ်က မဟာသိပ္ပံပညာရှင်တွေ ပညာဂုဏ်မောက်တာကြောင့် အတ္တလန်တိတ်အင်ပါယာတစ်ခုလုံး ပျက်စီးသွားခဲ့တယ်၊ ယန္တရားမြို့တော်ကြီး ရေအောက်ရောက်ပြီး စုန်းစုန်းမြုပ်သွားတယ်လို့ ဆိုကြတယ်"

"ကျွန်တော်ဖတ်ထားတာနဲ့ အဲဒါတော့ ခြုံငုံမိနေပါပြီ"

"ဟုတ်ပါပြီ . . အခု ကျွန်တော်အဓိကအကြောင်းအရာကို ပြောပြမယ်၊ ခင်ဗျားလက်ထဲမှာရှိနေတဲ့ ရွှေဒင်္ဂါးပြားဟာ အတ္တလန်တိတ်အင်ပါယာလို ပျောက်ဆုံးနေတဲ့ မြို့တော်တစ်ခုခုနဲ့ ဆက်စပ်နေမယ်ထင်တယ်"

ဟု သူက အခိုင်အမာ ပြောလိုက်သဖြင့် ကျွန်ုပ်လည်း တအံ့တသြ ဖြစ်သွားပြီး . . .

"အဲဒါ ဘာကြောင့်များလဲဗျ"

"ရွှေဒင်္ဂါးပြားရဲ့ မျက်နှာတစ်ဖက်မှာရှိတဲ့ တောင်လှိုင်းအဆင့်ဆင့်ဟာ နက္ခတ်တာရာတွေ သွားရာလမ်းကြောင်းကို ပြနေတာလား၊ ဒါမှမဟုတ် မြေပုံအညွှန်းတစ်ခုများ ဖြစ်နေမလားလို့ ကျွန်တော်သံသယရှိနေတယ်"

သူ့စကားက ကျွန်ုပ်အတွက် ဇဝေဇဝါဖြစ်သွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားပြောတော့ ဒီရွှေဒဂ်ါးမျိုးကို မမြင်ဖူးဘူး၊ ဒီအကြောင်းတွေလည်း သေချာမသိဘူးဆို . . ."

ဟု တုန့်ပြန်မေးလိုက်ရာ သူက စားလက်စကို ခဏရပ် လိုက်ပြီး . . .

"အဲဒါ အမှန်တွေပြောခဲ့တာ၊ အခုဟာက ဖြစ်နိုင်ချေရှိ မယ်လို့ ဆက်စပ်တွေးယူကြည့်တာ၊ ကျွန်တော် ခင်ဗျားကို နက္ခတ္တဗေဒအကြောင်း၊ ရာမာယနအကြောင်း၊ ဂြိုလ်ပြောင်းလို့ အဖြစ်အပျက်တွေ ပြောင်းတတ်တယ်ဆိုတာတွေကို ဘာကြောင့်ပြောပြရတာလဲဆိုတော့ အကြောင်းရှိလို့ပဲ"

"ဆိုပါဦးဗျာ၊ ဘာကြောင့်များပါလိမ့်"

ဆရာကျော်က ကျွန်ုပ်အား စေ့စေ့ကြည့်ပြီး ပြုံးလိုက်ရင်း-

"ကျွန်တော် ခင်ဗျားအိမ်ပေါ်ကိုတက်လာပြီး ရွှေဒဂ်ါးပြားအကြောင်း ပြောတဲ့အချိန်ကို တွက်ချက်ကြည့်တော့ ခင်ဗျားဟာ ရှေးဟောင်းအရာနဲ့ပတ်သက်မှု၊ ပျောက်ဆုံးနေတဲ့ အရာတစ်ခုကို ပြန်တွေ့မှာလို့ မြင်လာတယ်"

"ခင်ဗျားဆီမှာ ညအိပ်သွားခဲ့တဲ့ ဧည့်သည်လူမမာက မောင်တော်ပြန်လာမယ်တို့၊ နှမတော်တို့ ဆိုတဲ့စကားလုံးတွေ သုံးနှုန်းသွားတယ်ဆိုတော့ ခင်ဗျားဟာ ပျောက်ဆုံးနေတဲ့ မြို့တော်တစ်ခုကို ရောက်နိုင်တယ်၊ အဲဒီမြို့နဲ့ပတ်သက်နိုင်တယ်လို့ ယူဆရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလေ၏။

"ခင်ဗျားက ဒီအကြောင်းပြောချင်လို့ စကားကို အရှည်ကြီးဆွဲပြောနေတာကိုး"

ဆရာကျော်က ခေါင်းညိတ်ပြီး စကားဆက်လိုက်၏။

"ခင်ဗျားကို ယုံကြည်စေချင်လို့ ပိုပြီးယုံကြည်အောင် ကျွန်တော်သေသေချာချာ တွက်ချက်ကြည့်ပါဦးမယ်၊ တွက်လို့ရတဲ့အပေါ်မှာ ဆောင်ရန်ရှောင်ရန်တွေပါ ပြောမယ်"

"ကောင်းပါပြီဗျာ . . ."

"ကောင်းပါပြီဗျာ . . . လုပ်မနေနဲ့ ကိုယ့်လူ၊ ကျွန်တော့်စိတ်ထဲမှာ ခင်ဗျားအပေါ် ဘေးအန္တရာယ်တစ်ခုခု ကျရောက်တော့မယ်လို့ ခံစားရတယ်၊ ဒီတစ်ခါတော့ ခင်ဗျားယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ကျွန်တော်ပြောသလိုနေထိုင်ပြီး ပြောသလိုလိုက်နာပါ"

ဆရာကျော်က ကျွန်ုပ်အား စေတနာဖြင့် ပြောနေခြင်းဖြစ်ကြောင်း နားလည်လိုက်သဖြင့် ခေါင်းကိုညင်သာစွာပင် ညိတ်လိုက်၏။

"ကောင်းပါပြီ ဆရာကျော်၊ ခင်ဗျားပြောသလို ကျွန်တော်နေပါ့မယ်၊ ခင်ဗျားခိုင်းတာကို လုပ်ပါ့မယ်"

ဆရာကျော်က ကျွန်ုပ်အား စေ့စေ့ကြည့်ပြီးနောက် အားပါးတရပြုံးလေ၏။

"ခင်ဗျား . . . အခု စာနည်းနည်းတတ်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com

"ဗျာ . . ."

"ကျွန်တော်ပြောတာကို အလေးထားရကောင်းမှန်း သိ လာပြီလို့ ပြောတာပါ"

ကျွန်ုပ်သည် ဆရာကျော်အား ခင်မင်ရင်းနှီးစွာကြည့်ရင်း ပြုံးနေမိသည်။ ဆရာကျော်ဟု ကျွန်ုပ်က ရင်းနှီးစွာခေါ်သော ဆရာကြီးကျော်မင်းခေါင်မှာ သူ့ပညာနှင့်ပတ်သက်လျှင် ခေါင်းမာ သယောင်နှင့် မိတ်ဆွေအပေါင်းအသင်းနှင့် ပတ်သက်လျှင်တော့ စေတနာထားတတ်သူ၊ ပူပင်စိတ်ရှိတတ်သူ ဖြစ်နေခြင်းက ကျွန်ုပ် အနေဖြင့် သူ့အပေါ် ခင်မင်စိတ်ကို ပိုတိုးစေသည်ဟု ထင်မြင်မိ ၏။

ဆရာကျော်သည် ကျွန်ုပ်အား ပြောသင့်သည့်စကားများ ကို ပြောဆိုပြီးနောက် အစားအသောက်အကြောင်း သစ်ပင်ပန်းမန် အကြောင်းများ ပြောဆိုကြပြန်၏။

ညနေစောင်းအချိန်သို့ ရောက်သည့်အခါ ဆရာကျော် သည် ကျွန်ုပ်၏တပည့်ကျော် မောင်တိုးဖျော်ပေးသည့် လက်ဖက် ရည်တစ်ခွက်ကို သောက်ပြီးနောက် ကျွန်ုပ်အား နှုတ်ဆက်ကာ ပြန်သွားတော့၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## တရုတ်ပုံတီးသူနှင့် ကုလားကချေသည်

ပုံသံက စည်းချက်ညီညီ ပေါ်ထွက်နေ၏။ အချက်ကျကျ ပေါ်ထွက်နေသော ပုံသံမှာ ဟာမိုနီခေါ် လက်ဆွဲဘာဂျာသံကို ဖြည့်စွက်ပေးနေသဖြင့် သာယာချိုမြိန်ခြင်းတွေ ရောစွက်ထားသည့် ပမာရှိနေ၏။

လခြမ်းတံဆိပ်ဘတ်(စ်)ကားစီးကာ ဒါလဟိုဇီထိပ် (ယခု မဟာဗန္ဓုလလမ်း) တွင် ကားပေါ်မှဆင်းခဲ့သော ကျွန်ုပ်သည် သတင်းစာတိုက်သို့ ကျွန်ုပ်ရေးသားပြီးသည့် ဝတ္ထုစာမူကို ဝင်ပို့၏။ ထို့နောက်တွင် ပန်းဆိုးတန်းလမ်းဘက်သို့ ထွက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ပန်းဆိုးတန်းလမ်းအတိုင်း လျှောက်ခဲ့ပြီး ရန်ကုန်ဘူတာကြီးအနီးသို့ အရောက်တွင် ဟာမိုနီနှင့် တွဲဖက်ပေါ်ထွက်နေသော ဗုံသံကို ရုတ်တရက် ကြားလိုက်မိသည်နှင့် ကျွန်ုပ်ခြေလှမ်းတွေ လည်း တစ်စုံတစ်ခုက တုန့်ဆွဲလိုက်သလို တုန့်ကနဲ ရပ်တန့်သွား ၏။ ထိုအခိုက် ကျွန်ုပ်၏ စိတ်ခံစားမှုများလည်း ၄င်းဗုံသံနှင့် ရောနှောစီးဝင်သွားရာ ခြေလှမ်းတွေက ထိုအနီးသို့ ရောက်မှန်းမသိ ရောက်ရှိသွားတော့၏။

ဟာမိုနီတီးနေသူမှာ ပြောင်နေအောင် ရိတ်ထားသည့် ခေါင်းတုံး၊ နောက်စေ့တည့်တည့်တွင် ကြွက်မြီးတန်းချထားသော ဒိုတီဝတ်ဟိန္ဒူကြီးတစ်ယောက်ဖြစ်ပြီး ဗုံကို အချက်ကျကျ တီးခတ်နေသူမှာ ပိန်ပိန်ပါးပါး၊ သွားခေါခေါနှင့် ဦးထုပ်အနက်ဝိုင်းကလေး ဆောင်းထားသော တရုတ်ကြီးတစ်ယောက်ဖြစ်သည်။ တရုတ်ကြီး ၏ ဖြူဖွေးရှည်လျားသော မုတ်ဆိတ်တို့မှာ တီးလိုက်တိုင်း တဆတ် ဆတ်လှုပ်ရမ်းနေလေ၏။

မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်နေသော ဂီတသံတွင် အနီရောင်ဆာရီဝတ်ထားသော မိန်းမပျိုလေးတစ်ယောက် ယိမ်းကာ နွဲ့ကာ ကနေသည်ကို တွေ့ရ၏။ ထိုကပွဲကို ပရိသတ်အတော်များများ လာရောက်အားပေးကြည့်ရှုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ကြီးနှင့် ကုလားကြီးတို့က ဟာမိုနီနှင့် ဗုံတို့ကို တီး ခတ်ရာတွင် ဆာရီအနီဝတ် ကုလားမလေးက အချက်ကျကျ ကခုန် နေသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသလို လွန်စွာလှပလေ၏။

ထိုကပွဲစည်းဝိုင်းအစပ်တွင် သက္ကလပ်ဦးထုပ်တစ်လုံးကို ပြောင်းပြန်လှည့်၍ ကိုင်ထားသော အသက်နှစ်ဆယ်အရွယ် တရုတ် လူငယ်လေးတစ်ယောက်သည် တောင်မှမြောက်သို့၊ အရှေ့မှ အနောက်သို့ လှည့်ပတ်နေသည်ကို တွေ့ရလေ၏။

"ဟား . . . ဟား . . . ကျသကွာ၊ တရုတ်က ဗုံတီး၊ ကုလားက ဘာဂျာမှုတ်၊ ကုလားမလေးက ကခုန်၊ တရုတ်ကလေး က ပိုက်ဆံလိုက်ခံ၊ လိုက်လည်း လိုက်ပါပေရဲ့ကွာ"

ဝိုင်းကြည့်နေသူများထဲမှ အော်ဟစ်ရယ်မောပြီး ပြော လိုက်သော လူတစ်ယောက်၏ အသံထွက်ပေါ်လာ၏။ လမ်းဘေး ကပွဲလေးကို ကြည့်ရှုအားပေးနေသူများက ရယ်မောလိုက်သူကို လှည့်ကြည့်ကာ ပြုံးကြ၏။

ကျွန်ုပ်မှာ အော်ဟစ်ပြောဆိုလိုက်သူ၏ စကားကြောင့် ကပွဲ၏ထူးခြားသည့် သဘောသဘာဝကို သတိပြုလိုက်မိသဖြင့် ပို၍ပင် စိတ်ဝင်စားသွား၏။ ထို့ကြောင့် ပွဲကြည့်ပရိသတ်များကြား သို့ တိုးဝင်လိုက်၏။

ကျွန်ုပ်လူကြားထဲသို့ တိုးဝင်လိုက်စဉ်မှာတော့ သေးငယ် စူးရှသောအသံဖြင့် ကုလားသီချင်းတစ်ပုဒ်ကို ဆိုလိုက်သံထွက်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာ၏။ ထိုသီချင်းကို သီဆိုသူမှာ ပိုက်ဆံခံနေသော တရုတ်ကလေးဖြစ်ပြီး ကုလားသီချင်းကို သီဆိုရာတွင် သံဝါခြင်း၊ ထစ်ငေါ့ခြင်း အလျဉ်းမရှိဘဲ ကြည်လင်ပီသသော ကုလားသံမျိုး ထွက်ပေါ်နေ၏။

ကျွန်ုပ်သည် အာချင်းလျှာချင်းမတူ၊ ယဉ်ကျေးမှုချင်းမတူ သည့် တရုတ်နှင့် ကုလားလူမျိုးတို့၏ ဖက်စပ်ဗုံပွဲလေးကိုကြည့်ရင်း မည်သို့သဘောတွေ့မှန်းမသိ တွေ့နေတော့သည်။

ထို့ကြောင့် ရှေ့ကိုနီးသည်ထက်နီးအောင် တိုးကြည့်ရင်း ကျပ်စေ့ငါးစေ့ကို တရုတ်ကလေးကိုင်ထားသော ဦးထုပ်ထဲရောက်အောင် ပစ်ထည့်လိုက်သည်။

"ကုလားနဲ့တရုတ် အဆွေခင်ပွန်းဖွဲ့တဲ့ ချစ်ကြည်ရေးပွဲကို ဒီတစ်ခါပဲ ကြည့်ဖူးတယ်ဟေ့၊ အတီးကောင်း၊ အဆိုကောင်း၊ အကကောင်းတွေ ပါလား"

ပွဲကြည့်ပရိသတ်ထဲမှ အသံတစ်သံထွက်လာပြန်၏။ ထို သူက အော်ပြောရင်း ကျပ်စေ့တစ်စေ့ကို တရုတ်လေးရှေ့တွင် ပစ်ချပေးလိုက်သည်။

ကျွန်ုပ်သည် တီးမှုတ်နေသူတို့ကိုလည်းကောင်း၊ ကခုန် နေသူမိန်းကလေးကိုလည်းကောင်း သေချာစေ့စပ်စွာ ကြည့်မိ လေ၏။

အချိုးကျလှပသော ခန္ဓာကိုယ်လေးကို တီးလုံးနှင့်အညီ ယိမ်းနွဲ့လှုပ်ရှားကခုန်နေသည့် မျက်နှာချိုချိုနှင့် အသက်ဆယ့်ရှစ်

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဝန်းကျင်ခန့်ရှိသော မိန်းမပျိုလေးကို ကြည့်ရသည်မှာ ရှုမငြီး နိုင်စရာ ဖြစ်လို့နေ၏။

ကျွန်ုပ်ကဲ့သို့ပင် ပရိသတ်ကြီးမှာလည်း ငေးမောစီးဝင်နေ မှာ သေချာ၏။ သို့ရှိနေစဉ်မှာပဲ မထင်မှတ်သည့် အခြေအနေနှင့် ရင်ဆိုင်ရလေ၏။

“ကုလားမလေးက အကကောင်းရုံတင်မကဘူး၊ ရုပ်ကလေး ကလည်း ချော၊ ဘော်ဒီလေးကလည်း တောင့်တယ်ကွ”

“ဒီလိုမိန်းကလေးမျိုး လမ်းပေါ်မှာ က,နေတာ သနား စရာပါ၊ အခုလို က,နေမယ့်အစား ငါ့ကို အကူအညီတောင်းရင် ငါတစ်သက်လုံးစောင့်ရှောက်ပါတယ်”

ထိုစကားသံများက ကျွန်ုပ်နှင့် အနည်းငယ်သာ ကွာလှမ်း သည့်နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဂင်တိုတို၊ မိုက်တိ မိုက်ကန်းပုံပေါက်နေသည့် အရက်သမားနှစ်ဦးဖြစ်သည်။ သူတို့ မျက်လုံးတွေက ရမ္မက်ခိုးဝေလျက် ပြူးထွက်လို့နေ၏။

“ကုလားမလေးက လမ်းဘေးမှ ကနေတာပေမယ့် မင်း လို ဝက်ခြံထူလပျစ်နဲ့ကောင်ကိုတော့ ကြည်ဖြူမှာ မဟုတ်ဘူးဟေ့”

ဟုပြောလိုက်ပြီး လူအုပ်ကြီးထဲက ရှေ့တိုးထွက်လျက် ကနေသည့် မိန်းကလေးထံ လက်ညှိုးထိုးလိုက်ပြီး . . .

“ဟေ့ . . . အမိနာ၊ မင်းရုပ်ရည်လေးနဲ့ ဒီအလုပ်မျိုးလုပ် နေတာ ဘယ်လိုမှ မသင့်တော်ဘူး၊ ငါ့ကိုကြည့်စမ်း၊ ငါလိုကောင် ကမှ

www.burmeseclassic.com

www.burmeseclassic.com

မင်းတစ်ဘဝလုံး အားကိုးရမယ့်လူကွ . . . ဟား . . . ဟား . . . ဟား"

ဟုပြောလိုက်ရာ ပရိသတ်ကြီးမှာ ထိုသူကိုကြည့်ရင်း မသက်မသာ ပင့်သက်ရှိုက်မိကြ၏။

ထိုသူများမှာ ၄င်းဝန်းကျင်တစ်ဝိုက်တွင် လွန်စွာဆိုးသွမ်း သည့် လူရမ်းကားများဖြစ်လေရာ ၄င်းတို့ကြောင့် အခြေအနေ ရှုပ်ထွေးတော့မည်ကို သိလိုက်ကြသောကြောင့် ဖြစ်သည်။

"ဟော့ကောင်လေး . . . မင်း ငါတို့ကို ဘယ်လိုကြည့်နေ တာလဲ၊ အကြည့်ကို ပြင်လိုက်စမ်း"

ဟု လူမိုက်တစ်ယောက်က ဟိန်းဟောက်ပြောလိုက်ရာ လူငယ်မှာ တွန့်ဆုတ်ဟန် အနည်းငယ်မျှမရှိဘဲ တည်တည်ငြိမ်ငြိမ် လေသံဖြင့် . . .

"ကျွန်တော် ဒီလိုပဲ ကြည့်နေတာပါ၊ အစ်ကိုကြီးတို့ စည်း ဝိုင်းအပြင်ကို ထွက်ပေးပါလားခင်ဗျာ"

"အောင်မာ . . . ဘာဖြစ်လို့ ထွက်ပေးရမှာလဲ၊ ငါတို့က အမိန့်ကို ခေါ်မလို့ကွ"

ဟုပြောပြီး ထိုလူငယ်အနီး တိုးကပ်သွား၏။ လူငယ်မှာ ဒေါသကင်းစင်သည့် လေသံဖြင့် ထိုသူကိုကြည့်၍ . . .

"ကျွန်တော့်အစ်မနာမည်က အမိနာ မဟုတ်ပါဘူး၊ ပြီး တော့ သူ့ကိုခေါ်လို့လည်း မရပါဘူးခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဆံပင်စုတ်ဖွားနှင့် လက်မောင်းတွင် ဆေးမင်ကြောင်ရုပ်များထိုးထားသည့် နောက်လူမိုက်တစ်ဦးက . . .

"ဘာဖြစ်လို့ မရရမှာလဲ၊ ငါတို့မှာ ပိုက်ဆံအများကြီးပါ တယ်၊ မင်းအစ်မ ကုလားမလေးကို ဒီဘဝမျိုးထက် ဆယ်ဆမက သာတဲ့ နတ်ပြည်မှာ တင်ထားလို့ရပါတယ် . . . ဟဲ . . . ဟဲ"

"ကတာက ကျွန်တော်တို့ အလုပ်ပါခင်ဗျာ၊ အစ်ကိုကြီး တို့ မကူညီချင်လဲနေပါ၊ မနှောင့်ယှက်ပါနဲ့၊ ကျွန်တော်တောင်းပန် ပါတယ်"

တရုတ်ကလေးသည် ပိုက်ဆံထည့်ထားသော ဦးထုပ်ကို ဗုံတီးနေသည့် တရုတ်ကြီးအနီးတွင် ချလိုက်ပြီးနောက် စည်းဝိုင်း အတွင်း ဝင်ရောက်လာသော အမူးသမားသုံးယောက်ရှိရာအနီး သို့ ပြန်လည်လျှောက်လှမ်းသွားလေ၏။ ၎င်းတို့အနီးရောက်သည် နှင့် . . .

"အစ်ကိုကြီးတို့ အပြင်ထွက်ပေးပါ"

ထိုအခါမှာတော့ လူငယ်၏လေသံမှာ အနည်းငယ် တင်း သွားလေ၏။

"ဟာ . . . ဒီတရုတ်စုတ်တော့ သေချင်ပြီထင်တယ်"

လူမိုက်တစ်ဦးက လက်ရဲဇက်ရဲ အပြုအမူဖြင့်ပြောရင်း လူငယ်ကို တွန်းဖယ်လိုက်ရာ တရုတ်ကလေးမှာ နောက်သို့ယိုင် သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အရွယ်နှင့်မလိုက်အောင် တည်ကြည်သော မျက်နှာ အမူအရာဖြင့် တရုတ်ကလေးသည် အမူးသမားသုံးယောက်အား ကြည့်လိုက်သည်။

ယင်းနောက် ကနေသော ကုလားမလေးထံသို့ လှမ်းကြည့်လိုက်ပြီး . . .

"မမ . . . ဒီလူတွေ ရမ်းကားနေပြီ"

"ရမ်းကားနေရင်လည်း သူတို့ကို မရမ်းကားနိုင်အောင် လုပ်ပေးရမှာပေါ့"

မိန်းကလေး၏ အမူအရာကလည်း မာတင်းတင်း၊ ခက် ထန်ထန် . . .။ ထို့နောက် သူမက တွဲကျနေသော ဆာရီစကို ခါးတွင် ရစ်ပတ်လိုက်ပြီး တရုတ်ကလေးနှင့်အတူ ဘေးချင်းယှဉ် ရပ်ကာ အမူးသမားသုံးယောက်အား ခပ်တင်းတင်း စိုက်ကြည့်ပြီး ပြောဆိုလိုက်၏။

"ရှင်တို့ ဒီစည်းဝိုင်းထဲက ထွက်သွားပါ"

အမူးသမားသုံးဦးသည် စပ်ဖြဲဖြဲ အမူအရာဖြင့် သူမတို့ နှစ်ဦးကို ဝန်းရံပိတ်ဆို့လိုက်ပြီး တစ်ယောက်သော သူက . . .

"ဟဲ့ . . . ဟဲ့ . . . အချစ်ကလေးကလည်းကွာ"

တစ်ယောက်က စလိုက်သည်နှင့် နောက်တစ်ယောက်က လည်း . . .

"အချစ်ကလေးစိတ်ဆိုးနေပြီ ထင်ပါရဲ့"

"ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ"

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ကလေးနှင့် မိန်းကလေးတို့သည် စော်ကားမော် ကားပြောရုံတင်မက ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားချင် သည့် အမူးသမားသုံးယောက်ထံ တဟုန်ထိုးပြေးဝင်ပြီး တိုက်ခိုက် လေ၏။ တရုတ်ကလေးက ညာသံပေးအော်ဟစ်ပြီး အမူးသမား တစ်ယောက်၏ရင်ဝကို ခုန်ကန်လိုက်၏။

ကချေသည်မလေးကလည်း အမူးသမားတစ်ယောက်ထံ သို့ ပြေးဝင်ပြီး အောက်ပိုင်းကို ခြေဖြင့်သိမ်းရိုက်လေ၏။

နှုတ်ဖွာသော အမူးသမားနှစ်ယောက်မှာ လမ်းပေါ်သို့ ဖင်ထိုင်ကျကုန်၏။ ထိုအချိန်တွင် ဗုံတီးနေသော တရုတ်ကြီးနှင့် ဟာမိုနီတီးနေသော ကုလားကြီးထလာပြီး အမူးသမားသုံးယောက် ကို တိုက်ခိုက်ရာ အမူးသမားတို့မှာ ဘယ်လိုမှ ယှဉ်ပြိုင်နိုင်စွမ်း မရှိဘဲ ကုန်းကာကွကာဖြင့် ဝရုန်းသုန်းကား ပြေးထွက်ကြတော့၏။

ကျွန်ုပ်သည် ထိုအမူးသမားသုံးယောက်ကိုကြည့်ကာ ရယ် မောမိလေ၏။ ကျွန်ုပ်နှင့်အတူ ပွဲကြည့်သူတို့မှာလည်း ရယ်မော ကြ၏။

ကချေသည်မလေးက ပွဲကြည့်ပရိသတ်များရှိရာဘက်သို့ လှည့်ပြီး

. . .

"အားလုံးကို မေတ္တာရပ်ခံပါရစေရှင်၊ ကျွန်မတို့ရဲ့ ကပွဲ ဟာ ပြီးဆုံးသွားပါပြီ၊ ခုနက လူရမ်းကားတွေလိုမဟုတ်ဘဲ ကျွန်မ တို့ကို ကောင်းကောင်းမွန်မွန် အားပေးကြလို့ ကျေးဇူးတင်ပါတယ် ရှင်"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ ကျိုးနွံသည့်လေသံဖြင့်ပြောပြီး ဦးညွတ်နှုတ်ဆက် လိုက်ရာ ပရိသတ်ကြီးကလည်း လက်ခုပ်တဖျောင်းဖျောင်းတီး လျက် ဂုဏ်ပြုနှုတ်ဆက်ကာ လူစုခွဲသွားလေတော့၏။

ထိုနေရာမှ ထွက်ခွာလာခဲ့သော်လည်း ကျွန်ုပ်၏ အမြင် အာရုံမှာတော့ ကပြနေသော မိန်းကလေး၊ ဗုံတီးသူ၊ ဟာမိုနီတီးသူ တို့၏ ပုံရိပ်များက ဖျောက်ဖျက်မရတော့ဘဲ စွဲထင်စွာ ရှိနေတော့ ၏။

* * * *

အခန်း (၅)

ပဟေဠိဆန်တဲ့ ဒဂါးပြား



www.burmeseclassic.com

www.burmeseclassic.com

နေ့လည်ခင်းက တွေ့ခဲ့သော လမ်းဘေးအကရှင်တို့ကို ညအိပ်ယာဝင်ခါနီးတွင် ကျွန်ုပ်ဖျတ်ခနဲ သတိရမိ၏။ ၄င်းတို့အား သတိရလိုက်မိချိန်မှာပဲ နားစည်တွင် ဗုံတီးသံ၊ ဟာမိုနီတီးသံတို့ကို ကြားယောင်လာမိသည်။

ညကြီးမင်းကြီး အချိန်မတော်၌ ကျွန်ုပ်၏အိမ်ရှိရာ ဘောက်ထော်လို နေရာမျိုးမှာ မည်သူကမှ လာရောက်တီးမှုတ်နေမှာ မဟုတ်ဟု စဉ်းစားမိရင်း ကျွန်ုပ်၏စိတ်ထဲတွင် စွဲထင်နေသော အစွဲတို့ကို ဖြေဖျောက်နိုင်ရန် စဉ်းစားမိသည်။

ကျွန်ုပ်က စိတ်ကိုဖြေလျှော့ပြီး အစွဲအလမ်းများကို မေ့ဖျောက်နိုင်ရန် ကြိုးစားနေစဉ် ဟာမိုနီသံနှင့် ဗုံတီးသံတို့ကို ပို၍ ပီသစွာ ကြားလာရ၏။

ကျွန်ုပ်စိတ်ထဲက စွဲနေသဖြင့် ထိုအသံများကို ကြားသည် ဟု ထင်မြင်နေခြင်းမျိုး မဟုတ်ပေ။ အမှန်တကယ် ကြားနေရခြင်း ဖြစ်ကြောင်း သိလာသည့်အခါတွင် ကျွန်ုပ်သည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားကာ ပြတင်းပေါက်ကိုဖွင့်ပြီး အပြင်ဘက်သို့ ကြည့်လိုက်လေ၏။

အပြင်ဘက်တွင် မှောင်နှင့်မည်းမည်းရှိနေပြီး တီးမှုတ်နေသံများမှာ မှောင်နေသော ညနှင့်အပြိုင် မှန်မှန်ကြီးပေါ်ထွက်နေ ၏။

www.burmeseclassic.com

www.burmeseclassic.com

အပြင်ဘက် အမှောင်ထဲသို့ ငေးကြည့်နေရင်း အသံလာရာ အရပ်ကို ကျွန်ုပ်သိလိုက်လေ၏။

တီးမှုတ်သံတို့မှာ ကျွန်ုပ်နေထိုင်ရာအိမ်၏ ညာဘက် မီးရထားသံလမ်းနှင့်နီးသော နွားခြံမှ ပေါ်ထွက်နေခြင်းဖြစ်သည်။ သံလမ်းဘေးရှိ နွားခြံမှာ ချန်ဒရာ၏နွားခြံဖြစ်သည်။ ချန်ဒရာသည် ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသူဖြစ်ပြီး ၄င်းသည် ပျော်ပျော်ပါးပါးနေတတ်သူ၊ ဖော်ရွေသဘောကောင်းသူ၊ မိခင်အိုကြီးကို လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။

"ချန်ဒရာတို့ခြံမှာ ဘာတွေလုပ်နေသလဲ မသိဘူး၊ ငါသွားကြည့်ရင် ကောင်းမယ်"

ဟုတွေးလိုက်မိပြီး သွားသင့်မသွားသင့် စဉ်းစားနေမိ သည်။ သို့သော် ကျွန်ုပ်ကြာမြင့်စွာ တွေဝေနိုင်စွမ်းမရှိ ဖြစ်သွား သည်။

အဆက်မပြတ် ပေါ်ထွက်နေသော ဗုံသံနှင့် ဟာမိုနီတီးခတ်သံက ကျွန်ုပ်အား ဆွဲဆောင်လျက်ရှိနေသောကြောင့် ဖြစ် သည်။ ကျွန်ုပ်၏စိတ်ထဲ၌ ထိုနေရာကို မသွားရမနေနိုင်အောင် ဖြစ်လာ၏။

ထို့ကြောင့် ကျွန်ုပ်က ဘလေဇာကုတ်ကို ထပ်ဝတ်ပြီး ခေါင်းအုံးအောက်မှ လိုင်စင်နှင့် ကိုင်ဆောင်သော ခြောက်လုံးပြူး သေနတ်ကိုယူကာ ခုတင်ခေါင်းရင်းစားပွဲပေါ်တွင် တင်ထားသည့် ငါးတောင့်ထိုးလက်နှိပ်ဓါတ်မီးကို ဆွဲကိုင်ပြီး အခန်းထဲမှ ထွက်ခဲ့ တော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏နေအိမ်မှာ ပျဉ်ထောင်နှစ်ထပ်အိမ်ဖြစ်ပြီး ကျွန်ုပ်အခန်းက အပေါ်ထပ်တွင် ရှိ၏။ ကျွန်ုပ်သည် အိမ်ထဲမှထွက်ရန်အတွက် အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းခဲ့ပြီးနောက် . . .

အောက်ထပ်သို့အရောက်တွင် မောင်တိုးအား အသိပေးဦးမည်ဟု စဉ်းစားမိပြီး ၎င်း၏အခန်းရှိရာ အိမ်နောက်ဖက်သို့ လျှောက်လာခဲ့၏။

အိမ်အနောက်ပိုင်းမှာ မှောင်မည်းတိတ်ဆိတ်နေသော ကြောင့် လက်နှိပ်ဓါတ်မီးသုံးကာ လျှောက်ခဲ့ပြီး မောင်တိုးအခန်း ထဲသို့ ဝင်လာခဲ့၏။

ကျွန်ုပ်အခန်းထဲသို့ ရောက်ရှိစဉ်တွင် လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်ရာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မောင်တိုးကို တွေ့ရလေ၏။

ကျွန်ုပ်က အိပ်ပျော်နေသည့် မောင်တိုးကို မနှိုးတော့ဘဲ အိမ်နောက်ဖေးတံခါးရှိရာသို့ လျှောက်လာခဲ့သည်။ တံခါးကို အသံမမြည်အောင်ဖွင့်ပြီး အပြင်သို့ ထွက်လာခဲ့၏။

အပြင်ဘက်တွင် အနည်းငယ် အေးစိမ့်နေပြီး လေနှင့်အတူ ပါလာသော ဟာမိုနီတီးခတ်သံနှင့် ဗုံတီးသံတို့ကို အိမ်အပြင်ဘက် သို့ ရောက်သည်တွင် ပို၍ပီသကြည်လင်စွာ ကြားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် တီးခတ်နေသံတို့မှာ စောစောပိုင်းကလို သွက်လက်မြူးကြွခြင်းမရှိတော့ဘဲ လေးတွဲ့ကာ လွမ်းဆွတ်သည့်ခံစားမှု ကို ပေးအပ်နေသည့်ပမာ ရှိနေ၏။

ကျွန်ုပ်သည် တေးဂီတသံတွေ ပေါ်ထွက်နေသော ချန်ဒရာ၏နွားခြံရှိရာသို့ လက်နှိပ်ဓါတ်မီးတဝင်းဝင်းထိုးရင်း လျှောက်လာခဲ့၏။ ကျွန်ုပ်ဖြတ်သန်းနေသည့်လမ်းမှာ ဘေးတစ်ဖက်တစ်ချက် တွင် ချုံတွေပိတ်ဖုံးနေသော လူသွားလမ်းသာသာလေးဖြစ်သဖြင့် ချုံကြီးများကိုပါ လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်နေရ၏။

ခပ်သွက်သွက်လှမ်းပြီး လျှောက်လာသော ကျွန်ုပ်၏ခြေလှမ်းများကြောင့် တီးမှုတ်သံများ ပေါ်ထွက်နေလေရာ နွားတဲနှင့် နီးသည်ထက်နီးလို့လာ၏။ ထိုအချိန်တွင် ဟာမိုနီတီးခတ်သံမှာ ပို၍လွမ်းချင်စဖွယ် ချွဲနွဲ့လာသည်ကို သတိပြုမိ၏။

ချန်ဒရာ၏ နွားတဲရှိရာ ခြံအတွင်းသို့ ကျွန်ုပ်ဝင်လိုက်ရာ ခြံစောင့်ခွေးနှစ်ကောင်က စူးစူးဝါးဝါး ထိုးဟောင်လေ၏။ ကျွန်ုပ် မှာ လက်နှိပ်ဓါတ်မီးကို ဖွင့်ထားရင်းဖြင့် နှုတ်မှလေချွန်သံပြုလိုက်လေ၏။

ရှေ့မှထိုးဟောင်နေသော ခွေးနှစ်ကောင်၏ဟောင်သံ သည် လေချွန်သံကြောင့် ရပ်တန့်သွားပြီး လမ်းပိတ်ပြီးရပ်နေရာမှ ဖယ်ခွာသွားခြင်း၊ အသိမိတ်ဆွေများကို ကြိုဆိုသည်ဟန် အမြီး လှုပ်ရမ်းခြင်းတို့ကို မပြုပေ။



www.burmeseclassic.com

www.burmeseclassic.com

"ချန်ဒရာ . . . ချန်ဒရာ"

ကျွန်ုပ်သည် ခွေးများငြိမ်သွားစေရန် လေချွန်နေရာမှ ခြံရှင်ချန်ဒရာ၏အမည်ကို အော်ခေါ်လိုက်သည်။ ကျွန်ုပ်အော်ခေါ်နေစဉ်မှာပဲ စွပ်ကျယ်လက်ရှည်အဖြူနှင့် ဒိုတီအဖြူဝတ်ဆင်ထားသည့် ချန်ဒရာက အိမ်ပြင်သို့ ထွက်လာလေသည်။

"ဒီအချိန်မှာ လာခေါ်နေတာ ဘယ်သူလဲ"

ချန်ဒရာက မြန်မာစကားမပီသော အသံဝဲဝဲဖြင့် အော်မေးလေ၏။ ထိုအခါ ကျွန်ုပ်က မျက်နှာကို လက်နှိပ်ဓါတ်မီးဖြင့် ထိုးပြလိုက်ရာ . . .

"ဟား . . . ကျော်စွာဆပ်၊ ဒီအချိန်ကြီးလာတာ ဘာဖြစ် လို့လဲဆပ်"

ဟုပြောပြီး . . .

ချန်ဒရာက ခွေးနှစ်ကောင်ကို လက်ဖျောက်တီး၍ နှင်ထုတ်လိုက်၏။ ကျွန်ုပ်က အဖြေမပေးသေးဘဲ ချန်ဒရာရှိရာသို့ လျှောက်သွားပြီး ချန်ဒရာ၏ အနီးသို့ရောက်မှ . . .

"မင်းအိမ်က ဟာမိုနီတီးသံကြားလို့ လာခဲ့တာ၊ ဧည့်သည် တွေရောက်နေတယ်နဲ့တူတယ်၊ ဟုတ်လား ချန်ဒရာ"

ထိုအခါ ချန်ဒရာက ဦးခေါင်းကို ဆတ်ကနဲ ငြိမ့်လိုက်ပြီး-

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဆပ်၊ ရှမ်းစတိတ်က ဆွေမျိုးတွေ ရောက်နေပါတယ်၊ အိမ်ထဲကိုလာပါ ဆပ်၊ ချွန်တော်တို့နဲ့အတူ နွားနို့သောက်ရင်း ဟာမိုနီသံနားထောင်ပါ"

ဟု သူ၏အကျင့်အတိုင်း လှိုက်လှဲစွာ ဖိတ်ခေါ်လေ၏။

ကျွန်ုပ်သည် ချန်ဒရာနှင့်အတူ အိမ်ထဲသို့ ဝင်လိုက်သည်။ အိမ်ထဲတွင် ရေနံဆီမီးခွက်အလင်းရောင်ဖြင့် လင်းထိန်နေ၏။ ထိုအလင်းရောင်အောက်တွင် ဟာမိုနီယာတီးနေသော အိန္ဒိယသားကြီး၊ ပုံတီးနေသော ပီကင်းသားကြီးနှင့် ဘေးမှထိုင်၍နားထောင်နေသော ကုလားမလေးနှင့် တရုတ်ကလေးတို့ကို တွေ့ရ၏။

၎င်းတို့မှာ ကျွန်ုပ်ပန်းဆိုးတန်းတွင် တွေ့ခဲ့ရသူများဖြစ် ကြောင်းမြင်ရသည့်ခဏမှာပဲ ကောင်းစွာမှတ်မိလိုက်လေ၏။ ကုလားမလေးမှာ ပန်းဆိုးတန်းတွင် တွေ့ခဲ့စဉ်က ငယ်သည်ဟု ထင်ရသော်လည်း ယခုတွေ့ရသည့်အခါ ကျွန်ုပ်ထင်သည်ထက် ပို၍အသက်ကြီးပုံရသည်ကို တွေ့ရ၏။

ကျွန်ုပ်က အသက်ဆယ့်ငါး၊ ဆယ့်ခြောက်နှစ်ဝန်းကျင်ခန့်ရှိမည်ဟု ထင်မှတ်ခဲ့သည့် မိန်းကလေးသည် ဆယ့်ရှစ်၊ နှစ်ဆယ်ဝန်းကျင်ရှိမည်ဟု အနီးကပ်တွေ့မှ သိရ၏။

ဆာရီဝတ်ပြီး ကပြစဉ်က ကုလားမလေးတစ်ယောက်နှင့်တူနေသော မိန်းကလေးသည် ယခုထဘီအကျီတို့ကို ဝတ်ထား လျက်တွေ့ရသည့်အခါ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ် နှင့်

www.burmeseclassic.com

www.burmeseclassic.com

မဂိုကုလားမလေးလို ချောမောသော မြန်မာအမျိုးသမီးလေး တစ်ယောက်ဖြစ်မှန်း သိရှိလိုက်ရ၏။

ဟာမိုနီယာနှင့် ဒပ်ပလာဟုခေါ်သော လက်ပွေ့ဗုံတီးနေသူတို့သည် အိမ်ထဲသို့ဝင်လာသည့် ကျွန်ုပ်ကို မြင်တွေ့ရသည့်အခါ အကဲခတ်ဟန်ဖြင့် လှမ်းကြည့်နေကြ၏။

ချန်ဒရာက ၎င်းတို့အား လက်ပြပြီး . . .

"ဘဂျာဟိုး . . ."

ဟုပြောလိုက်၏။ ၎င်းစကား၏အဓိပ္ပါယ်မှာ ဆက်တီးပါ ဟုပြောလိုက်ခြင်းပင် ဖြစ်၏။

ဟာမိုနီယာသမားသည် ဘယ်လက်က လေသွင်းပြီး၊ ညာလက်ဖြင့် ဟာမိုနီယာခလုတ်များကိုနှိပ်ကာ တီးခတ်လိုက်လေ၏။ ဟာမိုနီယာသည် လက်ဆွဲဘာဂျာကဲ့သို့ လေသွင်းပြီး တီးခတ်ရ သောတူရိယာပစ္စည်းဖြစ်ပေ၏။

"ဟိုမိန်းကလေးက ကုလားမလေး မဟုတ်ဘူးထင်တယ် . . . ချန်ဒရာ"

ကျွန်ုပ်သည် ချန်ဒရာနှင့်အတူ ဝါးကွပ်ပျစ်ပေါ်တွင် ထိုင်နေရင်းမှ တီးတိုးမေးလိုက်၏။ ချန်ဒရာက ကျွန်ုပ်အားလှည့်ကြည့် ပြီး ခေါင်းကို အသာအယာ ညိတ်ပြလေသည်။

"ဟုတ်ပါတယ် ဆပ်၊ သူက မြန်မာမလေးပါ၊ ဟာမိုနီယာတီးနေသူက သူ့ကိုစောင့်ရှောက်နေတဲ့ ဘဟာဒူးပါ၊ ဗုံတီးနေတာ က

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်စွမ်လို့ခေါ်တယ်၊ ဟိုကောင်လေးကတော့ ဟုတ်စွမ်ရဲ့သား အထောင်ပါ”

“မိန်းကလေးရဲ့နာမည်ကကော . . .”

“စံပယ်မြိုင်လို့ခေါ်ပါတယ် . . . ဆပ်”

ချန်ဒရာက ကျွန်ုပ်သလိုသော အဖြေကို ဖြေပြီးနောက် မြေစိုက်တဲတစ်နေရာရှိ မီးဖိုဆီသို့ လျှောက်သွားပြီး မီးဖိုပေါ်တင်ထားသည့် နွားနို့အိုးထဲမှ နို့တစ်ခွက်ခပ်ကာ ဖွေးလက်နေအောင် တိုက်ချွတ်ထားသော ဒန်ခွက်တွင်ထည့်၍ ကျွန်ုပ်၏ရှေ့တွင် လာချပေး၏။

“နွားနို့သောက်ပါဦး . . . ဆပ်”

ကျွန်ုပ်မှာ နွားနို့ကို စိတ်မဝင်စား၊ ဘဟာဒူးတို့၏ တီးဝိုင်း ကိုသာ အာရုံစိုက်နေမိသည်။ စေ့စေ့ကြည့်လေ ချောဟန်လှဟန်တွေဖြစ်နေသည့် စံပယ်မြိုင်အမည်ရှိ မိန်းကလေးထံသို့ စိတ်ရောက်နေမိသည်။

ထိုအချိန်မှာ စံပယ်မြိုင်သည် အလွန်တရာ ကြေကွဲဝမ်းနည်းဖွယ်ကောင်းသော သီချင်းတစ်ပုဒ်ကို စတင်သီဆိုလိုက်လေ ၏။

စံပယ်မြိုင်၏အသံမှာ ကြည်လင်ချိုမြနေပြီး ကြားရသူ၏ ရင်ကို အေးချမ်းသွားစေသော အသံမျိုးပင် ဖြစ်သည်။ သူသီဆို နေသည့် သီချင်းကား မြန်မာသီချင်းမဟုတ်ပေ။ ဟိန္ဒီဘာသာစကား နှင့်

www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်ကွဲပြားသော ဘာသာစကားနှင့် စပ်ဆိုထားသော သီချင်းဖြစ်သည်။ ကျွန်ုပ်သည် လွန်စွာစိတ်ဝင်စားမိသဖြင့် . . .

"သူ . . . ဘာသီချင်းဆိုနေတာလဲ . . . ချန်ဒရာ"

ဟုမေးလိုက်ရာ ချန်ဒရာကလည်း . . .

"နီပေါသီချင်းပါ ဆပ်၊ ကောင်မလေးက ဘဟာဒူးတို့နဲ့ အတူနေတော့ နီပေါလို ကောင်းကောင်းတတ်ပါတယ်"

ဟူ၍ သူသိသမျှ ရှင်းပြလေ၏။ ထိုအခါ ကျွန်ုပ်မှာ တစ်ခုပြီးတစ်ခု သိချင်စိတ်တို့ဖြစ်လာသည့်အတွက် အားနာရကောင်း မှန်းမသိအောင် မေးခွန်းများကို ဆက်တိုက်မေးနေမိသည်။

"သူ့မိဘတွေရော . . ."

"ကျွန်တော်မသိပါဘူး ဆပ်၊ ဘဟာဒူးက ဒီကောင်မလေးကိုချစ်လို့ အိမ်မှာခေါ်ထားတယ်လို့ ပြောပါတယ်၊ ကောင်မလေး ရဲ့ မိဘတွေအကြောင်း တစ်ခါမှ မပြောဖူးပါဘူး"

"ကောင်မလေးမှာ မိဘတွေ မရှိတော့လို့ သူကခေါ်ပြီး မွေးစားထားတာနဲ့ တူပါတယ်၊ ဘဟာဒူးက တခြားသားသမီးတွေ မရှိဘူးလား"

"ဘဟာဒူးက မိန်းမ,မရှိပါဘူး ဆပ်၊ ဟုတ်စွမ်က ဘဟာဒူး ရဲ့ညီမ ကန်ချီနဲ့ အိမ်ထောင်ကျပါတယ်၊ ကန်ချီက အခုမရှိတော့ ပါဘူး၊ သေသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ စကားပြောနေစဉ်မှာပင် သီချင်းသံနှင့် ဟာမိုနီယာသံတို့ ပျောက်ကွယ်သွားတော့သည်။ တေးဂီတသံတို့အစား ဘဟာဒူးတို့၏ စကားပြောသံများကို ကြားရ၏။

ဘဟာဒူးသည် ၄င်းတို့ထိုင်နေသော ကွပ်ပျစ်နှင့် အနည်းငယ်လှမ်းသည့် သစ်သားခင်းထားသည့် အိပ်စင်ခပ်နိမ့်နိမ့်မှ ထွက်လာကာ ကျွန်ုပ်တို့ရှိနေသော ဝါးကွပ်ပျစ်ဆီသို့ လျှောက်လာ၏။

"ဘဟာဒူးရေ . . . ဟောဒီဆရာက ဒီနားမှာနေတာလေ၊ ငါတို့အိမ်နီးချင်း မိတ်ဆွေကောင်းကြီးပေါ့"

ဟူ၍ ၄င်းပုဂ္ဂိုလ်နှင့် ကျွန်ုပ်ကို တရင်းတနှီး မိတ်ဆက်ပေးလေ၏။

ဘဟာဒူးသည် ကျွန်ုပ်အား အရိုအသေပြုဟန် ဆလံပေး ပြီး ကွပ်ပျစ်အစွန်းတွင် ထိုင်လိုက်၏။ ကျွန်ုပ်က ဘဟာဒူးအား လှမ်းကြည့်ပြီး . . .

"ဒီနေ့ မင်းတို့ ပန်းဆိုးတန်းမှာ ကပြဖျော်ဖြေခဲ့သေးတယ် မဟုတ်လား"

ဟုမေးလိုက်ရာ ဘဟာဒူးက ကျွန်ုပ်အားကြည့်ကာ ခေါင်းညိတ်ပြ၏။

"ကျွန်တော်တို့ ကပြတာကို ဆပ်မြင်ဖူးနေပြီကိုး၊ ဒီနေ့ ကပြတာ အရက်သမားတစ်သိုက် နှောင့်ယှက်တာနဲ့ ပွဲသိမ်းလိုက် ရတယ်ဆပ်"

www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ အရက်မူးသမားနဲ့ ရန်ဖြစ်နေတုန်းက ငါအဲဒီနား ကို ရောက်သေးတယ်၊ မင်းတို့ ပွဲသိမ်းပြီးပြန်မှ ငါထွက်ခဲ့တာ"

"အဲဒီနေရာမှာ လူတွေအများကြီးရှိတော့ ကျွန်တော် ဆပ် ကို သတိမထားမိလိုက်ဘူး"

ဘဟာဒူးက အားတုံ့အားနာ အမူအရာဖြင့် ပြောလေ၏။ ကျွန်ုပ်က တစ်စုံတစ်ရာ ထပ်မံပြောဆိုခြင်းမပြုဘဲ အပူလျော့နေပြီဖြစ်သော နွားနို့ခွက်ကိုဆွဲယူကာ အချိုမပါသော သဘာဝနွားနို့ဆိမ့်ဆိမ့်ကို ဖြည်းညှင်းစွာ သောက်လိုက်၏။

ထို့နောက်တွင် အကျီအိတ်အတွင်းရှိ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ပြီး မီးညှိဖွာရှိုက်နေလိုက်သည်။

ကျွန်ုပ်စီးကရက်ဖွာရှိုက်နေစဉ်တွင် ခပ်လှမ်းလှမ်း၌ထိုင် နေသော စံပယ်မြိုင်ဟူသော မိန်းကလေးက ထိုင်ရာမှထပြီး ကျွန်ုပ် ရှိရာသို့ လျှောက်လာ၏။ ကျွန်ုပ်မှာ ခြေလှမ်းခပ်စိပ်စိပ်လှမ်းကာ လျှောက်လာနေသော ထိုမိန်းကလေးကို အမှတ်မထင်ငေးပြီး ကြည့်နေမိ၏။

မြိုင်သည် ရုပ်ရည်ချောမောလှပရုံမဟုတ်ဘဲ ကိုယ်ခန္ဓာ ပါ အချိုးအဆက်ကျ ပြေပြစ်လှပသူဖြစ်ကြောင်း သတိပြုမိ၏။

သူမသည် အလွန်တရာ ယဉ်ကျေးသိမ်မွေ့သော အမူ အရာဖြင့် ကျွန်ုပ်တို့အနီးတွင် လာထိုင်ပြီး စွဲလမ်းတပ်မက်ဖွယ် ကောင်းသော အပြုံးနှင့် ကျွန်ုပ်အား ပြုံးပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအပြုံးမှာ အလွန်တရာ နှစ်သက်ဖွယ်ကောင်းကြောင်း ကို ဝန်ခံရမည်ဖြစ်သော်လည်း ကျွန်ုပ်က ထိုအပြုံးထက် သူမ၏ လည်တိုင်တွင် ဆွဲထားသော ဆွဲကြိုးမှ ရွှေဒင်္ဂါးပြားလော့ကက် လေးဆီတွင် ပို၍အာရုံစိုက်မိသွား၏။

၎င်းလော့ကက်လေးသည် အဝိုင်းတွင် တြိဂံပုံဘောင်ခတ် ထားသော တောတောင်ရှုခင်းပုံဖြစ်သည်။ လော့ကက်တစ်ဖက် တွင် ဓါးနှစ်လက်ကြက်ခြေခတ်ထားပုံသာပါလျှင် ကျွန်ုပ်ထံတွင် ရှိနေသော ဦးသိဒ္ဓိပေးသွားသည့် ရွှေဒင်္ဂါးပြားနှင့် တစ်ထပ်တည်း တူညီနေမည်ဟု တွေးမိသည်။

"ကျွန်မကိုမြင်တာနဲ့ အစ်ကိုတော် အံ့အားတသင့်ကြီး ဖြစ်သွားတာဟာ ဘာကြောင့်ပါလဲရှင်၊ ကျွန်မက အစ်ကိုတော်ဟာ ကျွန်မနဲ့ သိကျွမ်းဖူးတဲ့ သိဟောင်းကျွမ်းဟောင်းတစ်ယောက်လို့ ထင်မြင်မိတာကြောင့် နှုတ်ဆက်ရအောင် လာခဲ့တာပါ"

ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်မိသည်နှင့် သူမသည် ကျွန်ုပ်ကို ရင်းနှီးဖော်ရွေစွာ ပြုံးပြပြီး သာယာချိုလွင်သော အသံ လေးဖြင့် ပြောခြင်းဖြစ်၏။ ကျွန်ုပ်က သူမ၏ရင်ဘတ်ပေါ်မှ တြိဂံ ပုံပါလော့ကက်ပြားလေးကို လက်ညှိုးထိုးပြပြီး . . .

"ဟို . . . ဟို . . . အဲဒီရွှေဒင်္ဂါးပြားလေးက . . ."

www.burmeseclassic.com

www.burmeseclassic.com

ဟု ဗလုံးဗထွေးနိုင်သောအသံဖြင့် ပြောမိလေ၏။ ထိုအခါ သူမက ကျွန်ုပ်ကိုကြည့်ပြီး သွားတက်လေးများပေါ်အောင် ပြုံးရယ်လေ၏။

"အစ်ကိုတော်က ဒီဆွဲပြားလေးကို သဘောကျနေတာကိုး"

"သဘောကျတာ မဟုတ်ဘူး၊ အဲဒီဆွဲပြားမျိုး အစ်ကို့ဆီ မှာ တစ်ခုရှိနေတာ"

"ရှင် . . . တစ်ခုရှိနေတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ် ညီမလေး၊ အဲဒါကလည်း အစ်ကို့ရဲ့ကိုယ်ပိုင်ပစ္စည်း မဟုတ်ပါဘူး၊ လူတစ်ယောက်က အမှတ်တရပစ္စည်း အဖြစ်နဲ့ ပေးထားခဲ့တာပါ"

"အို . . . ဟုတ်လား၊ အဲဒီလူက ဘယ်သူများပါလိမ့်ရှင်"

"သူ့အမည်က ဦးသိဒ္ဓိလို့ ပြောပါတယ်၊ သူနဲ့အတူ ကိုမိုးစွေဆိုတဲ့ လူတစ်ယောက်လည်း ပါလာတယ်၊ သူကတော့ အစ်ကိုနဲ့ ရွယ်တူလောက်ပါပဲ"

"သူတို့ ဘယ်မှာနေတာလဲ၊ အခု ဘယ်ကိုရောက်နေကြ သလဲ"

မိန်းကလေးသည် ဟန်ပင်မဆောင်နိုင်တော့ဘဲ လွန်စွာစိတ်လှုပ်ရှားသည့် အသံမျိုးဖြင့် မေးလေ၏။ ထိုသို့မေးနေစဉ် သူမ၏မျက်လုံးအစုံတွင် အရောင်တဖျတ်ဖျတ် လက်နေသည်ကို ကျွန်ုပ် သတိပြုလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ ဘယ်မှာနေတယ်၊ အခုဘယ်ကိုရောက်နေတယ် . . . ဆိုတာကိုတော့ အစ်ကိုမသိဘူး၊ အစ်ကိုက အကြောင်းတိုက်ဆိုင်လို့ သူတို့ကို ကူညီခဲ့တာ၊ အစ်ကို့အိမ်မှာ တစ်ညအိပ်သွားကြတယ်"

ကျွန်ုပ်သည် မိုးသည်းထန်ပြီး လေပြင်းကျသည့် နေ့တစ် နေ့တွင် ဦးသိဒ္ဓိနှင့် ကိုမိုးစွေတို့ ရောက်လာကြပုံ၊ ကျွန်ုပ်၏နေအိမ် တွင် တစ်ညတာအိပ်စက်ပြီး နောက်တစ်နေ့နံနက် မိုးမလင်းမီ နှုတ်မဆက်ဘဲ ထွက်ခွာသွားကြပုံနှင့် ကျွန်ုပ်အတွက် စာတစ်စောင် ရေးပြီး ဆွဲပြားလေးကို လက်ဆောင်အဖြစ် ပေးထားရစ်ခဲ့ပုံတို့ကို ပြန်ပြောပြလိုက်သည်။

"ဆွဲပြားရဲ့ ဒီဘက်မျက်နှာကတော့ အစ်ကို့ဆီက ဆွဲပြား နဲ့တူတာ အမှန်ပဲ၊ ဟိုဘက်မျက်နှာမှာ ခါးနှစ်လက်ပုံပါတယ်ဆို ရင်တော့ . . ."

"ဟာ . . . ပါတယ်၊ ဒီမှာ ပါတယ်၊ ကြည့်ပါဦး"

မိန်းကလေးက တအံ့တသြ အမူအရာဖြင့် သူ့ရင်ဘတ် ပေါ်က ဆွဲပြားလေး၏ မျက်နှာနှစ်ဖက်စလုံးကို မြင်သာအောင် ပြလေ၏။ ထိုအခါ ကျွန်ုပ်လည်း လွန်စွာထူးထူးဆန်းဆန်း တိုက် ဆိုင်နေသည့် အဖြစ်ကြောင့် အိတ်ထဲတွင် အမြဲထည့်ထားသော ဆွဲပြားလေးကိုထုတ်၍ တိုက်ယှဉ်စစ်ဆေးလိုက်၏။ မိန်းကလေးက

www.burmeseclassic.com

www.burmeseclassic.com

လည်း ကျွန်ုပ်ထံမှ ဆွဲပြားကလေးကို တောင်းယူပြီး အသေအချာ ကြည့်ရှုပြီး ကျွန်ုပ်ထံ ပြန်ပေးလေ၏။

ထိုအချိန်၌ သူမ၏မျက်နှာပေါ်မှာ ဝမ်းသာဝမ်းနည်း ခံစားချက်တွေ အထင်းသားပေါ်နေသည်ကို တွေ့ရ၏။

"ညီမကို အစ်ကိုတစ်ခုလောက် မေးပါရစေ၊ ဒီဆွဲပြားရဲ့ အမိပ္ပါယ်က ဘာလဲ၊ အခု ညီမမှာရှိနေတဲ့ ဆွဲပြားနဲ့ အစ်ကို့မှာရှိနေတဲ့ ရွှေဒင်္ဂါးပြားဟာ ဘယ်လိုများ ဆက်စပ်နေသလဲ"

မိန်းကလေးက ခေါင်းကိုညင်သာစွာ ခါရမ်းလိုက်ပြီး . .

"အဲဒါကို ကျွန်မ မသိပါဘူးရှင်၊ ဖေဖေက ဒီဆွဲပြားလေး ကို အသက်နဲ့ထပ်တူ ထိန်းသိမ်းထားဖို့၊ ဒီဆွဲပြားမျိုးနောက်တစ်ခု တွေ့ခဲ့ရင် အဲဒီလူနဲ့ဆက်သွယ်ဖို့၊ ပြီးတော့ ဒီဆွဲပြားပေါ်မှာပါတဲ့ နယ်မြေကိုသွားဖို့ မှတ်တမ်းလေးရေးထားခဲ့ပါတယ်"

"အခု ညီမရဲ့အဖေက ဘယ်မှာလဲ"

မိန်းကလေးမှာ မျက်နှာအောက်ငုံ့သွားပြီး လွန်စွာညှိုးငယ် သည့် အမူအရာဖြင့် ခေါင်းကိုညင်သာစွာ ခါရမ်းလိုက်ပြီး . . .

"အဖေမရှိတော့ပါဘူးရှင်၊ အဖေဆုံးသွားတာ အခုဆိုရင် ဆယ်နှစ်ရှိပါပြီ၊ အဖေဆုံးသွားပြီးကတည်းက ကျွန်မဟာ ဦးလေး ဘဟာဒူးနဲ့ နေလာခဲ့တာ ခုချိန်ထိပါပဲ၊ အခုအသက်ဆယ့်ကိုးနှစ် ပြည့်လို့ အဖေအမိန့်ပေးထားခဲ့တဲ့အတိုင်း ရွာကနေ ထွက်လာခဲ့ တာပါ"

www.burmeseclassic.com

www.burmeseclassic.com

"ရွာကနေ ထွက်လာတာဆိုတော့ တစ်နေရာရာကိုသွား ဖို့များ ထွက်လာတာ ဖြစ်နေမလား"

"ဟုတ်ကဲ့ . . . ကျွန်မတို့ အထက်ဘက်ကို သွားကြမလို့၊ ရန်ကုန်မြို့မှာ တစ်ရက်နှစ်ရက်လှည့်ပတ်ပြီးရင် မြစ်ကြီးနားကို သွားကြမှာပါ"

မိန်းကလေးက ရိုးသားပွင့်လင်းသည့် အမူအရာဖြင့် ပြော လေ၏။ သူမစကားပြောနေချိန်တွင် ဆက်မပြောစေချင်သည့် သဘောနှင့် အမူအရာပြသည့် ဘဟာဒူး၏အမူအရာကြောင့် ကျွန်ုပ် မှာ အသာအယာ ပြုံးလိုက်မိ၏။

ထိုအခါမှ ကျွန်ုပ်လည်း ကိုယ့်အဖြစ်ကိုယ် သတိပြုမိလေ ၏။ တကယ်တော့ သူတို့နှင့် ကျွန်ုပ်မှာ အခုမှတွေ့ဆုံရသည့် လူသူစိမ်းများ မဟုတ်ပါလား။ လိုတာထက်ပိုပြီး မေးမြန်းစပ်စုဖို့ မသင့်ပေ . . .။

ကျွန်ုပ်သည် ချောင်းတစ်ချက်ဟန့်လိုက်ပြီးနောက် . . .

"မင်းတို့ကိစ္စက လျှို့ဝှက်ထားရမယ့်ကိစ္စ ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ ဒီအကြောင်းအရာတွေ ငါသိလို့လည်း မင်းအတွက် အနှောင့်အယှက် မဖြစ်စေရပါဘူး၊ ကြုံကြုံဖန်ဖန် ရွှေဒင်္ဂါးတံဆိပ်ချင်း လာတူနေလို့သာ ငါက စပ်စပ်စုစုနဲ့ မေးမြန်း နေမိတာပါ၊ မင်းတို့ကိစ္စမှာ ဝင်ပြီးစွက်ဖက်ချင်လို့ မဟုတ်ပါဘူး"

ဟု ၄င်းတို့သံသယကင်းအောင် ပြောလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏စကားကြောင့် ဘဟာဒူးမှာ မျက်နှာပျက်သွား လေ၏။ သူက တောင်းပန်ဟန်ဖြင့် ကျွန်ုပ်အားကြည့်ပြီး . . .

"စိတ်မရှိပါနဲ့ ဆပ်၊ ကျွန်တော်က သခင်မလေးအတွက် အန္တရာယ်ဖြစ်လာမှာ ကြောက်လို့ပါ၊ သခင်မလေးက လူတိုင်းကို ယုံကြည်တတ်တော့ သူ့ကိုမတားလို့ မရပါဘူး၊ ကျွန်တော်တို့ရန်သူ ဖြစ်တဲ့ မိုးနတ်တို့လူစုက သတင်းအနံ့လေးရတာနဲ့ ကျွန်တော်တို့ကို ဒုက္ခပေးဖို့ ရောက်လာပါလိမ့်မယ်"

ဟု လေသံလျှော့လျှော့ဖြင့် ပြောလိုက်၏။ ကျွန်ုပ်က အရေး မကြီးပါဘူးဆိုသည့် သဘောနှင့် ဘဟာဒူးအား လက်ကာပြလိုက် ပြီး . . .

"မင်းတို့ ထိန်းသိမ်းထားတဲ့ လျှို့ဝှက်ချက်ဟာ သာမန် မဟုတ်ဘူးဆိုတာ ငါသဘောပေါက်ပါတယ်၊ မင်းစိုးရိမ်စိတ်ဝင်နေ တာကို ငါအပြစ်မတင်ပါဘူး"

ကျွန်ုပ်သည် စကားပြောရင်း ရွှေဒင်္ဂါးပြားဟု ပြောဆိုသုံး နှုန်းနေသော ဦးသိဒ္ဓိပေးခဲ့သည့် ကြေးဒင်္ဂါးပြားလေးကို ပြန်လည် သိမ်းဆည်းလိုက်၏။

စံပယ်မြိုင်ဟူသော မိန်းကလေးကလည်း သူ့လည်ပင်း တွင် ဆွဲထားသော ရွှေဒင်္ဂါးပြားကို အကျီအတွင်းသို့ ထည့်၍သိမ်း ဆည်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး . . . မင်းတို့နဲ့ ပတ်သက်တဲ့ကိစ္စတွေ အစ်ကို ဘယ်သူ့ကိုမှ မပြောပါဘူး၊ ဒီကိစ္စအတွက် နှုတ်လုံလုံနဲ့ နေမယ် ဆိုတာ ကတိပေးပါတယ်၊ မင်းအနေနဲ့ တွေ့တဲ့လူတိုင်းကို မယုံ ကြည်ပါနဲ့၊ ဒီလိုယုံကြည်လွယ်တာဟာ မင်းအတွက် တစ်နေ့မှာ အန္တရာယ်ဖြစ်လာပါလိမ့်မယ်"

ထိုစကားကိုတော့ ကျွန်ုပ်သည် စိတ်ရင်းအမှန်ဖြင့် ပြော လိုက်ခြင်းဖြစ်သည်။ မိန်းကလေးကလည်း အသိအမှတ်ပြုသည့် မျက်ဝန်းဖြင့်ကြည့်ရင်း . . .

"အခုလို ဆုံးမတာကို ကျေးဇူးတင်ပါတယ် အစ်ကို"

ကျွန်ုပ်က မိန်းကလေးအား ပြုံးပြလိုက်သည်။ ကျွန်ုပ်၏ အပြုံးသည် အားပေးနှစ်သိမ့်အပြုံးဖြစ်မည်ဟု ထိုမိန်းကလေး နား လည်လိမ့်မည်ထင်၏။

ကျွန်ုပ်သည် ဦးသိဒ္ဓိဟူသော လူထူးဆန်းကြီး ပေးအပ်ခဲ့ သည့် ရွှေဒင်္ဂါးပြားနှင့်ပတ်သက်ပြီး သူတို့အပေါ်တွင် များစွာစိတ် ဝင်တစား ဖြစ်နေမိသည်။ ထို့အတူ တွေ့မြင်ရသည့် ခဏမှာပဲ ထိုသူတို့၏ ရိုးသားပွင့်လင်းသည့် စိတ်နေသဘောထားကို အကဲ ခတ်မိသဖြင့် သူတို့အတွက် စိုးရိမ်မိ၏။ သို့ကြောင့် . . .

"မင်းတို့မှာ ရန်သူရှိတယ်၊ အဲဒီရန်သူဟာ မိုးနက်အဖွဲ့က လို့ ဘဟာဒူးက ပြောသွားတယ်၊ သူတို့ဟာ ဘယ်သူတွေဆိုတာ အသိပေးလို့ရရင် အစ်ကို့ကို အသိပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးက ဘဟာဒူးအား လှမ်းကြည့်လိုက်၏။ ဘဟာဒူးသည် စိတ်လေးဟန် ပင့်သက်တစ်ချက်ရှိုက်လိုက်လေ၏။

"မိုးနက်ဟာ မိုးနက်ပါပဲ ဆပ်၊ သူတို့က သခင်မလေးကို နှောင့်ယှက်နေပါတယ်၊ သခင်မလေးက သူတွေ့ချင်နေတဲ့လူကို လိုက်ရှာနေတာ၊ ရှာလို့မရအောင် အနှောင့်အယှက်ပေးပါတယ်၊ မော်လမြိုင်ဘက်မှာ သူတို့နဲ့တွေ့လို့ ကျွန်တော်တို့ ရန်ကုန်ကို ထွက်ပြေးလာခဲ့တာပါ"

"ဒါဆိုရင် မင်းတို့ မိုးနက်ကို ရှောင်နေရမှာပေါ့"

"ဟုတ်ပါတယ် ဆပ်"

"ဒါနဲ့များ လူကြားထဲထွက်ပြီး သီချင်းဆို ကပြတဲ့အလုပ် ကို လုပ်နေရသေးသလား၊ မင်းတို့ ကတာကို ကြည့်တဲ့လူတွေထဲမှာ မိုးနက်ရဲ့တပည့်တပန်းတွေ ပါနိုင်တဲ့အတွက် အခုလိုလုပ်တာ အန္တရာယ်ပိုများတာပေါ့"

ဘဟာဒူးက ကျွန်ုပ်အား လေးစားသည့်ဟန်ဖြင့် ခေါင်း တဆတ်ဆတ်ညိတ်လျက် သိမ်ငယ်စွာ ပြုံးပြပြီး . . .

"ဆပ်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ လူရှာတဲ့အလုပ်က ဒီလိုမလုပ်ရင်မဖြစ်လို့ လုပ်နေရတာပါ၊ တစ်နေရာမှာ ကကြတော့မယ်ဆိုတဲ့အခါ မိုးနက်တို့ရဲ့ အန္တရာယ်ရှိမရှိ စုံစမ်း ပြီးမှ ကပါတယ်၊ အခု မိုးနက်တို့ ရန်ကုန်မှာ မရှိပါဘူးဆပ်၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော်တို့က ပုသိမ်ကိုသွားမယ်လို့ သတင်းလွှင့်လိုက်လို့ ပုသိမ်ကို လိုက်သွားကြပါပြီ”

ကျွန်ုပ်သည် ငှင်းတို့မှာ မည်သို့သော အကြောင်းကြောင့် ထိုသို့လျှို့ဝှက်စွာ သွားလာနေထိုင်ကြသည်ကို သိချင်စိတ်လွန်စွာ ပြင်းပြနေလေ၏။

သို့သော် ငှင်းတို့မှာ ယခုမှတွေ့ဖူးသူကို ငှင်းတို့၏ လျှို့ဝှက်ချက်များကို ဖွင့်ပြောပြ၍ မဖြစ်နိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်က မေးမြန်းခြင်းမပြုဘဲ ငြိမ်နေလိုက်ရ၏။

“ကျွန်မတို့ အစ်ကိုနဲ့ အခုမှတွေ့ပေမယ့် လွန်ခဲ့တဲ့နှစ်ပေါင်း များစွာကတည်းက တွေ့ခဲ့ဖူးတယ်လို့ စိတ်ထဲမှာ ခံစားနေရပါတယ်၊ အစ်ကို့ကို တွေ့တွေ့ချင်း ကျွန်မ,ခင်မင်မိသလို ယုံကြည်တဲ့စိတ်လည်း ဝင်မိပါတယ်၊ ကျွန်မတို့အကြောင်းကို အကုန်မပြောနိုင်သေးပေမယ့် ပြောသင့်သလောက်တော့ ပြောခဲ့ပါ့မယ်၊ ကျွန်မတို့ ဟာ အိပ်မက်ကို လိုက်ရှာနေကြတာပါ”

“ဟင် . . . ဘယ် . . . ဘယ်လို . . . အိပ် . . အိပ်မက် ဟုတ်လား”

ကျွန်ုပ်သည် လွန်စွာထူးဆန်းသည့် စကားကြောင့် ပါးစပ်ပင်ဟလျက် တအံ့တသြ ဖြစ်သွားလေ၏။ ထိုအခါ မိန်းကလေး စံပယ်မြိုင်က နှုတ်ခမ်းသားလေးကို တွန့်ကွေးပြုံးလိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မစကားကို ကြားလိုက်ရင် အစ်ကိုအခုလို အံ့သြသွားလိမ့်မယ်ဆိုတာ ကျွန်မသိပါတယ်လေ၊ ဟုတ်ပါတယ် အစ်ကို၊ ကျွန်မ ငယ်ငယ်လေးကတည်းက မက်ခဲ့တဲ့ အိပ်မက်ထဲက လူတွေ၊ အိပ်မက်ထဲက လျှို့ဝှက်တဲ့နေရာတစ်ခုကို လိုက်ရှာနေတာ၊ ကျွန်မ က အခုအချိန်ထိတောင် မပြောင်းလဲတဲ့ အိပ်မက်တစ်ခုကို မက်နေတတ်ပါတယ်၊ အဲဒီအိပ်မက်ထဲက ဒီလျှို့ဝှက်တံဆိပ်ရှိတဲ့ လူတစ်ယောက်နဲ့တွေ့မယ်လို့ မက်တယ်၊ ပြီးတော့ အင်မတန်ကြီးကျယ်ခမ်းနားတဲ့ နန်းတော်ကြီးတစ်ခုထဲမှာ တံဆိပ်တော်ရှိတဲ့ လူနဲ့အတူနေရာတယ်လို့ အိပ်မက်တယ်၊ အဲဒီအိပ်မက်တွေထဲမှာ တစ်ခါတစ်ခါ အစ်ကိုနဲ့တူတဲ့ လူတစ်ယောက်လည်း ပါတတ်တယ်"

ကျွန်ုပ်သည် ထိုမိန်းကလေး၏စကားကို နားထောင်ရင်း အလွန်အမင်း စိတ်ဝင်စားသွားမိသည်။ သို့သော် ကျွန်ုပ်သည် ယင်းအကြောင်းအရာကို ဆက်မပြောတော့ဘဲ အခြားအရာများကိုသာ ပြောင်းလဲပြောဆိုလိုက်သည်။

သူမသည် ထိုမျှသာပြောပြီး ၎င်းအကြောင်းအရာကို ဆက်မပြောတော့ဘဲ အခြားကိစ္စများကိုသာ ပြောလေတော့၏။

အချိန်မှာလည်း အတော်လင့်နေပြီဖြစ်ရာ ဧည့်သည်ဖြစ် သည့် ကျွန်ုပ်လည်း အလိုက်တသိပင် ပြန်ရန် နှုတ်ဆက်လိုက်၏။ ထိုစဉ်မှာပဲ မမျှော်လင့်သည့် အံ့သြဖွယ် ကိစ္စတစ်ခုကို မိန်းကလေး ပြုလုပ်လိုက်၏။ သူမသည် အမိုးတံစက်မြိတ်နှင့် အနည်းငယ် ကွာ

www.burmeseclassic.com

www.burmeseclassic.com

လှမ်းနေပြီဖြစ်သည့် ကျွန်တော့်နောက်သို့လိုက်လာပြီး သေသပ်စွာ စုစည်းထားသည့် စာရွက်အထပ်တစ်ထပ် ပေးအပ်လေ၏။

ကျွန်ုပ်သည် ဘယ်လိုမှ နားမလည်နိုင်ဖြစ်နေလေရာ သူမ က ပြုံးရွှင်သည့် မျက်နှာထားဖြင့် အိမ်ရောက်လို့ အစ်ကိုဖတ်ကြည့် ရင် သိပါလိမ့်မယ်ဟုပြောပြီး နောက်သို့ပြန်လှည့်ထွက်သွား၏။

စံပယ်မြိုင်ပေးလိုက်သည့် စာရွက်များကို အိမ်ပြန်အရောက် တွင်မှ ဖတ်မည်ဟု စိတ်ကူးထားသော်ငြား အိမ်ပြန်ရောက်သည် တွင် အိပ်ချင်စိတ်က လွှမ်းမိုးနေသဖြင့် စာကိုမဖတ်ဖြစ်တော့ဘဲ အိပ်ယာဝင်လိုက်၏။

နောက်တစ်နေ့ အိပ်ယာမှနိုးပြီးနောက် စံပယ်မြိုင်ပေး လိုက်သည့် စာရွက်ထပ်ကို ဖတ်မည့်ဆဲဆဲတွင် ကျွန်ုပ်ရေးသား သည့် စာအုပ်များကို ပုံနှိပ်ထုတ်ဝေနေသော စာအုပ်တိုက်မှ လက် တိုလက်တောင်းခိုင်းသည့် ကောင်လေးရောက်လာပြီး ကြယ်ပွင့် စာအုပ်တိုက် ထုတ်ဝေသူ ကိုသန့်ဇင်ထွန်းက စာအုပ်တိုက်သို့ အမြန်လာရောက်စေဖို့ မှာလိုက်ကြောင်း ပြောလေ၏။

ကျွန်ုပ်လည်း အကြောင်းကိစ္စပေါ်လာသဖြင့် စံပယ်မြိုင် ၏စာရွက်ထပ်ကို စာရေးစားပွဲအံဆွဲထဲ ထည့်သိမ်းကာ စာအုပ် တိုက်မှ နိုင်နိုင်ဟူသော လူငယ်လေးနှင့်အတူ စာအုပ်တိုက်ရှိရာ ဖရေဇာလမ်း (ယခုအနော်ရထာလမ်း) သို့ ထွက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်တိုက်ပိုင်ရှင်က ကျွန်ုပ်အား ခေါ်လိုက်ခြင်းမှာ ပြဇာတ်တစ်ပုဒ်ကို အဆောတလျင် ရေးသားပေးစေလို၍ ဖြစ်၏။ သို့ကြောင့် ကျွန်ုပ်သည်လည်း ကျိုက်ထီးရိုးဘုရားနှင့် ဆက်နွယ်နေသော ပြဇာတ်တစ်ပုဒ်ကို စာအုပ်တိုက်တွင်းပင် ထိုင်ပြီးရေးရတော့၏။

တစ်နေကုန် ပြဇာတ်ကို ရေးနေခဲ့ပြီး ပြဇာတ်တွင် ထည့်သွင်းရမည့် ဇာတ်ကောင်စရိုက်များမှာ လွန်စွာများပြားသည့်အတွက် မပြီးနိုင်ဖြစ်နေသောကြောင့် အပြီးသတ်နိုင်ဖို့ တိုက်မှာပင် ညအိပ်ရေးသားရတော့၏။ ဖိုမင်ကြီးများက ဖောင်ဖွဲ့ကာ ၄င်းဖောင်များ ကို စက်သမားများက စက်တင်ပြီး အားချင်းရိုက်နှိပ်လေ၏။

နောက်နေ့တွင် ပြဇာတ်တစ်ပုဒ်လုံးကို ရေးသားပြီးစီးသွား ခဲ့၏။ ထိုပြဇာတ်ကို ရေးအပြီးတွင် ပင်ပန်းသဖြင့် ကျွန်ုပ်မှာ စာအုပ်တိုက်တွင်ပင် အိပ်စက်လိုက်လေ၏။

ဘုရားပွဲအမီရောင်းချရန် ပုံနှိပ်သော ပြဇာတ်စာအုပ်ကိုစွပြီးသည်နှင့် လွန်စွာစီးပွားရေးအကွက်မြင်သော ထုတ်ဝေသူသည် ကျွန်ုပ်အိပ်ယာက နိုးသည်နှင့် လင့်ဟော်တယ်သို့ ဖိတ်ခေါ်ပြီး စားကောင်းသောက်ဖွယ်များနှင့် ဧည့်ခံလေ၏။ ထိုသို့ဧည့်ခံရင်း ဖြင့် ပြဇာတ်စာမူခကိုလည်း ပေးအပ်လေ၏။

အိမ်သို့ပြန်ရောက်သည့်အခါတွင် ကျွန်ုပ်၏တပည့်ကျော်မောင်တိုးက ချောမောလှပသော မိန်းကလေးတစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ကုလားကြီးတစ်ယောက်တို့ အိမ်ကိုလာသွားကြောင်း၊ သူတို့ခရီး ထွက်သွားပြီဟု ပြောသွားကြောင်း ဆီး၍ပြောပြလေ၏။

ကျွန်ုပ်အား နှုတ်ဆက်သွားသူတို့သည် စံပယ်မြိုင်တို့ဖြစ် မည်ကို မစဉ်းစားဘဲနှင့် သိလိုက်၏။ သူတို့အား ခရီးမထွက်မီ မတွေ့လိုက်ရသဖြင့် စိတ်ကသိကအောင့် ဖြစ်ရ၏။

သို့သော် ထိုအကြောင်းအရာတို့ကို တွေးပြီးငေးငိုင်မနေ အားဘဲ စံပယ်မြိုင်ပေးအပ်လိုက်သည့် စာရွက်များကို ပြီးမြောက် အောင် ဖတ်ရှုတော့မည်ဟု ဆုံးဖြတ်ပြီး စာရေးစားပွဲအံဆွဲထဲမှ ထုတ်ယူလိုက်၏။

ကျွန်ုပ်စာဖတ်မည် ပြင်ဆင်နေချိန်တွင် တပည့်ကျော် မောင်တိုးက လက်ဖက်ရည်တစ်ခွက်ဖျော်ပြီး လာချပေး၏။ ကျွန်ုပ် သည် လက်ဖက်ခြောက်နံ့ သင်းပျံ့နေသော လက်ဖက်ရည်ပူပူကို သောက်ရင်း စံပယ်မြိုင်ပေးလိုက်သည့် စာရွက်များကို စတင်ဖတ် ရှုလေတော့၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## အိပ်မက်ကို တူးဆွလေပြီ

"အခု ကျွန်မရေးသားမယ့် အကြောင်းအရာတွေဟာ ကျွန်မရဲ့အိပ်မက်တွေကို မှတ်သားပြီး ရေးထားခြင်း ဖြစ်ပါတယ်၊ အိပ်မက်တွေအကြောင်း ရေးမှတ်ရင်း ကျွန်မရဲ့ဘဝအကြောင်းကို ရေးမှတ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ရေးလိုက်ရပါတယ်။

ကျွန်မလူလားမြောက်ချိန်မှာ မိဘတွေကို မတွေ့ရတော့ ပါဘူး။ ကျွန်မရဲ့အမေဟာ ကျွန်မ,မရောက်နိုင်တဲ့ အဝေးတစ်နေရာ မှာ ကျန်ရစ်ခဲ့ပါတယ် . . . ။

အခုလောက်ဆို သေဆုံးပြီးလို့ အရိုးတောင်ဆွေးနေလောက် ပြီလို့ ဘဟာဒူးက ပြောပါတယ်။ ကျွန်မဖေဖေကတော့ ကျွန်မ ကိုးနှစ်သမီးလောက်မှာ ဆုံးပါးသွားခဲ့ပါတယ်။ အဖေမဆုံးခင်မှာ

www.burmeseclassic.com

www.burmeseclassic.com

ထိပ်ထားရေ . . . ထိပ်ထားရေလို့ ယောင်ယောင်ခေါ်နေတာကို တော့ ကျွန်မမှတ်မိနေပါတယ် . . .။

ဖေဖေမဆုံးခင်မှာ ကျွန်မကို ဆွဲကြိုးတစ်ကုံး၊ ဆွဲပြားတစ် ခုနဲ့ မှတ်တမ်းစာအုပ်တစ်အုပ် ပေးခဲ့ပါတယ်၊ ဖေဖေ့ရဲ့မှတ်တမ်း စာအုပ်မှာ အင်မတန်မှ ထူးခြားတဲ့ အကြောင်းအရာတွေကို ရေးဖွဲ့ ထားပါတယ် . . .။

ဖေဖေကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက်တွေဟာ မယုံကြည် နိုင်လောက်အောင် ထူးဆန်းနေတာ မှတ်တမ်းစာအုပ်ဖတ်ပြီး သိခဲ့ ရပါတယ် . . .။

ဒီမှတ်တမ်းဟာ ဖေဖေ့ရဲ့ဘဝတစ်ခုလုံးကို ပြန်ပြောပြတဲ့ မှတ်တမ်းတော့ မဟုတ်ပါဘူး။ ဘဝအစိတ်အပိုင်းတစ်ခုကို မှတ် တမ်းတင်ထားတာပါ . . .။

ဖေဖေ့မှတ်တမ်းဟာ ကျွန်မလက်ထဲမှာ မရှိတော့ပေမယ့် မှတ်တမ်းကို အကြိမ်ကြိမ်၊ အထပ်ထပ် ဖတ်ဖူးထားတဲ့အတွက် ကျွန်မသေသေချာချာကို မှတ်မိနေပါတယ် . . .။

အဲဒီ ကျွန်မမှတ်မိနေတဲ့ အကြောင်းအရာတွေကို ပြန်ပြီး မှတ်တမ်းတင်ရေးသားရင်း ကျွန်မမက်တတ်တဲ့ အိပ်မက်အကြောင်း ကိုပါ မှတ်တမ်းတင်ဖို့ ရည်ရွယ်ပါတယ် . . .။

ဖေဖေဟာ နယ်ခြားစစ်ပုလိပ်အဖွဲ့က ဗိုလ်အဆင့်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ ဖေဖေ့နာမည်က ကိုကိုကြီးလို့ ခေါ်ပါ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ စစ်ပုလိပ်တပ်များမှာတော့ ဖေဖေ့ကို ကပ္ပတိန်ကိုကိုကြီးလို့ ခေါ်ကြပါတယ်။

ဖေဖေတို့တစ်ဖွဲ့ဟာ အင်္ဂလိပ်အစိုးရကို လက်မခံ၊ တော်လှန်ပုန်ကန်နေသူတွေနောက်ကိုလိုက်ဖို့ တာဝန်ကျတယ်။ တပ်သားအင်အားနှစ်ရာကျော်ရှိပြီး လက်နက်အင်အားကောင်းမွန်တောင့်တင်းတယ်။

ဒါပေမယ့် ဖေဖေတို့ သွားရမယ့်ခရီးဟာ တောတောင် တွေအထပ်ထပ်နဲ့ ခက်ခဲပင်ပန်းတဲ့ ခရီးကြမ်းကြီးတစ်ခုပါ။ တော က ထူ၊ တောင်တွေက မြင့်တဲ့ ခရီးကိုဖြတ်ပြီး မြန်မာပြည်အရှေ့ဘက်ဒေသကို ဝင်ရောက်ရပါတယ် . . .။

ဒီခရီးမှာ ဖေဖေတို့ဟာ တောတွေ၊ တောင်တွေကြားက ရုတ်တရက် ပေါ်လာတတ်တဲ့ တော်လှန်သူတွေနဲ့ တိုက်ခိုက်ရင်ဆိုင်ရတာဟာ သည်းထိတ်ရင်ဖိုရှိလှပါတယ် . . .။

ဒီလိုနဲ့ ဖေဖေတို့တပ်ဖွဲ့ဟာ တောနက်ကြီးထဲကို ရောက် မှန်းမသိ ရောက်လာခဲ့ကြတယ်။ အဲဒီမှာ အမျိုးအမည်မသိရတဲ့ မျိုးနွယ်စုတွေရဲ့ တိုက်ခိုက်မှုခံရပြီး ဖေဖေတို့ တပ်ပျက်သွားတယ်။

ဖေဖေကတော့ သူ့ရဲ့လက်ရုံးတပည့်နှစ်ယောက်နဲ့အတူ ထွက်ပြေးလွတ်မြောက်ခဲ့တယ်။ ရန်သူတွေဝိုင်းပြီး တိုက်ခိုက်တဲ့ကြားက ထွက်ပြေးရင်း ဒဏ်ရာရလာတဲ့ ရန်သူတစ်ယောက်ကို တွေ့တာနဲ့ မြင်မြင်ချင်း ခင်မင်သနားစိတ်ပေါ်လာပြီး ကယ်တင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ရန်သူတွေနဲ့ဝေးတဲ့ တောင်တန်းပေါ်က ဂူတစ်ခုမှာ ခိုအောင်းပြီး ဒဏ်ရာရထားသူတွေကို ပြုစုကြတယ်။

ဒဏ်ရာရထားတဲ့သူဟာ ဖေဖေတို့ရန်သူဖြစ်ပေမယ့် ဖေဖေ တို့ကို သူက ရန်သူလို သဘောမထားဘူး။ ဖေဖေတို့ကလည်း သူ့ကို ရန်သူအဖြစ်မမြင်ဘဲ မိတ်ဟောင်းဆွေဟောင်းတစ်ယောက် လိုပဲ ပြုစုကြတယ်။

ဒဏ်ရာရထားတဲ့ လူရဲ့နာမည်က နန္ဒလို့ခေါ်တယ်။ နန္ဒ ဟာ ရှေးကျတဲ့ မြန်မာစကားကို ပြောဆိုသုံးနှုန်းတယ်။ ကိုယ်နှုတ် အမူအရာ ယဉ်ကျေးသိမ်မွေ့ပြီး ရန်ပြုတိုက်ခိုက်တတ်မယ့် လူတစ်ယောက်ဖြစ်မယ်လို့တောင် မထင်ရဘူးတဲ့ . . .။

နန္ဒဟာ သူ့ကိုကူညီတဲ့ ဖေဖေတို့အပေါ်မှာ ကျေးဇူးတင်လွန်းတာကြောင့် သူတို့နေတဲ့နေရာကို လိုက်ခဲ့ဖို့ခေါ်တယ်။ သူတို့ နေရာဟာ အခုခိုအောင်းနေတဲ့ နေရာကသွားရင် နေ့တစ်ဝက် ကျော်ကျော်ပဲ ဝေးတယ်တဲ့။

ဒါနဲ့ပဲ ဖေဖေဟာ ဖေဖေ့တပည့်ဟုတ်စွမ်တို့ ဘဟာဒူးတို့ နဲ့အတူ နန္ဒခေါ်ရာနောက်ကို လိုက်ခဲ့ကြတယ်။ အဲဒီမှာ အင်မတန် ရှေးကျတဲ့ မြို့တော်ဟောင်းတစ်ခုကို ရောက်သွားခဲ့တယ်။

မြို့တော်ဟောင်းကို အသက်ခုနှစ်ဆယ်အရွယ်ရှိတဲ့ ခေါင်း ဆောင်ကြီးတစ်ယောက်က အုပ်ချုပ်နေတယ်။ မြို့တော်ဟောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့ သူတွေက ခေါင်းဆောင်ကြီးကို ရှင်ဘုရင်တစ်ပါးအဖြစ်နဲ့ အရေးအရာထားကြတယ် . . . တဲ့။

မေမေဟာ မြို့တော်ဟောင်းကြီးကို အုပ်ချုပ်တဲ့ ရှင်ဘုရင်ရဲ့သမီးတော်လေးတစ်ပါးပါ၊ မြို့ဟောင်းမှာနေတဲ့ သူတွေက နံ့သာမြိုင်သခင်မလေးလို့ တင်စားခေါ်ဝေါ်ကြတယ်။

ဖေဖေတို့ ကယ်တင်ခဲ့တဲ့ နန္ဒဟာ ဘုရင်ကြီးရဲ့ညီတော်၊ မြို့တော်ဟောင်းရဲ့ စစ်သူကြီးတစ်ယောက်တဲ့။ ဒါကြောင့် ဖေဖေတို့ဟာ အန္တရာယ်ကင်းကင်း နေခဲ့ကြရတယ်။

စစ်သူကြီးနန္ဒက သူ့ကျေးဇူးရှင်ဖြစ်တဲ့ ဖေဖေတို့ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားတယ်။

မြို့တော်ဟောင်းရဲ့ဘုရင်ဖြစ်တဲ့ နန္ဒရဲ့အစ်ကိုတော် ဝီရသခင်ကလည်း ညီတော်ရဲ့ကျေးဇူးရှင်ကို လိုလေသေးမရှိ ပြည့်စုံတဲ့ အခြေအနေရောက်အောင် ကြည့်ရှုစောင့်ရှောက်ခဲ့တယ်။

အဲဒီအခြေအနေမှာ ဖေဖေနဲ့ မေမေတို့ တွေ့ကြပြီး၊ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ဖြစ်လာခဲ့ကြတယ်။

နံ့သာမြိုင်သခင်မလေးလို့ခေါ်တဲ့ မေမေ့မှာ အစ်မတစ်ယောက်ရှိတယ်။ အဲဒီအစ်မဟာ ဝီရသခင် မရှိတော့တဲ့အခါမှာ ထီးနန်းအမွေဆက်ခံရမယ့်သူတဲ့။ သူက မေမေ့လို စိတ်သဘောထားသိမ်မွေ့သူမဟုတ်ဘူး။ ရက်စက်တဲ့စိတ်ဓါတ်ရှိပြီး အတ္တကြီး တယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ရဲ့မှတ်တမ်းထဲမှာ ထင်ထင်ရှားရှား ရေးထားခဲ့ တယ်။ အဲဒီအစ်မတော်ကို ရွှေစင်သခင်မလို့ ခေါ်ကြပါတယ်။

ရွှေစင်သခင်မဟာ ယောကျ်ားတစ်ယောက်လိုပဲ တိုက်ရေး ခိုက်ရေးမှာ ကျွမ်းကျင်ပိုင်နိုင်တယ်။ လက်သိုင်း၊ ဓါးသိုင်းပညာ တွေကို တတ်ကျွမ်းထားသူဖြစ်တယ်။ ဓါးရေးသုံးဆယ့်ခုနှစ်ချင်း မှာ သခင်မကိုမီသူ မရှိဘူးလို့ ဖေဖေကိုယ်တိုင်က ဝန်ခံထားတယ်။

ဖေဖေက စိတ်ဓါတ်ပြင်းထန်တဲ့ သခင်မရဲ့သတင်းကို ကြားထားရတော့ သူနဲ့မဆုံဖြစ်အောင် အမြဲတမ်း သတိထားနေ ထိုင်တယ်။ ဒီလိုနေရင်း တစ်နေ့မှာ ရွှေစင်သခင်မနဲ့ အမှတ်မထင် တွေ့ကြတယ်။ ဖေဖေနဲ့ သခင်မတို့တွေ့ပုံက စိတ်ဝင်စားဖို့ကောင်း ပါတယ်။

တစ်နေ့တော့ ဖေဖေဟာ မြို့ဟောင်းကြီးရဲ့ လမ်းပေါ်မှာ သခင်မနဲ့ ပက်ပင်းကြီး တိုးမိပါလေရော။ သခင်မဟာ ဖေဖေ့ကို ဘယ်သူဘယ်ဝါဆိုတာ မသိဘဲနဲ့ သူသွားမယ့်လမ်းပေါ်မှာ ပိတ် ဆို့တားဆီးတယ်ထင်ပြီး ကျာပွတ်နဲ့ လှမ်းရိုက်လိုက်တယ်။ ဖေဖေ က ကျာပွတ်ရိုက်ချက်ကို လက်နဲ့ကာပြီး ကျာပွတ်အဖျားကို ဖမ်း ဆွဲထားတယ်။ ကျာပွတ်အဖျားကို ဆောင့်ဆွဲလိုက်တာကြောင့် မြင်းပေါ်ကလိုက်လာတဲ့ သခင်မဟာ မဟန်နိုင်တော့ဘဲ မြေပြင် ပေါ်ကို ပြုတ်ကျတော့တယ်။ ဖေဖေက သခင်မအကျမနာအောင် ညာဘက်လက်နှင့် ပွေ့ယူထိန်းပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေကတော့ ရွှေစင်သခင်မမှန်း သိနေလေတော့ အခု လို ဆုံတွေ့မှုအတွက် စိတ်ထဲမှာ နည်းနည်းတော့ စိုးရိမ်သွားတယ်။ ဒါပေမယ့် စိုးရိမ်ဟန်မပြဘဲ သခင်မကို ရဲရဲတင်းတင်းပဲ မျက်နှာ ချင်းဆိုင်ပြီး သူတစ်ဖက်သားကို အခုလို မစော်ကားဖို့ အနိုင်မကျင့် ဖို့ ပြောလိုက်တယ်။

သခင်မဟာ ဖေဖေ့စကားကို နားထောင်ရင်း ပြုံးကျယ် တဲ့ မျက်လုံးဝိုင်းနှင့် ကြည့်နေပါတယ်။ သူ့ဘဝမှာ သူ့ကို အခုလို ရဲရဲဝံ့ဝံ့ တုန့်ပြန်ဝံ့သူမျိုး မရှိခဲ့ဘူးလေ . . .။

ဖေဖေ့ရဲ့ပြတ်သားရဲရင့်ပုံကို သခင်မက သဘောကျသွား တယ်လို့ ပြောရမလားပဲ။ အဲဒီနောက်ပိုင်း သခင်မဟာ ဖေဖေ့ကို အခွင့်အရေးပေးတယ်။ ဖေဖေနဲ့ မေမေတို့အကြောင်း သိသွားတဲ့ အခါ နှောင့်ယှက်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် ဦးရီးတော်စစ်သူကြီး နန္ဒကြောင့် ကပ္ပတိန်ကိုကိုကြီးနဲ့ ညီမတော်နံ့သာမြိုင်သခင်မလေး တို့ လက်ထပ်သွားတာကို အနှောင့်အယှက်မပေးဘဲ ကြည့်နေခဲ့ ရတယ်။

ဦးရီးတော်စစ်သူကြီးနန္ဒရဲ့ ကျေးဇူးကြောင့် ဖေဖေနဲ့မေမေ တို့ရဲ့ အကြင်လင်မယားဘဝမှာ အနှောင့်အယှက်ကင်းကင်း နေခဲ့ ကြရပြီး၊ ကျွန်မကို မွေးဖွားတဲ့ အချိန်ရောက်လာတယ်။

အဲဒီအချိန်မှာပဲ စစ်သူကြီးနန္ဒဟာ မကျန်းမမာဖြစ်ပြီး ကွယ်လွန်သွားခဲ့တယ်။ ရွှေစင်သခင်မဟာ ကာကွယ်စောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com

မယ့်လူ မရှိတော့တဲ့ အချိန်ကစပြီး ဖေဖေနဲ့ မေမေတို့ကို နှောင့်ယှက်တော့တာပဲ။

ရွှေစင်သခင်မရဲ့ အနှောင့်အယှက်ကြောင့် ဖေဖေနဲ့မေမေ ဟာ အန္တရာယ်ကင်းတဲ့အရပ်ကို ထွက်ပြေးကြတယ်။ ဖေဖေတို့ ထွက်ပြေးတော့ တပည့်ဘဟာဒူးနဲ့ ဟုတ်စွမ်ပါ အတူပါလာခဲ့တယ်။

မြို့တော်ဟောင်းကြီးကနေ ထွက်ပြေးကြတော့ ဖေဖေတို့ ဟာ အလိုအလျောက် သီရိရတနာမြို့တော်ကြီးကို ဆန့်ကျင်သူ တွေ ဖြစ်သွားရတော့တာပေါ့။ သီရိရတနာမြို့တော်ဆိုတာက မေမေ တို့ရဲ့ ရှေးဟောင်းမြို့တော်ကြီးကို ခေါ်တဲ့နာမည်ပါ။

ဒီလိုနဲ့ ပြေးရင်းလွှားရင်းမှာပဲ မေမေဟာ မြို့တော်က တွင်းဟောင်းကြီးထဲကို ကျသွားခဲ့တယ်။ မေမေ့အတွက် အသက် ရှင်စရာ လမ်းမမြင်ပေမယ့် ဖေဖေကတော့ မေမေ့ကို ကယ်တင်ဖို့ စွန့်စားခဲ့ရတယ်။

မေမေ့ကို ဘယ်လိုမှ ကယ်တင်လို့မရ ဖြစ်နေချိန်မှာပဲ ဝီရသခင်ရဲ့တပ်တွေ ရောက်လာကြတယ်။ ဒါနဲ့ ဖေဖေတို့တစ်တွေ ဟာ အသက်စွန့်ပြီး ထွက်ပြေးခဲ့ကြရတယ်။ တွင်းထဲကိုကျသွားတဲ့ မေမေဟာ မျှော်လင့်ချက်မရှိတော့တာကြောင့် သမီးဖြစ်တဲ့ ကျွန်မ ကို အသေမခံနိုင်ဘူးဆိုပြီး ထွက်ပြေးခဲ့တာပါ။

ဒီလိုထွက်ပြေးခဲ့ရင်း မေမေ့ကိုမမေ့ဘဲ အိပ်မက်တွေမက် ခြင်း၊ အိပ်မက်ထဲမှာ မေမေက ကျိန်စာသင့်နေခဲ့တဲ့ အချစ်

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းကို သူ့အသက်နဲ့ ပေးဆပ်လိုက်ကြောင်း၊ သူ့အသက်ကိုရင်းလိုက်တဲ့အတွက် သီရိရတနာနန်းတွင်းသူတွေ ပြင်ပကမ္ဘာကလူနဲ့ မစုံဖက်နိုင်ပါစေနဲ့ဆိုတဲ့ ကျိန်စာဟာ ပြေသွားပြီဖြစ်တဲ့ အကြောင်း . . .။

သူမ,မရှိတော့ချိန်မှာ သမီးကို ရင်အုပ်မကွာစောင့်ရှောက် ဖို့၊ သူ့ရဲ့အမှတ်အသားတံဆိပ်တော်ကို သမီးလက်ထဲထည့်ဖို့၊ အခွင့်အရေးရခဲ့ရင် သမီးကို သီရိရတနာနေပြည်တော်အရောက် ပြန်ပို့ပေးဖို့ အကြောင်းတွေ ပြောတယ်လို့ ဖေဖေက သူ့မှတ်တမ်း မှာ အသေအချာ ရေးထားခဲ့တယ်။

သီရိရတနာနေပြည်တော်ကနေ ထွက်ပြေးလွတ်မြောက် လာပြီးတဲ့နောက်မှာ ဖေဖေဟာ ကျွန်မလူလားမြောက်ခဲ့ရတဲ့ (ကတ်ယန်း) ယင်းဈေးရွာလေးမှာ အခြေချနေထိုင်တယ်။

ဖေဖေဟာ သေနတ်ပစ်ကျွမ်းကျင်သူပီပီ မုဆိုးကြီးအဖြစ် နဲ့ အသက်မွေးဝမ်းကျောင်းပြုတယ်။ ကျွန်မကိုးနှစ်သမီးအရွယ် ရောက်တော့ ဖေဖေဟာ အပြင်းဖျားပြီး ဆုံးသွားခဲ့ပါတယ်။

ဖျားနာစမှာပဲ ဖေဖေက ကျွန်မကိုခေါ်ပြီး သူ့မှတ်တမ်း ကိုဖတ်ဖို့နဲ့ မှတ်တမ်းထဲမှာပါတဲ့ သီရိရတနာမြို့ကို အခွင့်သင့်ရင် အရောက်သွားဖို့ အမိန့်ပေးခဲ့ပါတယ်။

ဖေဖေမရှိတော့တဲ့နောက်မှာ ကျွန်မဟာ ဘဟာဒူးတို့နဲ့ အတူ နေခဲ့ရပါတယ်။ ဦးလေးဘဟာဒူးက ကျွန်မကို သမီးတစ် ယောက်၊

www.burmeseclassic.com

www.burmeseclassic.com

တူမတစ်ယောက်လိုပဲ စောင့်ရှောက်ခဲ့ပါတယ်။ သူ့ဘဝ တစ်လျှောက်လုံးမှာ ကျွန်မကို ပြုစုစောင့်ရှောက်ရင်းနဲ့ပဲ အချိန် ကုန်ခဲ့ရပါတယ်။

ဖေဖေ့ရဲ့တပည့်ရင်းဖြစ်တဲ့ ဦးလေးဟုတ်စွမ်က ကျွန်မကို စာပေပညာ သင်ပေးပါတယ်။ မြန်မာစာ၊ အင်္ဂလိပ်စာနဲ့ ဂဏန်း သင်္ချာဘာသာတွေကို ဦးလေးဟုတ်စွမ်ရဲ့ကျေးဇူးကြောင့် ကျွန်မ တတ်မြောက်ခဲ့ပါတယ်။

ဦးလေးဘဟာဒူးက အတီးအမှုတ်၊ အကအနုပညာနဲ့ ပတ်သက်လို့ သင်ပေးတယ်။ ဦးလေးဘဟာဒူးကြောင့်ပဲ ဟင်ဒူ စတန်နီဘာသာစကားကို ကျွန်မတတ်မြောက်ခဲ့ပါတယ်။

ကျွန်မအကြောင်းပြောတဲ့အခါမှာ အရေးအပါဆုံးက ကျွန်မရဲ့အိပ်မက်တွေပါ။ ကျွန်မ မကြာခဏ မြင်မက်တတ်တဲ့ အိပ်မက်တွေဟာ အလွန်ထူးခြားပါတယ်။ အဆန်းတကြယ်လည်း ရှိပါတယ်။

အမြဲလိုလို မြင်မက်တတ်တဲ့ အိပ်မက်တွေဟာ ဘယ်အခါ မက်မက် တစ်ပုံစံတည်း ဖြစ်နေတတ်တယ်။ ကျွန်မ မက်တတ်တဲ့ အိပ်မက်ဟာ လေးငါးမျိုးလောက်ရှိတယ်။ အိပ်မက်တစ်မျိုးတည်း ကိုဆက်ပြီး မမက်တတ်ဘူး။ ဥပမာ-ယောကျ်ားပီသချောမောတဲ့ လူတစ်ယောက်နဲ့ ခမ်းနားတဲ့ နန်းတော်ကြီးထဲမှာ ပျော်ရွှင်ရယ်မော နေတဲ့ အိပ်မက်ဆိုပါတော့။ တစ်ခါမက်ပြီး တစ်လနှစ်လအတွင်း မှာ

www.burmeseclassic.com

www.burmeseclassic.com

ပြန်မမက်တတ်ဘူး။ အခြားအိပ်မက်တစ်ခုက ကခုန်ပွဲကြီးကျင်းပနေတဲ့ အိပ်မက်။ တောထူထူ၊ တောင်မြင့်မြင့်တွေကို ဖြတ်သန်းရတဲ့ အိပ်မက်တွေကို မက်တတ်တယ်။

နန်းတော်ကြီးထဲရောက်ခဲ့တဲ့ အိပ်မက်ကို ပြန်မက်ရင် လည်း အရင်တုန်းက မက်ခဲ့တာနဲ့ တစ်သဝေမတိမ်း ထပ်တူညီနေတတ်တယ်။ ကျန်တဲ့အိပ်မက်တွေကို ပြန်မက်ရင်လည်း အဲဒီလို ပါပဲ။

နန်းတော်ထဲမှာ ကျွန်မနဲ့အတူ ပျော်ရွှင်ရယ်မောနေတဲ့ လူဟာ ကျွန်မရဲ့အိပ်မက်တွေကို စိုးမိုးနေတဲ့သူပါ။ သူ့အပြင် နောက်တစ်ယောက်လည်း အိပ်မက်ထဲမှာ ပါတတ်သေးတယ်။ အဲဒီလူနဲ့တွေ့တဲ့အခါ ကျွန်မရင်ထဲမှာ အစ်ကိုတစ်ယောက်နဲ့ တွေ့နေသလိုပဲ ခံစားရတတ်ပါတယ်။

အိပ်မက်တွေအကြောင်းအပြင် ကျွန်မစိတ်ထဲမှာ စွဲနေတဲ့ နောက်အကြောင်းအရာတစ်ခု ရှိသေးတယ်။ အဲဒါက ကျွန်မမှာ ရှိနေတဲ့ တံဆိပ်တော်မျိုးရှိတဲ့ တစ်ခြားသူတစ်ယောက်နဲ့ တွေ့တာ မျိုး၊ တံဆိပ်တော်မှာပါတဲ့ တောတောင်တွေကို ကျွန်မရောက်ဖူး နေသလို ခံစားနေတာမျိုး၊ ရန်ဘက်တွေကို တိုက်ခိုက်နေသူတွေ ကြားမှာ ကျွန်မထွက်ပြေးနေရတာမျိုးကို အလိုလိုနေရင်း တွေးမြင် လာတတ်တယ်။

ကျွန်မငယ်ငယ်က ကျွန်မဟာ ဘုရင်မလေးတစ်ပါးဖြစ်တဲ့ အကြောင်း၊ ကျွန်မရဲ့မောင်တော် စစ်ထွက်သွားတဲ့အကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com

အင်မတန်မှ ခမ်းနားတဲ့ ကျွန်မရဲ့နေပြည်တော်အကြောင်းကို ပြောတတ်တယ်လို့ ဦးလေးဘဟာဒူးတို့က ပြောပြတယ်။

ယခုအချိန်မှာ ကျွန်မပြန်စဉ်းစားကြည့်မိတော့ အဲဒီအကြောင်းတွေကို သတိမရတော့ပါဘူး။ အိပ်မက်တွေပဲ မက်နေခဲ့ပါတယ်။ အဲဒီအိပ်မက်တွေကို အခုကျွန်မ လိုက်ရှာနေပါတယ်။

* * * *

အခန်း (၇)

ခရီးတစ်ခုစတင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလဟူသည် ဆန်းသစ်သော အကြောင်းအရာ တို့ကို ရိုးသွားစေနိုင်သကဲ့သို့ စိတ်ဝင်စားမှုများအားလည်း လျော့ပါးသွားစေတတ်သည်။

ကျွန်ုပ်သည် အကြောင်းအရာတစ်ခုကို အလွန်အမင်း စိတ်ဝင်စားနေခဲ့ပြီးနောက် မကြာခင်မှာပင် ထိုအကြောင်းအရာတို့အပေါ် မေ့လျော့သွားခြင်းမျိုး မကြာခဏ ဖြစ်ဖူးလေ၏။

သို့သော် ဦးသိဒ္ဓိ၊ ကိုမိုးစွေ၊ စံပယ်မြိုင်တို့နှင့် ပတ်သက် သည့် အကြောင်းအရာတို့မှာ ကျွန်ုပ်အတွက် ဟောင်းနွမ်းသွား သည်ဟုမရှိ၊ ကျွန်ုပ်သည် ထိုသူတို့နှင့်ပတ်သက်သည့် အကြောင်း အရာကို မကြာခဏပင် ပြန်သတိရနေစမြဲ ဖြစ်သည်။

ထိုအခါမျိုးတွင် ကျွန်ုပ်သည် ဦးသိဒ္ဓိပေးခဲ့သော ကြေး ပြားတံဆိပ်တော်ကို ထုတ်ကြည့်မိလေ၏။

ကျွန်ုပ်သည် ဦးသိဒ္ဓိထံမှ ရထားသော တံဆိပ်တော်ကို ကြည့်မိတိုင်း ၎င်းတံဆိပ်တော်သည် ကျွန်ုပ်နှင့် ရင်းနှီးကျွမ်းဝင်ဖူး သလို စိတ်မှာခံစားရလေ၏။

ကြည့်ပြီး၍ ပြန်လည်သိမ်းဆည်းခဲ့ပြီး အခြားသောကိစ္စ များဖြင့် အလုပ်ရှုပ်အချိန်ကုန်နေသည့် ကြားကပင် ၎င်းဒင်္ဂါးပြား လေးမှာ ကျွန်ုပ်၏အတွေးအာရုံ၌ အမြဲပင် လွှမ်းမိုးလျက် ရှိနေ သည်မှာ အံ့ဩဖွယ် ကောင်းလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အား စိတ်ဝင်စားစေခဲ့သော ဦးသိဒ္ဓိ၊ ကိုမိုးစွေနှင့် စံပယ်မြိုင်တို့အကြောင်းကို ကျွန်ုပ်မကြာခဏ သတိရမိသော်လည်း ကျွန်ုပ်မှာ ထိုအကြောင်းအရာများတွင်သာ နစ်မြုပ်နေနိုင်သူ မဟုတ်ပေ။ စာရေးစာဖတ်ခြင်းဟူသည့် ကျွန်ုပ်၏ဝါသနာကိုလည်း မပျက်မကွက် ဆောင်ရွက်ရသည်။

ဤသို့နှင့် နှစ်လခန့်ကြာမြင့်ခဲ့၏။ ကျွန်ုပ်မှာ ဦးသိဒ္ဓိ၏ သတင်းကိုလည်းကောင်း၊ စံပယ်မြိုင်၏ သတင်းကိုလည်းကောင်း မကြားရတော့ဘဲ ရှိနေလေ၏။

ထိုအချိန်မှာပင် ကျွန်ုပ်၏စိတ်တွင်းဝယ် စံပယ်မြိုင်နှင့် ပတ်သက်သော အကြောင်းအရာ တစ်ခုမဟုတ်တစ်ခု ပေါ်လာတော့မည်ဟု ထင်မှတ်မိသည်။ ဤသို့ ထင်မှတ်မိခြင်းက ကျွန်ုပ် အား များစွာစိတ်လှုပ်ရှားစေ၏။

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ တောင်ကြီးမြို့မှ ပို့လိုက်သော စာတစ်စောင် ရောက်ရှိလာ၏။ ထိုစာမှာ တောင်ကြီးမြို့သို့ ရောက်ရှိနေသော ဦးသိဒ္ဓိက စာတိုက်မှတစ်ဆင့် ပို့လိုက်သော စာပင်ဖြစ်၏။

စာထဲတွင် ဦးသိဒ္ဓိက မိုးလေပြင်းထန်သောညက သူတို့ အား ကူညီခဲ့သည်ကို ကျေးဇူးတင်ကြောင်းဖြင့် အစချီပြီး ကိုမိုးစွေ ကျန်းမာလာပြီဖြစ်ကြောင်း၊ သူနှင့် ကိုမိုးစွေတို့ စွန့်စားခန်းဖြင့် အဆုံးသတ်ပြီးသော ခရီးတစ်ခုကို ထွက်တော့မည်ဖြစ်ကြောင်း၊ ကိုမိုးစွေ က

www.burmeseclassic.com

www.burmeseclassic.com

ထိုခရီးတွင် ကျွန်ုပ်ပါ ပါဝင်သည်ဟု မကြာခဏ အိပ်မက်မြင် မက်သဖြင့် ကျွန်ုပ်ထံသို့ ယခုကဲ့သို့ စာရေးလိုက်ခြင်းဖြစ်ကြောင်း . . . ။

သူတို့၏ခရီးမှာ လျှို့ဝှက်မြို့တော်တစ်ခုကို ရှာဖွေရမည့် ခရီးဖြစ်သဖြင့် ကျွန်ုပ်အနေနှင့် လိုက်ပါလိုပါက တောင်ကြီးမြို့သို့ ယခုလနှစ်ဆယ်ရက်နေ့ အရောက်လာပါရန် ရေးသားထားလေ ၏။

ကျွန်ုပ်မှာ ဦးသိဒ္ဓိ၏စာကို ဖတ်ရသည်နှင့် စာတွင်ပါရှိ သည့် အကြောင်းအရာပေါ်တွင် လွန်စွာစိတ်ဝင်တစား ဖြစ်သွား လေ၏။

ထိုသို့ စိတ်ဝင်စားမှုနှင့်အတူ ကျွန်ုပ်အား ၄င်းတို့ရှိရာသို့ အရောက်သွားရန် တစ်စုံတစ်ရာ အင်အားတစ်ရပ်က တိုက်တွန်း နေသကဲ့သို့ ခံစားရလေ၏။

ကျွန်ုပ်သည် ဦးသိဒ္ဓိတို့နှင့် တွေ့ဆုံခဲ့ပြီးသည့်နောက်ပိုင်း တွင် ၄င်းတို့အား စိတ်ဝင်စားနေမိခဲ့သည်။ စံပယ်မြိုင်တို့နှင့် တွေ့ရ သည့်အခါ ကြေးပြားတံဆိပ်တော်မှာ စံပယ်မြိုင်နှင့် ပတ်သက်နေ မှန်း သိခဲ့ရသဖြင့် စိတ်ဝင်စားမှုက ပိုတိုးလာခဲ့၏။

ထိုအခြေအနေမျိုးတွင် ဦးသိဒ္ဓိရေးလိုက်သော စာရောက် ရှိလာသဖြင့် ကျွန်ုပ်သည် သူတို့ရှိရာနေရာသို့ လိုက်သွားရန် ချက် ချင်းပင် ဆုံးဖြတ်မိခြင်းလည်း ဖြစ်နိုင်သည်ဟု နောင်တွင်စဉ်းစား မိ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးသိဒ္ဓိတို့ရှိရာ တောင်ကြီးမြို့သို့လိုက်ရန် ဆုံးဖြတ်ပြီးသည့်နောက်တွင် ကျွန်ုပ်သည် ခရီးထွက်ရန် ပြင်ဆင်ရတော့သည်။

ဦးသိဒ္ဓိသတ်မှတ်ပေးလိုက်သည့်ရက်မှာ တစ်ပတ်ခန့်လိုသေးသဖြင့် ခရီးသွားရန်အတွက် စိတ်တိုင်းကျ ပြင်ဆင်ခွင့်ရရှိလေ၏။

ကျွန်ုပ်သည် သွားရမည့်ခရီးအတွက် လိုက်အပ်သည့် အဝတ်အစား၊ အသုံးအဆောင်များကို ပြင်ဆင်ရ၏။ အိမ်စောင့်အဖြစ်နေခဲ့မည့် မောင်တိုးအား စားသောက်စရိတ်ပေးခဲ့ရုံမက လိုအပ်သမျှလည်း ဖြည့်ဆည်းပေးရသည်။

ထို့နောက်တွင် ကျွန်ုပ်၏မိတ်ဆွေများကို ခရီးသွားမည့်အကြောင်း အသိပေးကာ ကြွေးကျန်အလုပ်များကို ဆောင်ရွက်နိုင်သလောက် ဆောင်ရွက်ပေးပြီး အချို့ကိစ္စများကို ခရီးမှ ကျွန်ုပ်ပြန်ရောက်မှ ဆောင်ရွက်ရန် စနစ်တကျ စီစဉ်ရလေ၏။

ယင်းသို့ ကိစ္စဝိစ္စများ ပြီးစီးသည်နှင့် ကျွန်ုပ်သည် ဦးသိဒ္ဓိသတ်မှတ်ပေးလိုက်သည့် ရက်မတိုင်မီ မန္တလေးလော်ကယ်ရထား ဖြင့်စီးနင်းလိုက်ပါခဲ့၏။

လော်ကယ်ရထားဖြင့် လိုက်ပါခဲ့စဉ် ကျွန်ုပ်၏စိတ်အစဉ် ကတစ်မျိုးတစ်ဖုံ လှုပ်ရှားခံစားနေရ၏။ ခရီးမထွက်တာ ကြာပြီ ဖြစ်၍ခရီးထွက်ရခြင်းမှာ ကျွန်ုပ်အတွက် ဆန်းသစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တငြိမ့်ငြိမ့်ခုတ်မောင်းနေသော မီးရထားပေါ်တွင် လိုက် ပါရင်း ကျွန်ုပ်၏စိတ်တွင်းဝယ် ကြည်နူးခြင်းအတိပြီးသလို ခံစားမှု များကိုလည်း ရရှိနေလေ၏။

ရန်ကုန်တွင် ကွမ်းခြံဘူတာမှ မီးရထားထွက်ခွာစဉ်တွင် ကျွန်ုပ်ရှေ့ထိုင်ခုံ၌ ခရီးသည်မရှိချေ။ ကျွန်ုပ်နှင့်အတူ တစ်ခုံတည်း တွင် လာထိုင်နေသူ ခေတ်ဆန်ဆန် ဝတ်စားဆင်ယင်ထားသည့် မိန်းမချော၊ မိန်းမလှတစ်ဦးဖြစ်၏။

ထိုအမျိုးသမီး၏ အသားအရေစိုပြေခြင်း၊ ကြံ့ခိုင်ဆူဖြိုး ခြင်းတို့ကြောင့် အနီးအနားတွင်ရှိသော ပုရိသတို့က သိသိသာသာ တစ်မျိုး၊ မသိမသာတစ်ဖုံ ကြည့်ရှုနေကြသည်ကို ကျွန်ုပ်သတိပြု မိလိုက်၏။

ထိုအမျိုးသမီးထံတွင် လက်ဖက်ရည်ဓါတ်ဘူး၊ စားစရာ မုန့်ပဲသွားရေစာ အစုံအလင်ပါရှိလာလေရာ ရန်ကုန်မှထွက်ခွာခဲ့ ပြီး နာရီဝက်ကျော်သောက်တွင် လက်ဖက်ရည်သောက်ဖို့ ပြင်ဆင် လေ၏။

သူ့အတွက် လက်ဖက်ရည်တစ်ခွက်ငှဲ့ပြီးနောက် ကျွန်ုပ် အတွက်ပါ လက်ဖက်ရည်တစ်ခွက်ငှဲ့ပေးလေ၏။

"အခုလို ခရီးရှည်ကြီးသွားသည့်အခါ လက်ဖက်ရည်ကို အဖော်ပြုတာ အကောင်းဆုံးပဲ၊ မောင်လေးလည်း မမနဲ့အတူ သောက်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ယခုမှတွေ့ရသည့် အမျိုးသမီးတစ်ယောက်က တိုက်ကျွေးသည့် လက်ဖက်ရည်ကို မသောက်ချင်သဖြင့် လက်ကာပြပြီး ခေါင်းခါငြင်းလိုက်၏။

ထိုအမျိုးသမီးက ကျွန်ုပ်အား မရမက တိုက်နေသဖြင့် အားနာပြီး သူ့ထံမှ လက်ဖက်ရည်ပန်းကန်ကို လှမ်းယူလိုက်ရ၏။

"စပ်စုတယ်လို့တော့ မထင်လိုက်ပါနဲ့နော်၊ မောင်လေးက ဘယ်အထိသွားမှာလဲ၊ မန္တလေးထိပဲလား"

ကျွန်ုပ်က သူမအား ခေါင်းခါပြလိုက်သည်။

"မန္တလေးထိ မဟုတ်ပါဘူး၊ သာစည်မှာ ဆင်းမှာပါ၊ အဲဒီကတစ်ဆင့် တောင်ကြီးကို ဆက်သွားမှာပါ"

ကျွန်ုပ်၏စကားကို ကြားလိုက်ရသော သူမသည် ဝမ်းသာသွားဟန်ဖြင့် ပြုံးလိုက်ပြီး . . .

"အဆင်သင့်လိုက်တာကွယ်၊ မမကလည်း တောင်ကြီးကို သွားမှာ၊ သာစည်ကနေ တောင်ကြီးကို ကားနဲ့သွားမလို့"

ဟုပြောသဖြင့် ကျွန်ုပ်လည်း စိတ်ဝင်စားသွားပြီး . . .

"သာစည်ကနေ တောင်ကြီးကိုသွားတဲ့ ကားရှိလို့လား ခင်ဗျ"

ဟု တအံ့တသြ မေးလိုက်မိ၏။ ထိုအခါ အမျိုးသမီးက လွန်စွာလှပသည့် မျက်ဝန်းကလေးကို ပင့်လိုက်ပြီး . . .

"ကားခပေးရင် သွားတဲ့ကားရှိတာပေါ့၊ သာစည်မှာ ခရီး ဝေးကို အငှားလိုက်တဲ့ကားတွေ ရှိတယ်၊ ကားငှားပြီးသွားရင် အဖော်

www.burmeseclassic.com

www.burmeseclassic.com

လိုတာကြောင့် မမက သွားသင့်မသွားသင့် စဉ်းစားနေတာ၊ အခု မောင်လေးက တောင်ကြီးကို သွားမယ်ဆိုတော့ အဆင်ပြေသွားတာပေါ့၊ မမတို့အတူ သွားကြရအောင်နော်"

ကျွန်ုပ်မှာ သူမဝမ်းသာသလို ဝမ်းမသာနိုင်ဘဲ ရှိနေသည်။ စိတ်ထဲမှာ ခံစားချက်တွေ မပေါ်အောင် သတိထားပြီး သူမအား အလိုက်သင့် ခေါင်းညိတ်ပြလိုက်၏။

"ခရီးသွားဖော်ဖြစ်သွားကြပြီဆိုတော့ တစ်ယောက်နာမည်ကိုတစ်ယောက် သိထားကြမှ ကောင်းမှာပေါ့၊ မောင်လေး . . . မှတ်ထားနော်၊ မမနာမည်က မြကြာဖြူလို့ခေါ်တယ်"

အမျိုးသမီးသည် ကျွန်ုပ်နှင့် အသက်အရွယ် မတိမ်းမယိမ်း ခန့်ရှိလိမ့်မည်ထင်သည်။ ရုပ်ရည်လှပသလောက် စကားပြောဆို ရာမှာ တစ်ဖက်သားကို အချိန်တိုတိုအတွင်း သူ့ဖက်ပါအောင် ဆွဲဆောင်နိုင်စွမ်းသူဟု အသိအမှတ်ပြုရမည်ဖြစ်သည်။ ကျွန်ုပ်အဖို့ မည်သို့ပင် သတိပြုနေထိုင်သော်လည်း သူမအပေါ် ယုံကြည်သက်ဝင်သလို စိတ်ကယိမ်းယိုင်သွားလေ၏။

"ဟုတ်ကဲ့ . . . ကျွန်တော့်နာမည်က ကျော်စွာလို့ခေါ်ပါ တယ်"

ဟု ကျွန်ုပ်က ယဉ်ကျေးစွာ ပြန်ပြောလိုက်ရာ သူမက-

"နာမည်သိရပေမယ့် မမကတော့ မောင်လေးကို မောင်လေးလို့ပဲ ခေါ်မယ်နော်၊ မင်းကျေနပ်ရဲ့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ဟု မျက်ဆံလေးကို ထောင့်ကပ်လျက် ပြောလိုက်ရာ ကျွန်ုပ်ကလည်း . . .

"ဟုတ်ကဲ့ . . . ကျေနပ်ပါတယ်"

ဟု ကပျာကယာ ပြောလိုက်ရ၏။

မြကြာဖြူအမည်ရှိ လုံးကြီးပေါက်လှမိန်းမသည် အားပါး တရ ပြုံးပြီးနောက် ကျွန်ုပ်၏ပခုံးကို ညင်သာစွာ ပုတ်လိုက်၏။

ထိုအပြုအမူကြောင့် ကျွန်ုပ်မှာ များစွာရှက်မိ၏။ အခြားသူများက ကျွန်ုပ်အား သတိထားမိပုံမပေါ်သော်လည်း ကျွန်ုပ်၏စိတ်ထဲမှကြိတ်ပြီး ရှက်နေမိခြင်းဖြစ်သည်။

မြကြာဖြူသည် ကျွန်ုပ်အား ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနှင့် စကားတွေပြော၊ မုန့်ပဲသွားရေစာများ ကျွေးပြီးလာခဲ့ရာ ပဲခူးဘူတာသို့ ရောက်လာ၏။

ပဲခူးဘူတာတွင် ရထားရပ်စဉ် တုတ်ခိုင်သန်မာဟန်ရှိသော လူနှစ်ယောက်သည် ဒုတိယတန်း လူစီးတွဲပေါ်သို့ တက်လာကြပြီး ထိုင်ခုံနံပါတ်များကိုကြည့်ရှု၍ လျှောက်လာရာ ကျွန်ုပ်တို့ရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်ကြ၏။

လူမရှိသော ရှေ့ထိုင်ခုံတွင် လူနှစ်ယောက်ရောက်လာ သဖြင့် ကျွန်ုပ်တို့မှာ အနေကျုံ့သွားရ၏။ ကျွန်ုပ်တို့ဟုဆိုသော် လည်း အမှန်တွင်တော့ ကျွန်ုပ်သာ အနေကျုံ့သော်လည်း မြကြာဖြူအတွက်ကား ထူးခြားဟန်မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

သူမသည် ရန်ကုန်က ထွက်လာစဉ်ကကဲ့သို့ပင် စကား တွေ ဖောင်ဖွဲ့လိုက်၊ ရယ်မောလိုက်၊ စားသောက်ဖွယ်ရာများကို စားသောက်လိုက်နှင့် ရှိနေလေ၏။

"ရှေ့က ညီလေးတို့ ဘယ်ထိသွားကြမှာလဲ"

ရှေ့ထိုင်ခုံတွင် ဝင်ထိုင်သူ နှစ်ယောက်အနက် ဥပမိရုပ် ပို၍ခန့်ညားသူက ကျွန်ုပ်တို့အားကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့က သာစည်ကို သွားကြမှာပါ"

ကျွန်ုပ်မှာ ထိုသူတို့နှင့် အသိမိတ်ဆွေ မဖြစ်လိုသော်လည်း အလိုက်သင့် ပြန်ဖြေလိုက်ရ၏။ အဖြေပေးရင်းနှင့် ထိုသူအား မသိမသာ အကဲခတ်ကြည့်ရှုမိ၏။

ထိုသူမှာ နှုတ်ခမ်းမွှေးရှည်ရှည်ကုပ်ကုပ်၊ အသားနီစပ်စပ် နှင့်ဖြစ်ပြီး လက်ကောက်ဝတ်နှစ်ဖက်တွင် အနီရောင်ဆေးစက်များ ကို ထိုးထားပြီး လက်မောင်းနှစ်ဖက်တွင်လည်း ဆေးမင်ကြောင် ထိုးထားသည်ကို တွေ့ရ၏။

"ဒီလိုဆိုတော့လည်း စကားပြောဖော်ရတာပေါ့၊ နာမည် များကော မသိရဘူးလား"

ကျွန်ုပ်မှာ အောင့်သက်သက်နှင့်ပင် နာမည်ကို ထုတ်ဖော် ပြောဆို မိတ်ဆက်ရသည်။ ကျွန်ုပ်နှင့်အတူ မြကြာဖြူကလည်း သူမ၏အမည်ကို ထုတ်ဖော်ပြောလေ၏။

"အစ်ကို့နာမည်က မိုးနက်ပါ၊ သူကတော့ မင်းပုညလို့ ခေါ်တယ်"

www.burmeseclassic.com

www.burmeseclassic.com

မိုးနက်ဆိုသည့် နာမည်က ကျွန်ုပ်အား ထိတ်လန့်သွား စေသည်။ ကျွန်ုပ်မှာ ထိုသူနှင့် စကားပြောဆိုစိတ် မရှိသဖြင့် အိပ် ငိုက်လာဟန် ထိုင်ခုံနောက်မှီတွင် ခေါင်းတင်ကာ မျက်လုံးမှိတ်၍ ထားလိုက်ရသည်။

ထိုသူက မြကြာဖြူဘက်ကိုလှည့်ပြီး စကားတွေ ဖောင် လောက်အောင် ပြောနေ၏။

ကျွန်ုပ်သည် မိုးနက်ဆိုသူ၏ ပြောစကားများကို နားထောင် ရင်း စံပယ်မြိုင်က မိုးနက်ဆိုသည့်လူတစ်ယောက် သူ့အား လိုက် နှောင့်ယှက်နေကြောင်း ပြောပြဖူးသည်ကို ပြန်၍အမှတ်ရနေမိ သည်။

ထိုပုဂ္ဂိုလ်မှာ ယခုကျွန်ုပ်၏ရှေ့တွင်ရှိနေသော မိုးနက်ပင် ဖြစ်မည်ဟု စိတ်က ထင်နေမိသည်။ မည်သို့ပင်ဖြစ်ပစေ ကျွန်ုပ် အနေဖြင့် ယခုကဲ့သို့ ခရီးသွားဖော်အဖြစ် တွေ့နေရသော ထိုပုဂ္ဂိုလ် အား သတိထား၍ ဆက်ဆံရမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

ကျွန်ုပ်သည် ထိုင်ခုံနောက်မှီကိုမှီပြီး အိပ်ပျော်ဟန်ဆောင် နေရာမှ ခရီးသွားစဉ် ဆောင်းရန်ယူလာသော သက္ကလပ်တော ဆောင်းဦးထုပ်ကို မျက်နှာပေါ်ပစ်တင်ထားလိုက်၏။

ထိုအခါ ဦးထုပ်နှုတ်ခမ်းသားကြားမှ မိုးနက်တို့အား မျက် လုံးမှေးစင်းပြီး အကဲခတ်ခွင့်ရသွား၏။

www.burmeseclassic.com

www.burmeseclassic.com

ရထားက အရှိန်အဟုန်မပျက် ပြေးနေဆဲပင်။ ကျွန်ုပ်မှာ လှုပ်ရှားခြင်းမပြုဘဲ ငြိမ်သက်နေရင်း စကားလက်ဆုံကျနေသော ၄င်းတို့အား အကဲခတ်မြဲခတ်နေမိ၏။

အကဲခတ်နေရင်းမှ ကျွန်ုပ်၏စိတ်ထဲတွင် မိုးနက်ကိုသာ မက မြကြာဖြူကိုပါ မသင်္ကာဖြစ်လာမိသည်။

ကျွန်ုပ်အနေဖြင့် ထိုအမျိုးသမီးအား စတွေ့ကတည်းက သတိထားဆက်ဆံရမည်ဟု စဉ်းစားထားခဲ့ပြီးဖြစ်သည်။ သူမ အပေါ် မသင်္ကာစိတ်တွေ ပိုလာသောအခါ သတိထားရမည်ဟူ သော အသိမှာ ပို၍ပင် ခိုင်မာသွားလေ၏။

မြကြာဖြူသည် တောင်ကြီးတွင်ရှိသော သူ့သူငယ်ချင်း မိန်းကလေးတစ်ယောက်အကြောင်း မိုးနက်အား ပြောပြနေလေ ၏။ ထိုမိန်းကလေးမှာ မိုင်းမောစော်ဘွားကလေး၏ နှမတော်ဖြစ် ၍ တောင်ကြီးတွင် ဟော်နန်းနှင့်ပမာတူသော အိမ်တစ်လုံးကို ဆောက်ကာနေထိုင်ကြောင်း၊ သူမနှင့် ထိုဟော်နန်းသခင်မလေး တို့မှာ ရန်ကုန်မြို့ရှိ သာသနာပြုကျောင်းတစ်ကျောင်းတွင် အတူ ပညာသင်ကြားခဲ့ကြကြောင်း၊ ယခု တောင်ကြီးသို့ သွားနေခြင်းမှာ ထိုသူငယ်ချင်းမနှင့် တွေ့ရန်ပင်ဖြစ်ကြောင်း သူမ၏ပြောစကားများ အရ ကျွန်ုပ်သိရှိရ၏။

"ကျောင်းတက်နေတုန်းက ကျွန်မတို့နှမည်ချင်း ခပ်ဆင် ဆင်တူတာသိပြီး တစ်ယောက်နဲ့တစ်ယောက် ညီအစ်မအရင်းတွေ လို



www.burmeseclassic.com

www.burmeseclassic.com

ခင်မင်သွားကြတာရှင့်၊ ကျွန်မက မြကြာဖြူ သူက မြကြာမှူ၊ သူ့နယ်ပယ်မှာတော့ သူ့ကိုမြမှူလို့သွားခေါ်ရင် သိကြမှာမဟုတ် ဘူး၊ စဝ်မြမှူလို့ခေါ်ရလိမ့်မယ်”

ကျွန်ုပ်သည် မိုးနက်ဆိုသူအား ပြောပြနေသော သူမ၏ စကားကို မှတ်သားထားလိုက်၏။ သူမ၏ စကားသံအဆုံးတွင် မိုးနက်၏စကားသံကို ကြားရပြန်၏။

“ရှမ်းတောင်တန်းတွေမှာ ခင်မင်ရင်းနှီးတဲ့ ကျောင်းနေ ဖက် သူငယ်ချင်းတစ်ယောက်ရှိနေတယ်ဆိုတော့ တည်းခိုလို့၊ နေ လို့၊ ထိုင်လို့ အဆင်ပြေတာပေါ့၊ အဲဒီသူငယ်ချင်းက စော်ဘွားတစ် ယောက်ရဲ့ညီမလို့ ဆိုပြန်တော့ ပိုပြီးတော့ အဆင်ပြေနေပြန်ရော၊ အေးဗျာ . . . ကျွန်တော့်မှာတော့ အဲဒီလို အသိမိတ်ဆွေမျိုးမရှိဘူး”

“ရှင်တို့ရော တောင်ကြီးကို သွားကြမှာမို့လို့လား”

“မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့က မိတ္ထီလာကို သွားကြ မှာပါ၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသလို ရန်ကုန်မှာ အဆင်မပြေလို့ မိတ္ထီလာမှာရှိတဲ့ မိတ်ဆွေတွေနဲ့ လုပ်ငန်းအတူ လုပ်ဖို့ ထွက်လာတာပါ”

ကျွန်ုပ်သည် မိုးနက်နှင့် မြကြာဖြူတို့ အပြန်အလှန် ပြော ဆိုနေကြသည့် စကားများကို အိပ်ပျော်နေဟန်ဆောင်ကာ နား ထောင်နေရင်းမှ မျက်လုံးများ လေးလံလာပြီးနောက် တကယ်ပင် အိပ်ပျော်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အိပ်ပျော်နေစဉ်အတွင်း မီးရထားသည့် ခရီးမိုင်ပေါင်းများစွာကို ဖြတ်သန်းခဲ့လေ၏။

တောင်ငူ၊ ပျဉ်းမနား စသည့်ဘူတာများကို ဖြတ်ကျော်ခဲ့ သည်။ ကျွန်ုပ်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသဖြင့် မီးရထား က မည်သည့်ဘူတာမှာရပ်ပြီး မည်မျှခရီးရောက်ခဲ့သည်ကို မသိနိုင်တော့ပေ။

နံနက်မိုးစင်စင်လင်းချိန်တွင် ကျွန်ုပ်သည် အိပ်ပျော်နေ ရာမှ နိုးလာခဲ့၏။ အိပ်ယာမှ နိုးနိုးချင်း နူးညံ့နွေးထွေးသော အထိအတွေ့နှင့် ထူးခြားသော ကိုယ်ရနံ့တို့ကို ထိတွေ့ရရှိနေမှန်း သတိပြုမိလိုက်၏။

ကျွန်ုပ်၏ပတ်ဝန်းကျင်တွင် ဆူဆူညံညံ အသံဗလံမျိုးစုံ ပေါ်ထွက်နေ၏။ ကျွန်ုပ်သည် မှေးမှိတ်ထားသည့် မျက်လုံးအစုံကို ဖွင့်လိုက်သည့်အခါ မြကြာဖြူအား မှီပြီးအိပ်နေခဲ့ကြောင်း သတိပြုမိလိုက်၏။

ထို့ကြောင့် မြကြာဖြူအား အလွန်အမင်းအားနာပြီး သူမ၏မျက်နှာကိုပင် မကြည့်ရဲအောင် ဖြစ်ရလေ၏။

"မောင်လေး နိုးလာပြီကိုး၊ ထတော့ သာစည်ကို ရောက် နေပြီ၊ မမတို့ ရထားပေါ်ကဆင်းပြီး ကားနဲ့ခရီးဆက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com

ရှက်ကိုးရှက်ကန်းဖြင့် နေရာမှ ဖျတ်ခနဲ ထလိုက်သော ကျွန်ုပ်၏အမူအရာကို မြကြာဖြူက သတိထားမိဟန်မရှိပေ။ သူမ သည် အနည်းငယ်မျှသာရှိသော ပစ္စည်းများကို သိမ်းဆည်းနေ၏။

ကျွန်ုပ်သည် သူမအား အကဲခတ်ကြည့်နေရာမှ မျက်နှာ ချင်းဆိုင်ရှိနေသော ထိုင်ခုံကို အကြည့်ရောက်သွား၏။ ထိုထိုင်ခုံ တွင် မိုးနက်နှင့် အဖော်ဖြစ်သူ ရှိမနေတော့ကြောင်း သိလိုက်ရ၏။

"ရှေ့ခုံကလူတွေ မီးရထားပေါ်က ဆင်းသွားကြပြီကွယ့်၊ မမတို့လည်း ဆင်းကြရအောင်၊ ရထားက သိပ်မကြာခင် ဒီဘူတာ က ထွက်တော့မှာ"

ကျွန်ုပ်က ခေါင်းညိတ်ပြပြီး ခရီးဆောင်အိတ်ကိုဆွဲကာ သူမနှင့်အတူ မီးရထားဒုတိယတန်းတွဲပေါ်မှ ဆင်းလိုက်တော့၏။

ဘူတာစကြံပေါ်အရောက်တွင် တစ်နေရာမှ တစ်နေရာ သို့ မပြေးရုံတစ်မယ်လျှောက်ပြီး ဈေးရောင်းနေသော ဈေးသည် များကို ရှောင်ရှားက သာစည်ဘူတာထွက်ပေါက်ရှိရာသို့ လျှောက် ခဲ့ကြ၏။

ထိုသို့လျှောက်နေရင်းက လူချင်းနီးကပ်သည်နှင့် သူမက ရယ်သံလွင်လွင်ကလေးဖြင့် . . .

"မောင်လေးက အိပ်နိုင်လိုက်တာကွယ်၊ မိုးစင်စင်လင်း တာတောင် မနိုးဘူး၊ သာစည်ဘူတာကို ရထားဆိုက်တော့ မမက မဖြစ်မနေနှိုးမှဘဲ နိုးတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com

မြကြာဖြူ၏စကားကြောင့် ကျွန်ုပ်သည် ရထားပေါ်တွင် မြကြာဖြူအားမှီပြီး အိပ်ပျော်နေခဲ့မိခြင်းကို ပြန်သတိရကာ ရှက်လည်းရှက်၊ အားလည်းနား ဖြစ်သွားလေ၏။

ထို့ကြောင့် ရှက်ရယ်ရယ်လိုက်ပြီး . . .

"အိပ်ရေးပျက်ခဲ့တာတွေက များလွန်းတာနဲ့ ကျွန်တော် သတိလက်လွတ် အိပ်ပျော်သွားမိတယ်၊ မမမြကို အားနာလိုက်တာဗျာ"

မြကြာဖြူသည် လက်မှတ်ရုံဖြစ်သည့် မှတ်တိုင်နီနီနှင့် အဆောက်အအုံအတွင်းမှထွက်ရင်း ရယ်မောလေ၏။ ကျွန်ုပ်မှာ မရယ်မောနိုင်ဘဲ ရွှင်ပျနေသော သူ၏မျက်နှာကို ငေးကြည့်မိသည်။

"အခုမှ အားနာမနေနဲ့တော့၊ မမတို့ မီးရထားပေါ်က တောင်ဆင်းခဲ့ကြပြီးမှပဲ၊ အားနာနေမယ့်အစား တောင်ကြီးကို အော်ဒါလိုက်တဲ့ ကားတစ်စီးသာ ရှာပေတော့၊ ကားခဘယ်လောက်ကျကျ မမပေးပါ့မယ်"

ကျွန်ုပ်မှာ ဘူတာအပြင်ဘက်တွင် ရပ်ထားသော ဂျစ်ကားများဆီသို့ ကြည့်လိုက်ရာ အပြာရောင်ဂျစ်ကားလေးစီးမှာ လာရောက်ငှားရမ်းမည့်သူကို စောင့်ဆိုင်းနေဟန် ရပ်ထားသည်ကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အသက်လေးဆယ်ဝန်းကျင် ဒရိုင်ဘာတစ်ယောက်၏ ကားရှေ့တွင် ရပ်လိုက်ပြီး တောင်ကြီးသို့ အော်ဒါသွားလိုကြောင်း ပြောဆိုလိုက်ရာ ထိုသူက . . .

"တောင်ကြီးဘယ်နေရာကို သွားမှာလဲ"

"မိုင်းမောဟော်ကို သွားမှာပါ၊ အဲဒီကိုသွားရင် ကားခဘယ်လောက်ကျသလဲဆိုတာ ပြောပါဦး"

ကျွန်ုပ်နှင့် ကားဒရိုင်ဘာတို့ စကားပြောနေစဉ် မြကြာဖြူ က အနားသို့ ရောက်လာ၏။ သူမက ဒရိုင်ဘာပြောသည့် ကားခဈေးနှုန်းကို မဆစ်ဘဲ လက်ခံလိုက်၏။

သူမက ကားဒရိုင်ဘာအား ကားခကို အကျေပေးလိုက်ပြီးနောက် ကျွန်ုပ်အားလည်း ကားပေါ်သို့ တက်စေ၏။

ကျွန်ုပ်က ကားရှေ့ခန်းသို့တက်ပြီး ဒရိုင်ဘာ၏ဘေးတွင်ဝင်ထိုင်လိုက်ပြီး သူမကတော့ ဒရိုင်ဘာ၏နောက်တွင် ထိုင်လိုက် ၏။

"အခုချက်ချင်း ဒီကနေ ထွက်မှာလား၊ ဒါမှမဟုတ် မြို့ထဲ ဝင်ပြီး စားကြသောက်ကြဦးမှာလား"

ဒရိုင်ဘာက ရှမ်းစကားသံဝဲဝဲဖြင့် ယာဉ်မောင်းနေရာတွင် ထိုင်မိသည်နှင့် ထိုသို့မေးလိုက်ရာ မြကြာဖြူမှာ အားတက်သရောလေသံဖြင့် . . .

"ရှင်ပြောမှပဲ သတိရတယ်၊ ကျွန်မတို့ ဒီမနက် ဘာမှမစားရသေးဘူး၊ လက်ဖက်ရည်ဆိုင်ကောင်းကောင်း အရင်မောင်းပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်သည်နှင့် ကားဒရိုင်ဘာက ကားကိုစက်နှိုး ပြီး မောင်းထွက်လိုက်တော့၏။ ဘူတာမှ ထွက်ခွာခဲ့ပြီးနောက် မိတ္ထီလာ-တောင်ကြီးလမ်းမကြီးပေါ်အရောက်တွင်ရှိသော ကာကာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်၏။

ခနိမိုး၊ ထရံကာ မြေစိုက်တဲကို တန်းလျားသဖွယ် ခပ်မြင့်မြင့်ဆောက်ထားပြီး အတော်အတန် သပ်ရပ်သည့် လက်ဖက်ရည်ဆိုင်လေးဖြစ်သည်။ ဒရိုင်ဘာက ကျန်နေခဲ့မည်ပြောသဖြင့် သူတို့နှစ်ဦးသာ ဆိုင်အတွင်း ဝင်ရောက်ခဲ့ကြ၏။

ကျွန်ုပ်က လက်ဖက်ရည်ဆိုင်ထဲသို့ ဦးဆောင်ဝင်ရောက် လာပြီး လက်ဖက်ရည်ကို မှာလိုက်၏။

"ဒိုး . . . ပုဏ္ဏားကန်း"

စားပွဲထိုးမှာ အသက်သုံးဆယ်ဝန်းကျင်ရှိပြီး အတွေ့အကြုံရင့်နေသူ ပီသစွာ သူတို့ဆိုင်တွင်ရနိုင်သည့် မုန့်မျိုးစုံအမည်တို့ကို ရွတ်ပြလေ၏။

"မလိုင်နဲ့ နံပြားကောင်းကောင်းလည်း ရှိတယ်ဆပ်"

"ဟော့ . . . ငါ ကာကာဆိုင်က မလိုင်အကြောင်းသိတယ်၊ ငါတို့ကို နံပြားနဲ့ကီးမားပေး"

"ဟုတ်ကဲ့ ဆပ် . . . ဟုတ်ကဲ့"

စားပွဲထိုးထွက်အသွားတွင် မြကြာဖြူက ကျွန်ုပ်၏မျက်နှာ ကို ပြုံးချော့ကြည့်လိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"မောင်လေးက ဒီဆိုင်မျိုးနဲ့ ရင်းနှီးနေပုံပေါ်တယ်နော်"

ဟု အံ့ဩသလိုလေသံဖြင့် မေးလိုက်ရာ ကျွန်ုပ်က မထူးဆန်းသလို ပြုံးပြလိုက်ပြီး . . .

"ရန်ကုန်မှာဆို ကာကာဆိုင်တွေကိုပဲ သွားတယ်လေ . . မမမြရဲ့"

"မမတို့လည်း ရန်ကုန်မှာတုန်းက ကာကာဆိုင်ဝင်ပြီး စားသောက်ဖူးပါတယ်၊ မင်းမှာသလိုတော့ မမှာတတ်ဘူး"

"မှာတာပဲ ခက်တာမှတ်လို့၊ ဒိုးပုဏ္ဏာကန်းဆိုတာ လက်ဖက်ရည်နည်းနည်းနဲ့ ကောင်းကောင်းပေးပါဆိုတဲ့ သဘောပဲ၊ ကီးမားဆိုတာက အသားစဉ်းကောဟင်းကို ပြောတာ၊ အကြောင်းတိုက်ဆိုင်လို့ ပြောရဦးမယ်၊ သူတို့ရဲ့မလိုင်ကို ဘယ်တော့မှမစား နဲ့၊ အဲဒါ ပေါင်မုန့်ကိုခြေပြီး နွားနို့နဲ့ရောပြီး မီးဖိုပေါ်တင်ထားပြီး ပြုလုပ်တဲ့ မလိုင်မျိုးမမရဲ့"

"သြော် . . . ဒါကြောင့် မင်းက မလိုင်မမှာတာကိုး"

စားပွဲထိုးက နံပြားနှင့် အမဲသားစဉ်းကောဟင်းကို လာချပေးလိုက်သည်နှင့် ကျွန်ုပ်နှင့် သူမလည်း အစားအသောက်ဆီသို့ အာရုံရောက်သွားလေတော့၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# tcef; (8)

# jyefvnfqHkawGUMuavNyD

ကျွန်ုပ်နှင့် မြကြာဖြူတို့သည် တောင်တန်းအသွယ်သွယ် ကို ဖြတ်ကျော်ပြီးနောက် တောင်ကြီးမြို့သို့ ရောက်ရှိလာကြသည်။

သာစည်မှနေ၍ ရှမ်းတောင်တန်းများပေါ်သို့ တက်ခဲ့ကြသည့်ခရီးမှာ ကြည်နူးဖွယ်၊ လွမ်းဆွတ်ဖွယ် ခရီးဖြစ်လေသည်။ မြင့်မားမက်စောက်သော တောင်တန်းများမှာ မြူများဖုံးလွှမ်းနေသဖြင့် မှိုင်းပျပျနှင့် မှုန်ဝေနေသည်မှာ လွမ်းချင့်စဖွယ်ကောင်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်ဒေသ၏ အလှအပများကို မတွေ့ဖူး၊ မမြင်ဖူး၊ မကြုံဖူးသော ကျွန်ုပ်မှာ ထပ်ကာထပ်ကာ တွေ့မြင်နေရသော တောအုပ်ထူထူ၊ တောင်တန်းမြင့်မြင့်တို့၏ ရှုခင်းများကို ငြီးငွေ့ခြင်း မရှိဘဲ ကြည်နူးပျော်ရွှင်စွာ ကြည့်ရှုခဲ့၏။

တောင်ပေါ်မြေပြန့်ဒေသဟု ဆိုနိုင်သော ရွှေညောင်လွင် ပြင်မှ တောင်တံတိုင်းအဆင့်ဆင့်၏ အထက်ဘက်တွင်ရှိသော တောင်ကြီးမြို့သို့ တက်ခဲ့သည့်ခရီးမှာ အသည်းတအေးအေး၊ ရင် တဖိုဖို ဖြစ်စေခဲ့သည်။

တောင်ကြီးမြို့သို့ ရောက်သည့်အခါ ကျွန်ုပ်သည် မြကြာဖြူ နှင့်အတူ မိုင်းမောဟော်သို့တိုင် လိုက်ပါခဲ့သည်။ မြကြာဖြူက ကျွန်ုပ်အား မိုင်းမောဟော်တွင် တည်းခိုနေထိုင်ရန် ပြောဆိုသည် ကို လက်မခံဘဲ ကျွန်ုပ်က မြို့စွန်ရှိ ပအိုဝ့်ရွာလေးဆီသို့ ထွက်လာခဲ့ ၏။

ဝါးပြားရွာဟုခေါ်သော ပအိုဝ့်ရွာလေးဆီသို့ ထွက်ခဲ့ခြင်း ဖြစ်သည်။ ရွာထိပ်သို့အရောက်တွင် ကျွန်ုပ်စီးလာသည့်ကားကို ပြန်လွှတ်ပြီး ရွာအတွင်းသို့ လမ်းလျှောက်ဝင်လာခဲ့၏။

ရွာ၏အရှေ့ဘက်တွင် နှစ်ထပ်အိမ်ကြီးတစ်လုံးရှိသည်။ ကျွန်ုပ်သည် ထိုအိမ်ကြီးရှိရာသို့ တန်းတန်းမတ်မတ်လျှောက်ခဲ့လေ ၏။ ထိုအိမ်ကြီးသည် ဦးသိဒ္ဓိတို့ တည်းခိုနေထိုင်သည့် အိမ်ကြီးပင် ဖြစ်မည်ဟု ကျွန်ုပ်စိတ်က ယုံကြည်နေသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးသိဒ္ဓိက ကျွန်ုပ်အား တောင်ကြီးသို့လိုက်ခဲ့ရန် ခေါ်သည့် အထဲတွင် တောင်ကြီးမြို့စွန် ဝါးပြားရွာရှိ နှစ်ထပ်အိမ်မည်းမည်း ကြီးသို့ အရောက်လာရန်ကို အတိအလင်း ရေးသားထားသည်။

ဝါးပြားရွာတွင် ထိုအိမ်မှာ အကြီးဆုံးဖြစ်သဖြင့် ရှာဖွေရန် ခက်ခဲမည်မဟုတ်ကြောင်းကိုလည်း ဖော်ပြထားလေ၏။

အိမ်မည်းကြီးမှာ ဦးသိဒ္ဓိတို့ တည်းခိုသည့် အိမ်ဖြစ်ရမည် ဟု ခန့်မှန်းမိ၏။ အိမ်မည်းကြီးရှိရာ အရောက်တွင် အပေါ်ထပ်မှ ဆင်း၍ ကြိုဆိုသော ဦးသိဒ္ဓိကို တွေ့ရသည်တွင် ကျွန်ုပ်၏မှန်းဆ ချက် မှန်ကန်ကြောင်း သိလိုက်ရ၏။

ဦးသိဒ္ဓိသည် ကျွန်ုပ်အား တွေ့မြင်သည်နှင့် ဝမ်းသာအား ရဖြစ်သွားပြီး ကျွန်ုပ်၏လက်ကို ဆုပ်ကိုင်လှုပ်ရမ်းနှုတ်ဆက်တော့ ၏။

“ကျုပ်စိတ်ထဲမှာ ကိုကျော်စွာလိုက်လာမယ်လို့ တထစ်ချ ယုံကြည်ထားတယ်၊ မနေ့ကဆို ရွှေညောင်ဘူတာကိုတောင် ဆင်း ကြည့်လိုက်သေးတယ်”

ဟု ဦးသိဒ္ဓိက ဖက်လှဲတကင်း နှုတ်ဆက်ရင်း ပြော၏။

“ကျွန်တော်က မီးရထားနဲ့ သာစည်အထိ စီးလာပြီး၊ သာစည်ကနေ ဒီဘက်ကို ကားငှားပြီး လာခဲ့တာပါ”

“ဟာ . . . ဒါဆို စရိတ်တွေ အများကြီးကုန်ကျမှာပေါ့”

“မကုန်ခဲ့ပါဘူး၊ ကားခကို ကျွန်တော်နဲ့အတူပါလာတဲ့ အမျိုးသမီးတစ်ယောက်က အကုန်ခံတာ၊ ကျွန်တော်သူ့ကို အဖော်

www.burmeseclassic.com

www.burmeseclassic.com

လုပ်ရုံနဲ့ ကားအလကားစီးခွင့်ရခဲ့တာ၊ ဪ . . . ဒါနဲ့ ဦးသိဒ္ဓိရဲ့ တူတော်မောင်ရော မတွေ့ပါလား”

ကျွန်ုပ်သည် ကျွန်ုပ်အဖြစ်ကို ပြောရင်းမှ ကိုမိုးစွေအား မတွေ့မိသဖြင့် မေးမြန်းလိုက်၏။ ဦးသိဒ္ဓိက ကျွန်ုပ်အား အိမ်တွင်းသို့ဝင်ရန် လမ်းဖယ်ပေးပြီး . . .

“မောင်မိုးစွေက အိမ်နောက်ဘက်တောတန်းထဲမှာ ဓါးရေးလေ့ကျင့်နေတယ်၊ သူက နန်းတွင်းဓါးရေး (၃၇) ချင်းကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားတာဆိုတော့ ဓါးရေးတွေကို မမေ့အောင်နဲ့ ပိုပြီးကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်နေတာလေ”

BURMESE CLASSIC .com

ဟု ပြောပြလေ၏။

ကျွန်ုပ်သည် ခရီးဆောင်အိတ်ကိုလွယ်ပြီး ဦးသိဒ္ဓိအား ဖြတ်ကျော်ကာ အိမ်အတွင်းသို့ ဝင်ခဲ့ကြ၏။ အောက်ထပ်တွင် စုပုံထားသော ကြက်သွန်ဖြူများနှင့် ကြက်သွန်ဖြူရွေးနေသော သင်တိုင်းအနက်ရောင် ဝတ်ဆင်ထားသော အမျိုးသမီးနှစ်ယောက်၊ နက်ပြာရောင် ရှမ်းဘောင်းဘီဝတ် အမျိုးသားကြီးတစ်ယောက်တို့ ကို တွေ့ရ၏။

“အဲဒါက ဒီအိမ်ရဲ့အိမ်ရှင် ဦးခွန်ထွန်းနဲ့ သူ့သမီးနှစ်ယောက် ပဲ၊ သူတို့မိသားစုကို တစ်ချိန်က ကျုပ်ဆေးကုပေးခဲ့တဲ့ ကျေးဇူး ကြောင့် ကျုပ်တို့ကို ကူညီနေတဲ့သူတွေပေါ့၊ အခု သူတို့အလုပ်လုပ်

www.burmeseclassic.com

www.burmeseclassic.com

နေကြတော့ လုပ်ပါစေ၊ နောက်မှပဲ မောင်ကျော်စွာနဲ့ အသိအကျွမ်း ဖွဲ့ပေးမယ်၊ လာ . . . ကျုပ်တို့ အပေါ်ထပ်ကို တက်ကြရအောင်”

ကျွန်ုပ်သည် ဦးသိဒ္ဓိနှင့်အတူ အိမ်အတွင်းရှိ သစ်သား လှေကားဖြင့် အပေါ်ထပ်သို့ တက်လာခဲ့၏။ အပေါ်ထပ်အိမ်ရှေ့ ခန်းမှာ ကျယ်ပြန့်ပြီး အခန်းအလယ်တွင် မီးဖိုတစ်ခုကို တွေ့ရ သည်။

မီးဖိုဘေးတွင် မီးခိုးမှိုင်းတက်ကာ မည်းချိတ်နေသော ရေ နွေးအိုးတစ်လုံးရှိနေ၏။ မီးဖို၌ မီးကျီခဲများ ရဲနေသည်ကို တွေ့ရ ၏။ မီးဖို၏ရှေ့ဘက် အိမ်ဦးခန်းတွင် ကြီးမားသော ဘုရားစင်ကြီး ကို တွေ့ရသည်။

အိမ်ပေါ်သို့ရောက်သည်တွင် ကျွန်ုပ်သည် ဘုရားဝတ်ပြု ပြီး ဦးသိဒ္ဓိနှင့်အတူ မီးဖိုဘေးတွင် ဝင်ထိုင်လိုက်သည်။ ဦးသိဒ္ဓိက မီးဖိုပေါ်မှ ရေနွေးကြမ်းအိုးကိုယူကာ ကရွတ်ခွေတစ်ခုပေါ်တင် လိုက်၏။

ထို့နောက် မီးဖိုဘေးတွင်ချထားသော လင်ဗန်းထဲမှ အကြမ်းပန်းကန်နှစ်လုံးကိုယူကာ ပန်းကန်ထဲသို့ ဆားအနည်းငယ် ခတ်ပြီး အိုးထဲမှ ရေနွေးကြမ်းကို ငှဲ့ထည့်လိုက်၏။ ရေနွေးကြမ်း အရောင်မှာ စိမ်းဖန့်ဖန့်ရွှေဝါရောင်ဖြစ်သည်ကို သတိပြုမိ၏။

“ဒီအရပ်က နေဝင်ပြီဆိုတာနဲ့ အေးတော့တာပဲ၊ ဒါကြောင့် အိမ်ရှေ့ခန်းမှာ မီးဖိုထားရတယ်၊ ဒီမီးဖိုက ချက်ပြုတ်ဖို့ မဟုတ်ဘူး၊ မီးလှုံဖို့ပါ”

www.burmeseclassic.com

www.burmeseclassic.com

ဦးသိဒ္ဓိက စကားပြောရင်း ကျွန်ုပ်၏ရှေ့တွင် ရေနွေးကြမ်း ပန်းကန်ချထားလေ၏။ ကျွန်ုပ်က ရေနွေးကြမ်းပန်းကန်ကို ဆွဲယူ ပြီး ဖြည်းညှင်းစွာ မှုတ်သောက်လိုက်၏။

ဆားခတ်ထားသည့် ရေနွေးကြမ်းမှာ လေးလေးပင်ပင်နှင့် ဖန်ရှရှအရသာရှိ၏။ ရေနွေးကြမ်းတစ်ငုံသောက်လိုက်သည်နှင့် မွှေးပျံ့သည့်ရနံ့ကို ခံစားရ၏။

"ရေနွေးကြမ်းက တယ်လည်းအရသာရှိပါလား ဦးသိဒ္ဓိ"

"ဒီအရပ်ဒေသရဲ့ ထုံးစံအတိုင်း အကြမ်းခြောက်ကိုလှော် ပြီး ခတ်ထားတာ၊ အနံ့မွှေးမွှေးနဲ့ သောက်လို့ကောင်းအောင် စီမံ ထားတာလေ"

BURMESE CLASSIC .com

ရေနွေးကြမ်းသောက်ရင်း စကားပြောနေသော ကျွန်ုပ်တို့ မှာ ရည်ရွယ်ရင်း အကြောင်းအရာများကို မပြောဖြစ်ကြသေးပေ။ ကျွန်ုပ်သည် ရေနွေးကြမ်းတစ်ပန်းကန်ကို သောက်အပြီးတွင် ဦးသိဒ္ဓိ အား လှမ်းကြည့်လိုက်သည်။

"ဦးသိဒ္ဓိတို့ ခရီးစထွက်ဖို့ အစီအစဉ်အားလုံး လုပ်ပြီးပြီ လား"

"ပြီးနေပါပြီ၊ ခရီးက ဘယ်လောက်ရှည်မယ်မှန်းမသိတော့ ပြည့်စုံသည်ထက် ပြည့်စုံအောင် စီစဉ်နေရတယ်"

ဦးသိဒ္ဓိက ကျွန်ုပ်အတွက် ရေနွေးကြမ်းငှဲ့ပေးပြန်သည်။ ကျွန်ုပ်က ရေနွေးကြမ်းမသောက်တော့ဘဲ သူ့ကို အကဲခတ်သလို စူးစိုက်ကြည့်လိုက်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

"ဦးသိဒ္ဓိကို ကျွန်တော် ပြောစရာရှိတယ်ဗျ"

"ဟုတ်လား . . . ဘာများလဲ၊ ပြောလေ ကိုကျော်စွာ"

"တခြားမဟုတ်ပါဘူး၊ တံဆိပ်တော်ရွှေဒင်္ဂါးပြားရှိတဲ့ မိန်းကလေးတစ်ယောက် ကျွန်တော်တွေ့လာတယ်"

ဦးသိဒ္ဓိ၏ ထူထဲသော မျက်ခုံးနှစ်ဖက်မှာ ရုတ်ချည်းမြင့်တက်သွားပြီး . . .

"ဟင် . . . ဟုတ်လား"

ကျွန်ုပ်က ဦးသိဒ္ဓိအား စံပယ်မြိုင်တို့နှင့် တွေ့ဆုံခဲ့ရပုံတို့ ကို ပြောပြလိုက်သည်။ ဦးသိဒ္ဓိက ကျွန်ုပ်စကားကို စိတ်ဝင်တစားနားထောင်နေ၏။

"အင်း . . . တဖြည်းဖြည်းနဲ့ ဒီဇာတ်လမ်းက ဇာတ်ပေါင်းခန်းရောက်တော့မှာပါလား၊ အဲဒီမိန်းကလေးရဲ့နာမည်က စံပယ်မြိုင်နော်"

BURMESE CLASSIC .com

"ဟုတ်ပါတယ် . . . ဦးသိဒ္ဓိ"

"သူက အိပ်မက်ကို လိုက်ရှာနေတယ်ဆိုတာ စိတ်ဝင်စား စရာပဲ၊ ဒီထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတာက သူ့မှာ အမိန့်တံဆိပ်တော်ရှိနေတာပဲ၊ ကျုပ်စိတ်ထဲမှာတော့ အဲဒီစံပယ်မြိုင်ဟာ သခင်လေး . . . အဲ သခင်လေးဆိုတာ မောင်မိုးစွေကို ပြောတာ ပါ၊ သူလိုက်ရှာနေတဲ့ မိန်းကလေးဖြစ်မှာ သေချာတယ်"

"ကျွန်တော်တစ်ခုလောက် မေးပါရစေလား . . . ဦးသိဒ္ဓိ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဦးသိဒ္ဓိ၏ စကားကိုနားထောင်ရင်း ကျွန်ုပ်၏ရင်တွင်း၌ ရှိနေသော သိချင်စိတ်ကို ဖွင့်ဟမေးမြန်းရန် စကားစလိုက်၏။ ဦးသိဒ္ဓိက ကျွန်ုပ်အား စူးစိုက်ကာ ကြည့်နေရင်းမှ ခေါင်းညိတ်ပြလေ၏။

"ကိုကျော်စွာ သိချင်နေတာက ကျုပ်ပြောပြချင်နေတဲ့ အကြောင်းများ ဖြစ်နေမလား မသိဘူး၊ ကိုကျော်စွာ ဘာကိုမေးမှာလဲ . . . မေးပါ"

ကျွန်ုပ်က အိတ်ထဲမှ ဂိုးဖလိပ်စီးကရက်ဘူးကိုထုတ်ပြီး ဦးသိဒ္ဓိအား ကမ်းပေးလိုက်သည်။ ဦးသိဒ္ဓိက ခေါင်းခါငြင်းပယ်လိုက်သည့်အခါ ကျွန်ုပ်က ဘူးထဲမှ စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိဖွာရှိုက်လိုက်ပြီးနောက် စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း မှ . . .

"ကျွန်တော်သိချင်တာက ဦးသိဒ္ဓိတို့အကြောင်းပါ၊ အထူး သဖြင့် ကိုမိုးစွေရဲ့အကြောင်းပဲ ဆိုပါတော့ဗျာ၊ ဟိုတစ်ခါ မိုးလေပြင်းထန်တဲ့ညက ကျွန်တော့်အိမ်ကိုရောက်လာတော့ ကိုမိုးစွေ ညည်းနေတာကို ကျွန်တော်ကြားခဲ့ရတယ်၊ မောင်တော်လာခဲ့မယ် . . . နှမတော် ဆိုပြီးထင်ပါရဲ့၊ အဲဒီကတည်းက ကိုမိုးစွေမှာ ထူးခြားတဲ့နောက်ကြောင်း ရှိနေလိမ့်မယ်လို့ ထင်ထားတာ"

ဦးသိဒ္ဓိက ရေနွေးကြမ်းကိုငုံ့သောက်ရင်းမှ ကျွန်ုပ်အား ပြုံးကြည့်သည်။ စူးရှအရောင်လက်နေသော သူ့မျက်လုံးအစုံက

www.burmeseclassic.com

www.burmeseclassic.com

တစ်ခဏအတွင်းမှာပင် ရီဝေမှိုင်းညို့သွားလေ၏။ သူ့မျက်နှာပေါ် မှ အပြုံးသည်လည်း ပြေလျော့ပျောက်ကွယ်လို့သွား၏။

"အင်း . . . ပြောရရင်တော့ မောင်မိုးစွေမှာ ထူးခြားဆန်း ပြားတဲ့ နောက်ကြောင်းရှိတယ်၊ အဲဒီနောက်ကြောင်းဆိုတာက အခုဘဝဇာတ်ကြောင်း မဟုတ်ဘူး၊ အတိတ်ဘဝဇာတ်ကြောင်းပါ"

ဦးသိဒ္ဓိ၏စကားက ကျွန်ုပ်အား စိတ်လှုပ်ရှားသွားစေ သည်။ ထိုစကားသည် ကျွန်ုပ်၏စိတ်ဝင်စားမှုအား နှိုးဆွလိုက် သကဲ့သို့ ရှိလေ၏။

"ကျွန်တော့်ကို ဒီထက်ပိုပြီး ရှင်းအောင်ပြောပြပေးပါလား ဦးသိဒ္ဓိ"

"ပြောပြပါ့မယ်၊ ဒါပေမယ့် အဲဒီအကြောင်းတွေပြောဖို့က နည်းနည်းလေးတော့ အချိန်ယူဖို့လိုလိမ့်မယ်၊ အကြောင်းအရာ အားလုံးကို စီကာပတ်ကုံးပြောနေတာထက် အဖြစ်အပျက် အစ အဆုံးကို ခြုံငုံပြီး နားလည်အောင် ပြောရရင် ပိုကောင်းမယ်လို့ ကျုပ်ထင်တယ်"

"ဟုတ်ကဲ့ . . . ဦးသိဒ္ဓိ ကြိုက်တဲ့ပုံစံနဲ့သာ ပြောပါ၊ ကျွန် တော့်အတွက်တော့ သိရဖို့က အဓိကပါ"

ဦးသိဒ္ဓိက ပြုံးပြီး ခေါင်းညိတ်ပြလေသည်။ သူ့အနေ အထားမှာ ရုတ်တရက် စိတ်လှုပ်ရှားသွားရာမှ ပြန်လည်တည်ငြိမ် လာသည့် ပုံမျိုးပေါ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"သိချင်တယ်ဆိုရင် နည်းနည်းစောင့်ပါ၊ ညကျရင် ကျုပ် အဲဒီအကြောင်းကို ပြောပြပါ့မယ်၊ မီးဖိုဘေးမှာ မီးလှုံရင်း၊ ခေါပုတ် စားရင်းနဲ့ ရေနွေးကြမ်းသောက်ရင်း ပြောကြတာပေါ့၊ အနားမှာ ကာယကံရှင်ဖြစ်တဲ့ မောင်မိုးစွေပါရှိနေတော့ ပိုကောင်းပါလိမ့်မယ်"

"ဟုတ်ပါပြီ၊ ဦးသိဒ္ဓိက ညကျမှ ပြောမယ်ဆိုတော့လည်း ညရောက်တဲ့အထိ စောင့်ရတာပေါ့ဗျာ၊ လောလောဆယ်မှာ ဦးသိဒ္ဓိ နဲ့ကိုမိုးစွေ ဘယ်လိုအဆက်အစပ်ရှိတယ် ဆိုတာကိုတော့ ပြောပြ နိုင်မယ်ထင်ပါတယ်"

"သြော် . . . အဲဒါက သိပ်မဆန်းလှပါဘူး၊ မောင်မိုးစွေရဲ့ အဖေ နယ်ပိုင်ဝန်ထောက်မင်းက ကျုပ်ရဲ့ဆရာ၊ ကျုပ်ရဲ့ကျေးဇူးရှင် လေ၊ မောင်မိုးစွေကို ငယ်ငယ်က ကျုပ်ထိန်းခဲ့ရတာပေါ့"

သူဆယ်နှစ်သားအရွယ်လောက်မှာ ဆရာက ဗန်းမော်မှာ တာဝန်ကျတယ်၊ ကျုပ်လည်း ဆရာတို့မိသားစုနဲ့အတူ ဗန်းမော်မှာ လိုက်နေရတာပေါ့၊ အဲဒီမှာ ကျုပ်အတွက် အပြောင်းအလဲဖြစ်စရာ အကြောင်းပေါ်လာတယ်။

အဲဒါက နယ်လှည့်ပြီး ဆေးကုနေတဲ့ သမားတော်တစ် ယောက်နဲ့ တွေ့တယ်၊ အဲဒီသမားတော်ဟာ ရိုးရိုးသမားတော် မဟုတ်ဘူး၊ ကျင့်စဉ်တစ်ရပ်ကို ကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ် ထူးပဲ။

သူနဲ့တွေ့တော့ ကျုပ်က သူ့ကိုကြည်ညိုလေးစားပြီး လောကီပညာ၊ လောကုတ္တရာပညာတွေသင်ဖို့ သူ့နောက်ကိုလိုက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်၊ ဒီလိုလိုက်တာကို ကျုပ်ရဲ့ဆရာရင်းဖြစ်တဲ့ မောင်မိုးစွေ အဖေက ခွင့်ပြုခဲ့ပါတယ်”

“ဒါဆို ဦးသိဒ္ဓိက ကိုမိုးစွေတို့ မိသားစုနဲ့ ခွဲသွားရတာပေါ့”

ဦးသိဒ္ဓိက ခေါင်းကိုဖြင်သာစွာ ညိတ်ပြလိုက်ပြီး ပြောလေ ၏။

“ဟုတ်တယ်၊ ဆရာသခင်က မြို့ရွာတွေမှာ ဆေးကုသွား ရာကို ကျုပ်လိုက်နေခဲ့ရပြီး နှစ်နှစ်လောက်အကြာမှာ ဆရာသခင် ရဲ့ အဓိဋ္ဌာန်ပြည့်သွားတာနဲ့ တောထဲကိုဝင်တယ်၊ ကျုပ်ဆရာသခင် နဲ့အတူ မဟာမြိုင်တောထဲကို လိုက်ခဲ့တာပေါ့။

ဆရာသခင်နဲ့အတူ နေရတဲ့အချိန်တွေကို ပြန်ပြီးတွက် ကြည့်ရင် ဆယ့်ငါးနှစ်လောက်ရှိလိမ့်မယ်၊ အဲဒီနောက် ဆရာသခင် က တိဗက်တောင်တန်းတွေဘက်ကို ထွက်သွားတဲ့အခါ ကျုပ်လည်း တောထဲက ထွက်ပြီး မောင်မိုးစွေတို့မိသားစုကို လိုက်ရှာတယ်၊ အဲဒီလိုရှာရင်းနဲ့ ကျုပ်ရဲ့ကျေးဇူးရှင် နယ်ပိုင်ဝန်ထောက်မင်းကြီး ကွယ်လွန်သွားပြီး မောင်မိုးစွေတို့သားအမိ မန္တလေးကို ရောက်နေ တယ်ဆိုတာ သိခဲ့ရတယ်၊ ဒါနဲ့ ကျုပ် မန္တလေးကို လိုက်ခဲ့တာပဲ”

“ဩော် . . . ကိုမိုးစွေရဲ့ အဖေက ဆုံးသွားမှကိုး”

“အဖေတင် မဟုတ်ဘူး၊ သူ့အမေလည်း ဆုံးသွားပြီ၊ ကျုပ်နဲ့တွေ့ပြီး တစ်နှစ်မှာ ဆုံးသွားခဲ့တယ်၊ နယ်ပိုင်ဝန်ထောက် ကြီးနဲ့ ဝန်ထောက်ကတော်တို့ဟာ ကျုပ်ရဲ့သခင်တွေမို့ ကျုပ်က သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com

သခင်၊ သခင်မလို့ပဲ ခေါ်ခဲ့တယ်၊ မောင်မိုးစွေကိုလည်း သခင်လေးလို့ ခေါ်ခဲ့တယ်။

ဒါပေမယ့် မောင်မိုးစွေက အဲဒီလိုခေါ်တာကို မကြိုက်လို့ ကျုပ်က သူ့အမည်ကို ပြောင်းခေါ်နေရတာ၊ သေသေချာချာ အကျင့်မပါသေးဘူး၊ အခေါ်မှားနေတုန်းပဲ"

"အဲဒါကို ကျွန်တော်သတိထားမိပါတယ်"

"မောင်မိုးစွေက သူ့အမေဆုံးသွားပြီးတဲ့နောက် သူ့တစ်သက်လုံး ရှာချင်နေတဲ့သူကို ရှာမယ်ဆိုပြီး ထွက်လာတာ၊ သူထွက်လာတော့ ကျုပ်လည်း သူနဲ့အတူ ပါလာရတာပေါ့"

ကျွန်ုပ်သည် ဦးသိဒ္ဓိ၏စကားကို နားထောင်ရင်း ကြေးပြားတံဆိပ်အကြောင်းကို မေးချင်နေမိသည်။ သို့သော် ဦးသိဒ္ဓိက ကိုမိုးစွေအကြောင်း ပြောပြသည့်အခါ ကြေးပြားတံဆိပ်အကြောင်း ပါလာနိုင်သဖြင့် သိချစ်စိတ်ကို ထိန်းလိုက်ရသည်။

ကျွန်ုပ်နှင့် ဦးသိဒ္ဓိတို့ ရေနွေးကြမ်းသောက်ရင်း စကားပြောနေခဲ့ရာ အတန်ကြာသွားလေ၏။ သူ့အကျီအိတ်ထဲမှ အိတ်ဆောင်နာရီကို ထုတ်ကြည့်ပြီး ထိုင်ရာမှထလိုက်သည့်အခါ ကျွန်ုပ် မှာ သိချင်စိတ်နှင့် ဦးသိဒ္ဓိအား လှမ်းကြည့်မိသည်။

"မောင်မိုးစွေ ဓါးရေးလေ့ကျင့်နေတာလည်း ကြာလှပြီ၊ သူ့ကို နားခိုင်းတော့မယ်"

"သူက ခြံထဲမှာဆိုတော့ ဦးသိဒ္ဓိ သူ့ဆီကို သွားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဦးသိဒ္ဓိကလည်း ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် . . . သွားရမှာပေါ့၊ ကိုကျော်စွာလည်း လိုက်ချင်လိုက်ခဲ့လေ၊ ဒီပတ်ဝန်းကျင်ကို လေ့လာရတာပေါ့"

ကျွန်ုပ်က ဦးသိဒ္ဓိအား ခေါင်းညိတ်ပြပြီး ချက်ချင်းပင် ထိုင် ရာမှ ထလိုက်သည်။ ပြီးနောက် အိမ်ပေါ်မှ နှစ်ယောက်အတူ ဆင်းခဲ့လေသည်။

နှစ်ထပ်အိမ်ကြီး၏ အနောက်ဖက်တွင် နွားတဲ၊ ကောက် ရိုးစင်တို့ ရှိသည်။ ထိုနေရာကိုလွန်သည်နှင့် သစ်ပင်များ စုစုဝေး ဝေးပေါက်နေသော တောအုပ်ငယ်တစ်ခုကို တွေ့ရ၏။

ထိုတောအုပ်ငယ်အတွင်း၌ တစ်နေရာမှတစ်နေရာသို့ ခုန်ပျံပြေးလွှားပြီး ဓါးရေးလေ့ကျင့်နေသော ကိုမိုးစွေအား တွေ့ ရလေ၏။ သူ၏ခန္ဓာအောက်ပိုင်းတွင် ရှမ်းဘောင်းဘီအနက်တစ် ထည်ကို ဝတ်ဆင်ထားပြီး အပေါ်ပိုင်းဗလာကျင်းထား၏။

ကြွက်သားအဖုဖုထနေသော သူ၏ခန္ဓာကိုယ်အပေါ်ပိုင်း မှာ ချွေးတွေ ရွှဲနစ်နေပြီး နေရောင်ထဲတွင် စိုလက်နေလေရာ ယောကျ်ားပီသခန့်ငြားမှုကို အထင်းသား မြင်ရလေ၏။

ကျွန်ုပ်သည် ဓါးရေးသုံးဆယ့်ခုနှစ်ချင်းကို သိတန်သရွေ့ သိအောင် လေ့လာထားသူဖြစ်၍ ကိုမိုးစွေ၏ ဓါးရေးလေ့ကျင့်နေ ပုံကိုကြည့်ပြီး မောက်တိုယပ်ဓါးနှင့် ကစားနေကြောင်း သိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကိုမိုးစွေရဲ့ မောက်တိုယပ်ခါးချင်းက တော်တော်ကောင်း တာပဲ၊ ခါးအထုတ်အသိမ်းမြန်ပြီး ပိပိရိရိရှိတယ်၊ အရှိန်အဟုန် ပြင်းထန်တယ်"

ကျွန်ုပ်က ကိုမိုးစွေ၏ ခါးကစားဟန်ကိုကြည့်ပြီး အမှတ် မထင် ပြောလိုက်မိသည်။ ထိုအခါ ဦးသိဒ္ဓိက ကျွန်ုပ်အား ဖျတ် ခနဲ လှည့်ကြည့်ကာ ပြုံးလေ၏။

"ကိုကျော်စွာက ခါးရေးတတ်တယ် ထင်ပါရဲ့"

"မတတ်ပါဘူး၊ နည်းနည်းပါးပါးလောက် သိထားတာပါ၊ စာပေကျမ်းဂန်တွေထဲက လေ့လာပြီး လက်တွေ့လေ့ကျင့်တာကို တွေ့ဖူးရုံမျှပါ"

"ခါးချင်းလူးတားကို ရမှာပေါ့"

"ဟုတ်ကဲ့ . . . ရပါတယ်၊ လူးတားက မြတ်နိုးစွာအပ်၊ မောက်တိုယပ်မူ၊ လျှပ်လျှပ်ရွှန်းစို၊ ထက်ခါးကိုလျှင်၊ မောက်တိုထပ် နှင့် မျှအောင်မြင်၍၊ ပွင့်ပွင့်လန်းသူ၊ နုတ်ကာယူသည် မြင်သူအံ့သြ မူးတည့်လေး၊ မောက်တိုယပ်ရေ၊ ကျော်နီဝေး ဆိုတာမဟုတ်လား ဦးသိဒ္ဓိ"

"ဟုတ်ပါတယ် . . . ကိုကျော်စွာ"

"အဆုတ်အတက်၊ ခါးကိုးကွက်မှာ စွန်ယုတ်နှစ်ပတ်လိမ်၊ ထီးအုပ်၊ ဘယက်လှန်၊ ထီးအုပ်၊ ငှက်လှန်၊ ထီးအုပ်၊ စွန်ပြန်၊ ထီးအုပ်၊ စလွယ်လှန်၊ ထီးအုပ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကျော်စွာက သေသေချာချာ မှတ်မိနေတာပဲ"

"ဟုတ်ကဲ့ . . . ငှက်မခါးခင်း၊ ညာဘက်စွန်နှစ်ပင်လိမ်၊ ညာခြေကြွထီးအုပ်၊ ဘက်ယက်လှန်၊ ညာခြေချ၊ ထီးအုပ်၊ ညာတိမ်း၊ ငှက်သွဲ့လှန်ဆိုတဲ့ လှုပ်ရှားကစားကွက်တွေကိုလည်း သိပါတယ်"

ဦးသိဒ္ဓိက ကျွန်ုပ်အားကြည့်ပြီး ခေါင်းတစ်ဆတ်ဆတ် ညိတ်လေ၏။

"ကိုကျော်စွာက စာထဲပေထဲတွေ့ပြီး မှတ်သားထားရုံတော့ မဟုတ်ဘူးထင်တယ်၊ ဓါးရေးတွေကို အသင့်အတင့်တော့ တတ်လိမ့်မယ်လို့ ကျုပ်ထင်တယ်"

"သင့်ရုံပါ၊ ကျွန်တော် ဖြစ်ဖြစ်မြောက်မြောက်တတ်တာ က တုတ်သိုင်းပညာပါ၊ ကျွန်တော်တို့အနားမှာ ဟိန္ဒူစတန်ဒီလူမျိုး တွေ နေကြတာများလို့ သူတို့ဆီက ကိုယ့်ကိုယ်ကို ကာကွယ်နိုင် ရုံလောက် သင်ထားခဲ့တာပါ"

ကျွန်ုပ်နှင့် ဦးသိဒ္ဓိတို့ စကားပြောနေစဉ် ကိုမိုးစွေက ဓါးရေးလေ့ကျင့်ခြင်း ရပ်လိုက်ပြီး ကျွန်ုပ်တို့ရှိရာသို့ လျှောက်လာလေ၏။

ကျွန်ုပ်တို့အနားသို့အရောက်တွင် သူက ဓါးနှစ်လက်ကို မြေပြင်ပေါ် ထိုးစိုက်လိုက်ပြီး ကျွန်ုပ်၏လက်မောင်းကို အားပါး တရ ဆုပ်ကိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုရောက်လာပြီနော်၊ အစ်ကိုနဲ့ အခုလို ပြန်တွေ့ရ တာ သိပ်ဝမ်းသာပါတယ်၊ ဟိုတစ်ညက ကျေးဇူးပြုခဲ့တာကိုလည်း ခုထက်ထိ မမေ့နိုင်ပါဘူး"

ယခုမှ တွေ့မြင်ဖူးသော်လည်း သူက တကယ့်မိတ်ဆွေ ရင်းပမာ ဖက်လှဲတကင်း နှုတ်ဆက်လေ၏။

ကျွန်ုပ်ကလည်း ရင်းနှီးခင်မင်စွာဖြင့် . . .

"ကျေးဇူးစကားတွေ ပြောမနေပါနဲ့ ကိုမိုးစွေ၊ ကျွန်တော့် စိတ်ထဲမှာ ညီတစ်ယောက်အပေါ် ပြုသင့်တာကို ပြုလိုက်တယ် လို့ပဲ ခံယူထားပါတယ်"

ကိုမိုးစွေက ကျွန်ုပ်၏လက်မောင်းကို ဆုပ်ကိုင်ထားရင်းမှ ပြုံးလိုက်ပြီး . . .

"အစ်ကို့ကို တစ်ခုပြောထားချင်ပါတယ်"

"ဘာများပြောချင်လို့လဲ၊ ပြောပါဦးဗျာ"

"ကျွန်တော့်ကို ညီတစ်ယောက်လို သဘောထားတယ်ဆို ရင် ညီလေးလို့ပဲခေါ်ပါ၊ အစ်ကိုတစ်ယောက်က ညီကို ပြောဆို ဆက်ဆံသလိုပဲ ပြောဆိုဆက်ဆံပါ၊ ကိုမိုးစွေလို့ခေါ်တာမျိုး မလုပ် ပါနဲ့ဗျာ"

သူ့စကားကို နားထောင်ရင်းမှ ကျွန်ုပ်က ခေါင်းညိတ်ပြ လိုက်၏။ သူ့အား ညီလေးဆိုသည့် အသုံးအနှုန်းဖြင့် ခေါ်ဝေါ် သုံးနှုန်းမည်ဟုလည်း ဆုံးဖြတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီဗျာ၊ ညီလေးသဘောကျပဲ ခေါ်ပြောပါတော့ မယ်၊ အခုညီလေးနဲ့ တွေ့ရချိန်မှာ တစ်ခါတုန်းကလည်း အခုလိုပဲ တွေ့ဖူးသလို အစ်ကို့စိတ်ထဲမှာ ခံစားနေရတယ်"

ထိုစကားကိုတော့ ကျွန်ုပ်သည် ရင်ထဲအမှန်ရှိသည့်အတိုင်း ပြောလိုက်ခြင်းဖြစ်သည်။ ထိုအခါ မိုးစွေကလည်း နှစ်လိုဖွယ်ပြုံးလျက် . . .

"ကျွန်တော်လည်း အဲသလိုပဲ ခံစားရတယ် အစ်ကို၊ အခု မှ မဟုတ်ပါဘူး၊ အရင်တစ်ခါတွေ့ကတည်းက အစ်ကိုနဲ့ တွေ့ဆုံဖူးတယ်လို့ စိတ်ထဲမှာ ခံစားနေခဲ့ရတာပါ၊ ပြီးတော့ အစ်ကိုဟာ ကျွန်တော့်အတွက် သူစိမ်းတစ်ယောက်မဟုတ်ဘဲ သွေးရင်းသား ရင်းတစ်ယောက်လို့ပဲ ထင်နေမိပါတယ်"

"ထင်ရုံပဲလား . . . ညီလေးရဲ့"

ကျွန်ုပ်က ပြုံးရွှင်နေသော မောင်မိုးစွေမျက်နှာကို စေ့စေ့ကြည့်ပြီး နောက်ပြောင်ကျီစယ်လိုစိတ်ဖြင့် မေးလိုက်မိ၏။ မောင်မိုးစွေ က ရယ်မောပြီး ကျွန်ုပ်၏လက်မောင်းကို ဖျစ်ညှစ်လျက် . . .

"ထင်ရုံပဲ မဟုတ်ပါဘူး၊ အစ်ကိုက ကျွန်တော့်အစ်ကို အရင်းပါပဲဗျာ"

"အစ်ကိုကလည်း မင်းကို ညီအရင်းလိုပဲ သဘောထား ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ စကားအဖြစ်နှင့် ပြောနေခြင်းမဟုတ်ဘဲ အမှန်တကယ်ပင် မိုးစွေအား ညီအရင်းတစ်ယောက်လို စိတ်ထဲမှ ထင်မြင်လာမိသည်။

"ညီလေးကစားထားတာ ချွေးတွေ၊ သံတွေနဲ့ဆိုတော့ လေအေးတွေ တိုက်နေတာ ချွေးငုပ်သွားဦးမယ်၊ ချွေးသုတ်ပြီး နားလိုက်ပါဦး"

"ဟုတ်ကဲ့ . . . ခဏနေရင် ပြန်ဆုံကြပြီး စကားပြောကြ တာပေါ့၊ ကျွန်တော် ဓါးတွေ သွားသိမ်းပြီး ကိုယ်လက်သန့်စင်လိုက် ဦးမယ်နော် အစ်ကို"

ကျွန်ုပ်က မိုးစွေအား ခေါင်းညိတ်ပြလိုက်၏။ မိုးစွေသည် မြေပေါ်တွင် ထိုးစိုက်ထားသည့် ဓါးနှစ်လက်ကိုနှုတ်ယူပြီး နှစ်ထပ်အိမ်ကြီးရှိရာသို့ ထွက်ခွာသွားလေ၏။

ကျွန်ုပ်နှင့် ဦးသိဒ္ဓိတို့မှာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီးနောက် အိမ်ရှိရာသို့ လျှောက်လှမ်းခဲ့ကြ၏။

ဝါးပြားရွာမှာ တောင်ကြီးမြို့နှင့် ကပ်နေသော်လည်း ကျေးရွာတစ်ရွာ၏ ပြယုဂ်အတိုင်း ရှိနေသည်ကို မြင်တွေ့ခဲ့ရ၏။ ရွာသူရွာသားများမှာ ပအိုဝ့်လူမျိုးများဖြစ်ပြီး များသောအားဖြင့် တောင်ယာအလုပ်ကို လုပ်ကိုင်ကြ၏။

ကျွန်ုပ်တို့ အိမ်ပေါ်သို့ရောက်ပြီး မကြာခင်မှာပဲ အိမ်ရှင် ဦးခွန်ထွန်းရောက်လာ၏။ တစ်ခဏအကြာတွင် မိုးစွေပါ ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာ၏။ ကျွန်ုပ်တို့ မီးဖိုဘေးတွင် ဝိုင်းနေကြစဉ် ဦးခွန်ထွန်း၏သမီး နှစ်ယောက်က ထမင်းပွဲပြင်ပေးကြသည်။

မုန်ညင်းဟင်း၊ ဝါးသပွဲခြောက်ကြော်၊ ပဲပုပ်ချက်တို့ဖြင့် စားရသည့် ညစာထမင်းမှာ မြိန်ယှက်လှသည်။ ညစာစားပြီး မီးဖို ဘေးတွင်ထိုင်ကာ ရေနွေးကြမ်းဝိုင်းဖွဲ့ကြစဉ် ဦးသိဒ္ဓိက သူ့ကတိ အတိုင်း မိုးစွေနှင့်ပတ်သက်ပြီး ထူးခြားသော အကြောင်းအရာ တို့ကို စ၍ပြောပြလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးစွေငယ်ငယ်တုန်းက သူ့ကိုယ်သူ ရတနာဒီပ နေပြည်တော်က စစ်သူကြီးတစ်ယောက်လို့ ပြောလေ့ရှိတယ်၊ ရတနာဒီပနေပြည်တော်ဟာ သိပ်ပြီးသာယာတဲ့အကြောင်း၊ တောင်ကြားဒေသမှာရှိတဲ့ ဒီနေပြည်တော်ကို အင်မတန်ချောမောလှပတဲ့ ဘုရင်မတစ်ပါးက အုပ်ချုပ်တယ်၊ သူက အဲဒီဘုရင်မရဲ့ စစ်သူကြီးတဲ့၊ သူ့နာမည်က မင်းရဲသီဟလို့ ပြောတယ်"

ဦးသိဒ္ဓိက မီးရှိန်ကောင်းနေသော မီးဖိုကို စူးစိုက်ကြည့်ရင်း မှ ပြောလေ၏။ သူ့မျက်နှာက လေးနက်တည်ကြည်နေပြီး သူပြောနေသည့် အကြောင်းအရာများအပေါ်တွင် ယုံကြည်စိတ်အပြည့် အဝရှိဟန် ပေါ်လွင်လို့နေ၏။

"သူက ကလေးပီပီ ရွှေတွေငွေတွေ ပေါများတဲ့ မြို့တော်ကြီးအကြောင်း ပြောပြောနေတာ၊ ကျုပ်တို့က ပထမပိုင်းမှာ သူပြောနေတာတွေကို သိပ်အရေးမကြီးဘူးလို့ပဲ သဘောထားခဲ့ကြ တာ . . . ။

နောက်တော့ သူပြောတဲ့ အကြောင်းအရာတွေက တစ်ကြိမ်နဲ့တစ်ကြိမ် ကွဲပြားခြားနားမှု မရှိဘူး၊ အရင်ပြောခဲ့ဖူးတဲ့ အကြောင်းတွေကို ဘယ်နှစ်ခါထပ်ပြီး ပြန်ပြောပြော အပြောင်း

www.burmeseclassic.com

www.burmeseclassic.com

အလဲက မရှိဘူး၊ အရင်ပြောခဲ့တာနဲ့ ထပ်တူထပ်မျှ တူညီနေတတ်တယ်”

ကျွန်ုပ်သည် ဦးသိဒ္ဓိစကားပြောနေခိုက်တွင် မေးခွန်းမထုတ်တော့ရန် စဉ်းစားထားသော်လည်း သူ့ပြောစကားများကို နားထောင်ရင်း ပြန်ပြောချင်၊ မေးမြန်းချင်လာသည်။

သို့သော် ဦးသိဒ္ဓိကတော့ ကျွန်ုပ်၏ဆန္ဒကို သိရှိထားသလို မေးခွန်းမထုတ်ဖို့ လက်ကာပြ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ငြိမ်နေလိုက်ရ၏။

“ရတနာဒီပဘုရင်မဟာ မောင်မိုးစွေကို အရိပ်တကြည့် ကြည့်နဲ့နေတယ်၊ နန်းတွင်းက ပုဏ္ဏားတော်ကြီးက ပေါင်းဖက်ဖို့ မဖြစ်နိုင်ဘူး၊ ဘုရင်မနဲ့ စစ်သူကြီးပေါင်းဖက်ရင် ပြည်သူတွေ အကြည်ညိုပျက်လိမ့်မယ်ဆိုတာနဲ့ ဘုရင်မဟာ ပုဏ္ဏားကြီးကို အမျက်တော်ရှုပြီး ကွပ်မျက်ဖို့ အမိန့်ပေးလိုက်တယ်၊ ဒါပေမယ့် စစ်သူကြီးမင်းရဲသီဟက ပုဏ္ဏားတော်ကြီးကို ရွှေငွေရတနာတွေ ပေးပြီး တိုင်းပြည်အတွင်းက ထွက်ပြေးနိုင်ဖို့ ကူညီခဲ့တယ်၊ ဒါပေမဲ့ ပုဏ္ဏာတော်ကြီး လွတ်မြောက်သွားလား၊ မသွားလား ဆိုတာတော့ မောင်မိုးစွေ မပြောနိုင်ဘူး”

ကျွန်ုပ်၏ရင်ထဲတွင် မေးခွန်းများစွာ ပေါ်ထွက်နေသော် လည်း ကျွန်ုပ်မှာ ဦးသိဒ္ဓိအား မမေးမြန်းဘဲ မျိုသိပ်ထားရသည်။ ဦးသိဒ္ဓိက

www.burmeseclassic.com

www.burmeseclassic.com

သူစကားပြောနေစဉ် မေးခွန်းမထုတ်စေလိုသဖြင့် မေးချင်စိတ်ကိုထိန်းပြီး ငြိမ်နေရခြင်းဖြစ်၏။

"မောင်မိုးစွေငယ်ငယ်က ပြောတဲ့အထဲမှာ ဘုရင်မက သူ့ရဲ့ဝမ်းကွဲညီမလေးမာလာမြိုင်ကို နှိပ်စက်ညှင်းပန်းတဲ့ အခန်းတွေပါတယ်၊ ဒါပေမယ့် ဘာကြောင့်နှိပ်စက်ညှင်းပန်းရသလဲဆိုတာတော့ သူမသိဘူး၊ သူအရွယ်ရောက်လို့ ကျုပ်နဲ့ပြန်တွေ့တဲ့အခါမှာတော့ အဲဒီအကြောင်းကို သေသေချာချာ ပြန်ပြောတယ်၊ ဒီလိုပြန်ပြောနိုင်တာ သူ့အိပ်မက်ကြောင့်ပါ"

ကျွန်ုပ်က ဦးသိဒ္ဓိ၏စကားကို နားထောင်နေရင်းမှ မိုးစွေ အားလှမ်းကြည့်ရာ သူကလည်း ကျွန်ုပ်အား ခေါင်းညိတ်ပြလေ သည်။

"အိပ်မက်ထဲမှာ ဘုရင်မက စစ်သူကြီးရဲ့ချစ်သူမာလာမြိုင် ကို ဖမ်းဆီးထားတယ်၊ မာလာမြိုင်တစ်ယောက်တည်း မဟုတ်ဘူး၊ မာလာမြိုင်ရဲ့အစ်ကိုပါ ဖမ်းဆီးခံထားရတယ်၊ ပြီးတော့ မင်းရဲသီဟကို အကျပ်ကိုင်တယ်၊ မာလာမြိုင်သခင်မလေးနဲ့ မပေါင်းဖက်ပါဘူးဆိုပြီး ကျိန်ဆိုခိုင်းတယ်၊ တကယ်လို့ မင်းရဲသီဟအနေနဲ့ မာလာမြိုင်သခင်မလေးကို ပေါင်းဖက်မယ်ဆိုရင် ဆွေခုနှစ်ဆက်၊ မျိုးခုနှစ်ဆက် ချစ်ကြသူတွေ ကွဲကြပါစေလို့ ကျိန်စာဆိုခဲ့တယ် . . . တဲ့"

ကျွန်ုပ်က မိုးစွေအား လှမ်းကြည့်မိပြန်သည်။ မိုးစွေမှာ မီးဖိုဘေးတွင်ထိုင်ပြီး မျက်လုံးအစုံကို မှေးမှိတ်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

သူ၏ခန္ဓာကိုယ်မှာ ယိမ်းထိုးနေသည်ဟု ကျွန်ုပ်၏စိတ်ထဲ တွင် ထင်မိ၏။

"မင်းရဲသီဟဟာ သူ့ချစ်သူအညှင်းဆဲမခံရလေအောင် ဘုရင်မကျိန်ခိုင်းတဲ့အတိုင်း ကျိန်ဆိုတယ်၊ ဘုရင်မထားသလို နေတယ်၊ သူနဲ့ဘုရင်မကြားမှာ ဘယ်လိုဆက်သွယ်မှု ရှိတယ်ဆို တာကိုတော့ မသိရဘူး"

မိုးစွေထံမှ သက်ပြင်းချသံလိုလို၊ ညည်းသံလိုလို အသံ တစ်သံ ထွက်ပေါ်လာ၏။ ကျွန်ုပ်က သူ့အား စိုးရိမ်မကင်းသော အကြည့်ဖြင့် ကြည့်လိုက်မိ၏။

မိုးစွေမှာ စောစောက အတိုင်းပင် မျက်လုံးအစုံကို မှေး မှိတ်မြဲ မှေးမှိတ်ထားသည်။ သူ၏ခန္ဓာကိုယ်မှာ ပို၍ယိမ်းထိုးလာ ၏။

"မာလာမြိုင်သခင်မလေးတို့ မောင်နှမဟာ အကျဉ်းခန်း ထဲမှာ ဆင်းရဲဒုက္ခနဲ့ နေရရှာတယ်၊ ချစ်သူရဲ့အဖြစ်ကို မကြည့်ရက် တဲ့ မင်းရဲသီဟဟာ ဘုရင်မကို အရေးဆိုတော့တာပေါ့"

မိုးစွေ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်လှုပ်သွားပြီး နှုတ် ခမ်းတို့မှာ တရွရွလှုပ်လာသည်ကို တွေ့ရလေ၏။ ကျွန်ုပ်မှာ မိုးစွေ အား နားမလည်နိုင်စွာ ကြည့်နေစဉ် သူ့နှုတ်ခမ်းတစ်စုံဖွင့်ဟပြီး စကားသံတွေ ပေါ်ထွက်လာတော့၏။

"သခင်မက ရက်စက်လိုက်တာ၊ ဒီလိုရက်စက်ရင် ကျုပ် ဆီက ဘာမှရမှာ မဟုတ်ဘူး၊ ကျုပ် ခင်ဗျားကို မုန်းတယ်၊ သိပ် မုန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟု မတိုးမကျယ် ပြောဆိုပြီးနောက် သူသည် ငြိမ်ကျသွား ၏။

ကျွန်ုပ်က ရှေ့တွင်ထိုင်နေသော ဦးသိဒ္ဓိကို မေးခွန်းထုတ်သောအကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ ဦးသိဒ္ဓိကလည်း တိတ်တိတ်နေရန် ကျွန်ုပ်အား လက်ဖြင့် အမူအရာပြသလေ၏။

"မောင်တော်တို့ လွတ်အောင်ပြေးမယ် . . . ပြေးမယ် နှမတော်၊ ပြေးမယ် . . . ပြေးမယ်၊ ဟင် . . . နှမတော် . . . နှမတော် ဘယ်လိုဖြစ်တာလဲ၊ ဒါ ဘယ်လိုဖြစ်တာလဲ"

မိုးစွေ၏ အသံပျောက်သွားသည်နှင့် မှေးမှိတ်ထားသော မျက်လုံးအစုံက ဖြည်းညှင်းစွာ ပွင့်လာလေ၏။

သူက ကျွန်ုပ်တို့အား ခပ်ကြောင်ကြောင် အကြည့်ဖြင့် ကြည့်လိုက်၏။

"ကျွန်တော်တို့ကို ရဲမက်တွေက ဝိုင်းထားတယ်လို့ အိပ်မက်မက်တယ်၊ မြားတစ်စင်းက ထိပ်ထားလေးရဲ့ရင်ဝကို စူးဝင်သွားတယ်၊ နောက်တော့ ကျွန်တော်တို့နှစ်ယောက်ဟာ ချောက်ကြီးတစ်ခုထဲ ကျသွားတယ်"

မိုးစွေက မောမောပန်းပန်းဖြင့်ပြောပြီး ရေနွေးကြမ်းတစ် ခွက်ကို ငှဲ့သောက်လေ၏။ ဦးသိဒ္ဓိထံမှ ချောင်းဟန့်သံတစ်ချက် ပေါ်ထွက်လာပြီး . . .

"အဲဒါ အိပ်မက်အသစ်ပဲ၊ သူအခုလိုပဲ ဖြစ်သွားတတ်တာ ကို တစ်မျိုးပြောပြတယ်၊ ကျုပ်က သူပြောပြထားတာတွေကို

www.burmeseclassic.com

www.burmeseclassic.com

အသေအချာမှတ်ထားပြီး တစ်ခုနဲ့တစ်ခု ဆက်စပ်မိအောင် စီစဉ်ထားခဲ့တယ်၊ ကျုပ်စောစောက ပြောခဲ့တာတွေဟာ အဲဒီလို စီစဉ်ထားတဲ့ စကားတွေပဲ”

မိုးစွေသည် အလွန်တရာ ကြေကွဲဖွယ်ကောင်းသော အကြောင်းအရာတို့ကို ဟိုရောက်သည်ရောက်နှင့် ပြောပြနေမှန်း ကျွန်ုပ်သိလိုက်သည်။

ယခု ဦးသိဒ္ဓိပြောပြနေသည့် အကြောင်းအရာတို့တွင် လျှို့ဝှက်မြို့တော်ဟောင်းနှင့် ပတ်သက်သည့် အကြောင်းအရာ မပါသကဲ့သို့ မိုးစွေထံမှ ကျွန်ုပ်ရခဲ့သော ကြေးပြေးတံဆိပ်တော် အကြောင်းလည်း မပါရှိပေ။

“လွန်ခဲ့တဲ့သုံးနှစ်လောက်က ကျုပ်တို့ သိန္နီကိုရောက်တော့ မောင်မိုးစွေဘုရားသွားရင်း ပစ္စည်းတစ်ခုကောက်ရတယ်၊ အဲဒါက ကိုကျော်စွာတွေ့ဖူးတဲ့ အမိန့်တံဆိပ်ပေါ့၊ မောင်မိုးစွေကောက်ရခဲ့ တာ ရွှေသားအစစ်တံဆိပ်တော်ပဲ၊ ဒီတံဆိပ်တော်ကို ကောက်ရပြီးတဲ့နောက်မှာ ဒီလိုတံဆိပ်မျိုး လက်ထဲမှာရှိတဲ့ မိန်းကလေးတစ်ဦး ကို ရှာရမယ်ဆိုတဲ့ အိပ်မက်တွေ သူညစဉ်လိုလို မက်တယ်၊ ဒါနဲ့ ကျုပ်တို့က အဲဒီတံဆိပ်တော်နဲ့ လူအရှာထွက်ခဲ့ကြတာ”

“ဒီတစ်ခါတော့ ကျွန်တော်မမေးဘဲ မနေနိုင်တော့ဘူး ဦးသိဒ္ဓိ၊ ခင်ဗျား ကျွန်တော့်ကိုပေးခဲ့တဲ့ ကြေးပြားတံဆိပ်ကရော”

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါက ကျုပ်တို့ ပုံတူလုပ်ထားတာပါ၊ ရွှေပြားတံဆိပ်တော်ရှိတဲ့သူကို ရှာတဲ့အခါ အထောက်အကူဖြစ်အောင်ဆိုတဲ့ စိတ်ကူးနဲ့လုပ်တာ၊ ကိုကျော်စွာနဲ့တွေ့တော့ ကိုကျော့်စွာ့လက်ထဲမှာ ဒီပစ္စည်းရှိနေရင် တစ်နေ့ကျုပ်တို့ရှာနေသူကို ကိုကျော်စွာတွေ့အောင်ရှာပေးနိုင်မယ်လို့ ယုံကြည်နေခဲ့တယ်၊ အခု ကိုကျော်စွာကြောင့် စံပယ်မြိုင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ ဒီလောကကြီးထဲမှာရှိနေတာ သိခဲ့ရပြီလေ . . ."

"အဲဒါဆို ဦးသိဒ္ဓိတို့ သူ့ကို အရင်တွေ့အောင် ရှာရမှာ ပေါ့၊ ဘာဖြစ်လို့ မရှာတာလဲ"

"ဒီအကြောင်းကိုလည်း မောင်မိုးစွေ အိပ်မက်မက်ဖူးတယ်၊ အဲဒီအိပ်မက်က ရွှေတံဆိပ်ပြားဆွဲထားတဲ့ မိန်းကလေးတစ်ယောက်က သူ့ကို နန်းတော်တစ်ခုကနေ ကြိုနေတယ်ဆိုတဲ့ အိပ်မက်မပဲ၊ ဒါကြောင့် ကျွန်တော်တို့ ခရီးထွက်ဖို့ ဆုံးဖြတ်ပြီး ကိုကျော်စွာကို ခေါ်လိုက်တာပေါ့"

ဦးသိဒ္ဓိ၏ စကားတို့မှာ ကလေးတစ်ယောက်က သူ့အကြောင်းမှတ်မိနေသည်က တစ်ပိုင်း၊ ထိုအကြောင်းအရာများကို ကာယကံရှင်က မကြာခဏ အိပ်မက်,မက်ရာမှ သိရသည်က တစ်ပိုင်းဖြစ်နေ၏။

ထိုသို့ သိရသည်များကို ပေါင်းစပ်လိုက်သည့်အခါ ရှေးနှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက် တစ်ပိုင်းတစ်စ မှာ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်လုံးပေါ်၍လာပြီး အမျက်တော်မာန်ကြီးသူ၊ ကောက်ကျစ်စဉ်းလဲသူ၊ အနစ်နာခံသူ၊ ငဲ့ညှာထောက်ထားသူ၊ မေတ္တာတရားအတွက် အသက်ကိုစွန့်လွှတ်ရန် ဝန်မလေးသူတို့အကြောင်းကို သိခွင့်ရလာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် ဝတ္ထုဇာတ်လမ်းများစွာကို ရေးသားနေသူ ပီပီ ကြားရသမျှ၊ သိရသမျှတို့ကို ဆက်စပ်ပြီး ဇာတ်လမ်းတစ်ခုဖြစ် အောင် တွေးတောစဉ်းစားမိသည်။

ထိုသို့ စဉ်းစားမိသော အရာများကို ဇာတ်လမ်းအသွင် ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးလိုက်လျှင် ပရိသတ်နှစ်သက်အားပေးသော လူကြိုက်များသည့် ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်လာမည်ဧကန်ဟုလည်း တွေးတောမိလေသည်။

ဦးသိဒ္ဓိသည် မိုးစွေအကြောင်းကို ပြောဆိုပြီးနောက် ကျွန်ုပ်တို့သွားမည့် ခရီးနှင့်ပတ်သက်၍ ပြောဆိုလေ၏။ ထိုခရီး တွင် ကျွန်ုပ်တို့အပြင် လမ်းပြမုဆိုးကြီးတစ်ယောက်၊ သွားရမည့် နယ်ပယ်ဒေသတွင် ဩဇာရှိသူတစ်ယောက်နှင့် လမ်းပြမုဆိုးကြီး၏ တပည့်နှစ်ယောက်တို့ လိုက်ပါကြမည်ဟု သိရှိရ၏။

"ကိုကျော်စွာရောက်လာပြီဆိုတော့ မနက်ဖြန် ခရီးထွက်မယ့်အကြောင်း လမ်းပြမုဆိုးကြီးကို ပြောခိုင်းလိုက်ပြီ၊ မနက်ဖြန် သူတို့ရောက်လာကြလိမ့်မယ်၊ ဒီကနေ ကွန်ဟိန်းထိအောင် ကျုပ်တို့ကားနဲ့ သွားကြမယ်၊ ကွန်ဟိန်းကို ရောက်တဲ့အခါ ကားကိုထား

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီး မြင်းနဲ့ဆက်သွားကြမယ်၊ မြင်းနဲ့နှစ်ရက်လောက် သွားပြီးရင် တောင်ခြေရွာမှာ မြင်းတွေကိုထားခဲ့ပြီး တောင်တန်းတွေပေါ် ခြေကျင်တက်ကြရမယ်၊ ကိုကျော်စွာမှာ အဆောင်ပါရဲ့ မဟုတ်လား"

ကျွန်ုပ်က အဆောင်ဟုဆိုလိုက်သော ဦးသိဒ္ဓိ၏စကား အပေါ် နားမလည်သဖြင့် အဖြေပြန်မပေးနိုင်သေးဘဲ ၎င်း၏မျက် နှာကို ငေးကြည့်နေမိသည်။

ထိုအခါတွင် ဦးသိဒ္ဓိက ရယ်လိုက်ပြီး . . .

"သေနတ်တို့ဘာတို့ ပါရဲ့လားလို့ မေးတာပါ"

ဟုပြောလိုက်လေရာ ကျွန်ုပ်လည်း မဆိုင်းမတွဆိုသလို-

"ဩော် . . . ဒါလား၊ အဲဒါကတော့ ပါပါတယ်၊ ကျွန်တော့် မှာ လိုင်စင်ရပြီး ကိုင်ထားတဲ့ ခြောက်လုံးပြူးရှိတာနဲ့ ယူခဲ့တယ်၊ ကျည်တောင့်တစ်ရာလောက်လည်း ပါလာတယ်"

ပြန်လည်ဖြေလိုက်၏။ ဦးသိဒ္ဓိက ကျေနပ်အားရစွာ ဦး ခေါင်းငြိမ့်လိုက်ပြီး . . .

"အဲဒါကို ခြေစောင့်လက်စောင့်ထားပေါ့၊ ကျုပ်မှာ ရှာဖွေ ထားတဲ့ နှစ်လုံးပြူးသေနတ်နှစ်လက်ရှိတယ်၊ တစ်လက်က မောင် မိုးစွေကိုင်လိမ့်မယ်၊ တစ်လက်က ကိုကျော်စွာကိုင်ပေါ့၊ ကိုကျော်စွာ က သေနတ်ပစ်ပြိုင်ပွဲမှာ ဘုရင်မချီးမြှင့်တဲ့ ဆုတံဆိပ်တွေ ရထား တဲ့လူဆိုတော့ နှစ်လုံးပြူးလို သေနတ်မျိုး ကိုင်ဖို့လိုတယ်လို့ ကျုပ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်ရာ ၄င်းအစီအစဉ်မှာ လွန်စွာသင့်လျော်နေ သဖြင့် . . .

"သိပ်အဆင်ပြေသွားတာပေါ့ ဦးသိဒ္ဓိ၊ ကျွန်တော်ကလည်း တောင်ကြီးရောက်မှ နှစ်လုံးပြူးသေနတ်ရှာမယ်လို့ စိတ်ကူးထား တာ၊ လမ်းခရီးမှာ ဘေးအန္တရာယ်ကိုလည်း ကာကွယ်နိုင်ရုံမကဘူး၊ စားနပ်ရိက္ခာအတွက်လည်း ဒီသေနတ်နဲ့ ရှာလို့ရတာပေါ့"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့သည် ခရီးထွက်ရာတွင် လိုအပ်မည်ထင်သမျှကို စာရင်းတို့ပြီး ရက်ပေါင်းမည်မျှကြာမည်ဟု မသိရသော ခရီးအတွက် တိုင်ပင်ကြရလေ၏။

အိမ်ရှင်ဦးခွန်ထွန်းမှာ စကားဝိုင်းတွင် ဝင်မပါဘဲ မီးဖိုတွင် ထင်းထည့်ခြင်း၊ ရေနွေးကြမ်းဖြည့်ခြင်း၊ ကျွန်ုပ်တို့ ပြောဆိုသမျှကို ငေးမောကာ နားထောင်ခြင်းတို့ကို ပြုလုပ်နေခဲ့သည်။

အချိန်တွေ တရွေ့ရွေ့ကုန်ပြီး အမှောင်ထုတို့ သိပ်သည်း လာလေရာ အအေးဓါတ်မှာလည်း သိသိသာသာ ပိုလာ၏။

ကျွန်ုပ်မှာ ဘလေဇာကုတ် ဝတ်ဆင်ထားရုံနှင့် မနွေးနိုင် တော့သဖြင့် စစ်သုံးလောင်းကုတ်ကို အပေါ်မှထပ်၍ ဝတ်လိုက်ရ ၏။

ညကိုးနာရီတွင် အိမ်ရှင်ဦးခွန်ထွန်းက ကျွန်ုပ်တို့အတွက် အိပ်ယာပြင်ပေးပြီးနောက် ဘုရားစင်နှင့် မနီးမဝေးတွင် ခင်းထား သော သူ့အိပ်ယာသို့ ဝင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် မောင်မိုးစွေတို့မှာလည်း မီးဖိုအနီးရှိ အိပ်ယာ ထဲသို့ တိုးဝင်ကာ ဂွမ်းစောင်ကြီးကိုခြုံပြီး ကွေးလိုက်ကြသည်။

ထိုအချိန်တွင် ဦးသိဒ္ဓိမှာ ဘုရားစင်ရှေ့တွင်ထိုင်ကာ ဘုရားဝတ်ပြုပြီး ပုတီးစိတ်နေသဖြင့် အိပ်ယာထဲတွင် ဂွမ်းပုံကိုယ်စီ ခြုံကာ ကွေးနေသော ကျွန်ုပ်တို့မှာ စကားကို လေသံမျှသာ ပြော ဆိုနေကြရသည်။

ကျွန်ုပ်တို့ရောက်ရှိနေသော ဝါးပြားရွာမှာ အအေးစိမ့် သော ညတွင် တိတ်ဆိတ်စွာဖြင့် အိပ်မောကျနေပြီ ဖြစ်တော့၏။

မိုးစွေက သူတွေ့ချင်သော ရွှေဒဂၤါးတံဆိပ်တော်ပိုင်ရှင် အကြောင်း ပြောလိုက်၊ ကျွန်ုပ်ကလည်း ကျွန်ုပ်တွေ့ခဲ့သော ရွှေဒဂၤါး ဆွဲပြားပိုင်ရှင် စံပယ်မြိုင်အကြောင်း ပြောလိုက်နှင့် စကားကောင်း နေခဲ့ကြရာ ဦးသိဒ္ဓိပုတီးစိတ်ပြီးသွားပြီး မှန်မီးအိမ်ကို ငြိမ်းလိုက် ကာမှ စကားပြောရပ်ကြတော့၏။

ကျွန်ုပ်မှာ ကိုယ့်အတွေးနှင့်ကိုယ်နေပြီး ခဏအကြာတွင် မေ့ခနဲ အိပ်ပျော်သွားလေ၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

ရင်ခုန်စီးချင်း

တောင်ကြီးမြို့၏ နံနက်ခင်းမှာ ဖြူဖွေးမှုန်ဝေနေသော နှင်းတွေပိတ်ဆီးကာ ခိုက်ခိုက်တုန်မျှ အေးနေ၏။

ကျွန်ုပ်တို့သည် ချမ်းချမ်းစီးစီးတွင် အိပ်ယာမှထကြပြီး ဦးခွန်ထွန်းကျွေးမွေးသော ကောက်ညှင်းပေါင်းနှင့် တို့ဟူးသုပ်တို့ ကို စားသောက်ကြကာ ရေနွေးကြမ်းပူပူကို ရင်တွင်း၌ နွေးသွား အောင် သောက်ကြလေ၏။

ကျွန်ုပ်တို့သည် ဝမ်းဗိုက်ပြည့်ကားသွားအောင် စားသောက် ပြီးချိန်တွင် လမ်းပြမုဆိုးကြီးအိုက်ကြာနှင့် တပည့်နှစ်ယောက်တို့ ရောက်လာကြသည်။ လမ်းပြမုဆိုးကြီးမှာ တစ်ကိုယ်လုံးတွင်

www.burmeseclassic.com

www.burmeseclassic.com

ထိုးကွင်းမင်ကြောင်များ ပြည့်အောင်ထိုးထားသော ကြံ့ခိုင်တောင့်တင်းသည့် ရှမ်းအမျိုးသားကြီးဖြစ်သည်။

အသားနီစပ်စပ်၊ နှုတ်ခမ်းမွှေးကားကားနှင့် ဆံပင်ရှည် ရှည်ကို သေသပ်စွာ ထုံးဖွဲ့ထားပြီး အပေါ်မှ နီညိုရောင်တဘက် ကို ပေါင်းထား၏။

ရှမ်းဘောင်းဘီအနက်ပွပွနှင့် ဂွမ်းကပ်ခံ အပေါ်အင်္ကျီ တို့ကို ဝတ်ဆင်ထားပြီး ပခုံးထက်တွင် နှစ်လုံးပြူးသေနတ်တစ် လက်ကို လွယ်ထား၏။

"ဦးအိုက်ကြာတို့တော့ ရောက်လာပြီ၊ ကျုပ်တို့ကို လိုက်ပို့ မယ့်လူလာဖို့ပဲ လိုတော့တယ်၊ အခုမနက် ခုနှစ်နာရီထိုးတော့ မယ်၊ ဘာဖြစ်လို့များ နောက်ကျနေသလဲ မသိဘူး"

ဦးသိဒ္ဓိက မုဆိုးကြီးဦးအိုက်ကြာတို့အား စားသောက်ဖွယ် ရာများ ကျွေးမွေးရင်း ညည်းညူဟန်ဖြင့် ပြောလိုက်ပြီး ဝါးပြားရွာ အဝင်လမ်းဆီသို့ ငေးမျှော်ကြည့်လေ၏။

ယင်းသို့ကြည့်နေစဉ်မှာပဲ ရှေ့မီးဖွင့်ပြီး မောင်းလာသော ကားတစ်စီးသည် ရွာအတွင်းသို့ ဝင်ရောက်လာတာ တွေ့မြင်ကြရ၏။

ကားမှာ စစ်သုံးဂျစ်ကားကို သစ်သားဘော်ဒီတပ်ထား သော ကားဖြစ်သည်။ အိမ်ရှေ့တွင် ကားလာရပ်သည်အခါ ကား

www.burmeseclassic.com

www.burmeseclassic.com

မောင်းလာသူမှာ ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်ကြရလေ၏။

"ဟော . . . မြကြာမှုလာပြီ၊ တူမနောက်ကျနေလို့ ကျုပ် တောင် စိတ်ပူနေမိတယ်"

"စိတ်ပူစရာ မရှိပါဘူး ဦးသိဒ္ဓိရဲ့၊ ဒီနယ်မြေမှာ မြကြာမှု အန္တရာယ်မရှိပါဘူး၊ ဒီကို ထွက်လာခါနီးမှာ အနှောင့်အယှက်လေး နည်းနည်းရှိလို့ ကြာသွားတာ၊ ရန်ကုန်က အလည်ရောက်လာတဲ့ သူငယ်ချင်းတစ်ယောက်ကို ကလောသွားဖို့ စီစဉ်ပေးနေရတယ် လေ"

ကားပေါ်မှ မိန်းကလေးက ဦးသိဒ္ဓိအား ရယ်ရယ်မောမော နှင့်ပြောပြီး မြေပြင်ပေါ်သို့ ဆင်းလာသည်။ သူမသည် ဆွယ်တာ အနီရဲရဲနှင့် လုံချည်အနက်ကို တွဲဖက်ဝတ်ဆင်ထား၏။

၎င်းမိန်းကလေးအား မျက်နှာချင်းဆိုင် တွေ့ရသည့်အခါ ကျွန်ုပ်စိတ်ထဲတွင် တစ်နေရာ၌ တွေ့ခဲ့ဆုံခဲ့ဖူးသည်ဟု ထင်လာ မိသည်။

ကျွန်ုပ်သည် ဆွယ်တာအနီရဲရဲ ဝတ်ဆင်ထားသည့် ဖွေး ဆွတ်ဖြူဥနေသော အသားအရေပိုင်ရှင် မိန်းကလေးကို ငေးလျက် ကြည့်နေမိ၏။

မိန်းကလေးသည် ဦးသိဒ္ဓိရပ်နေရာသို့ လျှောက်လှမ်းသွား ရင်း မနီးမဝေးတွင်ရပ်နေသော ကျွန်ုပ်ကို မြင်တွေ့သွားပြီး ခြေလှမ်း များ တုံ့ရပ်၍ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကျော်စွာ မဟုတ်လားဟင်၊ ဟုတ်ပါတယ် ကိုကျော်စွာ ပါ၊ ဒီမျက်နှာကို ကျွန်မ,မမေ့ပါဘူး၊ ကျွန်မက မြမြလေ၊ မမှတ်မိ ဘူးလား၊ ကိုကျော်စွာရဲ့ညီမ သင်းသင်းနဲ့အတူ ရန်ကုန်ယူနီဗာစတီ မှာ ကျောင်းတက်ခဲ့တာပါ"

ထိုစကားကို ကြားရသည့်အခါတွင် ကျွန်ုပ်မှာ လွန်ခဲ့သည့် သုံးနှစ်က ညီမဝမ်းကွဲသင်းသင်းနှင့်အတူ ကျောင်းတက်နေသော မြမြကို ဖျတ်ခနဲ သတိရလိုက်မိသည်။

"မြမြဆိုတော့မှ . . . ဒါကြောင့် ဒီမျက်နှာမျိုးကို တစ်နေ ရာမှာ တွေ့ဖူးတယ်၊ ဒီအသံကို ရင်းရင်းနှီးနှီး ကြားဖူးတယ်လို့ ထင်နေတာ၊ ဦးသိဒ္ဓိခေါ်တဲ့နာမည်က တစ်မျိုးဖြစ်နေတော့ မြမြ နဲ့ ဘယ်လိုမှ ဆက်စပ်စဉ်းစားလို့မရဘူး ဖြစ်သွားတာ"

"မြမြဆိုတာက ရန်ကုန်မှာ ကျောင်းအတူတက်တဲ့ သူငယ် ချင်းတွေက ခေါ်ကြတာ၊ ဒီမှာတော့ မြမြလို့ခေါ်တဲ့သူ မရှိဘူး၊ အားလုံးက မြကြာမူလို့ပဲ ခေါ်ကြတယ်"

မြကြာမူဆိုသည့်အမည်ကို ကျွန်ုပ်၏စိတ်ထဲမှ အကြိမ် ကြိမ် ရေရွတ်နေမိသည်။ ထိုနာမည်ကို ရေရွတ်ရင်းမှ ကျွန်ုပ်နှင့် အတူ ရထားစီးခဲ့သည့် မြကြာဖြူအား ဖျတ်ခနဲ သတိရလိုက်မိ၏။

"ဒါနဲ့ နေပါဦး၊ မြမြကို တွေ့တွေ့ချင်းပဲ တစ်ခုမေးရဦး မယ်၊ ရန်ကုန်က မြကြာဖြူဆိုတဲ့ မိန်းမတစ်ယောက် မြမြဆီလာ တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

မြကြာမှုက ခေါင်းညိတ်ပြလိုက်ပြီး . . .

"ဟုတ်တယ် အစ်ကို၊ သူက ကျွန်မခရီးထွက်ခါနီးမှ အိမ် ကို ရောက်လာတာနဲ့ သူ့ကို ကလောက သူငယ်ချင်းဆီပို့ထားဖို့ စီစဉ်လိုက်ရတယ်၊ သူငယ်ချင်းတစ်ယောက် အဝေးကြီးကလာတာ ကို အခုလိုထားခဲ့ရတာ စိတ်တော့မကောင်းပါဘူး၊ ဒါပေမယ့် အဲဒီ လိုမလုပ်လို့ကလည်း မဖြစ်တော့ အဆင်ပြေသလို အကြောင်းပြ လိုက်ရတယ်"

ကျွန်ုပ်သည် ရထားပေါ်တွင် မြကြာမှုနှင့်ပတ်သက်ပြီး မြကြာဖြူပြောပြခဲ့သည်တို့ကို သတိရလိုက်မိသည်။

"ကိုကျော်စွာနဲ့ ကြာမှုတို့က သိဟောင်းကျွမ်းဟောင်းတွေ ဖြစ်နေတော့ ခရီးသွားရမှာ အဆင်ပြေတာပေ့ါ၊ ကဲ . . . တူမရေ သွားကြရအောင်၊ မောင်မိုးစွေနဲ့ ကိုကျော်စွာတို့က ကားရှေ့ခန်း က လိုက်ကြ၊ ကျုပ်တို့က နောက်ခန်းကနေ လိုက်ခဲ့မယ်"

"ဟာ . . မဟုတ်တာ၊ ဦးသိဒ္ဓိက ကားရှေ့ခန်းက သွား ပြီးစီးပါ"

ဦးသိဒ္ဓိက ကျွန်ုပ်အား လက်ကာပြလိုက်ပြီး . . .

"ကိုကျော်စွာတို့ ရှေ့ခန်းက ထိုင်ကြပါ၊ ကျုပ်က နောက် မှာ ဦးအိုက်ကြာတို့နဲ့ အတူလိုက်မှဖြစ်မယ်၊ လူကြီးကို ကားနောက် ခန်းက ထိုင်ခိုင်းတယ်ဆိုပြီး အားနာမနေပါနဲ့၊ ကျုပ်က ကိုယ့် အကြောင်းနဲ့ကိုယ် နောက်ခန်းက လိုက်မှာပါ၊ ကဲ . . . ကဲ . . .

www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်ကိုတက်ကြ၊ သွားကြမယ် တူမရေ၊ ကားကို မှန်မှန်ပဲ မောင်းနော်၊ နှင်းတွေပိတ်လို့ လမ်းတွေလည်း ချော်နေတယ်”

“စိတ်ချပါ ဦးသိဒ္ဓိ၊ ဒီလမ်းတွေက ကျွန်မမျက်စိမှိတ်ပြီး တောင် မောင်းလို့ရပါတယ်၊ စိတ်ပူမနေပါနဲ့”

သူမက ဦးသိဒ္ဓိကိုပြောသလိုနှင့် ကျန်သည့်အဖွဲ့သားများ က သူမအပေါ် ယုံကြည်မှုရှိစေရန် ပြောလိုက်ခြင်း ဖြစ်သည်။

“အေးပါ . . . အေးပါ . . . တူမကျွမ်းကျင်တာ သိပါ တယ်၊ ဒါပေမယ့် မျက်စိတော့မှိတ်ပြီး မမောင်းလိုက်ပါနဲ့၊ တောင် အောက်က ချောက်ထဲကျသွားရင် အရိုးအသားရှာမရ ဖြစ်သွားပါ ဦးမယ်”

ဦးသိဒ္ဓိက ရယ်မောပြီး ကားပေါ်သို့ ရှေ့မှဦးစွာ တက် သွားလေ၏။ မြကြာမူက ကျွန်ုပ်တို့အား ပြုံးလျက်တစ်ချက်ကြည့် လိုက်ပြီး ကားပေါ်တက်ကာ ကားမောင်းသူနေရာတွင် ဝင်ထိုင် လိုက်၏။

မြကြာမူ ကားပေါ်ရောက်သည်နှင့် ကျွန်ုပ်တို့လည်း ကား ပေါ်တက်ကြလေ၏။ ကျွန်ုပ်က မောင်မိုးစွေအား ကားမောင်း သည့် မြကြာမူ၏ဘေးတွင် ထိုင်ခိုင်းပြီး ကျွန်ုပ်က မောင်မိုးစွေ၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

“မြမြက ဟိုအရင်ကတည်းက စီးကရက်နံ့မှ မခံနိုင်တာ၊ အစ်ကိုက စီးကရက်သောက်တော့ ဒီပြတင်းပေါက်ဘေးမှာ ထိုင် တာပဲ ကောင်းတယ်”

www.burmeseclassic.com

www.burmeseclassic.com

"ကိစ္စမရှိပါဘူး၊ ရပါတယ် အစ်ကိုရဲ့"

မြကြာမှူက ကားနောက်ခန်းသို့ တစ်ချက်လှမ်းကြည့်ပြီး နောက်ကားကိုစက်နှိုးကာ မောင်းထွက်ခဲ့တော့သည်။ စတေရှင် ဂျစ်ဟုအမည်ပေးထားသည့်ကားက တောင်ကြီးမြို့အထွက်သို့ လျင်မြန်စွာပြေးထွက်သွားလေ၏။

"အစ်ကိုက မြကြာမှူအကြောင်းပြောလို့ မေးရဦးမယ်၊ သူနဲ့ အစ်ကိုက မီးရထားပေါ်မှာ တွေ့ခဲ့တာ မဟုတ်လား"

မြကြာမှူက အကြည့်ကို ရှေ့သို့ပို့ထားလျက်က မေးလေ ၏။

"ဟုတ်တယ် . . . မြမြကို သူက အဲဒီအကြောင်း ပြောပြတယ်နဲ့တူတယ်"

"သူက ကိုကျော်စွာလို့ခေါ်တဲ့ စာရေးဆရာတစ်ယောက် နဲ့ မီးရထားပေါ်မှာ တစ်ခုံတည်း ထိုင်ခဲ့ရတယ်လို့ ပြောတယ်၊ အစ်ကိုနဲ့ ကျွန်မ,သိနေမှန်း သူက သိမှမသိဘဲကိုး"

ထိုစကားမှာ ကျွန်ုပ်အတွက် ထူးဆန်းလှသဖြင့် တအံ့တသြဖြစ်မိ၏။ ထို့ကြောင့် မျက်မှောင်ကျုံ့လျက် . . .

"သူက စာရေးဆရာလို့ပြောတယ်၊ ဟုတ်လား"

မြကြာမှူက ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ အစ်ကို"

ကျွန်ုပ်မှာ ကိုယ့်ကိုယ်ကို သံသယအတွေးဖြင့် ထိုစဉ်က အခြေအနေကို ပြန်လည်မြင်ယောင်ကြည့်မိသည်။ ကျွန်ုပ်နှင့် ထို

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီး ရထားပေါ်မှာသာမက တောင်ကြီးခရီးစဉ်အထိ တရင်းတနှီး ပြောဆိုဆက်ဆံခဲ့သည်။ ကျွန်ုပ်ပြောဆိုခဲ့သည့် စကားများစွာထဲတွင် ကျွန်ုပ်ကိုယ်ကျွန်ုပ် စာရေးဆရာပါဟု တစ်စွန်းတစ်စပင် ပြောဆိုခဲ့ခြင်း မရှိ . . .။ ကျွန်ုပ်သည် မလိုအပ်ဘဲ မည်သူ့ကိုမှ ကိုယ့်ကိုယ်ကို စာရေးဆရာပါဟု ပြောသူမဟုတ် . . .။

"အစ်ကိုက သူ့ကို ကျွန်တော်စာရေးဆရာပါလို့ မပြော မိဘူး၊ နာမည်ကိုပဲ ပြောပြခဲ့တာ၊ ဒီအတိုင်းဆိုရင် သူက အစ်ကို့ကို ကြိုပြီးသိနေတာပဲ ဖြစ်ရမယ်"

"ဟုတ်ပ့ါမလား . . . အစ်ကိုရယ်"

"ဟုတ်တယ် မြမြရဲ့၊ အစ်ကို သူ့ကိုစတွေ့ကတည်းက သိပ်သဘောမကျမိဘူး၊ ဒါပေမယ့် ခရီးသွားဖော်ဖြစ်နေတော့ အလိုက်သင့်ဆက်ဆံရတယ်၊ တောင်ကြီးရောက်တော့ မြမြတို့အိမ်ရှေ့တောင် ကိုယ်ပို့ပေးခဲ့တယ်"

"ဒါဆို မနေ့က သူလာချိန်မှာ အစ်ကိုပါ ပါလာတာပေ့ါ၊ ဟုတ်လား"

ကျွန်ုပ်က မြကြာမှုအား ခေါင်းညိတ်ပြလိုက်၏။

မြကြာမှုက နှုတ်ခမ်းကို ချွန်လိုက်ပြီး . . .

"အစ်ကိုက ကျွန်မကို ဘာဖြစ်လို့ လာမတွေ့တာလဲ"

ဟူ၍ ရန်တွေ့ပြောလေး ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . ဒုက္ခပါပဲကွယ်၊ မြကြာဖြူကို လိုက်ပို့တဲ့အိမ် ဟာ ညီမရဲ့အိမ်ဆိုတာ မသိတော့ ဘယ်ဝင်ပါ့မလဲ၊ အဲဒီအချိန်မှာ အစ်ကိုက မြကြာဖြူနဲ့ မြန်မြန်ဝေးရင် ပြီးရောဆိုသလို ဖြစ်နေခဲ့ တာ"

မြကြာမူက ကားမောင်းနေရင်းမှ ကျွန်ုပ်အား လှည့်မ ကြည့်ဘဲ ပြုံးနေလေရာ ထိုနည်းတူပင် ကျွန်ုပ်ကလည်း မြကြာမူ နှင့်အတူ ပြုံးမိလေ၏။

မြကြာမူသည် ကားကို ဂရုတစိုက်နှင့် မောင်းနှင်နေလေ သည်။ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသည့်ကားမှာ နှင်းရည်များ စိုစွတ်နေသည့် လမ်းအတိုင်း တဝီဝီနှင့်မြည်ကာ ပြေးနေတော့၏။

တောင်ကြီးမြို့မှထွက်၍ အဆင်းလမ်းအတိုင်း ဆင်းလာခဲ့ ရာ နှင်းတွေလွင့်ပြယ်ပြီး နေရောင်ခြည်ပွင့်လင်းထွက်ပေါ်လာသည့် အချိန်တွင် ချိုင့်ဝှမ်းတစ်ခုနှင့်တူသော ဟိုပုံးမြို့သို့ ရောက်ရှိလာ၏။

မြကြာမူသည် ကားကို ဟိုပုံးမြို့အတွင်းသို့ မောင်းဝင်ခြင်း မပြုဘဲ မြို့အဝင်ဘုရားကြီးဘေးရှိလမ်းမှ မြို့ကိုပတ်ကာ မောင်း လာခဲ့၏။

မြို့ပတ်လမ်းမှာ မြို့၏အခြားတစ်ဖက် အထွက်လမ်းသို့ ရောက်သည်တွင် ကားကိုအရှိန်မြှင့်ပြီး ဟိုပုံးမြို့ကို ထားရစ်ခဲ့၏။

ဟိုပုံးမြို့မှအထွက် လမ်းသည် တောင်ပေါ်မြေညီကို ဖြတ် သန်းနေသည့်လမ်းဖြစ်ပြီး မျက်စိတစ်ဆုံးမျှသာ တွေ့ရလောက် အောင် ရှုပ်ထွေးနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

လမ်းပေါ်တွင် ကားအသွားအလာ မရှိသလောက် နည်းပါးသဖြင့် မြကြာမူက ကားကို တဖြည်းဖြည်းချင်း အရှိန်မြှင့်မောင်းနှင်လေ၏။ နှင်းရည်တို့ စွတ်စိုနေသော ကတ္တရာလမ်းနှင့် ကားဘီးထိတွေ့သံမှာ တဝီဝီမြည်နေတော့သည်။

အတန်ငယ် လမ်းဖြောင့်ဖြူးသော နေရာသို့အရောက် တွင် မြကြာမူက ကျွန်ုပ်ဘက်သို့ ဦးခေါင်းကိုငဲ့လိုက်ပြီး . . .

"အစ်ကိုကျော်စွာနဲ့ အခုလိုတွေ့ရတော့ သင်းသင်းကိုသိပ်သတိရတာပဲ၊ သူက စာရေးပြီး အဆက်အသွယ်လုပ်ရဲ့လား"

ဟု မေးလေ၏။

"သူက အဆက်အသွယ်လုပ်ပါတယ်၊ ဒါပေမယ့် သူ့မိဘ တွေက ပြန်ပြီးမဆက်သွယ်ဘူး၊ အခု သူတို့လင်မယားက အိန္ဒိယ နိုင်ငံ၊ ဒေလီမြို့မှာလို့ သိရတာလောက်ပဲ ရှိပါတယ်၊ အစ်ကို့ဆီကို တစ်ခါစာရေးပြီးနောက်ပိုင်း အဆက်အသွယ် မလုပ်ဖြစ်ကြဘူး"

"သူ့ယောကျ်ားက အင်္ဂလိပ်စစ်တပ်ကမို့လို့ သူ့တပ်ရှိတဲ့ အိန္ဒိယကို ထွက်သွားရတာ၊ တစ်နေ့ကျရင် သူတို့ရန်ကုန်ကို ပြန်လာကြမှာပါ၊ သူတို့သွားခါနီးမှာ သင်းသင်းက ကျွန်မကို အသေအချာ ပြောသွားခဲ့တာပဲ"

ကျွန်ုပ်သည် မြကြာမူ၏စကားကို နားထောင်ရင်း ခေါင်းညိတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းမူထမ်းဆိုတာ ဒီလိုပဲပေါ့လေ၊ တာဝန်ကျရာကို သွားရတာပေါ့၊ ဦးလေးတို့ ဒေါ်ဒေါ်တို့ကလည်း သူတို့မှာ သမီးလေး တစ်ယောက်တည်းရှိတာမို့ မခွဲနိုင်တာနဲ့ တားကြတယ်၊ သမီးက သူတို့စကားနားမထောင်ဘဲ လင်သားဖြစ်သူနောက်ကို လိုက်သွားတော့ စိတ်ဆိုးကြတာပေါ့"

မြကြာမှူသည် ကားမောင်းနေရင်းမှ ရန်ကုန်တွင် ကောလိပ်ကျောင်းသူအဖြစ် ပညာသင်စဉ်က အကြောင်းအရာများကို ပြော၍လာ၏။ ကျွန်ုပ်ကလည်း အလိုက်သင့် စကားပြန်ပြောနေရသည်။

မိုးစွေကတော့ စကားပြောနေသူနှစ်ယောက်ကြားတွင် နှုတ်ပိတ်ပြီး တိတ်ဆိတ်စွာ ငြိမ်သက်နေလေ၏။

ဟိုပုံးမြို့မှ ထွက်ခဲ့ပြီးသည့်နောက်တွင် နတ်ကွန်းနတ်နန်းများဆောက်ထားသော ရေထွက်စခန်းတစ်ခုသို့ ရောက်ရှိကြ၏။

ကားလမ်းဘေး တောင်ကမ်းပါးယံမှာ ရေထွက်ပေါက် တစ်ခုရှိပြီး ထိုရေထွက်ပေါက်မှ ထွက်လာသော ရေသည် အနိမ့်ပိုင်းသို့စီးဆင်းကာ တွင်းငယ်တစ်တွင်းဖြစ်နေသည်ကို တွေ့ရလေသည်။

ထိုရေထွက်လွန်သည်နှင့် ကားက တောင်တက်လမ်းကို ကွေ့ပတ်ပြီး တက်ခဲ့၏။ အဆင်းခက်ပြီး အတက်ကြမ်းသော တော်ပေါ်လမ်းကို ဖြတ်သန်းလာရသည့်အခါတွင် မြကြာမှူမှာ စကားမပြောနိုင်တော့ဘဲ ကားကို ဂရုတစိုက်နှင့် မောင်းနေရတော့

www.burmeseclassic.com

၏။ ထိုအခါ ကျွန်ုပ်လည်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း ပတ်ဝန်းကျင်ရှုခင်းများကို ငေးကြည့်ကာ ကိုယ့်အတွေးဖြင့်ကိုယ် ငြိမ်နေတော့၏။

ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသည့်ကားက အမြင့်ဆုံး တောင်ပေါ်သို့ ကွေ့ပတ်ပြီး တက်နေစဉ် အနောက်ဘက်တွင် ကျန်ရစ်ခဲ့သည့် ကားလမ်းကို လှမ်းမြင်ရ၏။

ထိုလမ်းတွင် အနက်ရောင် အော်စတာဂျစ်ကားတစ်စီးရှိ နေပြီး ကျွန်ုပ်တို့နောက်မှ လိုက်ပါလာသည်ကို တွေ့ရလေသည်။

မြင့်မားသော တောင်များပေါ်တွင် နေရောင်ခြည်သည် ထွန်းလင်းတောက်ပနေပြီဖြစ်ငြားလည်း အအေးဓါတ်က မပြယ် နိုင်သေးဘဲ ရှိနေ၏။

ကျွန်ုပ်သည် စီးကရက်နှစ်လိပ်မျှ ကုန်သည်အထိ ပတ် ဝန်းကျင်တောတောင်ရှုခင်းတို့ကို ကြည့်လာရာမှ တဖြည်းဖြည်း ငိုက်မျဉ်းကာ ကားပေါ်တွင်ထိုင်လျက် အိပ်မောကျသွားတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

## မမောနိုင်တဲ့ တောင်ပေါ်ခရီးစဉ်

ဟိုပုံးမှထွက်ခဲ့ပြီးနောက် မိုင်းပွန်မြို့သို့ ရောက်ရှိလာ၏။ စော်ဘွားရုံးစိုက်ရာ မြို့ဖြစ်သော မိုင်းပွန်မှအထွက်တွင် မိုးစွေက ကားကိုတစ်လှည့်မောင်းပေး၏။

မြကြာမူသည် ကျွန်ုပ်ထိုင်ခဲ့သော ကား၏ဘယ်ဘက်ဘေး တွင် ပြောင်းထိုင်၏။ ကျွန်ုပ်နှင့် စကားစမြည်ပြောဆိုနေရင်းက တလျှောက်လုံး ကားမောင်းခဲ့ရ၍ ပင်ပန်းနွမ်းနယ်သွားပုံရ၏။ သူမသည် အချိန်အနည်းငယ်အတွင်း ငိုက်မြည်းကာ အိပ်ပျော်သွားတော့သည်။ သူမသည် အစောပိုင်းက ကားထိုင်ခုံနောက်မှီနှင့် ကားဘော်ဒီကိုမှီပြီး အိပ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာခင်မှာပင် အကွေ့အကောက်များသော လမ်းကြောင့် ကားက ယိမ်းယိုင်နေသဖြင့် ကျွန်ုပ်၏ဘက်ဘက်သို့ စောင်းကျလာပြီး ပခုံးထက်တွင် ခေါင်းလာမှီလေ၏။

ကျွန်ုပ်သည် အိပ်ပျော်နေသော သူမကို အားနာသဖြင့် ငြိမ်နေရသော်လည်း ကားမောင်းရင်းမှ ကျွန်ုပ်အား လှမ်းကြည့် ကာ ပြုံးလိုက်သော မိုးစွေ၏အပြုံးကြောင့် များစွာပင် ရှက်မိလေ သည်။

မိုးစွေက ကျွန်ုပ်ကို ပြုံးပြရုံသာပြုံးပြပြီး မိုင်းပွန်မှအထွက် တောင်တန်းများပေါ်သို့ ကားကိုကျင်လည်စွာ မောင်းတက်လိုက် သည်။ ကျွန်ုပ်မှာ မိုးစွေ၏ ကားမောင်းကျင်လည်ပုံကိုကြည့်ပြီး သဘောကျမိ၏။

"ညီလေးက ကားမောင်းကျွမ်းကျင်သားပဲ"

ပျင်းရိငြီးငွေ့စရာကောင်းအောင် ရှည်လျားသည့်ခရီးတွင် တစ်ယောက်တည်းငြိမ်ပြီး ထိုင်နေရခြင်းထက် အပေါင်းအဖော်နဲ့ စကားစမြည်ဖောင်ဖွဲ့ပြောနေခြင်းသည် ခရီးကို တိုသွားသယောင် မြေကြောကို ရှုံ့သောနည်းဖြစ်သဖြင့် ကျွန်ုပ်က မိုးစွေနှင့် စကား စပြောလိုက်ခြင်း ဖြစ်သည်။

"လမ်းက ကြမ်းပေမယ့် ကားအသွားအလာမရှိဘဲ ရှင်းနေ တော့ ကားမောင်းရတာ အဆင်ပြေတယ် အစ်ကိုရဲ့"

"ဟုတ်တယ်နော်၊ အခုထိ အစ်ကိုတို့နဲ့ မျက်နှာချင်းဆိုင် ကလာတဲ့ ကားတစ်စီးတစ်လေမှ မတွေ့သေးဘူး၊ မိုင်းပွန်မဝင်ခင်

www.burmeseclassic.com

www.burmeseclassic.com

တုန်းကတော့ နောက်ကနေ ကားတစ်စီးပါလာတာ တွေ့လိုက်သေးတယ်”

ထိုသို့ပြောလိုက်သော ကျွန်တော့်စကားကြောင့် ကားမောင်းနေသော မိုးစွေက မျက်မှောင်ကို မသိမသာကြုတ်လိုက် ပြီး တအံ့တသြလေသံဖြင့် . . .

“ကျွန်တော်တို့နောက်က ကားတစ်စီးပါလာတယ်၊ ဟုတ် လား . . . အစ်ကို”

ကျွန်ုပ်က မထူးဆန်းသလို အမူအရာဖြင့် အစီခံနားထိ လောင်ကျွမ်းနေပြီဖြစ်သည့် စီးကရက်ကို အဆုံးသတ်ဖွာရှိုက်လိုက် ပြီး . . .

“ဟုတ်တယ် . . . နောက်ကပါလာတာ ဘာများဆန်းလို့ လဲ ညီလေးရဲ့၊ ဒီလမ်းက ဒီဘက်နယ်တစ်ကြောကို ဖြတ်သန်းတဲ့ လမ်းပဲလေ၊ အစ်ကိုတို့လိုပဲ ခရီးသွားနေတဲ့ ကားတွေပဲ ဖြစ်မှာပေါ့”

“ကားလမ်းမို့လို့ နောက်ကကားပါလာတာ မဆန်းပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ သွားနေတဲ့ခရီးက သာမန်ခရီးတစ်ခု မဟုတ် ဘူးလေ၊ ဒီတော့ နောက်ကပါလာတဲ့ကားက ကျွန်တော်တို့နောက် ကိုလိုက်လာတဲ့ ကားဟုတ်မဟုတ် သတိထားကြည့်ရမှာပေါ့၊ အခု ခရီးဟာ ကျွန်တော်တို့အတွက် အစစအရာရာ သတိကြီးကြီးထား ရမယ့်ခရီး မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com

"အင်း . . . သတိထားတာကတော့ ကောင်းပါတယ်၊ ဒါပေမယ့် သိပ်အစိုးရိမ်ကြီးတာကတော့ မကောင်းဘူးလေ၊ စိတ် ကို ပင်ပန်းစေတတ်တယ် မဟုတ်လား"

မိုးစွေက သူ၏နှုတ်ခမ်းကို တစ်ချက်မျှတွန့်ပြီး ခေါင်းကို ညိတ်ပြ၏။

သို့သော်လည်း သူ့အမူအရာက ဘဝင်မကျပုံ တိတ်ဆိတ် သွားခြင်းဖြစ်သည်။ သူသည် ပင့်သက်ကို လေးပင်စွာ ရှိုက်လိုက် ပြီး ဂကွေ့တောင်တက်လမ်းကို ဂီယာချိန်းပြီး အရှိန်ဖြင့် မောင်း တက်လိုက်၏။ ၄င်းကွေ့ကျော်လွန်ပြီး အနည်းငယ် ပြေပြစ်သည့် လမ်းသို့အရောက်မှာတော့ သူ၏ဘဝင်မကျအတွေးကို ပြောလေ တော့၏။

"ဟုတ်ပါတယ် . . . အစိုးရိမ်ကြီးတာ မကောင်းပါဘူး၊ ဒါပေမယ့် ကျွန်တော်လည်း အစိုးရိမ်မကြီးတတ်ပါဘူး၊ အခုအခြေ အနေက သတိထားရမယ့် အချိန်မို့ပါ၊ ကျွန်တော်တို့ သွားလာလုပ် ရှားနေတဲ့ ခရီးတွေမှာ အန္တရာယ်အယှက်အမျိုးမျိုး ကြုံတွေ့ခဲ့ရဖူး တော့ သတိလက်လွတ်မနေရဲဘူး ဖြစ်နေတယ်"

မိုးစွေ၏စကားက မှန်ကန်နေသဖြင့် ကျွန်တော်စောဒက တက်ခြင်း၊ ကန့်ကွက်ခြင်းမျိုးတွေ မပြုတော့ပေ။ မျက်လုံးများကို အငြိမ်မထားဘဲ ဘေးပတ်ဝန်းကျင်တစ်ခွင်ကို ကြည့်နေမိသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com

ကားထွက်ခွာခဲ့ရာ လမ်းတစ်လျှောက်ကိုလည်း အကဲခတ်ကြည့်ခဲ့မိသည်။

မိုင်းပွန်မှထွက်ခဲ့ပြီး တစ်နာရီခန့်အကြာတွင် သုံးထပ်ကွေ့တစ်ခုသို့ ရောက်လာ၏။ လမ်းဘေးတွင် "နွားလပို့တောင် အန္တရာယ်ကွေ့" ဟူသည့် သတိပေးဆိုင်းဘုတ်တစ်ခုကို အင်္ဂလိပ်၊ မြန်မာဘာသာနှစ်မျိုးဖြင့် ရေးထားသည်ကို တွေ့ခဲ့ရသည်။

သုံးထပ်ကွေ့ထိပ်သို့ ရောက်သည်တွင် ကားဖြတ်သန်းခဲ့ သောနောက်မှလမ်းကို ရှည်လျားစွာ မြင်တွေ့ရလေ၏။ ထိုလမ်းတစ်လျှောက်တွင် မည်သည့်ကားမှမရှိဘဲ ရှင်းလင်းလို့နေ၏။

စောစောပိုင်းက ကျွန်ုပ်တွေ့ခဲ့ရသည့်ကားမှာ မိုင်းပွန်တွင်ကျန်ရစ်နိုင်သလို နောက်မှပြတ်ကျန်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်ဟုတွေးမိလေ၏။

သုံးထပ်ကွေ့ထိပ်သို့ ရောက်သွားသည်နှင့် ကားလမ်းကတဖြည်းဖြည်း အဆင်းဘက်သို့ ရောက်ရှိလာသည်။ ကွေ့သုံးထပ် ကိုကျော်လွန်ခဲ့ပြီးနောက်တွင် အဆင်းလမ်းမှာ ပို၍သိသာလာ၏။ မိုးစွေက အဆင်းလမ်းဖြစ်၍ ကားကိုသတိထားပြီး ထိန်းသိမ်းမောင်းနှင်နေလေသည်။

ကျွန်ုပ်သည် မိုးစွေနှင့် စကားမပြောဖြစ်တော့ဘဲ ဘေးတိုက်အနေအထားမှ ကားမောင်းနေသော သူ၏မျက်နှာကို အမှတ်မထင် ငေးကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် အရပ်အမောင်းကောင်းပြီး အသားဖြူဖြူနှင့် ရုပ်ရည်ချောမောသော လူရွယ်တစ်ယောက်ဖြစ်လေသည်။

ရုပ်ရည်ချောမောသော မိုးစွေကိုကြည့်ရင်း ကျွန်ုပ်တွေ့ခဲ့ ဖူးသော စံပယ်မြိုင်ဟူသည့် မိန်းကလေးကို သတိရမိလိုက်သည်။

စံပယ်မြိုင်မှာ မြင်သူငေးလောက်အောင် ရုပ်ရည်ချောမော လှပသူ မိန်းမပျိုလေးဖြစ်ပြီး မိုးစွေနှင့်ဆိုလျှင် ရှေ့သွားနောက်လိုက် ညီလှသည်ဟု ကျွန်ုပ်က တွေးနေမိ၏။

ကျွန်ုပ်သည် ထိုကြည်နူးဖွယ်ရာ အတွေးများကို တွေးတော နေခိုက်တွင် အိပ်မောကျနေသော မြကြာမူမှာ အိပ်နေရာမှ နိုးလာ လေ၏။ သူမသည် ကျွန်ုပ်၏ပခုံးထက်၌ ခေါင်းမှီပြီး အိပ်ပျော်နေ မိသည့်အဖြစ်ကို သတိထားမိကာ ရှက်ကိုးရှက်ကန်း ဖြစ်သွားပုံရ ၏။

ကျွန်ုပ်က သူမရှက်သွားခြင်းကို သတိပြုမိသော်လည်း မသိဟန်ဆောင်နေလိုက်၏။ မြကြာမူ အိပ်ပျော်သွားသည့်အကြောင်း ကို အရေးတယူဖြင့် ပြောဆိုခြင်းမပြုဘဲ တစ်စုံတစ်ခုကို တွေးတော နေသည့်ပုံမျိုး ဖမ်းနေလိုက်သည်။

အတက်အဆင်း၊ အကွေ့အကောက် များသောလမ်းကို ဖြတ်ကျော်ပြီးနောက် ကျွန်ုပ်တို့ကားသည် လွိုင်လင်သို့ ရောက်လာ ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

လွိုင်လင်သို့ရောက်သည်တွင် လမ်းပြမှုဆိုးကြီးဦးအိုက်ကြာ လမ်းညွှန်ပြသည့်အတိုင်း ဈေးဘက်သို့ မောင်းလာခဲ့ပြီး ဈေးရှေ့ လမ်းဆုံရှိ ဦးနုရား၏ထမင်းဆိုင်တွင် ထမင်းစားကြသည်။

ကျွန်ုပ်တို့သည် နံနက်ခုနှစ်နာရီခွဲခန့်တွင် တောင်ကြီးမှ ထွက်လာခဲ့ကြရာ လွိုင်လင်မြို့သို့ နံနက်ဆယ့်တစ်နာရီခန့်တွင် ရောက်သည်ကို မှတ်သားထားလိုက်သည်။

လွိုင်လင်မြို့မှ နမ့်စန်ဘက်သို့ ခရီးထွက်ခဲ့ရာတွင် ကျွန်ုပ် က ကားကိုတစ်လှည့်မောင်းခဲ့၏။

ကျွန်ုပ်မှာ တောင်ပေါ်လမ်းများတွင် ကားမောင်းသည့် အလေ့အကျင့် မရှိသော်လည်း ကားရှင်းသော လမ်းအတိုင်း မောင်းနှင်ခဲ့ရင်းဖြင့် တောင်ပေါ်လမ်းတွင် ကားမောင်းရခြင်းအား သဘောတွေ့လာခဲ့သည်။

လွိုင်လင်မှ နမ့်စန်သို့ သွားသောလမ်းသည် တောင်ကြီး လွိုင်လင်လမ်းကဲ့သို့ တောင်မြင့်မြင့်ကြီးများအပေါ် ဖြတ်သန်းရ ခြင်းမျိုးမဟုတ်သဖြင့် ကားမောင်းသူအဖြစ် အလှည့်ကျတာဝန်ယူ ရသော ကျွန်ုပ်အဖို့ လွန်စွာမှ ပင်ပန်းခြင်း မရှိလှပေ။

လွိုင်လင်မှ ဆယ့်ခြောက်မိုင်မျှဝေးသော နမ့်စန်သို့ရောက် ပြီးသည့်နောက်တွင် ကွန်ဟိန်းသို့ ဆက်လက်ထွက်ခွာခဲ့သည်။

ထိုခရီးတွင် မြကြာမူက ကားမောင်းဖို့ တာဝန်ယူလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ကြီးမှ ထွက်ခွာစဉ်က ကားကို အရှိန်မှန်မှန်မောင်းခဲ့သော မြကြာမူက ယခုလမ်းတွင်တော့ ကားကို တဝီဝီမြည်အောင် မောင်းနှင်တော့၏။

ကျွန်ုပ်တို့မှာ ရင်တထိတ်ထိတ်နှင့် လိုက်ပါခဲ့ရင်း ကွန်ဟိန်း သို့ ရောက်မှန်းမသိ ရောက်ခဲ့ကြလေသည်။ ကွန်ဟိန်းသို့အရောက် တွင် မြကြာမူက မြို့တော်ဘက်ရှိ ခြံဝင်းတစ်ခုအတွင်းသို့ ကားကို မောင်းဝင်သွား၏။

ခြံဝင်းအတွင်း၌ သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသော အိမ်တစ်လုံးရှိပြီး ကျွန်ုပ်တို့သည် ၎င်းအိမ်တွင် တည်းခိုကြရသည်။

ခြံဝင်းစောင့်၊ အိမ်စောင့်လင်မယားနှင့် ၎င်းတို့၏မိသားစု များက မြကြာမူအား အရိုအသေပေး ဆက်ဆံနေကြသည်ကို တွေ့ ရလေ၏။

ကျွန်ုပ်က ယင်းတို့၏ ပြောဆိုဆက်ဆံမှုများအပေါ် သတိထားနေသည်ကို သိသဖြင့် မြကြာမူက . . .

"ဒါ . . . ကျွန်မတို့ပိုင်တဲ့ အိမ်လေ၊ အစ်ကိုတော်က ဒီကို လာတဲ့အခါ တည်းခိုလို့ရအောင် ဆောက်ထားတာ"

ဟု ရှင်းပြလေ၏။

သူမ၏ အစ်ကိုဖြစ်သူမှာ မိုင်းမောစော်ဘွားဖြစ်သည် ကြောင့် ၎င်းခေတ်ကာလတွင် လွန်စွာသြဇာရှိန်ဝါကြီးမားသူ ဖြစ်သည်။ ရှေးအစဉ်အဆက်ကတည်းက အစ်ကိုတော်ဟူသော အသုံးအနှုန်းမှာ

www.burmeseclassic.com

www.burmeseclassic.com

မင်းစိုးရာဇာအသုံးအနှုန်းဖြစ်ရာ သူမက သူမ အစ်ကိုကို ထိုသို့ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ထိုနေ့က ညစာကို မြကြာမူ၏ အိမ်စောင့်လင်မယားက ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးကြ၏။ ရှမ်းဆန်စေးစေးနှင့် ချိုချိုချဉ်ချဉ် ရှမ်းဟင်းများကြောင့် ကျွန်ုပ်တို့အားလုံး ထမင်းမြိန်ကြသည်။

ထမင်းစားသောက်ပြီးသည်နှင့် နေဝင်ကာ အေးလို့လာ ၏။ ကျွန်ုပ်တို့သည် အိမ်မကြီးရှေ့ပိုင်းရှိ မီးဖိုဘေးတွင် ဝိုင်းထိုင်လိုက်ကြပြီး စကားစမြည်ပြောဆိုကြ၏။ ထိုအချိန်တွင် မြကြာမူ မှာ ကျွန်ုပ်အနီးမှာပင် ရှိနေ၏။

သူမက ကျွန်ုပ်နှင့် ယခုလို နီးနီးကပ်ကပ် နေရခြင်းအား စိတ်ထဲတွင် ကြည်ကြည်နူးနူး ခံစားနေရဟန်ရှိ၏။ ဦးသိဒ္ဓိတို့တွေ အိပ်ယာထဲဝင်သွားကြသော်လည်း ကျွန်ုပ်နှင့် မြကြာမူတို့မှာ စကား လက်ဆုံပြော၍ မကုန်အောင်ပင် ရှိနေလေ၏။

သန်းခေါင်ယံနီးကပ်လာတော့မှ မြကြာမူမှာ ကျွန်ုပ်အနား မှ မခွာချင့်ခွာချင်ဖြင့်ထပြီး အိပ်ယာထဲ ဝင်သွားတော့သည်။

ကျွန်ုပ်သည် မြကြာမူအိပ်ယာဝင်သွားပြီး အတန်ကြာမှ အိပ်ယာဝင်ခဲ့၏။ ဂွမ်းကပ်ထူထူခြုံကာ ကွေးနေသော်လည်း တော်တော်နှင့် အိပ်မပျော်ဘဲ ကျွန်ုပ်သည် မြကြာမူ၏ မျက်နှာလှလှ

www.burmeseclassic.com

www.burmeseclassic.com

လေးကိုသာ မြင်ယောင်နေမိသည်။ သူမ၏ကိုယ်သင်းနံ့သင်းသင်း လေးကိုလည်း မပြတ်ရနေသလို ခံစားနေရသည်။

ထို့နောက်တွင် ဟိုဟိုဒီဒီ စဉ်းစားနေရင်းက မည်သည့် အချိန်တွင် အိပ်ပျော်လို့ ပျော်သွားမှန်းပင် မသိဘဲ အိပ်ပျော်သွား ခဲ့သည်။

နောက်တစ်နေ့နံနက်တွင် အိပ်ယာမှထကာ စားသောက် ပြီးနောက် ကျွန်ုပ်တို့အဖွဲ့သည် မြင်းကိုယ်စီဖြင့် ကွန်ဟိန်းမြို့မှ ထွက်ခွာကာ တောင်တန်းများပေါ်သို့ တက်ခဲ့ကြသည်။

မြို့မှထွက်ခဲ့ပြီး ဆယ်မိုင်ခန့်ရောက်သည်အထိ တောင်ပူ စာလေးများကိုသာ ဖြတ်သန်းကြရ၏။ ထို့နောက်တွင်တော့ တောင် ကြားလမ်းကလေးများ၊ တောအုပ်များကို ဖြတ်သန်းရလေသည်။

မြကြာမူသည် မြင်းစီးကျွမ်းကျင်လှသူ ဖြစ်၏။ မြင်းစီး ဘောင်းဘီ၊ မြင်းစီးဖိနပ်နှင့် မြကြာမူအား တွေ့မြင်ရသည်မှာ နိုင်ငံ ခြားရုပ်ရှင်ဇာတ်ကားများထဲမှ ဇာတ်လိုက်မင်းသမီးများပမာ ရှိနေ ၏။ ကျွန်ုပ်မှာတော့ မြကြာမူအား ကြည့်မဝ၊ ရှုမဝအောင် ရှိနေ လေတော့၏။

နေမွန်းတည့်ချိန်တိုင်အောင် မြင်းဖြင့် ခရီးနှင်ပြီးနောက် စမ်းချောင်းငယ်လေးတစ်ခုဘေးတွင် နံနက်စာစားရန် စခန်းချကြ သည်။

www.burmeseclassic.com

www.burmeseclassic.com

လမ်းပြမုဆိုးကြီးဦးအိုက်ကြာ၏ တပည့်နှစ်ယောက်က နံနက်စာစားသောက်ဖို့ ပြင်ဆင်ပေးကြ၏။ ကျွန်ုပ်ကတော့ အခုလို လုပ်ကိုင်ပေးနေသည်ကို အားနာနေမိ၏။

"ဟိုလူနှစ်ယောက်က အစ်ကိုတို့ စားဖို့သောက်ဖို့တွေ လုပ်ကိုင်ပေးတာ အားနာစရာဖြစ်နေပြီ ထင်တယ်၊ ခရီးသွားကြ တာ ကိုယ့်တာဝန် ကိုယ်ယူကြရင် ကောင်းမယ်ထင်တယ်"

ကျွန်ုပ်က မြကြာမူအား ထိုသို့ပြောမိသည်တွင် သူမက ပြုံးလိုက်ပြီး ယခုလို ပြောဆိုလေ၏။

"အစ်ကိုက လုပ်မပေးပါနဲ့လို့ဆိုလည်း သူတို့က နေမှာ မဟုတ်ဘူး၊ သူတို့က ညီမအစ်ကိုတော်ရဲ့ တပည့်တွေပါ၊ ဟော်နန်း အရိပ်မှာ နေခဲ့တဲ့လူတွေဆိုတော့ သူတို့ဟာ ညီမအပေါ်မှာ အရှင် သခင်လိုပဲ သဘောထားကြတယ်၊ ညီမတစ်ခုခုထလုပ်ရင် သူတို့ မှာ နေစရာမရှိ ဖြစ်နေကြတယ်၊ ဒါကြောင့် သူတို့စေတနာနဲ့ လုပ် ပေးတာကို လက်ခံလိုက်ပါ"

"သြော် . . . သူတို့က ညီမနဲ့ ပတ်သက်နေတာကိုး"

"ဟုတ်ပါတယ် အစ်ကို၊ မုဆိုးကြီးဦးအိုက်ကြာဆိုတာက အစ်ကိုတော်ရဲ့ လူယုံကြီးပါ၊ သူက တောပစ်ရင်း လွိုင်လင်တောင် တွေရဲ့ အရှေ့ဘက်ကို ရောက်သွားတော့ မြန်မာအဝတ်အစား ဝတ်တဲ့ လူတွေကို တွေ့ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလူတွေက တောင်ကြားမှာရှိတဲ့ မြို့တစ်မြို့မှာနေတာ လို့ သူသိခဲ့တယ်၊ သူ့ကို တောင်ကြားမြို့ကလူတွေ ဖမ်းခေါ်မယ် လုပ်တော့ ထွက်ပြေးခဲ့ကြတယ်။

အဲဒီအကြောင်း ညီမသိရတော့ ဦးသိဒ္ဓိတို့ကို ပြောပြရင်း နဲ့ အခုခရီးကို စဖြစ်တာ၊ ဦးသိဒ္ဓိဆိုတာက ညီမတို့ဟော်နန်းကို ရောက်ဖူးတဲ့လူ၊ ညီမတို့မောင်နှမကို ဆေးကုဖူးတဲ့လူလေ”

ကျွန်ုပ်သည် ဦးသိဒ္ဓိနှင့် မြကြာမူတို့၏ ပတ်သက်ဆက် နွယ်မှုကို အခုမှ သဘောပေါက်ရတော့၏။

ထို့နောက် ကျွန်ုပ်တို့အဖွဲ့သည် စမ်းချောင်းဘေးတွင် ခေတ္တနားကာ ခရီးဆက်ကြသည်။

ညနေပိုင်းခရီးမှာ တောင်များပေါ်သို့ ခက်ခက်ခဲခဲ တက် ကြရသည့် ခရီးဖြစ်၏။ ကျွန်ုပ်၏မြင်းမှာ တောင်အောက်ချောက် ထဲသို့ ခြေချော်ကျမလို ဖြစ်ခဲ့ရသည်။

ညနေ့နေဝင်ချိန်တွင် ကျွန်ုပ်တို့ ရှမ်းရွာတစ်ရွာသို့ ရောက် ရှိခဲ့ကြ၏။ ထိုရွာသူရွာသားများက မြကြာမူအား ချစ်ခင်ရိုကျိုးစွာ ဖြင့် ကြိုဆိုကြလေ၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

ပြည်တော်ဝင်ဧည့်ကြိုသူ

ကျွန်ုပ်သည် ဝမ့်လုံမှ ထွက်ခဲ့သည်အထိ ကျွန်ုပ်၏ရင်ထဲ တွင် လှုပ်ရှားလျက်ရှိသော ခံစားမှုဝေဒနာများကို မြကြာမူသိအောင် ဖွင့်ဟပြောဆိုနိုင်ခြင်း မရှိခဲ့ပေ။

သို့သော်လည်း ကျွန်ုပ်သည် စိတ်ပျက်အားလျော့ခြင်းမျိုး မဖြစ်ခဲ့ပေ။ တစ်နေ့နေ့တွင်တော့ သူမအား ဖွင့်ဟပြောဆိုဖို့ အခွင့် အရေးရလာလိမ့်မည်ဟု မျှော်လင့်မိလေ၏။

ဝမ့်လုံမှထွက်ခဲ့ပြီးနောက်တွင် မြင့်မားမက်စောက်သော တောင်တန်းများပေါ်သို့ စပြီးတက်ကြရသည်။ ဝမ့်လုံမှ နံနက်ခုနှစ် နာရီခွဲလောက်တွင် စတင်ကာ တောင်တန်းများပေါ်သို့ တက်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

မွန်းတည့်ချိန်ရောက်သည်တွင် တောင်နှင့်မြောက်တန်းနေသော တောင်ပေါ်၌ နံနက်စာစားရန် ခရီးတစ်ထောက်နားကြ၏။

ကျွန်ုပ်တို့သည် ခရီးတွင်ဖို့ကိုသာ စိတ်စော၍နေသဖြင့် လွယ်လန်းတောင်တန်းကို ကျော်ခဲ့ပြီဖြစ်ကြောင်း သတိမထားမိလိုက်ပေ။

ကျွန်ုပ်တို့၏ လမ်းပြဖြစ်သည့် မုဆိုးကြီးဦးအိုက်ကြာက နံနက်စာစားရန် နားကြသည့်အခါတွင် လွယ်လန်းတောင်တန်းကို ကျွန်ုပ်တို့ ဖြတ်ကျော်ခဲ့ပြီး နောက်တွင်ကျန်ရစ်ခဲ့ပြီဖြစ်ကြောင်း ပြောပြတော့မှ ကျွန်ုပ်တို့ရောက်နေသည့် ခရီးအနေအထားကို လည်း သိရှိကြရတော့သည်။

"ကျွန်တော်တို့ လွယ်လန်းတောင်တန်းကိုကျော်ပြီး အရှေ့ဘက်ကို ရောက်လာကြပြီဆိုတော့ လျို့ဝှက်မြို့တော်နဲ့ နီးလာပြီပေါ့နော် . . . ဦးအိုက်ကြာ"

ကျွန်ုပ်က မြကြာမူနှင့်ပတ်သက်ပြီး ကျွန်ုပ်အပေါ် အလွန်အရေးပေးဆက်ဆံသော မုဆိုးကြီးဦးအိုက်ကြာအား မေးလိုက်လေ၏။

ဦးအိုက်ကြာက နံနက်စာပြင်ဆင်နေသော သူ၏တပည့်နှစ်ယောက်ကို တစ်ချက်လှမ်းကြည့်ပြီးနောက် ခေါင်းညိတ်လိုက် ပြီး . . .

"ဟုတ်ပါတယ် သခင်လေး . . ."

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အား ပြောကြားရာတွင် သုံးနှုန်းလိုက်သည့် အခေါ် အဝေါ်ကြောင့် ကျွန်ုပ်မှာ မနေတတ်၊ မထိုင်တတ်ဆိုသလို ဖြစ်သွား၏။ ထိုအဖြစ်ကို အနီးတွင်ရှိသော မြကြာမှုလည်း ရိပ်မိသွားသဖြင့် သဘောကျစွာ ရယ်လေ၏။ ကျွန်ုပ်က . . .

"ကျွန်တော့်ကို အဲဒီအသုံးအနှုန်းမျိုး မခေါ်ပါနဲ့ ဦးအိုက်ကြာရယ်၊ ကျွန်တော့်နာမည် ကျော်စွာကိုပဲ တိုက်ရိုက်ခေါ်နိုင်ပါတယ်"

ဦးအိုက်ကြာမှာ ရုတ်တရက် သဘောမပေါက်သလို ဖြစ် သွားပြီး သူတို့၏သခင်မလေး မြကြာမှုကို ကြည့်လိုက်ရာ ထိုကိစ္စ တွင် မြကြာမှုကြားဝင်မှ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ကလည်း သူမကို ပြောလိုက်ရ၏။

"သူပြောသလိုပဲ ခေါ်လိုက်ပါ ဦးအိုက်ကြာ . . ."

မုဆိုးကြီးက ရိုကျိုးစွာ ဦးညွတ်လိုက်ပြီး . . .

"ဟုတ်ကဲ့ . . . ကျုပ်တို့က ဟော်နန်းပတ်ဝန်းကျင်မှာ ကြီးပြင်းခဲ့တာမို့လို့ သခင်မလေးနဲ့ ပတ်သက်တဲ့လူကို နာမည်မခေါ်ဝံ့တာကြောင့် သခင်လေးလို့ ခေါ်မိတာပါ၊ နောက်ဆိုရင် သခင်မလေးခေါ်ခိုင်းသလို ကျော်စွာလို့ပဲ ခေါ်ပါ့မယ်"

ဟု ပြောလေ၏။

ထို့နောက် ဦးအိုက်ကြာသည် သူ၏တပည့်နှစ်ယောက် နှင့်အတူ ဝမ်းလုံးရှာမှ ချက်ပြုတ်ပေးလိုက်သော ထမင်း၊ ဟင်းလျာ များကို

www.burmeseclassic.com

www.burmeseclassic.com

တည်ခင်းပြင်ဆင်လေတော့၏။ ပြင်ဆင်ပြီးသွားသည်နှင့် ကျွန်ုပ်တို့ထံ လာရောက်ပြီး . . .

"အားလုံးပဲ မနက်စာစားကြရအောင်၊ မွန်းတည့်ချိန်တောင် ရောက်နေပြီဆိုတော့ အတော်ဆာလောင်နေကြရောပေါ့"

ဟုပြောဆိုရာ ကျွန်ုပ်က ဦးဆောင်ပြီး . . .

"ဆာတာကတော့ ပြောမနေနဲ့ ဦးအိုက်ကြာရေ၊ ဗိုက်ထဲ မှာ ပိုးမျိုးရှစ်ဆယ်က စစ်ခင်းနေလောက်ပြီ"

ကျွန်ုပ်သည် စိတ်ကျဉ်းကျပ်နေပုံရသော ဦးအိုက်ကြာအား စိတ်သက်သာရာရအောင် ရင်းရင်းနှီးနှီး ရယ်မောပြောဆိုလိုက် သည်။

ဦးအိုက်ကြာက ကျွန်ုပ်အား ပြုံးရွှင်သော အမူအရာနှင့် လှမ်းကြည့်လိုက်၏။ ယင်းအကြည့်များထဲတွင် ကျေးဇူးတင်သည့် ဟန်ပန်တွေ ပျော်ဝင်နေသည်ကို ကျွန်ုပ်သတိပြုမိ၏။

မလှမ်းမကမ်းတွင် ဆေးဖက်ဝင်ဂမုန်းမျိုးနွယ်ပင်တစ်ပင် ကို စူးစိုက်ကြည့်ရှုနေသော ဦးသိဒ္ဓိကိုလည်း တရိုတသေ ဖိတ်ကြား လေ၏။

"ထမင်းပွဲက အဆင်သင့်ဖြစ်နေပါပြီ၊ ဆရာကြီးဦးသိဒ္ဓိတို့ လည်း ကြွပါခင်ဗျာ"

ကျွန်ုပ်တို့အားလုံး ထမင်းပွဲပြင်ဆင်ထားရာသို့ ဝင်ထိုင် လိုက်ကြ၏။ အင်ဖက်ကိုခူးကာ ဆေးကြောသန့်စင်ပြီး ထမင်းထည့်

www.burmeseclassic.com

www.burmeseclassic.com

ကျေးသော ထမင်းဝိုင်းလေးသည် ပကာသနကင်းသည့်အသွင် ဆောင်နေ၍ ကျွန်ုပ်သဘောကျမိလေသည်။

မုန်ညင်းဟင်း၊ နန်တုတ်ဟုခေါ်သော သားရေပွကြော်၊ ဆိတ်သားခြောက်ထောင်းတို့ဖြင့် စားရသော နံနက်စာထမင်းမှာ ကျွန်ုပ်တို့အား လွန်စွာခံတွင်းတွေ့စေ၏။

ခရီးလမ်းမှာ ပင်ပန်းလာကြပြီး ဆာလောင်နေသဖြင့် စကားမပြောနိုင်ကြဘဲ ထမင်းကိုသာ ခေါင်းငုံ့ပြီး အားရပါးရ စား ကြတော့၏။

ထမင်းစားပြီးသည့်အခါတွင် ဦးအိုက်ကြာ၏တပည့်နှစ် ယောက်က ရွှေဖီမိုးလွတ် လက်ဖက်ခြောက်ကို အရိုးနီအောင် လှော်ထားသည့် လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းကို သောက်ရန် အရေးပေါ်ပြုလုပ်ထားသော ဝါးခွက်ကလေးတစ်ခွက် စီ ဝေငှပေး၏။

မွှေးမွှေးသင်းသင်းဖြင့် ပူခါးခါးနိုင်သော ရေနွေးကြမ်းက ထမင်းစားပြီးစ ကျွန်ုပ်တို့အား ခံတွင်းကို ရှင်းသွားစေသည်။

"ခင်ဗျား အရင်တစ်ခါက ရောက်ခဲ့ဖူးတယ်ဆိုတာ ဒီနေ ရာပဲလား ဦးအိုက်ကြာ"

ရေနွေးကြမ်းထည့်ထားသော ဝါးခွက်လေးကိုင်ကာ ပတ် ဝန်းကျင်ကို လှည့်ပတ်ပြီး ကြည့်နေသော မိုးစွေက ရေနွေးကြမ်း

www.burmeseclassic.com

www.burmeseclassic.com

တစ်ခွက်အကုန်တွင် ကျွန်ုပ်တို့ရှိရာနေရာသို့ ရောက်ရှိလာပြီး ဦးအိုက်ကြာကို မေးလိုက်၏။

"ဒီနေရာတော့ မဟုတ်ဘူး၊ ဒီပတ်ဝန်းကျင်ပါပဲ၊ ကျုပ် အမှတ်အသားပြုထားခဲ့တဲ့ သစ်ပင်ကိုတွေ့ရင်တော့ သေသေချာ ချာ ပြောနိုင်ပါလိမ့်မယ်"

ဦးအိုက်ကြာက ပတ်ဝန်းကျင်ကို အလွန်စူးရှထက်သန် သော အကြည့်ဖြင့် ကြည့်ရင်းမှ ပြန်ပြောလိုက်၏။ စကားပြော အပြီးတွင် ဦးအိုက်ကြာသည် မျက်မှောင်ကြုတ်ပြီးနေရာမှ ဖျတ်ခနဲ ထရပ်လိုက်လေ၏။

ဦးအိုက်ကြာသည် ဝါရင့်မုဆိုးကြီးတစ်ဦးပီပီ တစ်စုံတစ်ရာ ထူးခြားမှုကို သတိပြုမိလိုက်သလို သူ့အမူအရာက ထူးခြားနေ သဖြင့် ကျွန်ုပ်တို့လည်း နားမလည်နိုင်ဖြစ်သွားပြီး . . .

"ဘာဖြစ်လို့လဲ ဦးအိုက်ကြာ"

ဟု ကျွန်ုပ်က သူ့အနီးတိုးကပ်ရင်း မေးလိုက်ရာ . . .

"လူစိမ်းတွေရဲ့ အနံ့ကို ရနေတယ်"

ဦးအိုက်ကြာက တစ်စုံတစ်ခုကို ပိုင်နိုင်စွာ ပြောလိုက်လေ ၏။

ကျွန်ုပ်တို့သည် ဦးအိုက်ကြာနှင့်အတူ ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် ကြည့်ရှုလိုက်သည်။ မသင်္ကာစရာဆို၍ ကျွန်ုပ်တို့ စခန်းချသည့်နေရာတွင် ဘာတစ်ခုကိုမှ မတွေ့ရပေ။

"ဘာမှလဲ မတွေ့ရပါလား ဦးအိုက်ကြာ"

www.burmeseclassic.com

www.burmeseclassic.com

"ခဏလေး . . . သတိနဲ့နေကြပါ၊ ကျုပ်စစ်ဆေးကြည့်လိုက်ဦးမယ်"

ဦးအိုက်ကြာက နှစ်လုံးပြူးသေနတ်ကို ဆွဲယူပြီး ထွက်သွားလေ၏။ တစ်ခဏအတွင်းမှာပင် ကျွန်ုပ်တို့ရှိနေရာ၏ အပြင်ဘက်တောအုပ်အတွင်းသို့ ဝင်ရောက်သွားတော့၏။

ကျွန်ုပ်မှာ အတွေ့အကြုံကြွယ်ဝသော ဦးသိဒ္ဓိကို လှမ်း ကြည့်ပြီး . . .

"ကျွန်တော်တော့ ဘာမှမကြားဘူး၊ ဦးသိဒ္ဓိရော ဘာများကြားမိလို့လဲ"

ဦးသိဒ္ဓိက ခေါင်းခါပြသည်။

"ကြားလို့မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်ထဲမှာတော့ တစ်ခုခုရှိနေသလို ထင်မိတယ်၊ ပတ်ဝန်းကျင်မှာ အန္တရာယ်ရဲ့ အနံ့အသက်တွေ၊ အရိပ်အငွေ့တွေ လွင့်ပျံ့နေသလိုပဲ"

ဦးသိဒ္ဓိစကားကို ကြားရသည်တွင် အန္တရာယ်တစ်စုံတစ် ရာနှင့် တွေ့ကြုံရတော့မည်ဟု ကျွန်ုပ်ထင်မြင်လာမိ၏။

သို့သော်လည်း မည်သည့်အန္တရာယ်မှ မကျရောက်မီတွင် မုဆိုးကြီးဦးအိုက်ကြာ ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် တစ်စုံတစ်ခု ကိုင်လာသည်ကို အသေအချာပင် မြင်တွေ့ရ၏။ ထိုအရာမှာ စုတ်ပြဲနေသော အညိုရောင်ပိတ်စတစ်စ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ရန်သူလား၊ မိတ်ဆွေလားဆိုတာတော့ မသိဘူး၊ ဒီပတ်ဝန်းကျင်မှာ ကျုပ်တို့ကို ချောင်းမြောင်းနေတဲ့ လူတွေရှိတာ သေချာတယ်၊ ကျုပ်အခုသွားကြည့်တော့ တောအုပ်အပြင်ဘက်မှာ လတ်လတ်ဆတ်ဆတ် ခြေရာတွေ တွေ့ခဲ့ရတယ်၊ ပြီးတော့ ချုံနဲ့ ငြိပြီး စုတ်ပြဲကျန်ခဲ့တဲ့ ဟောဒီပိတ်စလေးတစ်စတွေ့လို့ ကျုပ်ယူ လာတာ"

"ကျွန်တော်တို့ကို လာချောင်းနေတယ်ဆိုတော့ မိတ်ဆွေ မဖြစ်နိုင်ဘူး၊ ရန်သူပဲ ဖြစ်လိမ့်မယ်"

ဦးအိုက်ကြာ၏ စကားအဆုံးတွင် ကျွန်ုပ်က ထိုကဲ့သို့ မှတ်ချက်ပေးလိုက်၏။

မိုးစွေကလည်း ခေါင်းတစ်ချက်ခါပြီး အရောင်တဖျတ် ဖျတ်လက်နေသော မျက်ဝန်းဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက် သည်။

"ရန်သူတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ရန်သူဆိုရင် ကျွန်တော်တို့ကို အလစ်ဝင်တိုက်မှာပေါ့၊ ပြီးတော့ ညက ကျွန်တော် အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ ကျွန်တော်တို့တွေကို ရုပ်ရည် သွင်ပြင် ကွဲကွဲပြားပြားမရှိတဲ့ လူတွေက လာပြီးကြိုဆိုကြတယ် . . . တဲ့"

မိုးစွေ၏စကားမှာ ယုတ္တိမတန်ဟု ကျွန်ုပ်ထင်မြင်မိ၏။ ထို့ကြောင့် ကျွန်ုပ်က ပြုံးရယ်လိုက်ပြီးနောက် . . .

"ခါးတွေ၊ လှံတွေ၊ လက်နက်တွေနဲ့ လာကြိုနေတာများ လားဗျာ" ဟု ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏စကားကိုကြားသည်တွင် မိုးစွေသည် မျက်နှာ ပျက်သွားပြီး သူက စူးရှအရောင်ထွက်နေသော မျက်လုံးအစုံတို့ ဖြင့် ကျွန်ုပ်အား ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

"ခါးတွေ၊ လှံတွေ၊ လက်နက်တွေနဲ့လာကြတာ တိုက်ခိုက် ချင်လို့မဟုတ်ဘဲ ကျွန်တော်တို့ကို စောင့်ရှောက်ဖို့လာတာ မဖြစ် နိုင်ဘူးလား ကိုကျော်စွာ၊ ကျွန်တော်ကတော့ သူတို့စောင့်ရှောက် ချင်လို့ ဖြစ်မယ်ဆိုတာကို ယုံနေမိတယ်"

မိုးစွေက လေးနက်တည်ကြည်သော အမူအရာဖြင့် ပြော လိုက်၍ ကျွန်ုပ်မှာ သူ့အား ဆန့်ကျင်ပြီးပြောဆိုဖို့ ဝန်လေးသွားမိ သည်။ ထို့ကြောင့် ကျွန်ုပ်သည် ခေါင်းကိုညင်သာစွာ ညိတ်ပြလိုက် ပြီး . . .

"ဒါလည်း ဖြစ်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် လမ်းဆုံးရင် တော့ ရွာတွေ့မှာပါ၊ ကျွန်တော်တို့ ဒီမှာနားနေတာ နည်းနည်း လည်း ကြာသွားပြီ၊ ခရီးဆက်ကြဦးစို့လား"

ကျွန်ုပ်၏စကားက အားလုံးကို ခရီးဆက်ကြရဦးမည်ဆို သည့် သတိပြန်ဝင်သွားစေ၏။

ကျွန်ုပ်တို့အားလုံးကို ခေါင်းဆောင်လာသော ဦးသိဒ္ဓိက နေရာမှ သွက်လက်စွာ ထရပ်လိုက်ပြီး . . .

"ဟုတ်တယ်၊ ထင်တာမြင်တာတွေ ပြောနေမယ့်အစား ခရီးဆက်ကြတာပေါ့၊ တစ်ခုတော့ ရှိတာပေါ့၊ ကျုပ်တို့ဟာ ကိုယ် မကျွမ်းကျင်တဲ့ နယ်မြေဒေသကို ရောက်နေကြတာဖြစ်လို့ သတိ

www.burmeseclassic.com

www.burmeseclassic.com

ထားကြဖို့တော့ လိုလိမ့်မယ်၊ ကဲ . . . ဦးအိုက်ကြာရေ . . . ကျုပ် တို့ သွားလိုက်ကြရအောင်"

ကျွန်ုပ်တို့အားလုံးသည် ခေတ္တစခန်းချရာမှ ခရီးဆက်ရန် ပြင်ဆင်ကြတော့၏။ ဦးအိုက်ကြာမှ မူလအတိုင်း ရှေ့ဆုံးမှဦးဆောင်ပြီး ခရီးစဉ်ကို စတင်လိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့မှာ ဦးအိုက်ကြာ၏နောက်မှ လိုက်ပါခဲ့ကြပြီး တောင်အောက်သို့ ဆင်းခဲ့ကြ၏။

တောင်ပေါ်သို့တက်စဉ်က အတက်ခရီးဖြစ်၍ မက်စောက် ကြမ်းတမ်းသကဲ့သို့ အဆင်းမှာလည်း ထိုနည်းတူပင် ကြမ်းတမ်းလှ၏။

အဆင်းခက်ခက်ဆိုသည့် စကားအတိုင်း ကျွန်ုပ်တို့သည် တောင်အောက်သို့ ခက်ခက်ခဲခဲ ဆင်းကြရ၏။ တောင်အောက်သို့ အရောက်တွင် ဒုတိယတောင်ပေါ်သို့ တက်ကြရပြန်၏။

ဒုတိယတောင်မှာ ပထမတောင်ထက်ပိုပြီး မတ်စောက် မြင့်မားသော တောင်ဖြစ်သည်။ တောင်ခုလတ်သို့အရောက်တွင် ဦးသိဒ္ဓိက အားလုံးကိုရပ်နားရန် လက်မြှောက်ပြလိုက်ပြီး . . .

"ကျုပ်တို့ ဒီမှာ ခဏနားကြမယ်"

ဦးသိဒ္ဓိ၏စကားကိုအကြားတွင် ကျွန်ုပ်တို့မှာ ပင်ပန်းနွမ်းနယ်နေကြပြီဖြစ်သဖြင့် မြေပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ခရီးကြမ်းဒဏ်ကြောင့် မြကြာမူတစ်ယောက် ပင်ပန်းနွမ်းနယ်နေပေရော့မည်ဟုတွေးပြီး သူမအား ဖျတ်ခနဲ ကြည့်လိုက်ပြီး . . .

"မြမြ . . . တော်တော်လေး ပင်ပန်းနေပြီနဲ့တူတယ်"

မြကြာမူက ကျွန်ုပ်အား လှမ်းကြည့်ပြီး နူးညံ့သိမ်မွေ့စွာ ပြုံးပြလေ၏။ သူမ၏မျက်နှာမှာ ခရီးပန်းထားသဖြင့် ပန်းနုသွေး ရောင်သမ်းနေ၏။

"ဒီလောက်ကြမ်းတမ်းတဲ့ခရီးကို ဖြတ်ခဲ့ရတာဆိုတော့ မပင်ပန်းဘဲ နေပါ့မလားရှင်၊ ဒါပေမယ့် ကျွန်မက ဒီပင်ပန်းတာ လောက်တော့ ခံနိုင်ရည်ရှိပါတယ် အစ်ကိုရဲ့"

"ဒါကိုတော့ အစ်ကိုလည်း သတိထားမိပါတယ်၊ ဒါထက် အစ်ကိုလေ မြမြကို တစ်ခုလောက်မေးချင်တယ်"

"ဘာလဲ . . . အစ်ကို . . . ဘာကိုမေးချင်လို့လဲ"

"ဩော် . . . မြမြ ဒီခရီးကို လိုက်လာရတဲ့ အကြောင်း ကိုပါ"

မြကြာမူက ကျွန်ုပ်အား ပြုံး၍ကြည့်ပြီး . . .

"ကျွန်မက စွန့်စားရတာကို ဝါသနာပါတယ် အစ်ကိုရဲ့၊ ပြီးတော့ . . ."

မြကြာမူက စကားမဆက်ဘဲ ပတ်ဝန်းကျင်ကို မျက်လုံး ဝေ့ကြည့်ကာ အကဲခတ်နေ၏။

"ပြီးတော့ ဘာဖြစ်သလဲ မြမြ၊ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . ကျွန်မသူငယ်ချင်းကို ရှာချင်လို့ပါ"

"သူငယ်ချင်း . . . ဟုတ်လား၊ အဲဒါ ဘယ်သူများလဲ မသိ ဘူး"

"သူ့နာမည်က စံပယ်မြိုင်တဲ့၊ လွန်ခဲ့တဲ့ တစ်လလောက် က သူနဲ့ သူ့ရဲ့အထိန်းတော်တွေ ကျွန်မဆီရောက်လာတယ်၊ ပြီး တော့ လျှို့ဝှက်မြို့တော်ကိုရှာဖို့ သွားမယ့်အကြောင်း၊ အဲဒီမှာ သူ သိပ်တွေ့ချင်တဲ့ လူတစ်ယောက်ကို တွေ့ရမယ်လို့ထင်နေကြောင်း တွေ ပြောပြပါတယ်။

ကျွန်မက သူ့ကို ချက်ချင်းခရီးမထွက်ဖို့တားတာကို ကျွန်မ မရှိခိုက်မှာ ထွက်သွားတယ်၊ ဖြစ်ချင်တော့ သူ့အတွက် ကျွန်မ စိတ်ပူနေတုန်း ဦးသိဒ္ဓိက လျှို့ဝှက်မြို့တော်ကိုရှာဖို့ ဦးအိုက်ကြာကို လာငှားတာနဲ့ ခရီးမှာ ကျွန်မလိုက်မယ်ဆိုပြီး လိုက်လာခဲ့တာပဲ"

မထင်မှတ်ဘဲ ကြားလိုက်ရသည့် စကားအပေါ် ကျွန်ုပ် သည် မယုံနိုင်လောက်အောင် အံ့ဩတွေဝေသွားပါသည်။ ဖြစ် ပျက်မှုများသည် ဘာကြောင့်များ ဤသို့ပေါင်းစုံနေရပါလိမ့် . . .။ မည်သို့သော ကံကြမ္မာက စီရင်ဖန်တီးလိုက်လေသလဲ . . .။ စံပယ်မြိုင်ဟူသော မိန်းကလေးက မြကြာမူနှင့် ဆက်စပ်နေပြန်ပြီ။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## ဝက်ပါမြိုင်ရဲ့သခင်မ

ကျွန်ုပ်တို့အဖွဲ့သည် ထိုနေ့မှ နောက်ခုနှစ်ရက်ခန့်အထိ ခရီးကြမ်းကို မနားတမ်း ဖြတ်သန်းခဲ့ရ၏။ မြင့်မားသည့် တောင်တန်းကြီးများ၊ နက်ရှိုင်းသည့် လျှိုကြီးများ၊ ရေစီးသန်သည့် မြစ်၊ ချောင်းများကို အကြိမ်ကြိမ် ဖြတ်ကျော်ခဲ့ရ၏။ ခုနှစ်ရက်လွန်မြောက်သည့်နေ့တွင် တောင်နှစ်တောင်ကို ဖြတ်ကျော်ပြီးသည်နှင့် ဒယ်အိုးနှင့်တူသော ချိုင့်ဝှမ်းကျယ်ကြီးကို တွေ့ရလေ၏။ ထိုချိုင့်ဝှမ်း၌ ကျောက်သားအိမ်ငယ်များစွာ တပြန့်တပြော တည်ရှိနေသည်ကို အံ့သြစွာ တွေ့ရတော့၏။

"အဲဒါဟာ မြိုင်ကိုးမြိုင်သခင်မရဲ့ ရွှေမြို့တော်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

လမ်းမကြီးနှစ်လမ်း၊ လမ်းသွယ်များစွာနှင့် တည်ဆောက်ထားသော မြို့တော်ကို တွေ့သည်နှင့် ရှေ့မှဦးဆောင်ပြီး လျှောက်နေသည့် အဂ္ဂက နောက်သို့လှည့်ပြီး ပြောလိုက်လေ၏။

"မြိုင်ကိုးမြိုင်သခင်မ . . . ဟုတ်လား အဂ္ဂ"

မိုးစွေက ကျောက်ဖြူသားစံအိမ်များဖြင့်ပြီးသော မြို့တော် ကို လှမ်းမျှော်ကြည့်ရင်းမှ အဂ္ဂအား မေးလိုက်ရာ အဂ္ဂက ရိုကျိုး သောအမူအရာဖြင့် ခေါင်းညိတ်ပြ၏။

"မှန်ပါတယ် အရှင့်သား၊ ဒီမြို့ကိုအုပ်ချုပ်တဲ့ ဘုရင်မဟာ ဒီမြို့တွင်းမှာ ဝက်ပါကိုးခုရှိတဲ့ ဝက်ပါမြိုင်ကို ကျွမ်းကျင်အောင်နိုင်သူဖြစ်လို့ မြိုင်ကိုးမြိုင်သခင်မဆိုပြီး ဘွဲ့အမည်ရခဲ့ပါတယ်၊ သခင်မကြီးဟာ အထက်နန်းတော်ကနေ ကျွန်တော်မျိုးတို့ကို အုပ်ချုပ်နေပါတယ်"

"ဩော် . . . မြိုင်ကိုးမြိုင်သခင်မဆိုတာ ဝက်ပါမြိုင်ကို အောင်နိုင်သူပေကိုး"

"ဟုတ်ပါတယ် အရှင့်သား၊ သခင်မကလွဲလို့ ဝက်ပါမြိုင် ကို ဖြတ်သန်းနိုင်တဲ့သူ မရှိပါဘူး၊ ဝက်ပါမြိုင်ဆိုတာ ဒီရွှေမြို့တော်ရဲ့ရတနာတွေ စုဆောင်းသိုမှီးထားတဲ့နေရာပါ"

ကျွန်ုပ်၏ခေါင်းထဲတွင် အလင်းရောင်တစ်ချက်က ဖျတ် ခနဲလင်းလက်သွားသကဲ့သို့ ခံစားလိုက်ရ၏။ ဝက်ပါမြိုင်ဟူသည် မှာ

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်ရတနာများကို ဝက်ပါကိုးခုဖြင့် သိုဝှက်ထိန်းသိမ်းထား ရှိရာ နေရာဖြစ်ကြောင်း သဘောပေါက်နားလည်လိုက်ရသည်။

"ဝက်ပါမြိုင်ကို မြိုင်ကိုးမြိုင်သခင်မလို့ခေါ်တဲ့ ဘုရင်မက လွဲပြီး အခြားလူတွေ ဝင်ခွင့်မရှိပါဘူး၊ ကျွန်တော်မျိုးတို့ရဲ့ ဘုရင်မ ဟာ အိုမင်းရင့်ရော်စပြုနေပါပြီ၊ ဒီအချိန်မှာ ထိပ်ထားသခင်မလေး ရောက်ရှိလာတဲ့အတွက် မြို့သူမြို့သားတွေ အထူးပဲဝမ်းသာနေကြ ပါတယ်"

"ထိပ်ထားသခင်မက ဒီမှာနေတာမဟုတ်ဘဲ ဘယ်ကနေ ရောက်လာရတာလဲ"

"မှန်လှပါ၊ ထိပ်ထားသခင်မလေးဟာ ဒီမြို့တော်ကနေ ထွက်ပြေးတိမ်းရှောင်သွားတဲ့ နံ့သာမြိုင်သခင်မလေးရဲ့ ရင်သွေး ရတနာဖြစ်ပါတယ်၊ မြိုင်ကိုးမြိုင်သခင်မရဲ့ အိပ်မက်စေတမန် ကြောင့် ရွှေမြို့တော်ကို ပြန်ရောက်လာခဲ့ပါတယ်"

"သခင်မက အရှင့်သားထံမှောက်ကို အိပ်မက်စေတမန် တွေ စေလွှတ်ခဲ့တဲ့အတွက် အရှင့်သားကိုယ်တိုင်လည်း ဒီရွှေမြို့ တော်ကို ရောက်လာမယ်ဆိုတာ အတိအလင်း ထုတ်ဖော်ပြော ကြားထားပါတယ်၊ သခင်မကြီးဟာ အရှင့်သားလာမယ့်လမ်းကို ထိပ်ထားသခင်မလေးကို အသိပေးလိုက်တာကြောင့် ကျွန်တော်မျိုး တို့ အခုလို လာကြိုတာပါ"

www.burmeseclassic.com

www.burmeseclassic.com

ရွှေမြို့တော်၏အနေအထား၊ မြိုင်ကိုးမြိုင်သခင်မနှင့် ထိပ်ထားသခင်မလေးတို့၏ အနေအထားကို ကျွန်ုပ်သဘောပေါက်နားလည်စပြုလာပြီ ဖြစ်သည်။

အဂ္ဂက ထိပ်ထားသခင်မလေးဟု ဆိုနေသူကား ကျွန်ုပ်နှင့်တွေ့ဆုံဖူးသော စံပယ်မြိုင်ပင်ဖြစ်ကြောင်း ရိပ်စားမိလာသည်။

သို့သော် အိပ်မက်စေတမန်ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်၍မူ စိတ်ထဲ၌ ရှင်းရှင်းလင်းလင်း မရှိသေးပေ။ မကြာခင်တွင် ထိုအကြောင်းအရာကို ရှင်းလင်းစွာ သိလာရလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်မိ၏။

အဂ္ဂသည် ကျယ်ပြန့်သော မြေသားလမ်းမကြီးမှနေ၍လူနေအိမ်ခြေများကို အကွက်ကျကျ ဆောက်လုပ်ထားသော မြို့တော်အတွင်းသို့ ဝင်ခဲ့လေသည်။

မြို့အဝင်သို့အရောက်တွင် မြေသားလမ်းကျယ်ကြီးသည်ကျောက်ခင်းလမ်းအဖြစ် ပြောင်းလဲသွား၏။ ထိုလမ်းမ၌ အနီရောင်ကတ္တီပါရင်ဖုံးအင်္ကျီဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်နှင့်အဖြူရောင်ဝတ်စုံရှည်ကြီးများ ဝတ်ဆင်ထားသော နောက်လိုက်ဆယ်ယောက်တို့က စောင့်ကြိုနေကြသည်။

"အရှင့်သားကို ကျွန်တော်မျိုး သက်တော်ရှည်သခ် ဂါရဝပြုပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

အနီရောင်ကတ္တီပါရင်ဖုံးအင်္ကျီဝတ်ဆင်ထားသော အဘိုး အိုက ကျောက်ခင်းလမ်းပေါ် ဒူးထောက်ထိုင်ပြီး မိုးစွေကို ဂါရဝ ပြုလေ၏။

မိုးစွေက လျင်မြန်စွာ ရှေ့တိုးသွားပြီး အဘိုးအိုအား ထူမ လိုက်သည်။

"ကျွန်တော့်ကို အခုလောက် ဂါရဝပြုဖို့ မလိုပါဘူး ဘိုးဘိုး"

အဘိုးသခ်က မိုးစွေအား စေ့စေ့ကြည့်၍ ပြုံးလေသည်။

"အင်း . . . အရှင့်သားက ရွှေမြို့တော်နဲ့ ကင်းကွာပြီး ဘဝများခြားခဲ့လေတော့လည်း လေးမြတ်စွာ အရိုအသေပြုတဲ့ အစဉ်အလာကို မေ့လျော့နေမှာပဲ၊ အဲဒီလို အရိုအသေပြုတာကို မခံယူလိုတဲ့သူဟာ ရွှေမြို့တော်ကို ရောက်လာခဲ့ရင် မြိုင်ကိုးမြိုင် မယ်တော်ရဲ့ ကျိန်စာဟာ ပျက်ပြယ်မှာ အသေအချာပါပဲ"

အဘိုးအိုသခ်၏ စကားနောက်ကွယ်တွင် လျှို့ဝှက်ချက် တွေ ရှိနေသည်ဟု ကျွန်ုပ်ထင်မြင်မိ၏။

ရွှေမြို့တော်နှင့် ပတ်သက်သူတို့သည် ကျွန်ုပ်တို့အားလုံး အနက် မိုးစွေတစ်ယောက်တည်းကိုသာ အသိအမှတ်ပြုပြီး အရို အသေပေးနေ၊ ဂါရဝပြုနေခြင်းကြောင့် ကျွန်ုပ်တို့မှာ ရွှေမြို့တော် နှင့် မပတ်သက်ကြောင်း ပေါ်လွင်သည်ထက် ပေါ်လွင်လာ၏။

"အရှင့်သားနဲ့ နောက်လိုက်နောက်ပါတွေ အခုလို ခရီး ပန်းလာချိန်မှာ ကျွန်ုပ်ကြောင့် အနှောက်အယှက်ဖြစ်ရပြီ၊ ပင်ပန်းခဲ့ သမျှတွေကို အပန်းဖြေဖို့ အောက်နန်းတော်ကိုကြွပါ"

www.burmeseclassic.com

www.burmeseclassic.com

အဘိုးအိုသခ်က လက်နှစ်ဖက်ကိုမြှောက်ကာ ဂါရဝပြု ပြောဆိုပြီး ကျောက်ခင်းလမ်းအတိုင်း လျှောက်ထွက်သွားသဖြင့် ၎င်း၏နောက်မှ အဂ္ဂက လိုက်ပါသွား၏။

ကျွန်ုပ်တို့မှာ အဂ္ဂ၏နောက်မှ လိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့၏နောက်မှ အဂ္ဂ၏နောက်တော်ပါများက လိုက်ပါလာသည်။

ကျောက်ခင်းလမ်းမှာ လူနေအိမ်ခြေများကြားမှ ဖြတ်သန်းသည့်လမ်းဖြစ်သည်။ လမ်းတစ်ဖက်တစ်ချက်ရှိ နေအိမ်များမှ မြို့သူမြို့သားများသည် ကျွန်ုပ်တို့အား ဂါရဝပြုဟန်ဖြင့် အိမ်ထဲမှထွက်ကာ လမ်းဘေးတွင် ရပ်နေကြသည်။

ကျွန်ုပ်သည် မြန်မာဆန်ဆန် ဝတ်စားဆင်ယင်ထားသော မြို့သူမြို့သားများကို အကဲခတ်ကြည့်ရှုရင်း ရှေ့မှသွားနေသူများနောက်သို့ မြကြာမူနှင့်အတူ လိုက်ခဲ့၏။

လမ်းချိုးနှစ်ခုကို ချိုးကွေ့မိသည်နှင့် တောင်ကုန်းတစ်ခု၏အောက်ခြေရှိ ကျောက်ဖြူသား အဆောက်အအုံကြီးတစ်ခုရှေ့သို့ ရောက်လာ၏။

ထိုအဆောက်အအုံအဝင်ဝ တံခါးတစ်ဖက်တစ်ချက်တွင် လက်နက်ကိုင်အစောင့်ရှိနေပြီး ကျွန်ုပ်တို့အား တွေ့မြင်သည်နှင့် လက်နက်များကို ဘေးတွင်ချကာ အရိုအသေပေးရင်း လမ်းဖယ်ပေးကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျောက်ဖြူသား အဆောက်အအုံကိုကျော်၍ ကာ အနောက်ဘက်ရှိ တောင်ကုန်းမြင့်မြင့်ဆီသို့ လှမ်းကြည့်လိုက် မိ၏။

ထိုတောင်ကုန်းပေါ်တွင် ရွှေရောင်ဝင်းလက်နေသော အဆောက်အအုံကြီးတစ်ခုကို တွေ့ရှိရ၏။

"တောင်ကုန်းထက်မှာ ရှိနေတာက အထက်နန်းတော်ပါ ပဲ၊ သခင်မကြီးနဲ့ သခင်မလေးတို့ဟာ အထက်နန်းတော်မှာ စံမြန်း နေကြပါတယ်"

အဂ္ဂက သူ့နောက်မှ ကပ်ပြီးလိုက်လာသော မိုးစွေအား လှည့်ပြီးပြောလိုက်သည်။ မိုးစွေက အိပ်မက်ထဲတွင် လမ်းလျှောက် နေသူပမာ လျှောက်ရင်းမှ ခေါင်းညိတ်ပြ၏။

အဘိုးအိုသခ်က ကျောက်ဖြူသား အဆောက်အအုံအတွင်း သို့ ရှေ့မှဦးဆောင်ပြီး ဝင်သွားလေသည်။

အောက်နန်းတော်ဟု အဘိုးအိုသခ်ကခေါ်သော ကျောက် ဖြူသား အဆောက်အအုံကြီး၏ ခန်းမဆောင်မှာ ငွေရောင်တဖျတ် ဖျတ်လက်နေသည်။ ငွေရောင်လက်နေသော ကျောက်တိုင်ကြီး များ၊ ငွေရောင်လက်နေသော ကျောက်သားထိုင်ခုံများမှာ ပြောင် လက်တောက်ပနေလေသည်။

ခန်းမဆောင်ကြီး၏ အတွင်းပိုင်းတွင် ကျောက်ခုံကြီးတစ် ခုရှိပြီး ထိုကျောက်ခုံပေါ်တွင် ကတ္တီပါအနီအုပ်ထားသော သလွန် တစ်ခုရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သလွန်ပေါ်ကို ကြွမြန်းတော်မူပါ အရှင့်သား"

"ဗျာ . . ."

မိုးစွေမှာ အူကြောင်ကြောင်နိုင်သော အမူအရာကြောင့် အဘိုးအိုသခ်ကို ကြည့်လေ၏။ အဘိုးအိုသခ်က ကျောက်ခုံပေါ်သို့တက်သည့် လှေကားထစ်များရှိရာသို့ လျှောက်သွားပြီး လှေကားရင်းမှနေ၍ မိုးစွေအား စောင့်ကြိုနေလေ၏။

"ကျွန်တော် ဘာလုပ်ရမလဲ ဦးသိဒ္ဓိ"

"သူက သလွန်ပေါ်ကိုကြွပါဆို ကြွလိုက်ရုံပေါ့၊ အပေါ်ကို တက်သွားပါ သခင်လေး"

ဦးသိဒ္ဓိနှုတ်မှ သခင်လေးဟု ခေါ်သံကိုကြားရသည့်အပြင် သူ့အမူအရာကလည်း မိုးစွေအား ရိုကျိုးဟန်တွေ အထင်းသား ပေါ်လွင်နေလေ၏။

မိုးစွေက ကျွန်ုပ်ဘက်ကို ဖျတ်ကနဲ လှည့်ကြည့်လာ၏။ ကျွန်ုပ်က အားပေးသည့်ဟန်ဖြင့် ပြုံးပြလိုက်သည်တွင် ခေါင်းညိတ် ပြပြီး ကျောက်သားလှေကားထစ်များကိုနင်းကာ ကျောက်ခုံပေါ်သို့ တက်သွားပြီးနောက် သလွန်ပေါ်တွင် ထိုင်လိုက်လေသည်။

"သလွန်ရဲ့အနောက်ဖက်နံရံမှာ တံခါးတစ်ပေါက်ရှိပါတယ် အရှင့်သား၊ သလွန်ပေါ်မှာ ခေတ္တစံမြန်းပြီး အနားယူအပန်းဖြေဖို့ အနောက်တံခါးက ခန်းမဆောင်ထဲကို ဝင်ပါ"

www.burmeseclassic.com

www.burmeseclassic.com

မိုးစွေက သလွန်ပေါ်တွင် ထိုင်လိုက်ပြီး အဘိုးအိုသခ်အား မျက်နှာတည်တည်ဖြင့် ကြည့်လေ၏။

"ကျွန်တော့်ကို အမိန့်ပေးနေတာလား အဘိုးသခ် . . ."

လေသံမာမာဖြင့် မေးလိုက်သည့် မိုးစွေ၏စကားသံကြောင့် အဘိုးအိုသခ်မှာ ဆတ်ခနဲ တုန်သွားလေ၏။ ပြီးနောက် ချက်ချင်း ပင် သူသည် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ပြီး . . .

"ကျွန်တော်မျိုးအရှင့်သားကို အမိန့်ပေးဖို့ မဝံ့ကြောင်းပါ၊ သခင်မကြီးရဲ့ အမိန့်တော်အတိုင်း စီစဉ်ပေးခြင်းဖြစ်ပါတယ်၊ သလွန်ပေါ်မှာ ခေတ္တစံမြန်းတာဟာ အရှင့်သားရဲ့ဘဝဟောင်းတစ်နေရာ မှာ ပြန်ပြီးစံမြန်းတဲ့ အဓိပ္ပါယ်ပါ၊ စံမြန်းတယ်ဆိုရုံပဲ စံမြန်းပြီး အတွင်းဆောင်ကို ဝင်လို့ရပါပြီ"

ထိုအခါ မိုးစွေသည် ထိုအချိန်အထိ အူတိကြောင်တောင် ဖြစ်နေကြသည့် ကျွန်ုပ်တို့ကို ကြည့်လိုက်ပြီး ၄င်းအဘိုးအိုကို အမိန့် ပေးသလိုလေသံဖြင့် . . .

"ကျွန်တော့်မိတ်ဆွေတွေကိုရော နေရာထိုင်ခင်းပေးပါဦး"

"မှန်ပါ . . အရှင့်သားရဲ့ အခြွေအရံတွေအတွက် နေရာ ထိုင်ခင်း အသင့်ပြင်ထားပြီး ဖြစ်ပါတယ်"

အဘိုးအိုက မိုးစွေကို အရိုအသေပြုနေရာမှ ကျွန်ုပ်တို့ထံ ဦးလှည့်ကြည့်ပြီးနောက် ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီ . . . ဒါဆိုရင် သူတို့ကို နေရာချထားပေး လိုက်ပါ၊ ကျွန်တော် အတွင်းဆောင်ကိုဝင်မယ်"

သလွန်ပေါ်တွင် ထိုင်မိပြီးမှ မိုးစွေ၏အမူအရာတွေကို ပြောင်းလဲသွားသည်ဟု ထင်မိ၏။ သူက ကျွန်ုပ်တို့အား တစ်ချက် မျှလှမ်းကြည့်ပြီးနောက် သလွန်ပေါ်မှထကာ အတွင်းဘက်သို့ ဝင်သွားလေ၏။

"အဂ္ဂ . . . ဧည့်သည်တွေအတွက် သက်ဆိုင်ရာအခန်း တွေဆီ လိုက်ပို့ပေးလိုက်ပါ"

အဘိုးအိုသခ်က အဂ္ဂအား လှမ်းပြောပြီး နေရာမှ ထွက် ခွာသွားလေ၏။ အဂ္ဂက ကျွန်ုပ်တို့အား ကျောက်သားခုတင်များ ခင်းထားသည့် အခန်းကျယ်ကြီးတစ်ခုဆီသို့ ခေါ်ဆောင်သွားလေ ၏။

ကျွန်ုပ်တို့ အခန်းအတွင်းသို့ရောက်ပြီး တစ်ခဏလောက် အကြာတွင် စားသောက်ဖွယ်ရာများကို လာပို့လေ၏။

ကျွန်ုပ်တို့မှာ ဆာလောင်နေသဖြင့် အားရပါးရ စားသောက် ကြသည်။ စားသောက်ကြပြီး မကြာမီတွင် ငိုက်မျဉ်းလာသဖြင့် ကျောက်သားကုတင်များပေါ်တွင် အသီးသီးနေရာယူကာ အိပ်စက် လိုက်ကြတော့၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

## အုံ့ဖွယ်မှတ်တမ်း

အောက်နန်းတော်တွင် တစ်နေ့ရာစီခွဲပြီး နေရသဖြင့် ကျွန်ုပ်တို့နှင့် မိုးစွေသည် အဆက်အသွယ်ပြတ်သလို ဖြစ်သွားလေ၏။

အဂ္ဂသည် အောက်နန်းတော်သို့ရောက်နေသော ကျွန်ုပ် တို့အား တာဝန်ယူစောင့်ရှောက်ပေးပြီး ကျွန်ုပ်တို့အတွက် လိုလေ သေးမရှိ ပြည့်စုံအောင် စီစဉ်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကျွန်ုပ်တို့ကား အခန်းကျဉ်းထဲမှ အပြင်သို့ ထွက်ခွင့်မရပေ။ ပြင်ပမှ လူများနှင့် တွေ့ခွင့်မရသဖြင့် တစ်နေ့တာအချိန်သည် အလွန်ရှည်လျားလှပြီး ပျင်းရိငြီးငွေ့ဖွယ် ကောင်းနေတော့၏။

ရွှေမြို့တော်သို့ရောက်ပြီး တတိယနေ့တွင် အဂ္ဂသည် ကျွန်ုပ်တို့အား စစ်တုရင်ခုံတစ်ခုလာပို့၏။ ဦးသိဒ္ဓိ၊ ကျွန်ုပ်နှင့် မြကြာမူတို့ အလှည့်ကျစစ်တုရင်ကစားရင်း အချိန်ဖြုန်းကြသည်။

ကျွန်ုပ်သည် စစ်တုရင်ကို နှစ်ရက်မျှ သဲကြီးမဲကြီးကစားပြီးနောက် ငြီးငွေ့သွား၏။ ထို့ကြောင့် မုဆိုးကြီးဦးအိုက်ကြာနှင့် စကားစမြည်ပြောနေရပြန်၏။

ဦးအိုက်ကြာသည် မုဆိုးသက်ရင့်လှသူပီပီ အတွေ့အကြုံကြွယ်ဝပြီး မြန်မာစကားသာမက မြန်မာစာကိုပါ တတ်ကျွမ်းသည့်အပြင် စာပေဗဟုသုတနှင့်လည်း ပြည့်စုံသူဖြစ်၏။

ဦးအိုက်ကြာသည် သူ၏အတွေ့အကြုံများကို တစ်ဖက်သားစိတ်ဝင်စားလာအောင်၊ မငြီးငွေ့အောင် အဝဇ္ဇန်းကောင်းကောင်းနှင့်လည်း ပြောဆိုတတ်၏။

အဂ္ဂမှာ ကျွန်ုပ်တို့ထံသို့ တစ်နေ့တစ်ခေါက်လောက် အနည်းဆုံးရောက်လာတတ်သည်။ ထိုအခါတွင် ကျွန်ုပ်နှင့်ဖြစ်စေ၊ ဦးသိဒ္ဓိနှင့်ဖြစ်စေ၊ မြကြာမူနှင့်ဖြစ်စေ စစ်တုရင်တစ်ပွဲထိုးပြီးမှ ပြန်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါများတွင် ကျွန်ုပ်သည် အဂ္ဂအား ရွှေမြို့တော်နှင့် ပတ်သက်ပြီး သိချင်သည်များကို စပ်စပ်စုစု မေးမြန်းလေ့ရှိသည်။ ထိုအခါမျိုးတွင် အဂ္ဂသည် သူသိသည့် အကြောင်းအရာများကို စီကာပတ်ကုံး ပြောပြတတ်စမြဲဖြစ်သည်။

သို့သော် မိုးစွေနှင့်ပတ်သက်ပြီး မေးမြန်းသည့်အခါတွင် ကျွန်ုပ်၏မေးခွန်းကိုမဖြေဘဲ စကားကို လွှဲပစ်တတ်သည်။

ထို့ကြောင့် ကျွန်ုပ်သည် နောက်ရက်များတွင် အဂ္ဂအား မိုးစွေအကြောင်းအား မေးမြန်းခြင်း မပြုတော့ပေ။

ဦးအိုက်ကြာ၏တပည့်နှစ်ယောက်သည် စစ်တုရင်လည်း မကစားတတ်၊ ဝိုင်းဖွဲ့စကားပြောဆိုခြင်းလည်း မရှိသဖြင့် အခန်းထောင့်တွင် နှစ်ယောက်အတူထိုင်ကာ ရှမ်းသီချင်းများကို သီဆိုရင်းဖြင့် အချိန်ဖြုန်းတတ်လေ့ရှိသည်။

ကျွန်ုပ်တို့သည် စစ်တုရင်မကစားဘဲ နေကြချိန်များတွင် မြကြာမူက ဦးအိုက်ကြာ၏ တပည့်နှစ်ယောက်သီဆိုသော ရှမ်းသီချင်းအဓိပ္ပါယ်ကို ဘာသာပြန်ပေးတတ်သည်။

သို့နှင့် ကျွန်ုပ်တို့သည် ဆယ်ရက်မျှသော အချိန်ကို ပျင်းရိငြီးငွေ့လိုက်၊ အကြောင်းအရာတစ်ခုတွင် အာရုံစိုက်နေလိုက်ဖြင့် အချိန်ကုန်ဆုံးစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဆယ်ရက်မျှအချိန်ကုန်ခဲ့ပြီးသည့် နောက်တစ်နေ့ တွင် ကျွန်ုပ်တို့ထံသို့ လာမြဲအတိုင်း အဂ္ဂရောက်လာ၏။ ယခုတစ် ကြိမ်တွင် သူ၏အမူအရာများက ထူးခြားနေသည်ကို ကျွန်ုပ်သတိ ပြုမိလိုက်၏။

အဂ္ဂသည် ဦးသိဒ္ဓိ၊ ဦးအိုက်ကြာနှင့် မြကြာမူတို့အား လို အပ်သည်များ ရှိမရှိမေးမြန်းပြီး ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာသည်။

ထိုအခါတွင် ကျွန်ုပ်က အဂ္ဂ၏အမူအရာများမှာ ထူးဆန်း နေသည်ကို သတိပြုမိလိုက်၏။

ကျွန်ုပ်အနီးသို့ ရောက်သည်နှင့် သူက . . .

"ကိုရင်ကျော်စွာကို ကျုပ်ပေးစရာရှိတယ်"

ဟုပြောလိုက်ရာ ဘာကိုဆိုလိုမှန်း မသိသည့်စကားကြောင့် ကျွန်ုပ်လည်း သူ့ကို စူးစိုက်ကြည့်လိုက်ပြီး . . .

"ဟုတ်လား . . . ဘာပေးမလို့လဲ၊ ကျွန်တော်က ဘာမှ မတောင်းဆိုဖူးပါဘူး၊ ကိုအဂ္ဂက ဘာများပေးချင်လို့လဲ"

"ဩော် . . . စာတစ်စောင်ပါ၊ ဒီစာကိုဖတ်ပြီး သိမ်းဆည်း ထားပြီးတော့ ခုရက်အတွင်းမှာ သတိဝီရိယရှိရှိနဲ့ နိုးနိုးကြားကြား နဲ့နေပါ"

အဂ္ဂက မိုင်းကိုင်စက္ကူတစ်ထပ်ကို ပေးလေ၏။ ကျွန်ုပ်က သူပေးသည့် စက္ကူထပ်ကိုယူပြီး သိမ်းဆည်းထားလိုက်သည်။ မည် သူ့ထံမှဟု မသိရသော စာနှင့်ပတ်သက်၍ စူးစမ်းခြင်းမပြုသေးဘဲ အဂ္ဂ၏မျက်နှာကို လှမ်းကြည့်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေဖြစ်နေလို့ ကျွန်တော်တို့က နိုးနိုးကြားကြားနေ ရမှာလဲ ကိုအဂ္ဂ"

"ဘိုးဘိုးသခ်ဆီကို လူစိမ်းတွေ ရောက်လာကြလို့ပါ၊ သူတို့ က ဘယ်သူတွေမှန်း မသိပေမယ့် မြင်ရတဲ့အနေအထားကိုတော့ ကျုပ်သဘောမတွေ့ဘူးဗျာ"

"အဲဒီလူတွေက ဘယ်သူတွေလဲ"

"ကျုပ်လည်း မသိဘူး"

"မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားသုံးယောက်ပဲ၊ သူတို့ဆီမှာ မီးထွက်ယမ်းလက်နက်တွေလည်း ပါတယ်၊ ကိုရင်တို့ ဆီမှာပါလာတဲ့ သေနတ်တွေလိုပဲ၊ ယောကျ်ားသုံးယောက်က နောက် လိုက်တွေ၊ မိန်းမကိုတော့ ခေါင်းဆောင်လို့ ကျုပ်ထင်တာပဲ"

"သူတို့ဟာ ပြင်ပကမ္ဘာက လူတွေပေါ့ . . . ဟုတ်လား"

"ဟုတ်တယ် . . . ကိုရင်ကျော်စွာ၊ အဲဒီမိန်းမက ထက်မြက်ပါးနပ်တဲ့ မိန်းမပျိုလေးပဲ၊ ဘိုးဘိုးသခ်က သူ့စကားကို ပယ်ရှားလေ့မရှိဘူး၊ ကျုပ်ကတော့ မူမမှန်တာ တစ်ခုခုဖြစ်မယ်လို့ စိတ်ထဲ က ထင်နေမိတယ်၊ ဒီလူစိမ်းတွေဟာ မသမာသူတွေပဲ ဖြစ်လိမ့် မယ်"

"ဒါဆိုရင်တော့ သူတို့ကို အလွတ်မပေးဘဲ စောင့်ကြည့် ထားဖို့ လိုလိမ့်မယ်၊ သူတို့က ဘိုးဘိုးသခ်နဲ့ သိပ်ရင်းနှီးနေတယ် ဆိုတော့ ဘိုးဘိုးသခ်ကိုလည်း သွားပြီးသတိမပေးမိစေနဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com

"ဒီအတွက်တော့ စိတ်ချပါ၊ နှုတ်လုံဖို့နဲ့ သတိရှိနေဖို့ကို ကျုပ်က အမြဲသတိထားပါတယ်၊ ကျုပ်ဒီမှာ ကြာကြာနေလို့ မဖြစ် ဘူး၊ သွားတော့မယ်"

အဂ္ဂက ကျွန်ုပ်အား နှုတ်ဆက်ပြီး ထွက်၍သွားသည်။ ကျွန်ုပ်မှာ စာတွေရေးထားသော မိုင်းကိုင်စက္ကူတစ်ထပ်နှင့် ကျန် ရစ်ခဲ့၏။

အဂ္ဂထွက်သွားသည့်အခါတွင် ကျွန်ုပ်က ထိုစာရွက်များ ကို လှန်လှောပြီး စတင်ဖတ်ရှုတော့သည်။

*အစ်ကိုကျော်စွာ*

*ဒီက အခြေအနေဟာ တစ်မျိုးတစ်ဖုံဖြစ်နေလို့ ကျွန်တော် ကြုံတွေ့နေရတာတွေ အစ်ကိုသိရအောင် စာရေးပြီး အသိပေး လိုက်ပါတယ်။*

*ရွှေမြို့တော်က လူတွေဟာ ကျွန်တော်တို့ကို ဧည့်သည် အဖြစ်ကြိုဆိုပြီး အကျဉ်းသားလိုထားတယ်လို့ အစ်ကိုမထင် မိဘူးလား။ ကျွန်တော်တော့ အဲဒီလိုပဲ ခံစားနေရတယ်။*

*အစ်ကိုတို့နဲ့ပတ်သက်ပြီး အဂ္ဂကို ကျွန်တော်အမြဲသတင်း မေးပါတယ်။ အစ်ကိုတို့တစ်တွေ စိတ်ဆင်းရဲနေကြတယ်လို့ သိရတယ်။*

www.burmeseclassic.com

www.burmeseclassic.com

မကြာခင်မှာ ကျွန်တော်တို့တစ်တွေဟာ ပြန်ဆုံကြမှာပါ။ ထူးခြားတဲ့ အပြောင်းအလဲနဲ့ ကျွန်တော်တို့ တွေ့ကြရပါလိမ့် မယ်။

ကျွန်တော် အစ်ကိုနဲ့ဆက်သွယ်ဖို့ စာရေးနေတုန်းမှာ ထူး ခြားတဲ့ အဖြစ်အပျက်ဖြစ်လာပါတယ်။ အဲဒီအဖြစ်အပျက်က တော့ အထက်နန်းတော်ကို ကျွန်တော်ရောက်ရှိခဲ့ခြင်းပါ။ အခု ဆိုရင် ကျွန်တော် အထက်နန်းတော်ကိုရောက်သွားတာ သုံး ကြိမ်ရှိပါပြီ။ ပထမအခေါက်က ခေါ်သွားလို့ ရောက်ခဲ့တာပါ။ တတိယအကြိမ်ကတော့ ကျွန်တော့်သဘောနဲ့ကျွန်တော် သွား ခြင်းဖြစ်ပါတယ်။ နောင်လည်း အချိန်မရွေးသွားချင်တာ သွား လို့ရပါပြီ။

အထက်နန်းတော်မှာ တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေ ကို ကျွန်တော်မှတ်တမ်းအဖြစ် သီးခြားရေးထားပါသည်။

ကျွန်တော်တို့အဖွဲ့မှာ အစ်ကိုဟာ ခေတ်ပညာတတ်လူငယ် တစ်ဦးဖြစ်ပြီး စာပေဗဟုသုတ လေ့လာလိုက်စားနေသူဖြစ်လို့ အခုကျွန်တော်ကြုံတွေ့ရတဲ့ အကြောင်းအရာတွေအပေါ်မှာ စဉ်းစားသုံးသပ်နိုင်မှာပါ။ ပြီးတော့ လူ့ဘဝ၊ လူ့လောကမှာ အချို့သော အဖြစ်အပျက်တွေဟာ သာမန်လူတွေအဖို့ ဘယ် လိုမှ လက်မခံနိုင်ပေမယ့် အဲဒီလိုအံ့သြဖွယ်ကောင်းတဲ့ အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

*အပျက်တွေလည်း ရှိနေပါလားဆိုတာ ကျွန်တော်ကိုယ်တွေ့ ကြုံရသလို အစ်ကိုလည်း သိစေချင်လို့ပါ ...။*

စာအောက်ခြေတွင် မိုးစွေက လက်မှတ်ရေးထိုးထား သည်။ ကျွန်ုပ်၏နာမည်တပ်ကာ ရေးထားသည့်နောက်တွင် မိုးစွေ၏မှတ်တမ်းကို ဖောက်ဖတ်လိုက်သည်။

မှတ်တမ်းကို ဖတ်ရှုရန် ဆုံးဖြတ်လိုက်စဉ်က အလေးအနက်သဘောမျိုး သိပ်မရှိခဲ့သော်လည်း ဖတ်ရှုရင်းမှာပင် မှတ်တမ်းပါ အကြောင်းအရာများက ကျွန်ုပ်၏ အာရုံခံစားမှုဟူသမျှကို ညှို့ယူဆွဲဆောင်သွားလေရာ ကျွန်ုပ်မှာ ဘယ်အရာကိုမှ မသိမပြုနိုင်တော့ပေ။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

## ကျောက်ပလ္လင်ပေါ်က အဖွားအို

သီးသန့်အဆောင်သို့ ဝင်လိုက်စဉ်ကတည်းက ထိုအဆောင်သည် သူနှင့်တရင်းတနှီးရှိနေသည်ဟု မိုးစွေ၏စိတ်ဝယ် ထင်မြင်မိ၏။

ရွှေမြို့တော်သို့ရောက်ပြီး သူတစ်ယောက်တည်းကို သီးသန့်စခန်းသို့ ပို့ထားကာစတွင် သူသည် မိမိကိုယ်ကို အချုပ်အနှောင်ခံနေရသော အကျဉ်းသားဟု ထင်မိခဲ့လေသည်။

ထိုအခန်းတွင် သူတို့အတွက် စားဖွယ်ရာများ ပြည့်ပြည့် စုံစုံရှိနေလေသည်။ အဂ္ဂသည် သူ့အတွက် လိုအပ်သည်များကို တစ်နေ့လျှင်နှစ်ခေါက်မျှ လာရောက်သတင်းမေးပြီး မှာကြားလိုက်သည်နှင့် ချက်ချင်းဆိုသလို ဖြည့်ဆည်းပေးတတ်လေသည်။

အဂ္ဂက ငါ့ကို အကျဉ်းသားတစ်ယောက်အဖြစ် ပြောဆိုဆက်ဆံတာ မရှိဘူး။ သူက ငါ့ကို လေးလေးစားစား ရှိတယ်ဆိုတာ သူ့အမူအရာတွေကိုကြည့်ရင် သိနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

မိုးစွေသည် သူ့အားစောင့်ရှောက်သူဟုဆိုရမည့် အဂ္ဂ အပေါ် ခင်တွယ်လျက်ရှိသည်။ အကျင့်သီလဖြူစင်သူသာ အထက် နန်းတော်သို့ ဝင်ခွင့်ရမည်ဟုပြောဆိုပြီး ဥပုသ်စောင့်တရားထိုင်ရန် ပြောဆိုသည့်အခါ ချက်ချင်းပင် သူတို့ညွှန်ကြားသည့်အတိုင်း သဘောတူလက်ခံပြီး လိုက်နာဆောင်ရွက်ခဲ့လေ၏။

ဤသို့ဖြင့် ခုနစ်ရက်ခန့်အကြာတွင် အထက်နန်းတော်သို့ ဝင်နိုင်သည့် တံခါးပွင့်သွားလေ၏။

အထက်နန်းတော်သို့ ဝင်နိုင်သည့် တံခါးမှာ မိုးစွေတစ် ယောက်တည်းနေရသော အခန်းအတွင်း၌ ရှိ၏။ မိုးစွေ ဥပုသ် စောင့်တရားထိုင်နေရင်း ခုနစ်ရက်မြောက်သည့်အခါ နံရံတစ်ခု အဖြစ် ပေါ်နေသည့်နေရာတွင် တံခါးပေါက်တစ်ခုပေါ်လာခြင်းကို အံ့သြဖွယ် တွေ့လိုက်ရ၏။

ထိုတံခါးမှ ဝင်ခဲ့ပါဆိုသည့် အသံတစ်သံကို တရားထိုင် နေရင်းက ကြားလိုက်ရသဖြင့် မိုးစွေက တရားထိုင်ရန် သတ်မှတ် ထားချိန် ကုန်ဆုံးသည့်အခါ အလိုအလျောက် ပွင့်လာသော တံခါး အတွင်းသို့ ဝင်လိုက်လေ၏။

နံရံတွင် ရုတ်တရက် ပေါ်လာသော်လည်း တံခါးမှနေ၍ အတွင်းသို့ဝင်လျှင်ဝင်ချင်း သန့်ရှင်းသပ်ရပ်သော အခန်းငယ်တစ် ခန်းသို့ ရောက်သွား၏။ ထိုအခန်းတစ်နေရာ၌ တံခါးတစ်ပေါက် ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com

တံခါးအတွင်းဘက်သို့ ဝင်လိုက်သည်နှင့် အပေါ်သို့တက် သည့် ကျောက်လှေကားထစ်များကို တွေ့ရ၏။

မိုးစွေသည် ကျောက်သားလှေကားထစ်များကို နင်းတက် လာရာ လှေကားထစ်ပေါင်း သုံးရာကျော်မျှ တက်ခဲ့ပြီးနောက်တွင် လေးဖက်လေးတန်၌ ရွှေရောင်ဝင်းနေသော အခန်းဆောင်ငယ် တစ်ခုသို့ ရောက်ရှိသွား၏။

ခန်းဆောင်ငယ်မှာ ဖြူဖွေးစင်ကြယ်သော ဝတ်ရုံကိုဝတ် ထားသည့် အဘိုးအိုတစ်ယောက် စောင့်နေသည်ကို တွေ့ရ၏။

"ငါ့မြေးရောက်လာပြီကိုး၊ သန့်ရှင်းဖြူစင်ခြင်းနဲ့ သစ္စာ ခိုင်မြဲခြင်းတွေကြောင့် အဆိုးတွေကြေပြီး အေးချမ်းမှုတွေ ရလာ တော့မယ်"

အဘိုးအိုက မိုးစွေ၏ပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်းဖြင့် ပြောလေသည်။ အဘိုးအို၏လက်ဖြင့် ထိကိုင်ခြင်းခံရသဖြင့် မိုးစွေ ၏ရင်ထဲတွင် နွေးထွေးသွားသလို ခံစားလိုက်ရသည်။

"ငါ့မြေးရဲ့နောက်လာမယ့် အနာဂတ်မှာ အောင်မြင်မှု တွေကို တွေ့နေရသလို နစ်နာဆုံးရှုံးမှုတွေကိုလည်း တွေ့မြင်နေရ တယ်၊ နောက်မတွန့်နဲ့ မကြောက်ရွံ့နဲ့၊ မင်းကို ရွှေမြို့တော်ရဲ့သခင်မ နဲ့ ရုံရွှေတော်တစ်ယောက်က လာခေါ်လိမ့်မယ်၊ သစ္စာတရားကို ရှင်သန်စေဖို့အတွက် လုပ်ဆောင်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com

အဘိုးအိုက နူးညံ့ချိုသာစွာပြောရင်း ခန်းဆောင်ငယ် အတွင်းဘက်သို့ ဝင်သွားလေရာ မိုးစွေမှာ အခန်းလယ်တွင် တည်ငြိမ်စွာရပ်လျက် ကျန်ရစ်ခဲ့တော့၏။

ထိုသို့ စောင့်ဆိုင်းနေဆဲမှာပဲ အချိန်အားဖြင့် ဆယ်မိနစ်ခန့်အကြာတွင် . . .

ခန်းဆောင်ငယ်နှင့် ဆက်စပ်လျက်ရှိသော တစ်နေရာမှ သာယာချိုလွင်သည့် ကြေးစည်သံပေါ်လာပြီး ကြေးစည်သံနှင့် အတူ အပြာရောင်ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ယောက် လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရ၏။

"ယခုလို စောင့်ဆိုင်းနေရတဲ့အတွက် တောင်းပန်ပါတယ် အရှင့်သား၊ သခင်မကြီးနဲ့ တွေ့ဖို့အတွက် ကျွန်မနောက်ကနေ လိုက်လာပါ"

မိန်းမပျိုက ရှေ့မှဦးဆောင်ပြီး စင်္ကြံလမ်းတစ်ခုသို့ ဝင်လိုက်သည်။ မိန်းမပျိုက အတန်ငယ် ရှည်လျားသော စင်္ကြံလမ်းအတိုင်း လျှောက်လှမ်းသွားပြီးနောက် အခန်းတစ်ခန်းကို ဝင်လိုက်ပြန်၏။

မိုးစွေက မိန်းမပျို၏ နောက်မှလိုက်ကာ အခန်းထဲသို့ ဝင်လိုက်၏။

မိုးစွေရောက်သွားသည့် အခန်းမှာ အိပ်ခန်းတစ်ခန်းဖြစ် ပြီး အခန်းထောင့်တွင် ကျောက်သားခုတင်တစ်လုံးရှိနေပြီး အခန်း

www.burmeseclassic.com

www.burmeseclassic.com

အလယ်တွင် ကျောက်သားစားပွဲနှင့် ထိုင်ခုံများ ချထားသည်ကို တွေ့ရ၏။

ကျောက်သားထိုင်ခုံမြင့်မြင့်တစ်လုံးရှိပြီး ထိုထိုင်ခုံပေါ်တွင် ဖြူဖွေးစင်ကြယ်သည့် ဝတ်စုံဝတ်ထားသည့် မိန်းမကြီးတစ်ယောက် ထိုင်နေတာ တွေ့ရသည်။

မိုးစွေသည် တွေ့ကြုံသမျှကို သတိမပြတ်စောင့်ကြည့်ရင်း လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

"လာပါ တူမောင်၊ ဒီကို လာထိုင်ပါ"

ကျောက်သားထိုင်ခုံပေါ်တွင် ထိုင်နေသည့် မိန်းမကြီးက မိုးစွေအား လှမ်းခေါ်လိုက်သည်။ မိုးစွေက မိန်းမကြီး၏ရှေ့ရှိ ကျောက်သားထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

ထိုစဉ် သူ၏အာရုံထဲ၌ တစ်စုံတစ်ခုကို သတိရလိုက်မိ သည်။ ထိုမိန်းမကြီး၏ အသံပင်ဖြစ်၏။

ကျောက်သားထိုင်ခုံတွင် ဝင်ထိုင်လိုက်ရင်းမှ သူ့ရှေ့တွင် ရှိနေသော မိန်းမကြီး၏အသံမှာ အိပ်မက်ထဲတွင် ကြားဖူးနေသည့် အသံဖြစ်ကြောင်း မှတ်မိလိုက်လေ၏။

"ငါဟာ ရွှေမြို့တော်လို့ခေါ်တဲ့ ဟောဒီသီရိရတနာမြို့တော် ရဲ့သခင်မပဲ တူတော်မောင်ရဲ့၊ ဒီနေရာဟာ ရှေးနှစ်ပေါင်းများစွာက ရတနာဒီပလို့ခေါ်တဲ့ ရွှေမြို့တော်ကြီးဖြစ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ရှေးဘဝက ကျိန်စာသင့်ခဲ့တဲ့ ရွှေမြို့တော်မှာ ငါ့ကြောင့် နောက်တစ်ကြိမ် ကွေကွင်းရခြင်းတွေ၊ နှစ်မွန်းဆုံးရှုံးရခြင်းတွေ ဖြစ်ခဲ့တယ်၊ ရွှေစင်သခင်မဆိုတဲ့ ငါ့ကြောင့် ငါ့ညီမတော်ကို ဆုံးရှုံး ခဲ့ရတယ်၊ ငါ့ရဲ့ချစ်ခင်မြတ်နိုးရတဲ့ သူဟာလည်း အထီးကျန်ဘဝ နဲ့ပဲ ကွယ်လွန်သွားခဲ့တယ်"

ရွှေမြို့တော်သခင်မဖြစ်သော ရွှေစင်သခင်မ၏အသံမှာ အလွန်ဝေးကွာသော အရပ်မှလာနေသလို တိုးသဲ့သဲ့နှင့် တုန်တုန် ယင်ယင်ပင် ဖြစ်လို့နေသည်။

"အတ္တလွန်ကဲတဲ့အခါ အမှားကို အမှားမှန်းမသိဘဲ ကျူး လွန်မိတာရှိသလို၊ သိရဲ့သားနဲ့ အမှားတွေကို ခုံခုံမင်မင်နဲ့ ကျူးလွန် မိတာတွေ ရှိတယ်၊ ပုထုဇဉ်တွေ မဟုတ်လား"

"ပုထုဇဉ်ဆိုတာ အမှားနဲ့ မကင်းနိုင်ဘူးလေ"

ရွှေစင်သခင်မက ကျောက်သားနံရံကို ငေးကြည့်ရင်းမှ ညည်းညူသံနှင့် ပြောပြခြင်းဖြစ်သည်။ သူမ၏မျက်နှာက ကြည် လင်နေသလို မျက်လုံးအစုံမှာလည်း တဖျတ်ဖျတ်လက်၍ နေလေ ၏။

"ဒီနေ့ မင်းကို ငါခေါ်လိုက်တာဟာ ငါ့ရဲ့သံဝေဂကို သိရှိ စေချင်လို့ပဲ၊ ငါဟာ ငါ့ညီမတော်ကို ဆုံးရှုံးရပြီးတဲ့နောက်မှာ ငါ့ကိုယ် ငါ ပြုပြင်နေထိုင်တယ်၊ နောင်တရပြီးလို့ ပြုပြင်ပြီဆိုတဲ့အခါ ပြောင်း လဲမှုတွေ ရှိလာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရဲ့အတ္တကို မမှုနဲ့လျှော်ဖွပ်သန့်စင်ရင်းကပဲ ရှေးနှစ်ပေါင်းများစွာက အလိုမကျတဲ့ ကျိန်စာကြောင့် ရတနာဒီပမှာဖြစ်ခဲ့ တဲ့ ကြေကွဲစရာပုံပြင်ကို အဆုံးသတ်ဖို့ ဆင်ခြင်မိလာတယ်။

ဒါကြောင့် တူမောင်နဲ့တူမတော်တို့ဆီ အိပ်မက်စေတမန် တွေ စေလွှတ်ပြီး ဟောဒီရွှေမြို့တော်ကို ရောက်အောင်ခေါ်လိုက် ရတာပဲ၊ တူမတော်ဟာ ဒီရွှေမြို့တော်မှာ မင်းအဖြစ်ဆက်ခံဖို့ ရောက်ရှိလာပြီ၊ တူမတော်ဟာ ဖြူစင်သန့်ရှင်းအောင် ကျင့်ကြံအား ထုတ်နေလို့ မင်းနဲ့မတွေ့ရသေးပေမယ့် မကြာခင်မှာ မင်းတို့တွေ့ ကြရပါလိမ့်မယ်၊ အဲဒီအခါမှာတော့ မေတ္တာတရားနဲ့ အဆိုးတွေကို ပြေပျောက်ပါစေတော့ကွယ်”

ရွှေစင်သခင်မက ရှည်လျားစွာပြောပြီး စကားကို အဆုံး သတ်လိုက်လေ၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

## ဘယ်လိုပေါက်ကွဲသံကြီးလဲ

ရွှေစင်သခင်မနှင့် တွေ့ဆုံပြီးသည့်နောက်တွင် မိုးစွေ သည် အောက်နန်းတော်အခန်းတစ်ခုထဲတွင် တစ်ကိုယ်တည်းနေရသော်လည်း ပျင်းရိငြီးငွေ့ခြင်း မဖြစ်တော့ပေ။

ရွှေစင်သခင်မထံသို့ ဒုတိယအကြိမ် သွားရောက်တွေ့ဆုံပြီးသည့်နောက်တွင် မိုးစွေထံသို့ စာတိုလေးတစ်စောင်ရောက်လာသည်။ ထိုစာတိုလေးမှာ အထက်နန်းတော်သို့ ရောက်နေသော စံပယ်မြိုင်ထံမှ ဖြစ်လေ၏။

စံပယ်မြိုင်က အထက်နန်းတော်သို့လာရန် မိုးစွေအား ဖိတ်ခေါ်ရင်း အမိန့်ပေးရွှေဒင်္ဂါးပြားကိုပါ ပို့လိုက်သည်။ စံပယ်မြိုင်စာက တိုသော်လည်း မိုးစွေ၏နှလုံးသည်းပွတ်ကို ဆွဲကိုင်လှုပ်ရမ်းသကဲ့သို့ ရှိ၏။

"ခွဲခွာခဲ့ရရက်တွေက ကြာညောင်းလှပြီမို့ ညီမလေးနဲ့တွေ့ ဖို့ တံခါးပေါက်ကို ကြွခဲ့ပါရှင်"

www.burmeseclassic.com

www.burmeseclassic.com

ဟူသော စာတိုလေးပင် ဖြစ်သည်။ သာမန်အားဖြင့်ဆို လျှင် ဘာမှမထူးခြားဟု ယူဆရသော်လည်း မိုးစွေအဖို့မှာတော့ ၄င်းစာတိုလေးကို ဖတ်မိသည့် အခိုက်အတန့်မှာပဲ ရင်တွင်း၌ လှိုက်လှိုက်လှဲလှဲ ကြည်နူးပျော်ရွှင်သွားလေ၏။

ထို့နောက် မိုးစွေသည် စံပယ်မြိုင်ထံမှ ထိုစာကိုရသည်နှင့် လျှို့ဝှက်တံခါးမှထွက်ကာ အထက်နန်းတော်သို့ တက်လာခဲ့သည်။

တောင်ပေါ်သို့ ယခင်တစ်ကြိမ်တက်ခဲ့စဉ်က စံပယ်မြိုင် နှင့် တွေ့ခဲ့ဖူးသည်။ အထက်နန်းတော်၏ လသာဆောင်တွင် နှစ်ယောက်သား မျက်နှာချင်းဆိုင် တွေ့ကြလေ၏။

မိုးစွေသည် နှစ်ပေါင်းများစွာ အိပ်မက်ထဲတွင် တွေ့မြင်ဖူးနေသော စံပယ်မြိုင်အား ယခုကဲ့သို့ မျက်နှာချင်းဆိုင် တွေ့ရသည့်အခါတွင် အံ့အားသင့်စိတ်နှင့် ငေးမောပြီး ကြည့်နေမိလေသည်။

စံပယ်မြိုင်သည်လည်း သူမ၏အိပ်မက်များကို စိုးမိုးခဲ့သည့် မိုးစွေအား တွေ့ရသည့်အခါ လှုပ်ရှားတုန်ယင်သော ခံစားချက်များကို ရင်ဝယ်ပွေ့ပိုက်ထားရင်းက ငေးမောမင်တက်မိနေ၏။

နှစ်ဦးသား မျက်နှာချင်းဆိုင်ရပ်ကာ တစ်ဦးကိုတစ်ဦး ငေးမောလျက် ကြည့်နေမိကြရာမှ မိုးစွေက ဦးစွာသတိဝင်လာပြီး . .

www.burmeseclassic.com

www.burmeseclassic.com

"ညီမ . . . အစ်ကို မင်းကိုရှာနေခဲ့တာလေ နှစ်နဲ့ချီပြီး ကြာနေပါပြီ၊ အခုလို ပြန်တွေ့ရတာတော့ အိပ်မက်များလားလို့တောင် သံသယစိတ်ဝင်မိပါတယ်"

ဟု လှိုက်မောတုန်ယင်သော အသံဖြင့် ပြောလိုက်လေ ၏။

ထိုစကားကို ကြားလိုက်ရသောအခါ စံပယ်မြိုင်၏ခန္ဓာကိုယ်လေးမှာ တဆတ်ဆတ်တုန်ရီသွားသော်လည်း သူမ၏နှုတ်မှ ဘာစကားသံမှ ထွက်ပေါ်မလာဘဲ ရှိနေလေ၏။

ထိုအခါ မိုးစွေက သူမနှင့် နီးသထက်နီးအောင် တိုးကပ် သွားပြီး . . .

"အစ်ကိုလို့ခေါ်ရမှာ ဝန်လေးနေပြီလား ညီမရယ်"

ဟု လွမ်းမောတသ ပြောလိုက်ပြန်၏။

နှင်းဆီဖူးပမာ စံပယ်မြိုင်၏နှုတ်ခမ်းလေးသည် တဆတ် ဆတ် တုန်ရီနေလျက်ရှိနေပြီး မိုးစွေအား ကြည့်လိုက်ပြီးနောက် သက်ပြင်းကို ညင်သာစွာ ချလိုက်လေ၏။

"အခု အိပ်မက်မက်နေတာ မဟုတ်ဘူးဆိုတော့ အစ်ကို့ ကို ညီမဘယ်လိုနှုတ်ဆက်ရမှန်းတောင် မသိတော့ပါဘူး၊ ညီမ အရမ်းကို ဝမ်းသာမိပါတယ်ရှင်"

မိုးစွေက စံပယ်မြိုင်၏ လက်ဖဝါးနုနုအား ဆွဲယူဆုတ်ကိုင်လိုက်၏။ ထိုသို့ လက်ဖဝါးကို ဆွဲယူဆုတ်ကိုင်ခြင်းခံရပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

တွင် စံပယ်မြိုင်၏မျက်နှာ၌ အပြုံးတွေ ဝေဆာဝင်းလက်စွာ ပေါ်ထွက်သွားလေ၏။

"ကိုကျော်စွာဆီကနေ ညီမသတင်းကြားတော့လေ အစ်ကို ရယ် ပျော်လိုက်တာမှ ပြောမပြတတ်အောင်ပါပဲ၊ ညီမရဲ့သတင်းကို မကြားရခင်ကတည်းက အစ်ကိုတို့ ရွှေမြို့တော်ကိုလာဖို့ ပြင်ဆင်ခဲ့ကြတယ်၊ ကိုကျော်စွာရောက်လာပြီး ညီမနဲ့တွေ့ခဲ့တဲ့အကြောင်း၊ ညီမမှာ ရွှေမြို့တော်ရဲ့အထိမ်းအမှတ် ရွှေဒင်္ဂါးပြားလေး ရှိနေတယ်ဆိုတာ သိလိုက်ရတော့ ဒီကိုလာခဲ့တဲ့ခရီးမှာ စိတ်တွေတက်ကြွပေါ့ပါးနေခဲ့တယ်"

သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး မခွဲနိုင်မခွာရက်အောင် ချစ်တေးသီလို့ မဆုံးနိုင်အောင် ဖြစ်ရလေ၏။

မိုးစွေနှင့် စံပယ်မြိုင်တို့သည် လသာဆောင်တွင်ထိုင်ရင်း ဥယျာဉ်တော်ဘက်မှ တိုက်ခတ်လာသည့် ပန်းရနံ့သင်းသော လေကိုရှူရှိုက်ရင်း ကြည်နူးမဆုံးနိုင်အောင် ဖြစ်ရလေ၏။

ထိုသို့ရှိနေရင်းမှ ရုတ်တရက် ကြားလိုက်ရသည့် ချစ်သူ ထံမှ သတင်းစကားကြောင့် မိုးစွေသည် အထိတ်တလန့် ဖြစ်သွား လေ၏။

"ဒါထက် တောင်အောက်မှာ လူစိမ်းတွေ ရောက်နေကြ တာ အစ်ကိုသိရဲ့လား"

"ဟုတ်လား . . . ဘယ်သူတွေ ရောက်နေတာလဲ ညီမ"

www.burmeseclassic.com

www.burmeseclassic.com

"ညီမကို လိုက်ပြီးနှောက်ယှက်ခဲ့တဲ့ ရန်သူတော်ပါ၊ သူ့နာမည်က မိုးနက်လို့ခေါ်ပါတယ်၊ သူတို့ကို ဘိုးဘိုးသခ်က အကာအကွယ်ပေးထားတယ်"

"ဟင် . . . ဒါဟာ တကယ်ပဲလား"

စံပယ်မြိုင်က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မိုးစွေ၏ပုခုံးပေါ် ခေါင်းတင်မှေးလျက် ရှိနေရာမှ . . .

"ဘိုးဘိုးသခ်ဟာ မယုံကြည်ထိုက်ဖူးလို့ ဒေါ်လေးက ပြော တယ်၊ သူက တစ်ပြည်တစ်မင်းထောင်ချင်နေတာ၊ အောက်မြို့မှာ ကြိတ်ပြီး လူစုနေတာ ကြာပြီတဲ့၊ ရွှေမြို့တော်က အေးအေးချမ်း ချမ်းရှိနေတယ်၊ အဲဒီတော့ ဒီမှာရှိတဲ့လူတွေဟာ တိုက်တာခိုက်တာ မလုပ်ချင်ကြဘူး၊ လက်နက်ကိုင်ဆိုလို့ ဘဘအဂ္ဂရဲ့မြို့စောင့်တပ်ဖွဲ့ တစ်ခုပဲ ရှိပါတယ်"

"ဘိုးဘိုးသခ်က သစ္စာဖောက်မယ့် အနေအထားရှိတယ် ဆိုလည်း သူ့ကိုဖမ်းဆီးအရေးယူလိုက်ရောပေါ့၊ အန္တရာယ်ပေးမယ့် လူကို လွှတ်ထားရင် သူက တစ်နေ့ထက်တစ်နေ့ အင်အားကောင်း လာပြီး အန္တရာယ်က ပိုပြီးတော့ ကြီးထွားလာနိုင်တယ် မဟုတ်လား"

"ညီမလည်း အဲဒီအကြောင်း ဒေါ်လေးနဲ့ ဆွေးနွေးဖူးပါ တယ်၊ ဒေါ်လေးက တိုက်ဖို့ခိုက်ဖို့ကို သဘောမကျဘူး ဖြစ်နေတယ်၊ မေတ္တာတရားနဲ့ အရာရာကို အောင်မြင်နိုင်တယ်လို့ပဲ ပြောနေ တယ်"

"ဒီအတွက်တော့ အစ်ကိုလည်း ကြည့်ပြီးစီစဉ်ပါ့မယ်၊ အောက်မြို့မှာ အကျဉ်းချခံထားရသလို ဖြစ်နေရတဲ့ အစ်ကို့မိတ်

www.burmeseclassic.com

www.burmeseclassic.com

ဆွေတွေကို လွတ်လပ်ခွင့်ပေးဖို့ ညီမရဲ့ဒေါ်လေးကို ပြောပေးပါဦး၊ တကယ်လို့များ အရေးရယ်၊ အကြောင်းရယ်ဖြစ်လာရင် သူတို့ဟာ ရွှေမြို့တော်ကို ကာကွယ်မယ့်သူတွေ ဖြစ်လာပါလိမ့်မယ်"

"သူတို့မှာ ဘာအန္တရာယ်မှ မရှိစေရပါဘူး၊ သူတို့ကို အခု လိုထားတာကလည်း အကျဉ်းချထားတဲ့ သဘောမဟုတ်ပါဘူး၊ သူတို့ရဲ့မနောမှာ တင်နေတဲ့ အညစ်အကြေးတွေ ကင်းရှင်းသွား အောင်လို့ အချိန်ပေးထားတာပါ"

စံပယ်မြိုင်နဲ့ ရှေ့ရေးကိစ္စများကို အချိန်ကုန်သည်အထိ ညှိနှိုင်းတိုင်ပင်ပြီး အထက်မြို့မှ လျှို့ဝှက်လမ်းအတိုင်း ပြန်လာခဲ့ သည်။ မိုးစွေသည် မိမိအတွက် သီးသန့်စီစဉ်နေရာချပေးထား သည့် အခန်းသို့ ပြန်ရောက်သည်နှင့် ကြုံတွေ့ခဲ့ရသည်များကို မှတ်တမ်းအဖြစ် ပြန်လည်ရေးသားလိုက်လေ၏။

ကျွန်ုပ်က မိုးစွေ၏မှတ်တမ်းကို ဖတ်ရှုပြီးချိန်တွင် ပေါက် ကွဲသံဟုထင်ရသော အသံတစ်သံသည် အောက်မြို့တော်တစ်နေရာ ဆီမှ ပေါ်ထွက်လာလေ၏။ ထိုအသံကြောင့် အခန်းထဲတွင် ရှိနေ ကြသူများမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေ၏။

"ဟာ . . . ဘာသံလဲ မသိဘူး"

"ဒါပေါက်ကွဲသံပဲ ဖြစ်ရမယ်၊ ဒါဟာ မိုးနက်တို့လူစုရဲ့ လက်ချက်ဖြစ်မယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏နှုတ်မှ အမှတ်မထင် ထွက်ပေါ်သွားသော စကားကြောင့် ကျွန်ုပ်အား လူအားလုံးကဝိုင်းပြီး ထူးဆန်းသည့်အကြည့် ဖြင့် ကြည့်ကြလေသည်။ ထိုအကြည့်များထဲတွင် မေးခွန်းများပါရှိနေသဖြင့် ကျွန်ုပ်က တောင်ကြီးသို့အလာတွင် မိုးနက်တို့နှင့် မီးရထားပေါ်၌ တွေ့ခဲ့ရပုံကို ပြန်ပြောပြလိုက်၏။

ကျွန်ုပ်သည် ထိုသို့ပြောပြနေရင်းမှ တစ်ဆက်တည်းဆို သလို မြကြာဖြူဟူသော အမျိုးသမီးကိုပါ သတိပြုမိလိုက်၏။ ထို့ကြောင့် မလှမ်းမကမ်းတွင် ရှိနေသည့် မြကြာမှူထံ လျှောက်သွား ပြီး . . .

"ကြာမှူရေ . . . ကြာမှူရဲ့ သူငယ်ချင်း မြကြာဖြူဟာ မိုးနက်တို့နဲ့များ ပတ်သက်နေသလား မသိဘူးနော်၊ ရထားပေါ်မှာ တွေ့တုန်းက သူတို့ရဲ့အနေအထားကို ကြည့်ရတာဟာ တစ်မျိုး ကြီးပဲလို့ ထင်ခဲ့မိတယ်"

ဟု ကျွန်ုပ်အတွေးကို ဖွင့်ပြောလိုက်ရာ ကြာမှူမှာ အတန် ကြာ ငိုင်တွေစဉ်းစားလိုက်ပြီး ထိုအချက်ကို အပြည့်အဝထောက်ခံ လိုက်လေ၏။

"ဖြစ်နိုင်ပါတယ်၊ ကျောင်းနေတုန်းကဆိုရင် သူက ရှုပ်ရှုပ် ထွေးထွေးတွေ လုပ်တတ်ခဲ့တာပဲ၊ ဒါနဲ့ ရွှေမြို့တော်သခင်မက ကျွန်မတို့ကို ဘာလုပ်ထားတာလဲ၊ အကျဉ်းချထားတာလား"

ကျွန်ုပ်က သူမအား ခေါင်းခါပြမိသည်။

www.burmeseclassic.com

www.burmeseclassic.com

"အကျဉ်းချထားတဲ့ ပုံမျိုးပေါ်ပေမယ့် အမှန်ကတော့ ဒီလို လုပ်ထားတာ မဟုတ်ပါဘူး၊ ရွှေမြို့တော်သခင်မက အစ်ကိုတို့တစ်တွေရဲ့ ခန္ဓာကိုယ်တင်မက စိတ်မနောပါ သန့်ရှင်းအောင် တစ်ခြားလူတွေနဲ့ အဆက်ဖြတ်ပြီး ဒီမှာထားတာပါ၊ မကြာခင်မှာ အစ်ကို တို့ မိုးစွေနဲ့အတူ တောင်ပေါ်ကို တက်ရလိမ့်မယ်ထင်တယ်"

ကျွန်ုပ်က မကြာမှုအား ရှင်းပြရင်းမှ ထင်မြင်ချက်ပေး လိုက်ခြင်းဖြစ်၏။ ကျွန်ုပ်၏ထင်မြင်ချက်အတိုင်းပင် မကြာခင်၌ ကျွန်ုပ်တို့ထံသို့ အဂ္ဂရောက်လာလေ၏။

သူ၏အမူအရာမှာ ရေးကြီးသုတ်ပျာ ရှိနေပုံပေါ်နေပြီး ကျွန်ုပ်တို့အား မိုးစွေရှိရာသို့ ပို့ပေးမည်ဖြစ်၍ အမြန်ဆုံးပြင်ဆင်စရာများကို ပြင်ဆင်ခိုင်းလေသည်။

ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ ဝန်စည်စလှယ်များကို လျင်မြန် စွာ သိမ်းဆည်းလိုက်ကြပြီး လိုက်ပါရန် အသင့်ပြင်ဆင်ထားကြ၏။

"ဘိုးဘိုးသခ်က သခင်မကို ပြတ်ပြတ်သားသားပဲ ပုန်ကန် ခြားနားနေပြီ၊ သူက သူ့တပ်ဖွဲ့ဝင်တွေနဲ့ အထက်မြို့တော်ကိုတက် ပြီး သိမ်းပိုက်တော့မယ်၊ ကျုပ်လည်း မြို့စောင့်တပ်သားအားလုံး ကို အထက်မြို့တော်ဆီ ပို့လိုက်ပြီ၊ ကျုပ်တို့အားလုံး အထက်မြို့ တော်ကို ကာကွယ်ကြရမယ်"

အဂ္ဂ၏စကားကို ကြားရသည်တွင် အရေးပေါ်အခြေ အနေကို ရောက်လာပြီဟု သိလိုက်ရသဖြင့် ကျွန်ုပ်တို့သည် တိုက်ပွဲ ဝင်ရန်

www.burmeseclassic.com

www.burmeseclassic.com

အသင့်ပြင်ဆင်ထားကြရ၏။ ကျွန်ုပ်တို့၏ စိတ်ဓါတ်များ လည်း ကြံ့ခိုင်ရန် တိုက်ပွဲဝင်လိုစိတ်တွေကို မွေးမြူကြရလေတော့ ၏။

* * * *

အခန်း (၁၇)

ကျိန်စာသင့်မြို့တော်

ကျွန်ုပ်တို့လူစုသည် အဂ္ဂနှင့်အတူ မိုးစွေရှိရာသို့ ရောက်ခဲ့ကြပြီးနောက် ငှင်းနှင့်အတူ လျှို့ဝှက်လမ်းမှ တောင်ပေါ်သို့တက်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်ရှိ အထက်နန်းတော်ကို ရောက်သည့်အခါ ကျွန်ုပ်နှင့် သိကျွမ်းခဲ့ဖူးသော ဟုတ်စွမ်နှင့် ဘဟာဒူးတို့က ကြိုဆို ပြီး ကျွန်ုပ်တို့အားလုံးကို နန်းတော်အရှေ့ဘက်အဆောင်တွင် နေရာ ချပေးကြ၏။

ကျွန်ုပ်သည် စာရေးဆရာပီသစွာဖြင့် ပတ်ဝန်းကျင်ကို လေ့လာလိုစိတ်တွေ ရှိနေသည်ဖြစ်ရာ အထက်နန်းတော်ရှိရာ တောင်ပေါ်သို့ရောက်သည်နှင့် တောင်ကုန်းတစ်ခုလုံးကို လှည့် ပတ်ကြည့်ရှုတော့၏။

ထိုသို့ကြည့်ရှုရာ၌ ကျွန်ုပ်နှင့်အတူ မိုးစွေနှင့် ဘဟာဒူး တို့လည်း လိုက်ပါလာကြသည်။

အထက်နန်းတော်ရှိရာ တောင်ကြီးမှာ ဘေးပတ်ဝန်းကျင် တွင် နက်ရှိုင်းသော ချောက်များက ကာရံလျက်ရှိပြီး ရွှေမြို့တော် နှင့် ထိစပ်နေသော အနောက်ဘက်ခြမ်းတစ်ခုတည်းသာ အနိမ့် အမြင့် မညီမညာနှင့် အောက်မြို့တော်သို့တိုင် နိမ့်ဆင်းဆက်စပ် နေသည်။

ထိုအနောက်ဘက်ခြမ်းတွင် တောင်ပေါ်သို့တက်သော ကျောက်လှေခါးထစ်များ ရှိနေသည်ကို တွေ့ရ၏။

"ဒီနေရာက သိပ်ကောင်းတဲ့ သဘာဝခံတပ်ကြီးပါလား၊ ဒီကနေထွက်တဲ့ ထွက်ပေါက်ဆိုလို့ အနောက်ဘက်ခြမ်းပဲ ရှိတယ်၊ အထက်နန်းတော်ကို တိုက်ခိုက်ချင်တယ်ဆိုရင် ဒီလမ်းတစ်လမ်းပဲ ရွေးချယ်စရာရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ဆရာ၊ ကျောက်လှေခါးထစ်ရဲ့ ဘေးတစ်ဖက်တစ်ချက်ကနေ တောင်ပေါ်ကို တက်လို့ရပေမယ့် ကျောက်ဆောင်တွေများပြီး အတက်က ကြမ်းတယ်၊ ရန်သူတွေအတွက် ရွေးချယ်စရာဆိုလို့ ဒီလမ်းကလွဲပြီး အခြားလမ်းမရှိဘူး"

"ကျွန်တော်နဲ့ ဟုတ်စွမ်က ဒီအနောက်ဘက်ခြမ်းတစ်ခု လုံးမှာ ကတုတ်ကျင်းတူးမြောင်းတွေ တူးထားပါတယ်"

"ကတုတ်ကျင်းတွေရဲ့ ဘယ်ညာနှစ်ဖက်မှာ စက်သေနတ်တစ်လက်စီ တပ်ထားပါတယ်၊ ကျည်ဆံကတော့ သိပ်များများမရှိ ဘူး၊ တစ်ဖက်ကို ကျည်ငါးရာလောက်ပဲ ရှိလိမ့်မယ်၊ ကျွန်တော်နဲ့ ဟုတ်စွမ်က တောင်ပေါ်တက်လာတဲ့ လူတွေကို ဘယ်ညာနှစ်ဖက်ခွဲပြီး တိုက်ခိုက်ဖို့ ပြင်ဆင်ထားပါတယ်"

"ခင်ဗျားရဲ့ အစီအစဉ်ဟာ သိပ်ကောင်းတယ် ဘဟာဒူး၊ ရန်သူ့အင်အား ဘယ်လောက်ရှိမယ်ဆိုတာ လောလောဆယ်မှာ ကျွန်တော်တို့ မသိသေးဘူး၊ အဲဒါကို ထောက်လှမ်းဖို့တော့ လိုလိမ့်မယ်"

ဘဟာဒူးက ကျွန်ုပ်အား စစ်သုံးမှန်ဘီလူးပေးရာ ကျွန်ုပ် က တောင်အောက်သို့ မှန်ဘီလူးဖြင့် ကြည့်လိုက်၏။ ထိုအခါ အောက်နန်းတော် ပတ်ဝန်းကျင်တွင် ဝိုင်းနေသော လက်နက်ကိုင်တစ်ရာခန့်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အောက်နန်းတော်ဝန်းကျင်မှာ လူတစ်ရာလောက်တော့ ရှိမယ်၊ မြို့တော်ထဲမှာ ကျန်ခဲ့တဲ့လူနဲ့ဆိုရင် အင်အားသုံးရာလောက် တော့ ရှိမယ်ထင်တယ်"

ကျွန်ုပ်က မှန်ပြောင်းဖြင့် လူတစ်ယောက်စီကို ကြည့်လေ ၏။ ထိုသူများထဲတွင် မိုးနက်တို့ကို မတွေ့ရပေ။

"ဒီလူတွေထဲမှာ မိုးနက်ကိုတော့ မတွေ့ရဘူး ကိုမိုးစွေ၊ ကြည့်ပါဦး"

ကျွန်ုပ်က မှန်ပြောင်းကို မိုးစွေ၏လက်ထဲသို့ ထည့်လိုက် ၏။ မိုးစွေက မှန်ပြောင်းဖြင့် အောက်ဘက်သို့ ကြည့်လေသည်။ အောက်နန်းတော်ပတ်ဝန်းကျင်ကို ကြည့်နေရာမှ မြို့အတွင်းသို့ ရွှေ့ပြီး ကြည့်လိုက်ရာ မိုးစွေသည် တအံ့တသြလေသံဖြင့် . . .

"ဟာ . . . သေနတ်သမားတွေပါလား၊ ခေတ်ဆန်ဆန် ဝတ်စားထားတဲ့ မိန်းမတစ်ယောက်လည်း ပါတယ်"

မိုးစွေက ကျွန်ုပ်အား မှန်ပြောင်းပြန်ပေးသဖြင့် ကျွန်ုပ်က မြို့အတွင်းဘက်သို့ မှန်ပြောင်းဖြင့် ကြည့်လိုက်ရာ ဓါးလှံကိုင်စွဲထား သူများရှေ့တွင် ရပ်နေသည့် မိုးနက်နှင့် မြကြာဖြူအား တွေ့ရလေ ၏။

"မိုးနက်နဲ့ မြကြာဖြူတို့ပဲ၊ ဘဟာဒူး . . . ကြည့်စမ်း၊ ခင်ဗျားတို့နောက်ကို လိုက်နေတာ သူတို့လား"

www.burmeseclassic.com

www.burmeseclassic.com

ဟုပြောလိုက်ပြီး ပို၍သေချာမှုရှိစေရန် နံဘေးတွင်ရှိနေ သည့် ဘဟာဒူးကို မှန်ပြောင်းဖြင့် ကြည့်ခိုင်းလိုက်၏။

ဘဟာဒူးကလည်း အခိုင်အမာ အတည်ပြုပြောလေ၏။

"ဟုတ်တယ်၊ ဒီလူ . . . ဒီလူ . . . အဲဒီလူကြောင့် ကျွန် တော်တို့ တစ်နေရာကနေ တစ်နေရာကို ထွက်ပြေးနေခဲ့ရတာ"

မိုးနက်နှင့် မြကြာဖြူတို့ တစ်ဖွဲ့တည်းဖြစ်ကြောင်း သိရ သည့်အခါ ကျွန်ုပ်၏ရင်ထဲတွင် အောင့်သက်သက် ဖြစ်သွားရ၏။

"သူတို့လူစုနဲ့အတူ သခ်ဆိုတဲ့ အဘိုးကြီးကို မတွေ့ရဘူး နော်"

"သူက အောက်နန်းတော်ထဲ ရောက်နေမှာပေါ့၊ သူဟာ ရွှေမြို့တော်ရဲ့ သက်တော်ရှည်ပုဂ္ဂိုလ်ဆိုတော့ အောက်နန်းတော်နဲ့ အထက်နန်းတော်ကို ဆက်သွယ်နေတဲ့ လျှို့ဝှက်လမ်းအကြောင်း ကို သိနေမှာ သေချာပါတယ်၊ အဲဒီလမ်းကို ကိုအဂ္ဂနဲ့တိုင်ပင်ပြီး ပိတ်ထားရင် ကောင်းမယ်ထင်တယ်"

ကျွန်ုပ်က အဂ္ဂကို သတိရလိုက်စဉ်မှာပင် အဂ္ဂနှင့် နောက် လိုက်ဆယ်ယောက် ကျွန်ုပ်တို့ရှိရာသို့ ရောက်လာကြ၏။

အဂ္ဂက မိုးစွေအား သခင်မလေးစောင့်ဆိုင်းနေကြောင်း ပြောပြရာ မိုးစွေက ခေါင်းညိတ်ပြလိုက်၏။ ပြီးနောက် အဂ္ဂကို အောက်ဘက်သို့ လက်ညှိုးထိုးပြကာ . . .

"ရန်သူတွေရဲ့ အခြေအနေကို ကြည့်ပါဦး ကိုကျော်စွာ၊ ကျွန်တော်တို့အနေနဲ့ ရန်သူကို ခုခံတိုက်ခိုက်ဖို့အတွက် အဂ္ဂနဲ့တိုင်

www.burmeseclassic.com

www.burmeseclassic.com

ပင်ဖို့တော့ လိုလိမ့်မယ်၊ ဒီမှန်ပြောင်းနဲ့ အောက်ဘက်ကို ကြည့်လိုက်ပါဦး . . . အဂ္ဂ"

အဂ္ဂက မှန်ပြောင်းကိုယူပြီး ကျွန်ုပ်တို့လုပ်သကဲ့သို့ မျက်စိအနားတွင်ကပ်ကာ အောက်ဘက်သို့ ကြည့်လိုက်၏။

"ဟာ . . ."

မှန်ပြောင်းနှင့် အောက်ဘက်ကိုကြည့်မိလျှင် ကြည့်မိချင်း အဂ္ဂထိတ်လန့်သွားကာ မှန်ပြောင်းကို မျက်နှာအနားမှ ခွာလိုက်သည်။

"ဟင် . . . ဒါဘယ်လိုဖြစ်တာလဲ၊ ကျုပ်စောစောက ကြည့် တော့ ရန်သူတွေကို နီးနီးလေးမြင်ရပြီး အခုတော့ ဝေးသွားပြီ"

"ဒီမှန်ပြောင်းက အဝေးမှာရှိတဲ့လူကို အနီးကပ်မြင်ရ အောင် စီမံထားတာ"

"ထူးဆန်းတယ်၊ ဒါရှိနေရင် ရန်သူတွေ အဝေးကြီးကို ပြေးပေမယ့် ကြည့်လို့မြင်နေမှာပေါ့"

အဂ္ဂသည် ကစားစရာ အသစ်အဆန်းတစ်ခုကို ရသည့် ကလေးပမာ စစ်သုံးမှန်ပြောင်းဖြင့် ဟိုဟိုဒီဒီ လိုက်ကြည့်နေသည်။ ထိုသို့ ကြည့်နေရင်းမှ ကျွန်ုပ်တို့ဘက်သို့လှည့်ပြီး . . .

"အရှင့်သားကို သခင်မလေး စောင့်မျှော်နေပါတယ်၊ ကိုရင်ကျော်စွာလည်း လိုက်သွားပါ၊ သခင်မလေးက တွေ့ချင်နေပါ တယ်၊ သခင်မလေးက နန်းမြင့်ဆောင်မှာ စောင့်နေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

မိုးစွေက အဂ္ဂအားကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

"ဒါဆို ကျွန်တော်တို့သွားမယ်၊ ခင်ဗျားရဲ့လူတစ်ယောက် ကို အောက်မြို့ရဲ့ အခြေအနေသိရအောင် စုံစမ်းခိုင်းပါ၊ သူတို့ဆီ မှာ ကျွန်တော်တို့လူလည်း တစ်ယောက်တော့ ရှိနေဖို့လိုတယ်"

"ဒီအတွက် မပူပါနဲ့ အရှင့်သား၊ ကျုပ်ရဲ့လူတစ်ယောက် မဟုတ်ဘူး၊ ငါးယောက်တောင် သူတို့နဲ့အတူ ရှိနေပါတယ်၊ သူတို့ က အရေးပေါ်အခြေအနေနဲ့ ရင်ဆိုင်ရရင် ဆက်သွယ်လာကြမှာ ပါ"

မိုးစွေသည် အဂ္ဂ၏စကားအဆုံးတွင် ကျွန်ုပ်ကို မျက်ရိပ် ပြကာ နေရာမှ ထွက်ခွာလိုက်သည်။ ကျွန်ုပ်လည်း မိုးစွေနှင့်အတူ အထက်နန်းတော်ရှိရာသို့ လျှောက်သွားခဲ့၏။

ရွှေရောင်လက်နေသော အထက်နန်းတော်အမည်ရှိ အဆောက်အအုံမှာ ကြီးမားခန့်ထည်လှသည်။ ထိုအဆောက်အဦး ၏ ဘယ်ဘက်ခြမ်းရှိ နန်းမြင့်ဆောင်တွင် စံပယ်မြိုင်ရှိနေသည်ကို တွေ့ရ၏။

ကျွန်ုပ်တို့သည် နန်းမြင့်ဆောင်ရှိရာသို့ တက်ခဲ့ကြသည်။ နန်းမြင့်ဆောင်၏အပြင်ဘက်တွင် လုံ့ကိုင်ရဲမက်နှစ်ယောက် စောင့် နေတာတွေ့ရပြီး အဝါရောင်ဝတ်စုံဝတ်ထားသော မိန်းမပျိုနှစ် ယောက်က ကျွန်ုပ်တို့အား ကြိုဆိုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမပျိုက ကျွန်ုပ်တို့ရှေ့မှ ဦးဆောင်ပြီး အတွင်းဆောင်သို့ဝင်သွားရာ ကျွန်ုပ်နှင့် မိုးစွေတို့က နောက်မှလိုက်ပြီး ခမ်းခမ်းနားနား ပြင်ဆင်ထားသော အခန်းတွင်းသို့ ဝင်ကြသည်။

အခန်းအတွင်းရှိ ရွှေရောင်လက်နေသော ထိုင်ခုံတစ်လုံးပေါ်တွင် စံပယ်မြိုင်အား ထိုင်လျက်တွေ့ရလေ၏။

ယခုကျွန်ုပ်တွေ့ရသော စံပယ်မြိုင်မှာ ပန်းဆိုးတန်းလမ်းထိပ်တွင်လည်းကောင်း၊ ချန်ဒရာ၏နွားတဲတွင်လည်းကောင်း တွေ့ခဲ့ဖူးသည့် စံပယ်မြိုင်နှင့် များစွာကွာခြားနေခဲ့ပြီ ဖြစ်သည်။

စံပယ်မြိုင်သည် ပန်းနုရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမ၏ကိုယ်ပေါ်တွင် အရောင်တဖျတ်ဖျတ် လင်းလက်နေသော လက်ဝတ်ရတနာများ ဝတ်ဆင်ထားလျက်ရှိ၏။

ယခင်ကနှင့်မတူသော အဝတ်အစား အဆင်အပြင်တို့နှင့် တွေ့ရသော စံပယ်မြိုင်ကား ယခင်ကကဲ့သို့ပင် ရိုးသားပွင့်လင်းဟန်တွေရှိနေသော အပြုံးမျိုးဖြင့် ကျွန်ုပ်တို့အား ပြုံးလျက်ကြည့်နေလေ၏။

"အစ်ကိုကျော်စွာ . . နေကောင်းကျန်းမာရှိပါတယ်နော်"

ကျွန်ုပ်က စံပယ်မြိုင်အား နှုတ်ကမဖြေဘဲ ပြုံးလျက်ခေါင်းညိတ်ပြလိုက်သည်။

"အစ်ကိုတို့ကို ကျွန်မခေါ်ခိုင်းလိုက်တာ ထူးဆန်းတဲ့နေရာတစ်ခုကို ပြချင်လို့ပါ၊ မသိဂ္ဂီတို့ အပြင်ထွက်ပေးကြပါလားဟင်"

www.burmeseclassic.com

www.burmeseclassic.com

စံပယ်မြိုင်က ကျွန်ုပ်တို့အား ပြောနေရာမှ မိန်းမပျိုနှစ်ယောက်ဘက်သို့လှည့်ကာ ပြောလိုက်ရာ မိန်းမပျိုနှစ်ယောက်လည်း ဦးညွတ်နှုတ်ဆက်ပြီး နေရာမှ ထွက်ခွာသွားလေ၏။

"ကျွန်မကို အခုမြိုင်ကိုးမြိုင်သခင်မလေးလို့ ခေါ်တယ်၊ ဒီလိုခေါ်တာက ကိုးမြိုင်ဝက်ပါလို့ခေါ်တဲ့ ဝက်ပါအတတ်ကို တတ်မြောက်သွားလို့ပါ၊ အခုရွှေမြို့တော်မှာ ဒီဝက်ပါပညာကို တတ်မြောက်တာဆိုလို့ ကျွန်မနဲ့ ဒေါ်လေးနှစ်ယောက်ပဲ ရှိတယ်"

"စံပယ်မြိုင်က ဒီဝက်ပါထဲ ဝင်ပြမလို့လား"

"ဟုတ်တယ် . . . အစ်ကိုတို့ကို ဒီဝက်ပါထဲ ခေါ်သွား မလို့ပါ"

"အဲဒီဝက်ပါထဲ ဝင်သွားရင် ဘာတွေ့ရမှာလဲ စံပယ်မြိုင်"

"ရတနာတွေပေါ့၊ ရှေးနှစ်ပေါင်းများစွာကတည်းက ရတနာ ဒီပ၊ သီရိရတနာ . . . စတဲ့နာမည်တွေရခဲ့တဲ့ ရွှေမြို့တော်မှာ စုဆောင်းထားတဲ့ ရတနာတွေ ရှိတာပေါ့"

"ဒါဆိုရင် အစ်ကိုတို့ မသွားတော့ဘူး"

"ရှင် . . ."

"စံပယ်မြိုင်ဟာ ကိုးဝက်ပါကို ကျွမ်းကျင်လို့ မြိုင်ကိုးမြိုင်သခင်မဆိုတဲ့ ဘွဲ့ရပြီဆိုတာ သိပြီးတဲ့နောက် ရတနာတွေကို ထပ်ကြည့်ဖို့ မလိုတော့ပါဘူး"

"အစ်ကိုတို့ဟာ လောဘမသတ်နိုင်သေးတဲ့ လူတွေဆို တော့ ရတနာတွေကိုတွေ့ရင် တပ်မက်မိလိမ့်မယ်၊ အဲဒီတပ်မက်

www.burmeseclassic.com

www.burmeseclassic.com

မှုရဲ့နောက်ကွယ်မှာ ပြစ်မှုကျူးလွန်မိတာတွေ ဖြစ်လာနိုင်တယ်၊ ဟုတ်တယ်မဟုတ်လား ကိုမိုးစွေ”

မိုးစွေက ကျွန်ုပ်နှင့် သဘောထားချင်း ကိုက်ညီဟန်ဖြင့် ခေါင်းညိတ်ပြလေသည်။ ထိုအခါတွင် စံပယ်မြိုင်က အားရပါးရ ပြုံးလေသည်။

“အစ်ကိုတို့ဆီက ဒီစကားကို ကြားရတဲ့အတွက် ကျွန်မ သိပ်ဝမ်းသာတာပဲ၊ ဒေါ်လေးကြားရင်လည်း ဝမ်းသာလိမ့်မယ်၊ ဆန္ဒကိုထိန်းချုပ်နိုင်တာဟာ အဆိုးကိုပြေစေမယ့် အောင်မြင်ခြင်းပဲ လို့ ဒေါ်လေးက ပြောတယ်”

“အဲဒါက ဘာအဓိပ္ပါယ်လဲ”

“ရတနာမြို့တော်အပေါ် နှစ်ပေါင်းများစွာက တင်နေတဲ့ ကျိန်စာ ပြေမယ်ဆိုတဲ့သဘောပေါ့၊ အစ်ကိုတို့ ဒီပြတင်းပေါက်က နေကြည့်ပါ၊ ဒေါ်လေးက ကျိန်စာကျောက်တိုင်မှာ တရားကျင့်ကြံ အားထုတ်နေပါတယ်”

“ကျိန်စာပြေဖို့က တော်တော်အရေးကြီးလို့လား ညီမ”

ကျွန်ုပ်က စံပယ်မြိုင်အား တိုးတိုးလေး မေးလိုက်၏။ စံပယ်မြိုင်က ရှက်စနိုးအမူအရာနှင့် မိုးစွေရှိရာဘက်သို့ လှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

“ကျိန်စာမပြေရင် ကျွန်မတို့ ဒီဘဝမှာ မဆုံနိုင်တော့ဘူး လေ၊ အစ်ကိုကျော်စွာဟာလည်း ဟိုးရှေးက ရွှေမြို့တော်နဲ့ ပတ်

www.burmeseclassic.com

www.burmeseclassic.com

သက်ဖူးခဲ့သူမို့ ချစ်သူခင်သူတွေ ဝေးပါစေဆိုတဲ့ ကျိန်စာသင့်ပြီး ချစ်သူနဲ့ဝေးရလိမ့်မယ်”

“ဟာ ...အဓိပ္ပါယ်မရှိလိုက်တာ၊ အစ်ကိုက ဘာဖြစ်လို့ ကျိန်စာသင့်ရမှာလဲ၊ အစ်ကိုဟာ ဒီမြို့တော်နဲ့ ဘယ်လိုပတ်သက် နေလို့လဲ”

“အစ်ကိုဟာ တစ်ခါက ဒီမြို့တော်ရဲ့စစ်သူကြီး ဖြစ်ခဲ့ဖူး တယ်လို့ ဒေါ်လေးက ပြောပြတယ်၊ အခု ဒီမြို့တော်ကို ရောက်နေ ကြသူတွေဟာ တစ်ခါက ဒီရှေးမြို့တော်နဲ့ ပတ်သက်ခဲ့ကြဖူးလို့ သံသရာလည်ပြီး ပြန်ရောက်လာကြတာပဲ”

အိပ်မက်များ၊ ကျင့်စဉ်များတို့နှင့် ပတ်သက်နေသော အကြောင်းအရာများကို ကျွန်ုပ်မစဉ်းစားချင်တော့ပါ။ ထိုအကြောင်း အရာများနှင့် ပတ်သက်ပြီး ကျွန်ုပ်ပြင်းပြင်းထန်ထန် ယုံကြည်ခြင်း မရှိသကဲ့သို့ မယုံမကြည်လည်း မဖြစ်မိပေ။

လူတို့၏ဦးနှောက်နှင့် တွေးကြံ၍မရသော အကြောင်း အရာများသည် ဤသတ္တလောကအတွင်း၌ များစွာရှိသည်ဆိုခြင်း ကို ကျွန်ုပ်မငြင်းပယ်လိုပေ။

ကျွန်ုပ်သည် စံပယ်မြိုင်၏စကားကို ကြားရပြီးသည့်နောက် မေးခွန်းထုတ်မည်အပြုတွင် ပြတင်းပေါက်မှနေ၍ အောက်သို့ ကြည့်နေသော မိုးစွေက ကျွန်ုပ်ဘက်သို့ လှည့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ တစ်သက်လုံး မက်လာခဲ့တဲ့ အိပ်မက်ကို အခုအောက်ဘက်ကိုငေးရင်း ပြန်မက်လိုက်တယ်၊ ဥယျာဉ်ထဲက ကျောက်စာတိုင်ဟာ ရတနာဒီပပြည့်ရှင် ဘုရင်မစိုက်ထူထားခဲ့တဲ့ ကျောက်တိုင်ပဲ"

မိုးစွေက ထိုသို့အံ့ဩဖွယ်ရာစကားများကို ဆိုလာ၏။ ကျွန်ုပ်မှာ အိပ်ချင်မူးရီဖြစ်နေဟန်ရှိသော သူ့မျက်နှာကိုငေးလျက် ကြည့်နေမိသည်။

ကျွန်ုပ်မှာ ပြတင်းပေါက်ရှိရာသို့ပြေးပြီး အောက်ဘက်သို့ လှမ်းကြည့်လိုက်ရာ အောက်ဘက်မှ ဓါး၊ လှံ၊ လက်နက်များ ကိုင်ဆောင်ထားကြသူများသည် ညာသံပေးအော်ဟစ်ကာ အထက်နန်းတော်ရှိရာ တောင်ကုန်းပေါ်သို့ တက်လာနေသည်ကို တွေ့ရလေ၏။

ထိုသူတို့အား ဘဟာဒူး၊ ဟုတ်စွမ်တို့ကလည်းကောင်း၊ ဦးအိုက်ကြာ၊ ဦးသိဒ္ဓိတို့သည်လည်းကောင်း အဝေးမှနေ၍ သေနတ်များဖြင့် ပစ်ခတ်ကြသည်။ အဂ္ဂနှင့် သူ၏စစ်သည်တို့ကလည်း လေးမြားတို့ဖြင့် ပစ်ခတ်ကြရာ တိုက်ခိုက်သံများဖြင့် ဝန်းကျင်တခွင်လုံး ဆူညံပဟိန်းထနေတော့၏။

"အစ်ကိုကျော်စွာ . . ဒေါ်လေးကို သွားကယ်ပါ၊ ဒေါ်လေး ကထိုင်နေတုန်း ဘာပဲဖြစ်ဖြစ် နေရာက ထမှာမဟုတ်ဘူး၊ သူ . . . သူ . . ."

www.burmeseclassic.com

www.burmeseclassic.com

"စိတ်မပူပါနဲ့ . . . စံပယ်မြိုင်၊ အစ်ကိုသွားမယ်၊ မိုးစွေက စံပယ်မြိုင်ကို စောင့်ရှောက်ရင်း ကျန်နေခဲ့ပါ"

ကျွန့်ပ်က ထိုသို့ပြောပြီးသည်နှင့် နန်းမြင့်ဆောင်ပေါ်မှ ပြေးဆင်းသွားရင်းကပင် ကျွန့်ပ်၏ခါးပေါ်ရှိ သေနတ်အိတ်ထဲမှ ခြောက်လုံးပြူးကိုလည်း ကျည်ဖြည့်မောင်းတင်လိုက်လေ၏။

အပြင်ဘက်မှ အော်သံဟစ်သံ၊ ပစ်သံခတ်သံတွေမှာ ပို၍ ကျယ်လောင်ပြင်းထန်လို့နေ၏။ ကျွန့်ပ်သည် ခြောက်လုံးပြူးကို ကိုင်ပြီး ရွှေစင်သခင်မရှိနေရာ ကျိန်စာကျောက်စာတိုင်ဆီသို့ ဦး တည်ပြေးထွက်ခဲ့တော့၏။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

## မရဏာသတ်ကွင်း

တောင်အောက်ဘက်မှ တက်လာသူများမှာ လက်နက်ထိမှန်လဲကျကုန်သကဲ့သို့ တောင်ပေါ်တွင် ရှိနေသူတို့ကလည်း လက်နက်ထိမှန်ကာ လဲကျကုန်သည်။

ထိုတိုက်ပွဲကြားတွင် ထူးခြားစွာ တိုက်ခိုက်နေသူနှစ်ဦးမှာ အဘိုးအိုသခ်နှင့် ဦးသိဒ္ဓိတို့ဖြစ်သည်။ သူတို့နှစ်ဦးသည် ဓါးကိုယ်စီဖြင့် ပြင်းပြင်းထန်ထန် ထိုးခုတ်တိုက်ကြလေ၏။

ထို့အတူ ဦးအိုက်ကြာနှင့် မိုးနက်၏တပည့်တစ်ယောက်တို့သည်လည်း အပြန်အလှန် တိုက်ခိုက်နေကြလေသည်။

အနက်ရောင်ဝတ်စုံဝတ်ထားသော မိုးနက်သည် ကျွန်ုပ်ကိုမြင်သည်နှင့် သူ့လက်ထဲမှ ဓါးကိုကိုင်ကာ ညာသံပေးအော်ဟစ်ပြီး ပြေးလာ၏။

ကျွန်ုပ်ရှိရာသို့ သူမရောက်ခင် လူရိပ်တစ်ရိပ်က ခုန်ပျံရောက်ရှိလာပြီး မိုးနက်အား ဟန့်တားလိုက်ရာ ထိုတားလိုက်သူ မှာ မိုးစွေပင်ဖြစ်လေရာ ကျွန်ုပ်မှာ ရုတ်တရက် အံ့ဩသွား၏။

www.burmeseclassic.com

www.burmeseclassic.com

မိုးစွေသည် ခါးကြားတွင် ထိုးထားသော သေနတ်ကို ထုတ်၍ အသုံးမပြုဘဲ ဝါးရင်းတုတ်တစ်ချောင်းကို အင်္ဂ၏တပည့် တစ်ယောက်ထံမှ ဆွဲယူပြီး မိုးနက်အား တိုက်ခိုက်လေတော့၏။

မိုးနက်၏ ပြင်းထန်သော ဓါးချက်က မိုးစွေလက်ထဲရှိ ဝါးရင်းတုတ်ကို တစ်ထစ်ချင်း ဖြတ်ချနေ၏။

"ကိုကျော်စွာ . . . ကိုယ့်အလုပ် ကိုယ်လုပ်ပါ၊ ဒီလူကို ဂရုစိုက်မနေနဲ့ . . ."

မိုးစွေက မိုးနက်နှင့် အပြန်အလှန် တိုက်ခိုက်နေရင်းဖြင့် ကျွန်ုပ်အား လှမ်းပြောလေ၏။ ကျွန်ုပ်သည် ယခုမှ ရွှေစင်သခင်မ ကို သတိရမိပြီး ပန်းဥယျာဉ်အတွင်းသို့ ပြေးဝင်လိုက်သည်။

ကျွန်ုပ်လက်ထဲမှ ခြောက်လုံးပြူးဖြင့် မိုးနက်အား ပစ်ခတ် တိုက်ခိုက်နိုင်သော်လည်း ပစ်ခတ်ခြင်း မပြုခဲ့ပေ။

ကျွန်ုပ်က ခြောက်လုံးပြူးဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်ပါက မိုးစွေအား အထင်အမြင်သေးရာကျမည်ဟု တွေးမိသဖြင့် ရွှေစင် သခင်မရှိရာသို့သာ ဆက်ပြီးပြေးခဲ့ခြင်းဖြစ်သည်။

ရွှေစင်သခင်မသည် ပတ်ဝန်းကျင်မှ ပစ်သံခတ်သံ၊ အော် ဟစ်သံများကို အရေးမထားဘဲ ကျောက်စာတိုင်ဘေးတွင် ငြိမ် သက်စွာ ထိုင်လျက်ရှိနေလေ၏။

ရွှေစင်သခင်မအနီးသို့ ကျွန်ုပ်မရောက်ရှိခင် တောင်ပေါ် သို့ရောက်လာသော မိုးနက်၏တပည့်တစ်ယောက်က ရွှေစင်သခင်မ

www.burmeseclassic.com

www.burmeseclassic.com

အား သေနတ်ဖြင့် လှမ်းပစ်လိုက်ရာ သေနတ်သံနှစ်ချက်ဆင့်၍ ဆက်တိုက်ပေါ်သွားသဖြင့် ကျွန်ုပ်မှာ လွန်စွာထိတ်လန့်သွား၏။

ရွှေစင်သခင်မအား သေနတ်ကျည်ဆန်ထိမှန်ပြီဟု ကျွန်ုပ် တွေးမိလေ၏။ သို့သော်လည်း ရွှေစင်သခင်မသည် နေရာတွင်ပင် ငြိမ်သက်စွာ ထိုင်မြဲထိုင်နေသည်ကို တွေ့ရ၏။

"ကျန်းမာကြပါစေ . . . ချမ်းသာကြပါစေ . . သွေးထွက် သံယိုမှုတွေကင်းပြီး သတ္တဝါတွေ ချမ်းသာကြပါစေ"

ရွှေစင်သခင်မထံမှ မေတ္တာပို့သံ ထွက်ပေါ်လာသည်ကို ကျွန်ုပ်ကြားလိုက်ရ၏။ ထိုစဉ် မိုးနက်၏တပည့်က လက်ထဲမှ သေနတ်ကိုမြှောက်၍ ချိန်လိုက်ရာ . . .

ကျွန်ုပ်သည် တွေဝေစဉ်းစားမနေတော့ဘဲ လက်ထဲမှ ခြောက်လုံးပြူးဖြင့် ထိုသူကို ချိန်ရွယ်ပစ်ခတ်လိုက်၏။ အဆက် မပြတ်ပစ်ခတ်လိုက်သော ခြောက်လုံးပြူးကျည်ဆန်များအနက် ကျည်တစ်ထောင့်က ထိုသူကို ထိမှန်သွား၏။ ထိုသူသည် သေနတ် တခြား လူတခြား လဲကျသွားလေ၏။

"သခင်မ . . . ဒီနေရာက အန္တရာယ်ရှိတယ်၊ တရားဖြုတ် လိုက်ပါတော့"

ကျွန်ုပ်က ထိုသို့ စိုးရိမ်တကြီး ပြောလိုက်သော်လည်း ရွှေစင်သခင်မက မလှုပ်မရှားရှိနေဆဲပင် ဖြစ်၏။ ကျောက်ဆစ်ရုပ် တစ်ရုပ်ပမာ ငြိမ်သက်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် ပန်းချုံအကွယ်မှ လူရိပ်တစ်ရိပ် ဖျတ်ခနဲပေါ်လာ ပြီး ရွှေစင်သခင်မအား သေနတ်ဖြင့် လှမ်းပစ်ပြန်၏။

ဒိုင်းခနဲမြည်သွားသော သေနတ်သံနှင့်အတူ ရွှေစင်သခင်မ သည် ဆတ်ခနဲ လှုပ်သွားလေ၏။

ကျွန်ုပ်က သေနတ်သမားကို ကျွန်ုပ်လက်ထဲမှ ခြောက်လုံး ပြူးဖြင့် လှမ်းပစ်လိုက်၏။ ခြောက်လုံးပြူးဖြင့် ပစ်လိုက်ပြီးမှ ထိုသေ နတ်သမားမှာ မြကြာဖြူဖြစ်မှန်း သိလိုက်ရသည်။

ကျွန်ုပ်၏လက်ချက်ကြောင့် မြကြာဖြူသည် ပစ္စတိုတစ် လက်ကို ဆုပ်ကိုင်ထားရင်း မြေပြင်ပေါ်သို့ လဲကျသွားလေ၏။

ကျွန်ုပ်က သူမထံသို့ပြေးဝင်ပြီး ပစ္စတိုကိုသိမ်းရန် ဆွဲယူ လိုက်၏။ ထိုအခါ ပစ္စတိုပြောင်းဝတွင် ပိတ်စတစ်စချည်နှောင်ထား သည်ကို တွေ့ရ၏။

ထိုပိတ်စမှာ ထဘီဆင်ဖြစ်နေသဖြင့် စိတ်ထဲတွင် မသိုး မသန့်ဖြစ်ကာ မြကြာဖြူ၏ပစ္စတိုကို ပန်းချုံကြားထဲသို့ လွှင့်ပစ်ပြီး ရွှေစင်သခင်မထံ အလျင်အမြန် ပြေးသွားလိုက်ရာ . . .

ကျွန်ုပ်က ရွှေစင်သခင်မအား မြေပြင်ပေါ်သို့ ညင်သာစွာ ချနေစဉ် သေနတ်တစ်လက်ကို ကိုင်ထားသော မြကြာမှူးမှာ အနား သို့ရောက်လာလေ၏။

"ကြာမှူ . . . ဘာမှမဖြစ်ပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်ပါဘူး၊ ကြာမူအစ်ကို့ကို သေနတ်နဲ့ပစ်မယ်လုပ်လို့ ရှင်းပစ်လိုက်တာ၊ အစ်ကိုက သူ့သေနတ်ကို ဘာလို့လွှင့်ပစ်တာလဲ"

"သူ့သေနတ်မှာ ထဘီစလား မသိဘူး၊ ချည်ထားတာ တွေ့လို့လေ၊ ဒါနဲ့နေပါဦး . . . သူ့ကို သေနတ်နဲ့ပစ်လိုက်တာ ကြာမူလား"

"ဟုတ်တယ်လေ . . . အစ်ကိုပစ်လိုက်တဲ့ ပစ်မှတ်က လွဲသွားတာကိုတွေ့လိုက်လို့ ညီမအလျှင်အမြန် မောင်းဖြုတ်လိုက်တာပေါ့၊ နို့မဟုတ်ရင် သူက အစ်ကို့ကို အလွတ်ပေးမှာ မဟုတ်ဘူး"

ကျွန်ုပ်သည် မြကြာမူအား ကျေးဇူးတင်သည့် အကြည့် မျိုးဖြင့် ကြည့်လိုက်၏။ ထို့နောက်တွင်တော့ တိုက်ပွဲဖြစ်ပွားရာ နန်းတော်ရှေ့သို့ အလျှင်အမြန် ထွက်ခွာခဲ့ကြ၏။

နန်းတော်ရှေ့တွင် မိုးစွေ၏လက်ချက်ဖြင့် လဲကျနေသော မိုးနက်ကိုလည်းကောင်း၊ ဦးသိဒ္ဓိ၏လက်ချက်ဖြင့် လဲကျသေဆုံး နေပြီဖြစ်သော အဘိုးအိုသခ်ကိုလည်းကောင်း တွေ့ရလေ၏။

"တိုက်ပွဲက ပြီးသွားပါပြီ၊ ရန်သူတွေလည်း ရှုံးနိမ့်သွားပါ ပြီ"

မြကြာမူက ကျွန်ုပ်၏လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး ပြောလေ၏။ ကျွန်ုပ်က အသက်မရှိတော့သည့် ရွှေစင်သခင်မကို ပွေ့ချီကာ နန်းတော်ရှေ့သို့ လျှောက်ခဲ့လေသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

ကျိန်စာကျောက်တိုင် ပြိုကွဲသွားခြင်း၊ အဘိုးသခ်သေဆုံးသွားခြင်း၊ ရွှေစင်သခင်မ ကွယ်လွန်သွားခြင်း၊ ပြင်ပရန်သူများ ဇာတ်သိမ်းသွားခြင်းတို့သည် ရွှေမြို့တော်၏အောင်ပွဲပင် ဖြစ်တော့သည်။

မြို့သူမြို့သားများသည် စံပယ်မြိုင်ကို ၎င်းတို့၏ အရှင်သခင်မအဖြစ် တညီတညွတ်တည်း လက်ခံလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

စံပယ်မြိုင်က မြို့သူမြို့သားများအား တရားသဖြင့် အုပ်ချုပ်မည်ဟု မိုးစွေ၏လက်ကိုတွဲလိုက်ရင်း ကတိပြုစဉ် ဩဘာပေးသံများ တစ်ခဲနက် ထွက်ပေါ်သွားလေ၏။

ကျွန်ုပ်တို့မှာ ပျောက်ဆုံးနေသော မြို့တော်ကို ရှာတွေ့သဖြင့် ရည်ရွယ်ချက်ပြီးမြောက်သွားပြီ ဖြစ်၏။

ထို့ကြောင့် ရွှေမြို့တော်မှ ပြန်လည်ထွက်ခွာရန် ပြင်ဆင်ကြတော့၏။

သို့သော် စံပယ်မြိုင်က ရွှေမြို့တော်၏ဧည့်သည်အဖြစ် ခေတ္တနေထိုင်ပါရန် မေတ္တာရပ်ခံသဖြင့် ကျွန်ုပ်တို့အဖွဲ့သားများမှာ ရက်ကာလအတော်ကြာမျှ နေထိုင်ရန် ဆုံးဖြတ်ကြလေ၏။

ထိုကာလမှာ လွန်စွာစိတ်အေးလက်အေးရှိသည့် အချိန် ဖြစ်၍ ကျွန်ုပ်သည် ဖြစ်ပျက်မှုအစမှ အဆုံးအထိ အခြေအနေ၊ အကြောင်းအချက်များကို မှတ်တမ်းသဖွယ် အသေးစိတ်ပြုစုနေမိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျွန်ုပ်အား များစွာအထောက်အကူပြုသူတစ်ဦးရှိ၏။ ထိုသူမှာ ကျွန်ုပ်ဘဝအတွက် လွန်စွာအရေးပါသူဟု သတ်မှတ်ရမည့် မြကြာမှူးဟူသော မိန်းမချောလေးပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးစေခဲ့သည့် ၄င်းကျိန်စာသင့်နေသေည့် မြို့တော်ကို အသက်ထက်ဆုံးတည်တံ့နေစေမည့် အမည်ကို သတ်မှတ်ပေးလိုက်၏။

မေတ္တာမြို့တော်ဟူ၍ ဖြစ်လေ၏။ မြကြာမူသည် ထို အမည်ကို နှုတ်ဖျားလေးဖြင့် အကြိမ်ကြိမ် ရွတ်ဆိုပြီးနောက် လွန်စွာဆွဲဆောင်မှုရှိလွန်းသည့် ညို့မျက်ဝန်းဖြင့် ကြည့်ကာ . . .

"အစ်ကိုက နာမည်ပေး သိပ်ကောင်းတာပဲနော်၊ ညီမ လည်း ဒီနာမည်ကို သိပ်ကြိုက်တယ်"

"ဒါပေါ့ . . . ကြိုက်ရမယ်လေ၊ ဒီနာမည်က အစ်ကိုတို့ နဲ့လည်း သက်ဆိုင်တယ်လေ"

ဟုပြောပြီး သူမကို ရွှန်းရွှန်းစားစား ကြည့်လိုက်ရာ သူမ က မခို့တရို့လေသံလေးဖြင့် . . .

"ဘယ်လိုသက်ဆိုင်လို့လဲ အစ်ကိုရဲ့၊ ပြောပါဦး"

"အစ်ကိုတို့အတွက်လည်း ဒီမြို့က မေတ္တာမြို့တော်ပဲလေ"

ထိုတစ်ကြိမ်မှာတော့ ကျွန်ုပ်အဖို့ ဘယ်လိုမှ လက်လွှတ်ခံ ရန် မဖြစ်တော့ပြီမို့ သူမ၏လက်ဖဝါးနုနုကို ဆွဲယူဆုပ်ကိုင်လိုက် လေရာ ကျွန်ုပ်ရေးသားသော ဝက်ပါမြိုင်အတွင်းက မရဏစိန် ခေါ်သံ ဂမ္ဘီရစွန့်စားခန်း မှတ်တမ်းကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ဗည် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း . . .။

www.burmeseclassic.com

www.burmeseclassic.com


စာဖတ်ပရိသတ်များ၏ မေတ္တာကိုခံယူလျက် . . .

ကိုတွံမ

(တိက္ကမဏိကလောင်ခွဲ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com